
www.burmeseclassic.com




www.burmeseclassic.com

## ထုတ်ဝေသူ၏အမှာစာ

"သည်ဆောင်းဟေမန်" ဟူသော ရုပ်ရှင်ကား၏အမည်သည် ဒုတိယကမ္ဘာစစ်ကြီးပြီးစအချိန် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က မြန်မာပြည်တစ်နံတစ်လျား လူကြီးလူငယ် ကျားမ မရွေး ရင်ထဲ၌ တသသဖြစ်နေခဲ့ရသော အမည်ဖြစ်သည်ဟု ဆိုပါလျှင် ယင်းအချိန်ကို သိမီလိုက်ကြသူများက တစ်ညီတစ်ညာတည်း ထောက်ခံကြမည် ဖြစ်ပါသည်။ ထိုစဉ်က ကျောင်းနေ သည့်အရွယ်ပင်မရောက်သေးသော၊ ယင်းဇာတ်ကားကိုကြည့်ဖူးသည်ဆိုစေဦး မည်သို့မှ မမှတ်မိနိုင်သော ကျွန်တော်တို့အရွယ် များကြားတွင်ပင် 'သည်ဆောင်းဟေမန်' ဟူသော ဝေါဟာရကို ကြားရရုံနှင့် ရင်းနှီးစွာတသသ ဖြစ်နေရသည်အထိ အဆိုပါ ဇာတ်ကား၏ အရှိန်အဝါသည် ကြီးမားလှပါသည်။

သည်ဆောင်းဟေမန် ဇာတ်လမ်းသည် မြန်မာပရိသတ်၏ အသည်းနှလုံးကို စူးစူးရှရှ ထိုးဖောက်နိုင်သော ဇာတ်လမ်း ဖြစ်ခြင်း၊ ဇာတ်ကောင်များ အထူးသဖြင့် (ဦး)ကျော်ဆွေ၏ သရုပ်ဆောင်မှုမှာ အလွန်ပိုင်နိုင်ခြင်း၊ ဒါရိုက်တာ (ဦး)သုခ၏ ရိုက်ချက်များ ဆန်းသစ်ထိမိခြင်းတို့ကြောင့် အလွန်အောင်မြင်သော ဇာတ်ကား ဖြစ်ခဲ့ကြောင်း မှတ်သားရပါသည်။

ဆရာကြီး ဦးသုခ၏အဆိုအရ သူရိုက်ခဲ့သော ရုပ်ရှင်ကားများထဲတွင် ပြကွက်နှင့် ကားဆက်အကောင်းဆုံးသည် ဘယ်သူပြိုင်၍လှပါတော့နိုင်၊ ဇာတ်ညွှန်းအကောင်းဆုံးသည် စကားပြောသောအသည်းနှလုံးဖြစ်ကာ ရိုက်ချက်နှင့် တီထွင်မှုတွင် အားအရဆုံးမှာ သည်ဆောင်းဟေမန်ဖြစ်ကြောင်း သိရပါသည်။

ဤမျှ ဘက်စုံဆိုသလောက် ပါဝင်ဖန်တီးသရုပ်ဆောင်ခဲ့သူများကလည်း စိတ်တိုင်းကျဖြစ်ခဲ့၊ အနုပညာအရလည်း အောင်မြင်၊ ပရိသတ်ကလည်း တစ်ခဲနက် ကြိုက်နှစ်သက်ခဲ့ကြသော သည်ဆောင်းဟေမန်ရုပ်ရှင်ကို ကျွန်တော်တို့ မည်သည့်နည်းနှင့်မျှ ကြည့်ခွင့်မရနိုင်တော့ပါ။ ခေတ်သရုပ်ဆောင်များနှင့် ပြန်လည်ဖန်တီး

www.burmeseclassic.com

မည်ဆိုလျှင်လည်း မူရင်းကို မီရန်မှာ မဖြစ်နိုင်သလောက် ခဲယဥ်းသည်ဟု ဆိုချင်ပါသည်။

ရုပ်ရှင်၏အရသာကို ပြန်လည်မြည်းစမ်းခွင့်မရလျှင် ရုပ်ရှင်၏ မူရင်းဝတ္ထုကို ပြန်လည်ဖော်ထုတ်နိုင်ပါက သည်ဆောင်းဟေမန်နှင့်ပတ်သက်သော 'ချဉ်ခြင်း'သည် အတော်အတန်ပြေပျောက်နိုင်ကောင်း၏ဟု စိတ်ကူးရပြီး မူရင်းဝတ္ထုကို ထုတ်ဝေရန် ဆရာကြီး ဦးသုခနှင့် တိုင်ပင်ပါသည်။

ဆရာကြီး၏ပြောပြချက်အရ သည်ဆောင်းဟေမန်ဝတ္ထုကို စစ်မဖြစ်မီက တိုးတက်ရေးသတင်းစာ၌ အခန်းဆက်ရေးသားခဲ့သည်ဟုဆိုပါသည်။ သူရိယ သတင်းစာ၌ ဆရာဇဝန၏ ကောလိပ်ကျောင်းသားဝတ္ထု အခန်းဆက်ဖော်ပြသည်နှင့် တစ်ချိန်တည်းလောက်တွင် တိုးတက်ရေး၌ ပါခဲ့ပါသည်။ သတင်းစာတွင် ဖော်ပြပြီးနောက် လုံးချင်းဝတ္ထုအဖြစ်ထုတ်ဝေရန် ရေကျော်ရှိ ပုံနှိပ်တိုက်တစ်ခု၌ ပုံနှိပ်နေဆဲ ယင်းအဆောက်အဦးမီးလောင်ရာ ဆရာကြီးဦးသုခကိုယ်တိုင် သက်စွန့်ဆံဖျား ဝင်ရောက်၍ စာမူကို ရယူခဲ့ရသည်ဟု သိရပါသည်။

ယခု ပြန်လည်ထုတ်ဝေရန် သည်ဆောင်းဟေမန်စာမူကို ရှာသောအခါ ၁၉၅၃ ခုနှစ်တွင် ရှုမဝတိုက်က ထုတ်ဝေသည့်မူကို ရပါသည်။ ရှုမဝမူကို ယူ၍ ထုတ်ဝေရန်စီစဉ်သောအခါ မူရင်းဝတ္ထုနှင့် ရုပ်ရှင်တို့ကို ဖန်တီးစဉ်က ဖြစ်ပေါ်ခဲ့သော 'အဖုအထစ်' တစ်ခု ပြန်ပေါ်လာပါသည်။ သည်ဆောင်းဟေမန်ကို ရေးသားရိုက်ကူးခဲ့သောအချိန်သည် ယခုခေတ်ကဲ့သို့ ကျန်းမာရေးအသိပညာပေးမှု မပျံ့နှံ့မထိရောက်သေးသောအချိန်ဖြစ်၍ ဇာတ်လမ်းထဲတွင် ကျန်းမာရေးနှင့် ပတ်သက်၍ လွဲမှားသော အချက်တစ်ခု မရည်ရွယ်ဘဲ ပါသွားခဲ့ပါသည်။ ကာမဂုဏ်အပျော်အပါးလိုက်စား၍ မိန်းမမှု ပွေလျှင် အနာကြီးရောဂါဖြစ်သည်ဟု ထိုခေတ်ထိုအချိန်က ပြည်သူအတော်များများ လွဲမှားစွာနားလည်ခဲ့ကြသည့်အတိုင်း ဆရာကြီးဦးသုခကလည်း အဓိကဇာတ်လိုက် 'သိန်းဟန်' အရက်၏ကျေးကျွန်ဖြစ်၊ မိန်းမပွေရာမှ အနာကြီးရောဂါရသည်ဟု ဇာတ်ကွက်ဆင်ခဲ့မိပါသည်။ ယခု

www.burmeseclassic.com

ပြန်လည်ထုတ်ဝေသောအခါတွင် အဆိုပါလွဲမှားသော ကျန်းမာရေးအယူအဆကို မူရင်းဇာတ်လမ်းကို မထိခိုက်စေဘဲပြင်ဆင်ရန် ဆရာကြီးဦးသုခက ဆန္ဒရှိသော်လည်း အမြင်အာရုံနည်းနေပြီဖြစ်၍ ကိုယ်တိုင်ပြန်လည်ရေးသားရန် မလွယ်တော့ပါ။ သို့ဖြစ်၍ ဆရာကြီး၏အာဘော်ကို အတတ်နိုင်ဆုံး မှီအောင် ရေးသားနိုင်သူလည်းဖြစ်၊ ဆရာကြီး၏ ကိုးစားမှုကို ခံယူရသူလည်း ဖြစ်သော ဆရာမ မစန္ဒာ၏ အကူအညီကို ရယူ၍ လိုအပ်သောအပိုင်းများကို ပြန်လည်ဖြည့်စွက် ရေးသားပါသည်။ မစန္ဒာ ပြန်လည်ပြင်ဆင်သောအပိုင်းများတွင် ဆေးပညာရှုထောင့်မှ မှန်ကန်တိကျမှု ရှိသည်ထက် ရှိစေရန် ကျန်းမာ ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ( အနာကြီး ) ဒေါက်တာ ဦးကျော်ညွန့်စိန် က တည်းဖြတ်ပေးပါသည်။

ယခုကဲ့သို့ သည်ဆောင်းဟေမန်ဝတ္ထုကို ပြန်လည် ထုတ်ဝေရာ၌ ဆရာကြီး ဦးသုခနှင့် ညှိနှိုင်း၍ မူရင်းဇာတ်လမ်းကို မထိခိုက်စေဘဲ ပြင်ဆင်ရေးသားပေးသူ မစန္ဒာ၊

ဆေးပညာအချက်အလက်များ မှန်ကန်တိကျမှုရှိစေရန် အကြံပေးကြသော –

- ဒေါက်တာ ဦးကျော်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ( ငြိမ်း )၊ ကျန်းမာရေးဦးစီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊
- ဒေါက်တာဦးမောင်မောင်ကြီး၊ ရေနံ့သာအနာကြီးရောဂါအထူးကုဆေးရုံအုပ်ကြီး ( ငြိမ်း )၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊
- ဒေါက်တာဦးတင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး ( ငြိမ်း )၊ ကျန်းမာရေးဦးစီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊
- ဒေါက်တာဦးကျော်ညွန့်စိန်၊ မြန်မာနိုင်ငံအနာကြီးရောဂါကင်းဝေးရေးစီမံချက်မန်နေဂျာနှင့် ဒုတိယညွှန်ကြားရေးမှူး ( အနာကြီး ) ကျန်းမာရေးဦးစီးဌာန တို့အပြင်

www.burmeseclassic.com

စေတနာအပြည့်အဝဖြင့် လိုအပ်သောအကြံဉာဏ်များကိုပေးခဲ့သော ပန်းချီ ဦးစံတိုးနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအား အထူး ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကျော်ဦး

ပါရမီစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အဖြူငါးဆယ့်နှစ်ကွက်

အနက်သုံးဆယ့်ခြောက်ချောင်း၊

စန္ဒယားခလုပ်ပေါင်း ရှစ်ဆယ့်ရှစ်ကို အပစ်အခတ် အတွဲအဖက်၊ အယက်အကော်၊ အခေါ်အဖြည့်၊ ထိလိုက် တို့လိုက် ခုန်လိုက် ပျံလိုက်နှင့် မြူးထူးကာ ကူးလူးနေကြသော သိန်းဟန်၏ လက်ချောင်းတို့မှာ တက္ကသိုလ်ခန်းမ ကြီးနှင့်အပြည့် သောတရှင်များထံ ဂီတမှိုင်းလွှတ်နေလေသည်။

အိပ်မွေ့စိတ်ပညာဝိဇ္ဇာတို့၏ လှုပ်လှုပ်ရွရွလုပ်နေသော လက်များကား အာရုံစိုက်နေသူ တစ်ဖက်သားကို ထိုင်းမှိုင်း လေးလံလာစေသလောက် စန္ဒယားဝိဇ္ဇာသိန်းဟန်၏လက်ချောင်းများကတော့ တစ်ဖက်သားကို ကြည်နူးရွှင်ပျစေသည်။ တစ်နည်းနှင့်နှိုင်းရသော် စိတ်ပါရဂူ၏ ပင့်ကူကွဲသို့သော လက်ချောင်းများမှာ မြင်ရသူအဖို့ ကြောက်စရာ၊ လန့်စရာ၊ မျက်လုံးပြူးစရာဖြစ်သည်။ သိန်းဟန်၏ ဖျတ်လတ်သော စန္ဒယားပေါ်က လက်ကလေးများကတော့ ချစ်စရာ၊ အားကျစရာ၊ ချီးကျူးစရာ မျက်လုံးမှေး၍သာ နာမရဲရှိလှသည်။ ညှို့ဓါတ်ချင်းတူသည်ထား အိပ်မွေ့ဝိဇ္ဇာသည် တစ်ဦးချင်းကိုသာ ညှို့နိုင်မည်။ စန္ဒယားဝိဇ္ဇာကမူ ခန်းမပြည့် ရှိသမျှလူတွေကို အစုလိုက် အဝေးလိုက် ညှို့ထားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

သိန်းဟန်၏ စန္ဒယားလက်သံမှာ တို့လိုက် ထိလိုက်သောနေရာတိုင်းက တူရိယာ ဖြစ်နေသည်။ လူတိုင်းကို ယစ်မူးစေ၏။ တစ်ခါတစ်ရံ ညာသံကလေးတွေကို ခပ်စိပ်စိပ်ကစားနေရာက ဘယ်ဘက် ဒုံးလုံးကြီးတွေဆီသို့ ဝေ့ကာ လိမ့်ကာ ကူးလာလိုက်လျှင် ပရိသတ်မှာ လှုပ်လှုပ်ရွရွဖြစ်သွားသည်အထိ သည်းအူကို ကလိ လိုက်သည်။

နားထောင်နေသူတစ်ချို့မှာ ကိုယ့်အနားကလူနှင့် ပြုံး၍ မျက်နှာချင်းဆိုင်မိ တတ်ကြသည်။ တစ်ဦးကလည်း ပြန်၍ ပြုံးပြမိလျက်သားဖြစ်သွားသည်။ သူတို့ အပြုံးများမှာ စကားလုံးမထွက်သော်လည်း နှစ်သက်တာချင်းတူသည့်သဘောကို ပြသည်။ ချီးမွမ်းခြင်းအနက်အဓိပ္ပါယ်တူသည်။ လူတွေ လူတွေများသော်လည်း စန္ဒယားသံကိုသာအာရုံစိုက်နေကြသောကြောင့် သောသောရုတ်ရုတ်မရှိ၊ ပကတိ ငြိမ်သက်ငေးမောနေကြသည်။ အချင်းချင်းစကားဆိုသူဝေး၍ ချောင်းဟန့်လိုက်မိ မည်ကိုပင် စိုးနေကြသည်။ ဆေးလိပ်သောက်ရန် မီးခြစ်ကလေး ခြစ်လိုက်ရမည် ကိုပင် ရွံ့နေကြသည်။ စင်စစ်မူကား ဆေးလိပ်သောက်ဖို့မှ သတိမရကြ၊ နေရာမရ၍ နောက်ဆုံးနံရံကိုကပ်ကာ မတ်တပ်ကြားနာနေရသည့် လူပေါင်းများစွာ မှာ ညောင်းညာ၍မှ နေရာမပြင်မိ၊ မိမိကြောင့် အနှောင့်အယှက် ဖြစ်သွားတော့ မလိုလို ကြောင့်ကြမိကြသည်။

ခန်းမစင်မြင့်ကြီးပေါ်တွင် တြိဂံပုံသဏ္ဌာန် စားပွဲစန္ဒယားကြီးနှင့် ထိုင်တီးနေသော သိန်းဟန်ကိုသာ မီးမောင်းက ကွက်၍ထိုးထားသောကြောင့် ပရိသတ်၏ မျက်စိထဲ တွင် အာရုံ အာရမ္မဏ်က မပြားအောင် ကသိုဏ်းကွက်ပေးထားသလို ရှိတော့သည်။ စန္ဒယားအသစ်ကြီး၏ နက်ပြောင်နေသော အရိပ်အယောင်သည်လည်းကောင်း၊ မောင်သိန်းဟန်၏ သက္ကလပ် အကျႌအနက်၊ ရုပ်အကျႌကော်လာအဖြူ၊ ဘန်ကောက် ခဲပုပ်ရောင်နှင့် တောက်ပြောင်နေသော သပ်ရပ်သည့် ဆံပင်အရောင်တို့မှာ အနက်ကြားက အဖြူ၊ အဖြူကြားက အနက်၊ ဝင်းခနဲ လက်ခနဲ လျှပ်ပြက်သလို ဖြစ်၍ ဖြစ်၍ သွားသည်။ သိန်းဟန်၏ လက်နှစ်ဖက်စလုံး အနုတ်အသိမ်း

www.burmeseclassic.com

အပြောင်းအရွှေ့ သွက်လက်ပုံ၊ လက်ကိုလိုက်၍ ကိုယ်ကပါသွားပုံ၊ ခေါင်းငဲ့ပုံတို့မှာ ပိတ်ဖြူပေါ်တွင် တင်ပြသော ရုပ်ရှင်ကားသဖွယ် ပြတ်ပြတ်သားသား မြင်နေကြရသည်။ ဤသို့ ဟန်ရေးအသံပါ ကြားမြင်နေရ ခြင်းက ပိုမို၍ စိတ်ပါလက်ပါ အားရစရာရှိသည်။

သိန်းဟန်တီးနေသည်မှာ အဆိုမပါ တစ်ကိုယ်ချင်း တစ်ပင်တိုင် တီး၍ စည်းသံကလေးသာ ဘယ်ကပေါ်လာမှန်း မသိသော တွဲဖက်သဒ္ဒါရုံတစ်ခုဖြစ်သည်။ တီးပုံတီးနည်းမှာ သီချင်းကြီးတစ်ခုတည်းကို ကလနားချ၍ စိုက်လိုက်မတ်တပ် တီးနေခြင်းမျိုးမဟုတ်။ တစ်ဘာသာတည်းဖြစ်လျှင် ကြာလွန်းက နားအီတတ်သည်၊ ရောင့်ရဲစေသည်၊ ငြီးငွေ့နိုင်သည်။ ဤသဘောတရားကိုနားလည်သော သိန်းဟန်သည် ဘာပြီးလျှင် ဘယ်ဟာလာ၍ ဘယ်နေရာက ဘာကို ဆက်လိုက်မည်ဟု ဘယ်သူမှ အတတ်မသိနိုင်သော ပဒေသာတွေကိုသာ ဖန်တီးနေခြင်းဖြစ်သည်။ သံမှန်က ခြောက်ပေါက်ရောက်ချင်ရောက်သွားသည်။ ခြောက်ပေါက်က ငါးပေါက် ပြန်ဆင်းချင်ဆင်းလာသည်။ ငါးပေါက်က ခုနစ်သံ တက်တန်တက်သွားသည်။ အသံပြောင်းသမျှမှာ ဆီဆိုင်ရာ ခဲရာခဲဆစ် ပတ်ပျိုး ယိုးဒယား တလိုင်းတေးထပ် ရောစပ်၍ စတုမရှ လုပ်လိုက်သေးသည်။ ဤကြားထဲက သံမူပြောင်း၍ အနက်ချောင်းကလေးတွေကိုကစားကာ ကမ္ဘာ့တူရိယာသံတွေ သွင်းလိုက်သေးသည်။ ထို့ကြောင့် နှေးရာက မြန်ချင်မြန်လာသည်။ မြန်ရာက လေးချင်လေးသွားသည်။ သံရိုးမြန်မာပီပီကိုမှ စုံမက်သူတွေအဖို့ အဆို၊ အပိတ်၊ အခံ့အထည် ကြွယ်ကြွယ်ဝဝသွင်းပြလိုက်သလို ကာလပေါ် သံဆန်းကလေးတွေကလည်း အမောက်ကလေးတလူလူ၊ နှုတ်ခမ်းနီ ပါးနီ ဇာနိုင်လွန်လက်ပြတ်နှင့် ခပ်ဆတ်ဆတ် လမ်းသလားသော မိန်းမပျိုလေး၏ ခြေလှမ်းမျိုးလှမ်းပြလိုက်ပါသေးသည်။

တစ်ခါတစ်ရံ အရှေ့တိုင်းဆန်သော တရုတ်၊ ဂျပန်၊ ယိုးဒယားသံများနှင့် အိန္ဒိယအသံများ အစဉ်အလိုက် ပေါ်လာရာက အနောက်တစ်ခွင်က အသံစဉ်တွေကို ကူးမှန်းမသိ ကူးသွားတတ်ပြန်သည်။ သူ၏ စန္ဒယားလက်သံသည် ကမ္ဘာကို

www.burmeseclassic.com

လှည့်လည် နေသကဲ့သို့ထင်ရသည်။ သူ့လက်သံများနှင့်အတူ ကြားနာနေရသူ အပေါင်းမှာလည်း ကမ္ဘာ့ပန်တျာ တစ်တိုင်းဝင်တစ်တိုင်းထွက် တစ်ပြည်ဝင် တစ်ပြည်ထွက် လှည့်လည်လိုက်ပါနေရသလိုရှိတော့သည်။ နောက်ဆုံးဆိုရသော် မောင်သိန်းဟန်သည် စန္ဒယား ကိုသာမက လူထုကိုပါ ပြုစားနေသော စန္ဒယားကဝေကြီး ဖြစ်နေတော့သတည်း။

ပရိတ်သတ်ထဲမှ လူတိုင်းလူတိုင်း အချိန်ကာလ မည်ရွေ့မည်မျှ ကြာမြင့် ကုန်လွန်သွားသည်ကို မည်သူမျှ မသိလိုက်ကြ။ သံရင်းသံဖျားကို ဖေ့ယမ်းကာ နားလိုက်တော့မှ စန္ဒယားပဒေသာ ရပ်နားလိုက်သည်ကို သတိရလိုက်ကြသည်။ လူထု၏လက်ခုပ်သံသည် ဇာတ်တိုက်ထားသလို ခန်းမကြီးတစ်ခုလုံး ပွက်လောရိုက်ကာ ပံတင်ဟည်းသွားလေသည်။

ထိုအချိန်တွင် ...

ထိုအချိန်တွင် တစ်ခန်းလုံး မီးတွေလင်းလာသည်။ စင်မြင့်ပေါ်တွင် မောင်သိန်းဟန်သာမက စန္ဒယားလက်ဝဲဘက် ခပ်ကျကျမှာ စားပွဲကုလားထိုင် သုံးလေးလုံးနှင့် အခမ်းအနားမှူး၊ တူရိယာအသင်းနာယက စသည်တို့ကို မြင်ရတော့သည်။

လက်ခုပ်သံစဲခါနီးလောက်မှ မောင်သိန်းဟန်ထ၍ ခေါင်းညွှတ်လိုက်ရာ ပရိသတ်တွေက သောသောညံအောင် ထပ်၍တီးလိုက်ကြပြန်သည်။

ခန်းမစင်မြင့်နှင့် အနီးဆုံးဖြစ်သော ရှေ့တန်းများတွင် မိန်းကလေးများ ပြည့်ကျပ်နေသည်။ ကျောင်းသူကျောင်းသားတို့သာမဟုတ်၊ ဂီတဝါသနာထုံသော အရပ်သူ အရပ်သား လူကြီးလူကောင်းများပါ အများအပြားတွေ့ရသည်။ ရဟန်းပျို တစ်သိုက်မှာ လူထုနှင့်လိုက်၍ လက်ခုပ်တီးမိကြသေးသည်။ ဤသည့်နောက်မှ သတိရသလို ဣန္ဒြေဆည်၍ ရပ်လိုက်ကြသည်။

www.burmeseclassic.com

လက်ခုပ်သံတွေကြားထဲတွင် မသဲကွဲသောအော်သံ၊ လက်ခေါက်မှုတ်သံတွေလည်း ပါသေးသည်။ လူတိုင်းလူတိုင်းသည် ဝမ်းသာအားရ ထောမနာကြသည်။ ပျော်စရာကြီးတစ်ခုလိုဖြစ်နေသည်။

အရှေ့ဘက်ခပ်ကျကျ တတိယတန်းလောက်တွင် အသက်လေးဆယ်ခန့် ဝဝဖိုင့်ဖိုင့် မွန်မွန်ရည်ရည် အဒေါ်ကြီးတစ်ယောက်နားက ဖြူဖြူဖွေးဖွေး ရေဆေးငါးတစ်မျှ နုထွားလှပသော မိန်းမပျိုကလေးမှာမူကား လက်ခုပ်တီးနေရုံနှင့်မျှ အားမရ၊ ကိုယ်ကလေး တကြွကြွ ပခုံးကလေး တမမ ဖြစ်နေသောကြောင့် သူတကာထက် ထူးသလိုရှိတော့သည်။ အများ၏ လက်ခုပ်သံစဲသလောက်ရှိသည့်တိုင်အောင် ထိုမိန်းမပျိုကလေးမှာ သူ့လက်ဖဝါးနုနုကလေးကို အနားမပေးနိုင်သေး၊ သွေးခြည်ဥ၍ ပန်းဆီနုရောင်ထသလောက်ပင် ရှိတော့မည်။

ပတ်ဝန်းကျင်က အချို့ကျောင်းသူကလေးများ၏ မျက်စောင်းသည် 'ကဲရန်ကော' ဟူ၍ ဆိုလိုဟန်ရှိသည်။ တစ်ယောက်နှစ်ယောက်က လှည့်ကြည့်ရင်း မဲ့ပြုံးကလေး ပြုံးလိုက်ကြသည်။ ဒါတွေကို မိန်းမပျိုကလေးကမမြင်လိုက်မိ။ သူ့မိခင်နှင့်တူသော အဒေါ်ကြီးက တစေ့တစောင်းက မြင်လိုက်ရရာ သမီးကို လက်ကုတ်၍ သတိပေးလိုက်ရသည်။

မိန်းမပျိုလေးကား တစ်ခဏကလေးကြာမှ သဘောပေါက်သွားသည်။ သို့သော် ရှက်ရွံ့၍ အတီးကို ရပ်ဆိုင်းလိုက်ခြင်းမရှိပါ။ စင်မြင့်ပေါ်က မောင်သိန်းဟန်သည် မိန်းမပျိုကလေးနှင့် မျက်နှာချင်းဆုံလိုက်မိသောကြောင့် အထူးဝိသေသဖြစ်အောင် ပြုံး၍နှုတ်ဆက်လိုက်သလိုလို လုပ်ပြလိုက်လေရာ မိန်းမပျိုကလေးသည် အနားက မဲ့ကြပြုံးကြသူတွေကို အရွဲ့တိုက်၍ 'ကဲ သိကြပလား'ဟု ပြောချင်သလို ငေါ့၍ပင် တီးလိုက်ပါသေးသည်။

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

နာယကစားပွဲမှထ၍ အခမ်းအနားမှူး လုလင်ပျိုတစ်ယောက်ကထလာ၍ ပရိသတ်များအား အဘိယာစကလုပ်သည်။

"မေမေ့သားကိုကြည့်ပါဦး၊ ဂိုက်က နိုင်ငံရေးသမားကြီးကျနေတာပဲ"
မိန်းမပျိုကလေးက သူ့မိခင်ကိုကပ်၍ တိုးတိုးပြောကာ ပြုံးလိုက်သည်။ မိခင်ကြီးက သူ့သားကို နှစ်လိုစွာကြည့်နေမိသည်။

အိမ်မှာတော့ မိခင်နှင့်နှမကို နွဲ့တတ် ဆိုးတတ် ဇွတ်တရွတ်လုပ်နေတတ်သော သူ့သားသည် ယခုလို ပွဲကြီးလမ်းကြီးကျတော့ တကယ့်လူကြီးလူကောင်းကဲ့သို့ တည်တည်ခံ့ခံ့ ပြောနိုင်ဆိုနိုင်သည်ကို အထင်ကြီးလိုက်မိလေသည်။

"ယခုနောက်ဆုံးအစီအစဉ်အရ ဝိဇ္ဇာတန်း ပထမနှစ် ကိုသိန်းဟန်ကို စန္ဒယား ဝိဇ္ဇာဘွဲ့ ဆုတံဆိပ် ပေးအပ်ချီးမြှင့်ရန် ဖြစ်ပါတယ်။ တက္ကသိုလ် တူရိယာ ဂီတအဖွဲ့ကြီးရဲ့ နာယကကြီး ဂီတမိခင် သီရိဥက္ကါဝတီဘွဲ့ရ စာဆိုတော် ဒေါ်စောမြ အေးကြည် ကိုယ်တိုင်ချီးမြှင့်ပါလိမ့်မယ်ခင်ဗျာ၊ နာယကကြီး ကြွတော်မူပါ"

လုလင်ပျိုသည် စားပွဲတွင်ထိုင်နေသော အသက်ခြောက်ဆယ်ကျော်ကျော် အဘွားကြီး ရှိရာကို လက်ဝှေ့၍ ခေါင်းညွှတ်ကာ ပင့်ဖိတ်လိုက်သည်။

လက်ခုပ်သံတွေ ခြိမ့်ခြိမ့်သဲသည့်အထဲက ပိန်ပိန်ပါးပါး အမယ်အိုသည် စိတ်ပျို လက်ပျိုထကာ ခပ်ရဲရဲပွဲခင်းနားသို့လျှောက်ခဲ့သည်။ ကျယ်ပြန့်သောနဖူးသည် ထူးကဲသောပါရမီရှင်တစ်ဦး၏ အင်္ဂါရပ်ပီသလျက်ရှိသည်။ ဆံပင်ကျိုးတိုးကျဲတွေ ထဲတွင်ကား ဘော်ငွေမျှင်ကလေးများ သန်းနေလေပြီ။

www.burmeseclassic.com

မို့မောက်သော မျက်ခုံးရိုးအောက်က တောက်ပြောင်ဝင်းလက်နေသည့် မျက်လုံးအစုံဖြင့် ပရိတ်သတ်ခွင်ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်မှာ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းမဲ့၍ သူ့ပညာ၊ သူ့ဝါဒနှင့် သူ့ဂုဏ်ကို ယုံကြည်ထားဟန် မာန်တစ်မျိုးပေါက်နေသည်။

ငါးတောင်ကျော် ခြုံပုဝါကြီးကိုစုံချ၍ ပင်နီအင်္ကျီ နံ့သာရောင်ရင့်ရင့်၊ ပခုက္ကူဂန့်ဂေါ်ယောလုံချည်အနက်ကို ဝတ်ထားသည်။ သူ့ဖိနပ်မှာတော့ ကတ္တီပါနက်ပြာရောင် ခုံမထူမပါး မန္တလေးပိန်းတန်းကလေးသာဖြစ်သည်။ သူ့အဝတ်အစားနှင့် ဟန်ပန်အမူအရာမှာ မြန်မာ့ရိုးရာ ကျပ်ပြည့်တင်းပြည့်ရှိသည်။

"စောမြအေးကြည် စောမြအေးကြည်"

ဤအမည်မှာ ဂီတလောက တူရိယာလောကတွင်သာမက အရပ်လောက တစ်ခွင်လုံးမှာ ကြားဖူးနားဝရှိနေကြပြီးဖြစ်သည်။ နာမည်ကို ကြားဖူးနေကြသလောက် လူကိုယ်တိုင်ကို မမြင်ဖူးသေးသော ပရိသတ်အများအပြားရှိသည်။ ထို့ကြောင့် တစ်ချို့က ထိုင်ရာမှထကြည့်ကြသည်။ တစ်ချို့ကား လည်တိုင်ကို ဆန့်၍ မျှော်ကြရသည်။

အသက်အိုပြီဖြစ်သော်လည်း နာမည်မှာ ပျိုလျက်ပင်ရှိသေးသည်။

"ဒေါ်စောမြအေးကြည်" ဟု အခေါ်နည်း၍ "စောမြအေးကြည်" ဟုသာ နှုတ်ကျိုးနေကြသည်မှာ မရိုသေ မလေးစား၍ မဟုတ်၊ နာမည်ပျိုနုလျက်ပင်ရှိသေးသဖြင့် ခေါ်ကောင်း၍ ခေါ်နေကြခြင်းဖြစ်သည်။ ဘုရားဒကာ ဦးဘိုးစိန်ဆိုလျှင် ဘိုးစိန်ကြီးဟုသာ လူထုနှုတ်မှာတွင်နေလျက်ပင် မဟုတ်ပါလော၊ ထိုနည်းအတိုင်း "စောမြအေးကြည်"။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ဂီတသုခုမအနုပညာဖြင့် မိန်းမတို့၏ အထွတ်အထိပ်တိုင်အောင် ရောက်ခဲ့ဖူးသည်။ သီရိဥဂ္ဂါဝတီ ဟူသောဘွဲ့မှာ ထိုစဉ်က မြတ်နိုးအပ်သော ဘွဲ့ဂုဏ်တစ်ခုဖြစ်သည်။ စာဆိုတော်ဟုခေါ်ရာ၌ သီချင်းကြီး၊ သီချင်းခန့်တို့ကို ဆိုရုံမျှသာမဟုတ်၊ မြန်မာ့ပန်တျာ မြန်မာ့တူရိယာအမြုတေဖြစ်သော စောင်းကောက် ကို ရင်ဝယ်ထား၍ ကစားနိုင်သော ဂုဏ်ဟိတ်က အတိတ်၏ ကျော်ဇောခြင်း လေ့ကားဆင့်ဖြစ်သည်။ မြန်မာ့စောင်းကောက်ကို မြန်မာတိုင်း တန်ဖိုးအပြည့် ထားကြသည်။ ပဒေသရာဇ်ခေတ်ကဆိုလျှင် တော်ဝင်တော်သုံး ကန့်သတ်ခဲ့ ကြသည်။ "ပတ္တလားလူလေ၊ ပလွေနွားကျောင်း၊ စောင်းမှမင်းသား" ဟူသော အဆိုတော်ပင်ရှိကြသည်။ နန်းတွင်းရှိသမျှ အနုပညာစာဆိုတော်နှင့် မိဖုရားမှန်သမျှ စောင်းကောက်နှင့်မကင်းခဲ့ကြ။

စောမြအေးကြည်သည် ပဒေသရာဇ်ခေတ်က ကောင်းတာကိုကွက်၍ ယခုလက်ထက် အထိ စောင့်ထိန်းခဲ့သည်၊ ဆောင်ကြဉ်းခဲ့သည်၊ မပျောက်မပျက်ရအောင် အသက်နှင့်ထပ်တူမွေးမြူခဲ့သည်။ ဤအကြောင်းများကို အချင်းချင်းပြောဆို ဝေဖန်နေသံသည် ခန်းမကြီးတစ်ခုလုံး ဥက္ကောဠမှေယျလို ဖြစ်နေကြသည်။

"အဟမ်း–အဟမ်း"

စောမြအေးကြည်က နှုတ်ခမ်းကို လက်နှင့်အုပ်၍ ချောင်းဟန့်လိုက်သည်နှင့် တစ်ပြိုင်နက် ရာကျော်ထောင်နီး ပရိသတ်ကြီးသည် မီးကိုရေနှင့်သတ်လိုက်သလို ဆိတ်ငြိမ်နားစွင့်ကုန်ကြသည်။ အဘွားကြီးက ပရိသတ်ကို အနိုင်ယူလိုက်ခြင်း ဖြစ်၏။

"နိုင်ငံ့မျက်နှာဖုံး၊ တိုင်းပြည်ခေါင်းဆောင်ကြီးတွေ ပေါ်ထွက်ရာဖြစ်တဲ့ တက္ကသိုလ် ကျောင်းကြီးမှာ တူရိယာဂီတသုခုမ အနုပညာကို ယခုလို စိတ်အားထက်သန်စွာ

www.burmeseclassic.com

လေ့လာအားပေးကြတာတွေ့ရတော့ ဒေါ်ဒေါ်ဖြင့် အလွန်တရာ နှစ်ထောင်းအားရ ရှိလှပါတယ်။”

အဘွားကြီး၏အသံမှာ အားစိုက်၍မအော်ဘဲနှင့် လူထုကို လွှမ်းခြုံသွားသည်။ အသံသြဇာ တည်ငြိမ်လေးနက်၍ ပြတ်သားလှသည်။ ခန္ဓာကိုယ်ကလေးမှာ ပါးလျှပ်လျှပ်ဖြစ်သော်လည်း နှုတ်မှထွက်လာသမျှ စကားလုံးတိုင်းမှာ စောင်းကြိုးကို လက်နှင့်ခတ်လိုက်သကဲ့သို့ သန်သန်မာမာအောင်မြင်စွာရှိသည်။သာသာယာယာနှင့် ရာဇသံပေါက်နေသည်။ လူတိုင်းမှာ ဟော်မူနန်းရာရှိလှသော သူ့အမူအယူကို ဧကဂ္ဂတာပြု၍ တစ်ခုတည်းသော အာရုံသာရှိကြသည်။

“အပျော်တမ်း ဂီတမွေ့လျော်သူတွေအနက်မှာဖြင့် အခုတီးပြသွားတဲ့ မောင်သိန်းဟန်ဟာ စန္ဒယားဝိဇ္ဇာဘွဲ့ကို ထိုက်တန်သူတစ်ယောက်လို့ ဆုံးဖြတ်ရပါမယ်”

ပရိသတ်က ဝေါခနဲနေအောင် လေးနက်စွာ ထောက်ခံသလို လက်ခုပ်သံ ပေးလိုက်သောကြောင့် နာယကကြီးသည် မိန့်ခွန်းစကားကို တန့်ထားလိုက်ရသည်။

မောင်သိန်းဟန်မှာ အခမ်းအနားမှူးနှင့် ယှဉ်ရပ်နေရာက ပီတိပြုံးကလေး ပြုံးလိုက်မိသည်။ အခမ်းအနားမှူးက မောင်သိန်းဟန်၏ လက်ကို ဝမ်းသာအားရ ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

ဖော်ပြခဲ့သော မိန်းမပျိုကလေးကမူကား သူ့မိခင်ကို တစ်စုံတစ်ရာကပ်ပြောရင်း နှစ်ထောင်းအားရ သြဘာပြုလျက် ပတ်ဝန်းကျင်က ကျောင်းသူတွေအား ခပ်ကြွားကြွားကြည့်လိုက်သည်။ ပရိသတ်လက်ခုပ်သံ မစဲသေးသဖြင့် ဒေါ်စောမြအေးကြည်က ချောင်းတစ်ချက်ဟန့်၍ ပွဲကိုထိန်းလိုက်ပြန်သည်။ အတန်ကလေးကြာမှ သူ့စကားသူဆက်သည်။

www.burmeseclassic.com

"မောင်သိန်းဟန်ကလည်း မိမိကျွမ်းကျင်သော ဤပညာကို ပျော်ရုံပါးရုံသာ သဘောမထားဘဲ တိုင်းပြည်ကြီးကိုပါ တူရိယာဂီတဆိုတဲ့ အနုပညာနဲ့ တိုးတက်အောင် တစ်ဖက်တစ်လမ်း စွမ်းဆောင်နိုင်ပါစေလို့ ဒေါ်ဒေါ်က ဆုတောင်းပြီး ရွှေတံဆိပ်ကို ချီးမြှင့်ပေးအပ်ပါတယ်ကွယ် သာဓု သာဓု"

အဘွားကြီး၏ စကားနိဂုံးတွင် ခန်းမကြီးတစ်ခုလုံး ပွက်လောရိုက်သွားတော့သည်။ အခမ်းနားမှူးသည် စားပွဲပေါ်က ရွှေတံဆိပ်သေတ္တာငယ်ကို အဘွားကြီးလက်သို့ တရိုတသေယူပေးလိုက်သည်။ အဘွားကြီးက ရွှေတံဆိပ်ကို ဖဲပြားမှ ကိုင် ထုတ်၍ ဦးခေါင်းညွတ်လင့်သော မောင်သိန်းဟန်အား ပန်းကုံးစွပ်သလို စွပ်ပေးလိုက်ရာ အချင်းနှစ်လက်မခန့် ရွှေတံဆိပ်ကြီးမှာ နက်ပြာသက္ကလပ်အကျႌအရောင်ကို နောက်ခံပြု၍ ကြွားကြွားဝင့်ဝင့်ရှိတော့သည်။

သတင်းစာတိုက် အသီးသီးမှ ဓါတ်ပုံသတင်းထောက်တို့မှာကား စင်မြင့်နားတွင် ပျားပန်းခတ်မျှ ဓါတ်ပုံတဖျပ်ဖျပ် ရိုက်ယူကြလေသတည်း။

× × × × × × × × × × ×

**အခန်း (၂)**

"ကဲ မြင့်၊ သတင်းစာချပြီး ကော်ဖီသောက်ပါဦး၊ အေးကုန်တော့မယ်"

နောက်တစ်နေ့နံနက် သမဂ္ဂပျော်ပွဲစားရုံထဲတွင် မောင်သိန်းဟန်က မျက်နှာချင်းဆိုင် ထိုင်လျက် သတင်းစာကို အာရုံစိုက်နေသော မိန်းမပျိုကလေးအား တိုက်တွန်း

www.burmeseclassic.com

လိုက်၏။ သတင်းစာထဲတွင် ဒေါ်စောမြအေးကြည်က မောင်သိန်းဟန်အား ရွှေတံဆိပ်ဆွဲပေးနေပုံ ဓါတ်ပုံနှင့် ခေါင်းစဉ်ကလည်း စာလုံးကြီးများရေးကာ သတင်းအကျယ်ကို အောက်တွင်ဖော်ပြပါရှိ လေသည်။

မောင်သိန်းဟန်၏ လက်ဝဲလက်ယာမှာ ညက အခမ်းအနားမှူးလုပ်သော လုလင်နှင့် မြင့်၏မိခင်ကြီးဖြစ်သည်။ သူတို့တတွေကား မောင်သိန်းဟန်ကို အတော်ရင်းနှီးစွာ ပြောဆိုရယ်မောနေကြသည်။

"ကိုကျော်သန်း၊ မြင့်က သိပ်ထွားလာတာပဲနော်၊ မနှစ်က ကျွန်တော် မော်လမြိုင် လာတုန်းက ဒီလောက်မဝသေးဘူး"

မြင့်က ပြုံး၍သိန်းဟန်အား မျက်လွှာပင့်၍ ကြည့်လိုက်သည်။ ကိုကျော်သန်းဟု အခေါ်ခံရသော အခမ်းအနားမှူးက သူ့နှမကိုသူ အမှတ်မထင်ကြည့်လိုက်ရင်း

"အလကားဗျာ နင်းကန်စား နင်းကန်အိပ်နေတာ"
"လုပ်ပြီ ကိုကိုကဖြင့်"

မြင့်က နှုတ်ခမ်းကလေးစူ၍ သူ့အစ်ကိုကို ရန်မူလိုက်လေရာ အနားက မိခင်ကြီး နှင့်တကွ သုံးယောက်သားမှာ တဝါးဝါးရယ်လိုက်ကြရသည်။

"ကိုကိုသိန်းဟန် ဒီတစ်ခါ မော်လမြိုင်ကိုပါလာမှ ဒီလက်သံတွေကို အားရပါးရ နားထောင်ရမယ်၊ လိုက်ခဲ့နော် ကိုကိုသိန်းဟန်၊ ကိုကို မပါ ပါအောင် ခေါ်ခဲ့"

နောက်ဆုံးတွင် မြင့်က သူ့အစ်ကိုသို့ အပူကပ်လိုက်သည်။ မောင်သိန်းဟန်က ဘာမှပြန်မပြောဘဲ ပြုံး၍သာ နေလိုက်သည်။

"ငါကတော့ ကျောင်းပိတ်တိုင်း ခေါ်တာပါပဲဗျာ၊ သူက မလိုက်ရင်သာ"
"အပွါး မလိုက်မနေရဘူးလို့ ဇွတ်ကိုင်ပေါ့"

www.burmeseclassic.com

ကျော်သန်း၏ စကားအဆုံးတွင် မြင့်က စိတ်လိုက်မာန်ပါ ပြောလိုက်မိသည်။ ထို့ကြောင့် မော်လမြိုင်ဇာတိပြကာ အပွါးဟု အော်လိုက်ကာ "ဗွတ်ကိုင်ပေါ့" ဟူသော အဖျားသတ်၍ မသိမသာ အသံကလေးဝဲလာလေသည်။ ရန်ကုန်သူ ရန်ကုန်သားများအဖို့တော့ ဤလို စကားကလေးဝဲသွားတာကလေးမှာ နားအရသာ ရှိလှသည်။

"ဟဲ့သမီး သမီးကလဲ နေရာတကာ ဆိုးချင်တာပဲကို" ဟု မိခင် မင်းကတော် မှုဆိုးမကြီးက သူ့သမီးကိုသူ ဟန့်လိုက်သည်။ ပြီးတော့မှ သိန်းဟန်ဘက်သို့ လှည့်၍ ...

"ဟုတ်တယ် မောင်သိန်းဟန်ရဲ့၊ ခုလဲ ကြည့်တောလေ တစ်နေ့ကတည်းက မော်လမြိုင်ကိုပြန်ဖို့၊ အဲဒါ မင်းညက စန္ဒယားတီးမယ်ဆိုတာ သူ့အစ်ကိုပြောတာနဲ့ ဒေါ်ဒေါ့ကို ဗွတ်အနေခိုင်းတာ အဲသလောက်"

မင်းကတော်ကြီးက လက်ဟန်ခြေဟန် မဲ့ကာပြုံးကာနှင့် သိန်းဟန်ကို လိပ်ပတ်လည်အောင် ပြောပြနေသည်။ သိန်းဟန်ကတော့ မြင့်ကိုသာ ကြည့်ပြုံးနေသည်။

"အမယ် မေမေကလဲ၊ ဒီလိုပွဲမျိုးမှာ တီးတာနားထောင်ရခဲဘိခြင်း၊ သြော် ဒါနဲ့လေ ကိုကိုသိန်းဟန်"

ထိုအခိုက် ကျောင်းသားသုံးလေးယောက် သိန်းဟန်စားပွဲနား ဝင်လာ၍ ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်လိုက် သဖြင့် မြင့်မှာ မဆတ်တငံ့ စကားတန့်သွားပြီး ခပ်ပြုံးပြုံးကြည့်နေလိုက်ရသည်။

"ကွန်ဂရက်ကျူလေးရှင်းဗျာ ကိုသိန်းဟန်"
"သင့်ခရုဗျာ သင့်ခရု၊ လာ သောက်ကြပါဦး"

www.burmeseclassic.com

"သောက်ပါဗျာ သောက်ပါ၊ ဟေး ကိုကျော်သန်း ခင်ဗျားအစီအစဉ်တွေ အားလုံး ကောင်းပါတယ်ဗျာ၊ ပရိသတ် မဆုံ့တာတစ်ခုပဲ ခွကျတာ"

"ဒါကတော့ မတတ်နိုင်ဘူးလေဗျာ၊ ဟဲဟဲ လူဒီလောက် လာလိမ့်မယ်လဲ မထင်မိဘူးဗျ၊ ဟဲဟဲ လာဗျာ ကော်ဖီ သောက်ကြပါဦး"

"နိုး နိုး သင့်ခရ"

ကျောင်းသားများက ဖြူဖြူဖွေးဖွေးကြီးဖြစ်သော မြင့်ကို မျက်စိတွေဝဲပြီးမှ အပါးက ခွါသွားကြသည်။ မြင့်ကတော့ သူတို့ကို ဂရုမစိုက်၊ တက္ကသိုလ်ကျောင်းတော်ကြီးတွင် ပေါ်ပြူလာဖြစ်နေသော သိန်းဟန်ကိုသာ အထင်ကြီးနေမိသည်။

"ကိုကိုသိန်းဟန်၊ ဒီဇင်ဘာဟောဒေးကျရင် လိုက်ဖြစ်အောင် လိုက်ခဲ့ပါနော်၊ မြင့်မွေးနေ့"

"ဟဲလို ချန်ပီယံကြီး"

ဘိုဆန်ဆန် ညောင်နာနာအသံကလေးများ ကြားက ဖြတ်ဝင်လာသောကြောင့် ကြည့်လိုက်ရာ အင်းယားသူလေး ငါးယောက်တစ်စု ဝိုင်းလာကြပြန်သည်ကို တွေ့ရပြန်ပြီ။

"ချန်ပီယံကြီး သိပ်ကောင်းတာပဲရှင်၊ အဟုတ်အဟုတ်"

ဝမ်းဒါးဖူး ဝမ်းဒါးဖူး ဘဲရီးဝမ်းဒါးဖူး"

"ကွန်ဂရက်ကျူလေးရှင်း၊ ဝိဇ္ဇာကြီး"

ကျောင်းသူတွေက တစ်ယောက်တစ်ပေါက်ပြောရင်း တစ်ယောက်က လက်ဆွဲကာ နှုတ်ဆက်နေပြန်သည်။ မြင့်သည် ထိုမိန်းကလေးတွေကို ဣန္ဒြေနှင့်ကြည့်မိသည်။ မိန်းမပျိုတွေကလည်း ကျောင်းမှာမတွေ့ဖူးသောမြင့်ကို စောင်းငဲ့၍ ကြည့်လိုက်ကြသည်။ သိန်းဟန်နှင့် ဆက်စပ်၍ တွေးကြည့်လိုက်ကြသည်။ အရိပ်အကဲ

www.burmeseclassic.com

ခတ်လိုက်ကြသည်။ အနားကမင်းကတော်ကြီးကိုပင် သူတို့မျက်လုံးက ချမ်းသာမပေး။

မြင့်သည် သူတို့ကိုတော့ ယခင်ကလေးကနူတ်ဆက်ချီးကျူးသွားသော ကျောင်းသားတစ်သိုက်လောက် မေတ္တာမရှိ "နည်းနည်းတော့ပိုတယ်" ဟု ဆိုလိုက်ချင်သည်။ အမှန်ကတော့ ဒင်းတို့ကျောင်းသူတွေကို ယခုလက်စားချေရသည် မဟုတ်လော။ ညက သူတို့တတွေပင် မြင့်ကို "ကဲရန်ကော" ဟူသည့် အကြည့်နှင့် ကြည့်ခဲ့ကြသည်။

"ဒီတစ်ခါ စိတ်ပါလက်ပါတီးလိုက်တာပဲ ထင်တယ်။ သိပ်ကောင်းတာပဲ။"
"ဟဲဟဲ ဒီလိုပေါ့ခင်ဗျာ၊ လက်တွေ့တဲ့အခါ တီးကောင်းတာပဲဗျ။ ဟဲဟဲ"

မြင့်ကတော့ ကျောင်းသူ၏ပြောစကားမှာ ရိုးမှရိုးရဲ့လားဟု အောက်မေ့လိုက်မိသည်။

"ငါလာနားထောင်တာသိလို့ သိပ်ကောင်းအောင်တီးလိုက်တာလား" ဟု ငေါ့ကာ စောင်းချိတ်ကာ ပြောလိုက်လေသလားဟု ထင်လိုက်မိသည်။ တကယ်ဆိုတော့ မြင့်သည် သူ့အလိုဘက်ကို သူဆွဲ၍တွေးကာ လိပ်ပြာမသန့်ဖြစ်သွားခြင်းသာ ဆိုရပေမည်။

"ချန်ပီယံကြီး ကျွန်မကို သင်ပေးရမယ်နော်" ဟု ကျောင်းသူတစ်ယောက်က စကားစမပြတ်အောင် ဝင်ပြောနေ သောအခါ မြင့်က "ကဲ ရှင်တို့ပဲပြောနေကြ၊ ပြောနေကြ" ဟု ဆိုချင်သလို သက်မချ၍ သူတို့မှလွှဲကာ တစ်ခြားနေရာကို ကြည့်နေလိုက်သည်။ မြွေမြွေချင်းခြေမြင်သလို ကျောင်းသူတွေက မြင့်၏အမူအရာကိုမြင်လိုက်ကြသည်။

www.burmeseclassic.com

"အားတဲ့အခါ သင်ပေးပါ့မယ်ဗျာ" ဟု မောင်သိန်းဟန်က ဖြေ၍ မဆုံးမီ တစ်ယောက်က "ကမ်းမွန်မင်" ဟု ဆွဲ၍ခေါ် သွားပြီး သူတို့အချင်းချင်း မျက်စိမှိတ်ပြလိုက်သည်။ ထို့နောက်ကျိတ်ပြောပြီး ကျိတ်ရယ်ရင်း အဝေးသို့ ရောက်သွားကြသည်။ မြင့်ကသူတို့ရဲ့နောက်ပိုင်းကို ကြည့်လိုက်ပါသေးသည်။ ပြီးတော့မှ သိန်းဟန်ဆီလှည့်ကာ

"ကိုသိန်းဟန်တို့ကတော့ သိပ်မျက်နှာပွင့်နေတာပဲနော် ဟဲ ဟဲ ဟဲ"

"ဟယ် ဒီကောင်မလေး လုပ်ပြီ"

ကျော်သန်းက သူ့နှမကို သူဟန့်ရင်း ရယ်လိုက်သည်။

"စန္ဒယားတော်တော့လည်း မျက်နှာကြီးတာပေါ့ပါသမီးရယ်" ဟု မင်းကတော်ကြီးက စကားကိုဖာပစ်လိုက်ပြီ။ ပြုံးစစနဲ့ လုပ်နေလိုက်သည်။

"မြင့်မွေးနေ့ကျရင် ကိုသိန်းဟန် မော်လမြိုင်ကိုလာတီးပေးရမယ်နော်"

"တီးပါ့မယ် မြင့်ရာ၊ တီးပါ့မယ်"

"ကိုကို ပါအောင်ခေါ်ခဲ့နော် ဒီနှစ်တော့ ဒါပဲ"

"အေးပါဟ မြင့်ကလည်း နားပူလိုက်တာ တကတဲ"

"ဟုတ်သားပဲ သမီးကလည်း ခေါ်ခဲ့ပါ့မယ်ဆိုတာ"

"စိတ်ချပါ မြင့်ရဲ့ ဒီနှစ်တော့ လိုက်ဖြစ်အောင် လိုက်ခဲ့ပါ့မယ်မောင်သိန်းဟန်က ဒုတိယမွိ ခံဝန်ပေးလိုက်ရသည်။ မြင့်မှာ အသက်ဆယ့်ခြောက်နှစ်လောက်သာ ရှိသေး၍ ကလေးစိတ် မပျောက်တစ်ပျောက်ဖြစ်သည်။ ဖခင်မဲ့သဖြင့် မိခင်ကြီးက အလိုလိုက်ထားလေရာ အခါခပ်သိမ်း ဆိုးနွဲ့၍သာနေချင်သည်။ ဇွတ်တရွတ် လုပ်တတ်သည်။ မော်တင်လိမ်းကျောင်းကထွက်၍ တက္ကသိုလ်သို့လာချင်သည်ဟု ပူဆာသော်လည်း မိခင်ကြီးတွင် တိုးတိုးဖော်မရှိ၍တစ်ကြောင်း၊ ငွေကြေးက ခင်ပွန်းသည် ဝန်ထောက်မင်းမရှိကတည်းက အနည်းငယ် ကျဉ်းကျပ်သွား၍ တစ်ကြောင်း၊ သမီးငယ်ကို ကျောင်းအိပ်၊ ကျောင်းစား တစ်ယောက်တည်းထားရန် စိတ်မချနိုင်သည်က တစ်ကြောင်းတို့ကြောင့် ဖြစ်သည်။

www.burmeseclassic.com

မော်လမြိုင်မြို့ပေါ်မှာတော့ မင်းကတော်ကြီးဒေါ်မြလှိုင်သည် မြို့မိ၊ မြို့ဖ၊ မြို့မျက်နှာဖုံးတစ်ယောက်ဖြစ်ပါသည်။ ဝန်ထောက်မင်းကြီး ကွယ်လွန်သွားသည့်တိုင်အောင် သူ့အရှိန်အဝါက ကြွင်းကျန်ရစ်ခဲ့ပါသေးသည်။ ရုပ်မှု ရွာမှု မင်းပွဲ စိုးပွဲတိုင်းတွင် မင်းကတော်ကြီးမပါလျှင်မပြီးပေ၊ အသက်လေးဆယ်ဆိုသော်လည်း မင်းကတော်ရုပ် ရာဇရုပ်ပါသောကြောင့် ဝဝခန့်ခန့် ကျက်သရေရှိသည်။ စကားအပြောအဆို ရည်မွန်သည်။ ငယ်စဉ်က အင်္ဂလိပ်သီလရှင်ကျောင်းထွက် ဖြစ်သောကြောင့် ဘိုဆန်သည့်စိတ်က အရိပ်ပမာကပ်လျက်ပါသည်။ မြင့်မှာ မအေတူသမီးဖြစ်သည်။ မအေ့ရုပ်ရည်အတိုင်း ဝဝတုတ်တုတ်ဖြူဖြူဖွေးဖွေး ကြီးဖြစ်သည်သာမက ဟောဟောဒိုင်းဒိုင်း ရဲရဲတင်းတင်းနှင့် ဘိုဆန်သည်။

"ကဲ သား ဒီနေ့ညနေ မေမေတို့ပြန်မယ်၊ အစစအရာရာ ဆင်ဆင်ခြင်ခြင်သုံးနော်၊ မောင်သိန်းဟန် မင်းသူငယ်ချင်းကို သတိပေးပါကွယ်" ဟု မိခင်ကြီးက နှုတ်ဆက်လိုက်သည်။

"မေမေကလည်း လူကို ကလေးကလေးလိုက်လို့"

"ကိုကိုကလည်း မိဘဆိုတာ ဒီလိုပဲ ပြောရတာပေါ့"

နှုတ်သီးကောင်း လျှာပါး ဝင်လုပ်လိုက်သော မြင့်ကို သိန်းဟန်က သဘောကျစွာကြည့်ပြီး ပြုံးနေလိုက်သည်။ မြင့် အမူအရာမှာ ဇရာမ အပျိုကြီးလိုဖြစ်နေသည်။ ကျော်သန်းထက် အငယ်ဆိုပေမယ့် အလုံးအရပ်မှာ ကျော်သန်း၏ အစ်မကြီးလိုဖြစ်နေသည်။ အလုံးအရပ်နှင့် အရွယ်သာမက စကားအရာကလည်း အစ်မကြီးသဖွယ် ဩဝါဒပေးလိုက်ချင်သေးသည်။

"ကဲ သွားမယ် မြင့်တို့၊ ကိုကိုသိန်းဟန် မော်လမြိုင် လိုက်ဖြစ်အောင် လိုက်ခဲ့"

နောက်ဆုံးစကားမှာ သိန်းဟန်ကို မော်လမြိုင် မလာ လာအောင် သသော်ပေးသွားသော နှုတ်ဆက်ခြင်းသာဖြစ်သည်။

www.burmeseclassic.com

မောင်သိန်းဟန်နှင့် မောင်ကျော်သန်းကား တစ်ယောက်ကို တစ်ယောက်ကြည့်၍ ပြုံးလိုက်မိကြသည်။

× × × × × × × × × × × ×

## အခန်း (၃)

ဂေါတမဗုဒ္ဓသည် ပွင့်တော်မူရာ မဇ္ဈိမဒေသမှသည် သုနာပရန္တတိုင်းသို့ ဒေသစာရီဖြန့်ချီတော်မူခဲ့ရာ ပင်လယ်ပြင်ဝယ် ဟင်္သာဖိုမ တစ်ကောင်အပေါ် တစ်ကောင် ထပ်၍ ကတ်သီးကတ်သတ်နားနေကြရသော မြေကွက်ကလေးတစ်ခုကို မြင်တော်မူရာ၌

“ဤနေရာ၌ကား ငါဘုရား၏ သာသနာတော်ဝယ် ဟံသာဝတီဟူသော မင်းနေပြည်ကြီး ဖြစ်လာလတ္တံ့” ဟု ဗျာဒိတ်ပေးခဲ့သည်ဟူ၍ သမိုင်းဆရာများက ဆိုကြသည်။

တဖန်လည်း အနောက်တိုင်းသား ကုလားကုန်သည်တစ်စုသည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်လာသော ထိုအရပ်ထိုမြို့သို့ ရောက်လာ၍ မင်းပြုသူနှင့် စစ်ဘက်ပြိုင်မည်ရှိရာ တစ်ယောက်ချင်း၊ တစ်ဦးချင်းသတ်ရန် လံဘားအမည်ရှိ အရပ်အလွန်မြင့်လှသော ကုလားစစ်သူကြီးအား လွှတ်လိုက်၏။ ထိုကုလားကြီးအား ဥပါယ်တံမျဥ်ဖြင့် ခိုး၍ အနိုင်ယူလိုက်သောကြောင့် ထိုကာလမှစ၍ ဥပါယ်ခိုး ယင်းမှ တဖန် ဥဿပဲခိုး ဟူသော အမည်တွင်၏ဟူ၍ ရာဇဝင်ဆရာတို့ကဆိုပြန်၏။

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ ဟံသာဝတီပဲခူးဟု ကျွန်ုပ်တို့သိနေကြရသော ပဲခူးမြို့သည် မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်ဟူသည့် အရေးကြီးသော မြို့ကြီးသုံးမြို့၏ အချက်အချာလမ်းဆုံလမ်းခွဖြစ်သောကြောင့်လည်းကောင်း၊ ဆန်ရေစပါး အများဆုံး ထွက်ရာ ဒေသဖြစ်၍လည်းကောင်း စည်ကားကျော်ကြားလျက်ရှိသည်။

**ဦးအောင်ကြီး**

**သီရိမင်္ဂလာဆန်စက်ပိုင်ရှင်**

ခြံဝတွင်နာမည်ရေး၍ ခြံထဲတွင် သီးစုံပွင့်စုံဥယျာဉ်ကလေးအလယ်၌ သပ်ရပ်သော နှစ်ထပ်တိုက်ကလေးသည် သိုက်မြိုက်စွာ ဝင့်ကြွားလျက်ရှိသည်။ ထိုတိုက်ကလေး ၏ ဧည့်ခန်းဆီသို့ ရောက်အောင်သွား၍ တစေ့တစောင်းကြည့်လိုက်ရလျှင် အသက် လေးဆယ်ခန့် အဒေါ်ကြီးတစ်ဦးနှင့် လေးဆယ်ကျော်ခန့် အဒေါ်ကြီးတစ်ယောက် ရင်းရင်းနှီးနှီး ရယ်မောပြောဆိုနေကြပုံကို တွေ့ရကြားရမည်ဖြစ်လေ၏။

လေးဆယ်ခန့်အဒေါ်ကြီးမှာ ပိန်ပိန်ပါးပါး အသားဖြူဖြူ ရွှေကိုင်းမျက်မှန်တပ်၍ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်ဖြစ်သည်။ ရုပ်ရည်တင်၍ ကြည်ကြည် လင်လင် သန့်သန့်ပြန့်ပြန့်ရှိသည်။ သူ့လက်ထဲတွင် သတင်းစာတစ်စောင် ကိုင်ထားရာ ထိုသတင်းစာမှာ မောင်သိန်းဟန် စန္ဒယားဝိဇ္ဇာဘွဲ့ရသော ဓါတ်ပုံနှင့် သတင်းအပြည့်အစုံပါရှိလေသည်။ အဝတ်အစားကိုကြည့်ရခြင်းအားဖြင့် မြို့ထဲက လာလည်သော ဧည့်သည်နှင့်သဏ္ဍာန်တူသည်။

လေးဆယ်ကျော်အဒေါ်ကြီးကတော့ ဝဝဖိုင့်ဖိုင့်ရှိသည်။ နှုတ်လေးသလို သူ့ကိုယ် ကြီးကလည်း လေးလံပုံရသည်။ သို့သော်အစဉ်ချိုပြုံးနေသည့်မျက်နှာထားက သဘောထားပြည့်ဝ၍ ခင်မင်တတ်သောအတွင်းဗီဇကို ပေါ်လွင်စေသည်။ ရယ်ရယ် မောမော အသောအရွှန်းကလေးတွေညှပ်၍ ဧည့်ခံနေပုံရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

"လက်စသပ်တော့ မရွှေညွန့်က သားချောရဲ့သတင်းကို လာကြွားရတာကိုး ဟဲ ဟဲ ဟဲ" သတင်းစာကို မျက်စိရောက်သွားရင်း ရယ်သွမ်းသွေးပစ်လိုက်သည်။ "ကျုပ်သားပေမယ့် ရှင့်သမက်လောင်းမို့ ကျုပ်က မျက်နှာလိုအားရ လာပြရတာပါ မရွှေနှစ်ရယ်၊ ကျုပ်ကကြွားတာမဟုတ်ပါဘူး။ တကထဲ ကျုပ်က ကြွားကော သားကို ရှင်တို့အပိုင်ပေးရတော့မယ့်ဥစ္စာ လက်လွတ်အကြွားကြီး ဖြစ်ရုံရှိတော့ မပေါ့"

အဒေါ်ကြီးနှစ်ယောက်သည် ကိုယ့်စကားကို အသီးသီး သဘောကျသွားသကဲ့သို့ ဟားတိုက်၍ ရယ်လိုက်ကြသည်။ ဤမျှလောက်ပင် ရင်းနှီးကြသည်။

သတင်းစာကိုင်၍လာပြသော အဒေါ်ကြီးမှာ မောင်သိန်းဟန်၏မိခင် ပွဲကတော်ကြီး ဒေါ်ခင်ညွန့်ဆိုသူဖြစ်၍ အိမ်ရှင် ဦးအောင်ကြီးကတော်မှာ ဒေါ်ဖွားနှစ်ဖြစ်သည်။ သူတို့နှစ်ဦးမှာ ပြောမနာဆိုမနာ ဌာနေ ငယ်သူငယ်ချင်းဖြစ်သည်။ ခမည်းခမက် တော်ကြရန် ရည်သန်ထားကြပုံရသည်။

"အမာကြူ တွေ့ပြီးပလား"

ဒေါ်ခင်ညွန့်က သူ့ချွေးမလောင်းသတင်းစာကို တွေ့မတွေ့ရည်ရွယ်၍ မေးလိုက်သည်။

"ဟဲ ဟဲ ရှင် လာပြတာနောက်ကျသေးတယ်၊ သူက ကျုပ်ကို အရင်လာပြတာ"
"အင်း ဒီလို ဖြစ်ရမယ်"

နှစ်ယောက်သားပြုံးလိုက်ကြပြန်သည်။ ဒေါ်ခင်ညွန့်သည် အမာကြူကို စောင်းငဲ့၍ လိုက်ရှာသည်။ လူကိုယ်တိုင်ကိုတော့ မတွေ့ရ၊ ဧည့်ခန်းထောင့်တစ်ထောင့် တွင်ရှိသော စန္ဒယားပေါ်က ခပ်ပြုံးပြုံးလုပ်နေသည့် အမာကြူ၏ ဓါတ်ပုံလေး သာ တွေ့ရသည်။ ဓါတ်ပုံထဲက ရုပ်ရည်ကြည့်ရုံနှင့် မဆူမကြံ့ ငါးရံ့ကိုယ်

www.burmeseclassic.com

ကလေးကဲ့သို့ ဣန္ဒြေပြည့်စုံသော အသက်ဆယ့်ရှစ်နှစ်ခန့် မိန်းမပျိုကလေး၏ ကိုယ်တစ်ပိုင်းပုံမှာ ချစ်စရာကောင်းလှသည်။ ငွေပေါင်ထောက်မှန်ထဲတွင်သွင်း၍ စန္ဒယားခုံပေါ်မှာ တင်ထားလျက်ရှိရာ သူ့အနားတွင် ငွေပန်းအိုးကလေးကို ဗဟိုပြု၍ တစ်ဖက်စွန်းကလည်း သူ့သား မောင်သိန်းဟန်၏ ငွေပေါင်သွင်း ဓါတ်ပုံကိုပါမြင်ရသည်။ သားတော်မောင်က သူ့ဓါတ်ပုံကို ဘယ်အချိန်ကများ လာ၍ ပေးထားသလဲ မသိရသောကြောင့် ပြုံးလိုက်မိသေးသည်။

"ဘယ်သွားသလဲ အမာကြူ"

ဒေါ်ခင်ညွန့်က သူ့သမီးလောင်းကို မေးလိုက်သည့်အတွက်

"သူ့အိပ်ခန်းထဲဝင်ပြီး ဓါတ်ပုံပါတဲ့ သတင်းစာပဲ ကြည့်ရှုနေသလားမှ မသိတာ"
"ဟဲ ဟဲ ဟဲ ဒါဖြင့်လည်း သူ့အတွေးနဲ့သူ နေပါစေတော့လေ ဟဲ ဟဲ ဟဲ"

စတင်၍မေးလိုက်သော ဒေါ်ခင်ညွန့်ကပင် တိုက်အောက်ထပ် ဧည့်ခန်းနှင့် ကပ်လျက်ရှိသော အမာကြူ၏ အိပ်ခန်းကလေးကို လှမ်းကြည့်ရင်း ပိတ်ပင် လိုက်တော့သည်။

ထိုအခိုက် အသက်သုံးဆယ်ခန့် ထောင်ထောင်မောင်းမောင်းလုလင်ကြီးတစ်ယောက် ဧည့်ခန်းထဲသို့ဝင်လာခဲ့သည်။ သူ့လက်ထဲတွင် ငှက်လျှောင်အိမ်ကလေး တစ်လုံး ပါ ၍လာ၍ သာလိကာကလေးနှစ်ကောင်မှာ ဒန်းစီးလျက်သားရှိသည်။

"ဟဲ့ မောင်ဘသက် နင် ဘယ်ကလာတာလဲ" ဟု ဒေါ်ဖွားနှစ်က မေးလိုက်သည်ကို ထိုယောကျ်ားပျိုကြီးက ရုတ်တရက်ပြန်မဖြေသေးဘဲ ဒေါ်ခင်ညွန့်ရှိရာသို့လှည့်၍ "သြော် အဒေါ်လည်း ရောက်နေသကိုး" ဟု နှုတ်ဆက်လိုက်သည်။
"အေးကွဲ့ မင်းငှက်လျှောင်အိမ်ကြီးက ဘာလုပ်ဖို့တုံး"

www.burmeseclassic.com

"သြော် ဟဲ ဟဲ အမာကြူက မွေးချင်လှချည့် ပူဆာလို့ တွေ့တာနဲ့ဝယ်လာတာ" ဟု ပြောပြောဆိုဆို လှောင်အိမ်ကို ဧည့်ခန်းကော်ဇောပေါ်ချ၍ ဆိုဖာအလွတ်တစ်လုံးပေါ် သို့ ထိုင်လိုက်သည်။ မိန်းမကြီးနှစ်ယောက်ကတော့ ဒေါင်းတည် မောင်းတည် နိုင်လှသော ဘသက်ကိုကြည့်ရင်း တစ်ယောက်နှင့်တစ်ယောက်ပြုံးလိုက်မိကြသည်။ ဟန်ဆောင်မှုမရှိ၊ ပရိယာယ်မပါ၊ ကြွားဝါမှုကင်းသော ဘသက်ကတော့ အဒေါ်ကြီးတွေ၏ အရိပ်အကဲကိုမှ ခတ်ရကောင်းမှန်းမသိ၊ လက်ကိုင်ပုဝါဖြူကို ထုတ်၍ သူ့နဖူးကျယ်ကြီးကို ချွေးသုတ်လျက်သာရှိသည်။

"နေပါဦး၊ မင်း အခု စက်ထဲက လာတာလား"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်း ဦးကော"

"စက်ကပြန်သွားတာ ခပ်စောစောကပဲ ခင်ဗျ"

"နို့ မင်းက ဘာလို့လာတာတုံး"

"အမာဖို့ သာလိကာကလေး လာပို့တာလေ"

"အမလေးတော် နေရာရှာလို့ တကတည်း ငါ့ အလုပ်ကိစ္စနဲ့များ လာသလားလို့"

ဒေါ်ဖွားနှစ်ကအပြစ်တင်သယောင်ပြောနေသည်ကို ဘသက်ကတော့ ပြုံးဖြဲဖြဲစပ်ဖြဲဖြဲ လုပ်၍သာ ခေါင်းကြီးငုံ့နေသည်။ ကြားထဲက ဒေါ်ခင်ညွန့်မှာမူ သူတို့နှစ်ယောက်ကို ကြည့်ရင်း တစ်စုံတစ်ရာတွေးနေသလို ခပ်ငေးငေးရှိလေသည်။

"ကျွန်တော် ပြန်တော့မယ်"

ဘသက်က နဖူးကို လက်ကိုင်ပုဝါနှင့်သုတ်ပြီးလျှင်ပြီးချင်း ကောက်ကာငင်ကာ ပြောပြီး ထလိုက်သည့်အတွက် ဒေါ်ဖွားနှစ်က အံ့အားသင့်သွားရသည်။

"ဟဲ့ အရူးလား နင့်ဥစ္စာ ခုလာ ခုပြန်တော့မလား"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် အမှာ့ဖို့ သာလိကာလာပို့တာပါလို့ ပြောပကော"

"ကဲ ဒါဖြင့်လည်း ကြွ ကြွ"

ဘသက်က ဒေါ်ခင်ညွန့်ကို ပြုံး၍နှုတ်ဆက်သလိုလုပ်ကာ ခပ်ယို့ယို့ ထွက်သွားလေရာ ဒေါ်ခင်ညွန့်မှာ မချိပြုံးကလေး ပြုံးနေရာက သက်မတစ်လုံးချလိုက်မိသည်။

"သူ့မြင်တော့ ရှင့်သမီးအကြီးပဲ သွားသွားသတိရမိတယ်၊ အခုဆို အမာဖြူဆုံးတာ အခါလည်တောင်ရှိပြီနော်"ဟု ဒေါ်ခင်ညွန့်က စကားစလိုက်မိသည်။

ထိုစကားသည် ဒေါ်ဖွားနှစ်အတွက် ငိုချင်လျက်လက်တို့ ဆင်အိပ်ရာ ဆိတ်နှိုးဆိုသလိုဖြစ်သွားသကဲ့သို့ ဧည့်ခန်းတစ်နေရာရှိ နံရံက ဓါတ်ပုံကြီးတစ်ပုံကို မျက်စိရောက်သွားမိသည်။ ဓါတ်ပုံကြီးကား ဆယ့်နှစ်လက်မအရွယ်ဖြစ်သည်။ ဓါတ်ပုံထဲတွင် ဘသက်က ခေါင်းပေါင်း အုပ်ပေါင်း ပုဆိုးတောင်ရှည်၊ ပိုးအင်္ကျီ ရင်ဖုံးနှင့် ကတ္တီပါပုံကြီးပေါ်တွင် ပုဆစ်ဒူးကျ ထိုင်နေသည်။ သူ့အနားက မိန်းမပျိုတစ်ယောက် ထိုင်မသိမ်းအင်္ကျီ အချိတ်လုံချည် ဇာပဝါကို ဒေဝီခြုံ ခြုံ၍ တွဲရိုက်ထားသည်။

သူတို့နှစ်ယောက်အလယ်တွင် ရာကျော်စီး ငွေဖလားကြီး တစ်လုံးရှိရာ ယင်းအထဲတွင် သပြေခက်ကလေးများ လှပစွာ လန်းဆန်းနေသည်။

ဒေါ်ခင်ညွန့်သည် ဒေါ်ဖွားနှစ်ကြည့်ရာကို လိုက်ကြည့်သည်။ ထိုဓါတ်ပုံကြီးကား မောင်ဘသက်နှင့် အမာကြူ၏ အစ်မ အမာဖြူတို့ လက်ထပ်ပေးစဉ်က ပွဲထိုင်ရိုက်ကူးထားသော ပုံကြီးဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။

ဒေါ်ဖွားနှစ်က ဓါတ်ပုံမှ မျက်လွှာချလိုက်ရင်း

www.burmeseclassic.com

www.burmeseclassic.com

"အင်း အခါလည်နဲ့ သုံးလပေါ့ မခင်ညွှန့်ရယ်" ဟု တစ်ကိုယ်တည်း ညည်းသလို ညည်းနေလိုက်သည်။ သူ့မျက်လုံး အစုံတွင် မျက်ရည်ကလေးများ ဝေ့သန်းလာခဲ့ပြီ။ ဒေါ်ခင်ညွှန့်သည် ဘာစကားမှ မပြောဘဲ အလိုက်သိစွာ ငြိမ်နေလိုက်ရသည်။

"ဒီကောင်ကြီး ငယ်ငယ်ကတည်းက ကိုယ့်စက်ထဲမှာ ရိုးရိုးသားသား လုပ်လာခဲ့တာမို့ ပေးစားလိုက်ပါတယ်၊ ဒင်းတို့ အခါလည်မှ မပေါင်းလိုက်ရဘူး"

သက်မကြီးကို လေးလေးတွဲ့တွဲ့ချလိုက်ရင်း ဒေါ်ဖွားနှစ်က သူတို့၏ အတိတ်တွေကို စဉ်းစားလိုက်မိရှာသည်။ ဘသက်မှာ အလုံ မုံရွာ အညာ ဘုတလင်သား ဖြစ်သည်။ ဦးအောင်ကြီး ဒေါ်ဖွားနှစ်တို့စက်တွင် လူပျိုပေါက်အရွယ်က သာမန်တာလီစာရေးကလေးကစ၍ လုပ်ကိုင်ခဲ့သော ဆွေးမျိုးနီးစပ် အလုပ်သမားလေး ဖြစ်သည်။

အညာသားပီပီ ရိုးသားသည်။ ကြိုးစားသည်၊ သဘောကောင်းသည်၊ ရိုသေကျိုးနွံသောစိတ်ရှိသည်၊ တစ်ခြားဆို၍ ဘာမှသူ့စိတ်ထဲတွင်ထည့်ထားဟန်မတူ။ ဆန်စက်၊ စပါး၊ ဆန်အိတ်၊ ငွေ၊ စာရင်းနှင့် ထမင်းဟင်းသာ အတွယ်အတာရှိသည်။ ဒါတွေကိုသာ အာရုံပြုသည်။

ဦးအောင်ကြီးသည် ဘသက်ကို သဘောကျသည်။ အဖက်ဖက်ကခိုင်းကြည့်သည်၊ အဖက်ဖက်ကစမ်းကြည့်သည်၊ တစ်ချို့နေရာကို မျက်နှာလွှဲကြည့်သည်၊ မျက်နှာလွှဲသလောက် ကျေနပ်စရာသာတွေ့ရသည်။ စပါးအသိမ်း၊ ဆန်အရောင်း အဝယ်၊ စက်ကစာရင်းအင်း၊ ငွေဘက်ကြေးဘက်ကပါ စိတ်ချရသည်။ ထို့ကြောင့် တဖြည်းဖြည်း အခွင့်အရေးပေးကာ ငါးနှစ် ခန့်အကြာတွင် သူ့စက်တွင် မန်နေဂျာခန့်လိုက်သည်။

www.burmeseclassic.com

ဘသက်အဖို့ကတော့ ဆန်စက်တစ်လုံးကို အုပ်ချုပ်ရမှ ပို၍ပင်ပမ်းနေရသည်။ ပို၍ဂရုစိုက်သည်၊ မော်ခြင်း၊ ကြွားခြင်း၊ ပျော်ခြင်း၊ ပါးခြင်းသည် အညာသား ဘသက်အဖို့ ဘာမှ အဓိပ္ပါယ်မရှိ။ အဝတ်အစားသော်မှ ပိုးပုဆိုးသစ်သစ်ကို ခါးပေါ်တင်ရ သည့်အခါ သူ့မျက်နှာကြီးမှာ မချိမချဉ်ဖြစ်နေတတ်သည်။ ထို့ကြောင့်ပင် ချည်လုံချည် ဒူးခြေသလုံးပေါ်အောင် အမြဲဝတ်၍ ဖိုသီဖတ်သီ ဖိုးရိုးဖားရား အလုပ်တွေကြားတွင် မအားအောင် သူ့တစ်ကိုယ်လုံးမြှုပ်နှံထားပြီးသာ တွေ့ရတတ်သည်။

ဦးအောင်ကြီး၌ သားယောကျ်ားဟူ၍ တစ်ယောက်မှမရှိ။ အမာဖြူနှင့် အမာကြူ ညီအစ်မသာရှိသည်။ အမာဖြူက အပျိုပေါက်သာသာ၊ အမာကြူက ဂါဝန်မှ မချွတ်သေး။ ထိုအချိန်ကစ၍ ဘသက်ကို ဆွေရင်းမျိုးချာ သားတစ်ယောက် တူတစ်ယောက်သဖွယ် တကယ့်သံယောဇဉ်နှင့် ခင်တွယ်နေရလေသည်။ ဘသက်၏ အရိပ်အခြည်ကို အမြဲကြည့်နေသော မိဘနှစ်ပါးစလုံးက အိမ်တွင်း အိမ်ပြင် ဘသက်ကိုယ်တိုင် ထွက်ဝင် သွားလာနေသည့်အတောအတွင်း အိမ်တွင်းရေး ဝေယျာဝစ္စအချို့တို့ကိုလည်း လုပ်ပေးချင်လုပ်ပေးသွားသည်။ ကိုယ့်သမီး နှစ်ယောက်စလုံးအားလည်း ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်တာသာ ရှိသည်။ အမာဖြူကို သူ့နှမအရင်းလို သဘောထား၍ လေးစားသလောက် အမာကြူကို ကလေးငယ် ကလေးသဖွယ် ကျီစယ်နောက်ပြောင် ရန်စရုံသာ တတ်သည်။ ဘာမဆို အလိုလိုက်ဖို့သာ သိသည်။ အပျိုလူပျိုဟူသော ဗာဟီရ စိတ်တွေ တဆိတ်ကမှ မဝင်စားကြောင်း လူပါးကြီးဖြစ်သော ဦးအောင်ကြီး ကိုယ်တိုင်သိခဲ့ရသဖြင့် ဘသက်အား သာ၍ စိတ်ချကျေနပ်နေခဲ့ကြသည်။

ဤသို့ တစ်နှစ်က တစ်နှစ်ကြာလေ ဆန်စက်လုပ်ငန်းတွင် ဘသက် မရှိမဖြစ်သည့် အခြေသို့ ရောက်ရှိခဲ့လေရာ လူပျိုကြီးဖားဖားက ကျော်လာသော ဘသက် သုံးဆယ်နီးပါးလောက်တွင် တစ်ခြားမိန်းမယူသွားမှာ တွေ့သွားမှာကိုပင် စိုးရိမ်

www.burmeseclassic.com

လာရပေသည်။ ထို့ကြောင့် လက်လွတ်မခံနိုင်သည့်အတူတူ အလုပ်သမားကောင်း တစ်ယောက်ကို သမီးအကြီးနှင့် နေရာချကာ တစ်သက်လုံးခိုင်းစားဖို့ လင်မယား နှစ်ယောက် ခေါင်းချင်းရိုက်ကြသည်။ သမီးကို နားသွင်း၍ တီးခေါက်ကြည့်ကြ သည်။ အမာဖြူမှာ ဘသက်နှင့် မညားခင်ကတည်းက အသွင်တူသော အပျိုကြီး ဖြစ်သည်။ ရှေးဆန်သည်၊ ရိုးသည်၊ အေးအေး လူလူနေတတ်သည်၊ စကား နည်းသည်၊ သဘောကောင်းသည်၊ ဘသက်နှင့်နေရာချထားရန် ကြံရွယ်သည်ဟု ပြောပြသောခါမှာ သူ့မှာ အံ့သြခြင်းလည်းမရှိ၊ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းလည်း ကင်းဘိသည်။

"ဒါတော့ အမေတို့ သဘောပဲလေ အမေတို့ သမီးပဲဟာ"

ဤလို ရိုးအသောအဖြေသာ ပေးဖော်ရသည်။ သူ့စိတ်ထဲမှာ မိဘ၏ မေတ္တာ စေတနာတို့ကို အကြွင်းမဲ့ ယုံကြည်ထားဟန်တူသည်။ မိဘ၏သြဇာကို လက်ခံ နာယူခြင်းဖြင့် မိဘ၏စေတနာမေတ္တာကို ကျေးဇူးတုံ့ပြန်ရန်သာ တစ်ခုတည်းသော ဆန္ဒရှိသည်။

ကဲ သမီးကတော့ ကျေနပ်ပါပြီ။ သမီးကို တစ်ခါမှမျက်စိနှင့်ပင် ဆန်းဆန်း မကြည့်ဖူးသော ကိုရွှေဘသက် လူရိုးကြီးကို နားချရန်ခက်သေးသည်။ သူက လိုချင်ပါသည်ဟု ပြောလာလျှင် ဦးအောင်ကြီးအဖို့ မျက်နှာအပူက များစွာ သက်သာရန်ရှိသည်။ ယခုတော့ အညာသား ရေဝေး မထုံတက်သေးကြီးကို ယောက္ခမလုပ်မည့်သူက တေမိ အလိုစမ်းခန်း ဖွင့်ရမည်က ခက်လှသည်။ သို့သော် ဘသက်လို လူမျိုးကို ရှက်စရာမရှိဟု ဦးအောင်ကြီးကတစ်ထစ်ချ စိတ်ပိုင်းဖြတ် ထားသည်။

"ဟေ့ကောင်ကြီး မင်းနဲ့ အမာဖြူနဲ့ ငါနေရာချချင်တယ်၊ မင်းသဘော ဘယ်လိုလဲ" ဟု ပြောသည့် အချိန်က ဘသက်သည် မျက်လုံးကြီးများဖြင့် လှန်၍ကြည့်လိုက်

www.burmeseclassic.com

၏။

“ဘယ်လိုလဲ မင်းသဘော” ဟု ထပ်မေးသောအခါ

“ကျွန်တော့်မှာ မင်္ဂလာဆောင်စရာ ပိုက်ဆံမရှိဘူးခင်ဗျ” ဟု ရိုးရိုးကြီး ဖြေပစ်လိုက်သောကြောင့် ဦးအောင်ကြီးတွင် ဣန္ဒြေမှ မချုပ်တည်းနိုင်တော့ဘဲ နှုတ်ခမ်းမွေးကြီးကားသွားအောင် ခွက်ထိုးခွက်လန် ရယ်လိုက်မိတော့သည်။

ဤသို့သောနည်းဖြင့် သူတစ်ပါး၏ ဂုဏ်ပကာသန၊ ဓန၊ ဥစ္စာ တို့ကို မမက်သော ဦးအောင်ကြီးသည် သူ့ဂုဏ်၊ သူ့ ဓနရိပ်မြုံတွင်းဝယ် လိမ္မာသောသမီးနှင့် အပိုးသေသော အလုပ်သမားတစ်ယောက်အား သွေးသားအရင်း သိမ်းသွင်း လိုက်တော့သည်။

သို့သော် သဗ္ဗေသင်္ခါရာ အနိစ္စာသည် တစ်နှစ်မှမကြာခင် အမာဖြူတစ်ယောက်ကို ကွက်၍ ဦးဦးဖျားဖျား အနိစ္စ သွားသောကြောင့် မချိတင်ကဲ ဝမ်းနည်းကြေကွဲစွာ ခံလိုက်ကြရလေသည်။

ဒေါ်ဖွားနှစ်၏စိတ်သည် လက်ပစ်တစ်တွက် အတွင်းကလေးဝယ် ဤသို့သော သူ၏အတိတ်ကို ပြန်လှန်သုံးသပ် လိုက်မိလေသည်။

“အင်း အဖြူဆုံးတာ အခါလည်နဲ့သုံးလ၊ အခါလည်နဲ့သုံးလ၊ ခုတော့ ဒင်းပါသနားစရာ ဖြစ်နေပြီ မခင်ညွန့်ရယ်။ သူ့မယားသူချစ်လိုက်တာဆိုတာလည်း တုန်လို့”

ဒေါ်ဖွားနှစ်၏ စကားအဆုံးသတ်ဝယ် အသံတွေပါ တုန်၍လာတော့သည်။ အလိုက် ကမ်းဆိုးမသိ စကားစမိသော ဒေါ်ခင်ညွန့်မှာ ဆတ်ဆော့မိ၍ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာသလို သူပါခံစားလိုက်ရပြန်သည်။ ထို့ကြောင့် မီးကို ကျော့်ရင့် သတ်ရတော့သလို

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ သူတို့ဖူးစာပေါ့ ဘယ်တတ်နိုင်မလဲ။ ကဲ ကဲ ကျွန်မပြန်မယ်" ဟု နောက်ဆုံးတွင် ဓမ္မရေအေးနှင့် သတ်လိုက်ရသည်။

ဒေါ်ဖွားနှစ်မှာကား ငေးလျက်၊ တွေးလျက်၊ ဆွေးလျက် ...

× × × × × × × × × × ×

## အခန်း (၄)

ဒီဇင်ဘာလ၏ တစ်နေ့သောညနေခင်းကလေးဖြစ်သည်။

ဆောင်းနေသည် အသက်သာခိုချင်သော အလုပ်သမားလို အချိန်ကိုခိုး၍ အနောက်ဘက်မိုးသို့ ဝင်ချင်လှပေပြီ။ နေ့ နာရီသုံးဆယ်၊ ည နာရီသုံးဆယ်ဟု မြန်မာ့အလိုခြောက်ဆယ်ရှိသည်အနက်က နေဝန်းသည် တန်ရူးနှင့် သီတင်းကျွတ် နှစ်လတွင်သာ အချိန်မှန်လုပ်သည်။ သူ့ဆင်ခြေကတော့ ဝါဆိုလမှာ ခြောက်နာရီတိတိ ပို၍အိုဗာတိုင်းဆင်းရသောကြောင့် ပြာသိုလမှာ ခြောက်နာရီတိတိ စောစောစီးစီး အသက်သာခိုရပါသည်ဟု ပြောလိုဟန်ရှိသည်။ ထို့ကြောင့် နီဖျော့ဖျော့သော အသွေးကလေးလွှတ်ကာ လောကကို မျက်နှာချိုသွေးနေတော့သည်။

ဆောင်းနေသည် အရိပ်ကိုရှည်စေ၍ ဆောင်းလေသည် အရပ်ကို မွှေးစေသည်။

တစ်နည်းအားဖြင့်ဆိုရသော် ငွေနှင်းများတဝေဝေရှိလေပြီ။

ပန်းသဇင်ဘော်ငွေဖြူတို့ကလည်း တကြူကြူမွှေးကြလေပြီ။

www.burmeseclassic.com

မိုးကောင်းကင်တစ်ပြင်လုံး တစ်ခါတစ်ခါ ဝဋ္ဌာဟင်းလင်း အပြာရောင်အဆင်းနှင့် ကြည်လင်နေတတ်သည်။ တစ်ခါတစ်ခါတော့ ကိုပဇ္ဇုန် စိတ်မကျေ၍ လူ့ပြည်ကို မိုးရေသွန်းဦးတော့မလို လုပ်တတ်ပါသေးသည်။

အမာကြူတို့ တိုက်ကလေးကဧည့်ခန်းမှာ အနောက်ယွန်းယွန်းက တိုးဝင်နေသော နေရောင်ခြည်ကြောင့် မြူမှုန်ကလေးများ အတန်းကြီးဖြစ်နေသလို ထင်ရသည်။

အမာကြူသည် ရေမိုးချိုးပြီးစ သနပ်ခါးဘဲကျားကလေးနှင့် ရွှေဝါရောင်ဟပ် နေသလိုရှိတော့သည်။ ဧည့်ခန်းအဝ အပြင်ဘက် ခပ်ကျကျလောက်တွင် ကိုဘသက် ကြိုးဝယ်လာပေးသော သာလိကာလှောင်အိမ်ကလေး ချိတ်ထားသည်။ အတွင်းက သာလိကာမောင်နှံသည် ဝင်ဆဲ ဝင်လတ္တံ့သော နေရောင်ကြောင့် အူမြူးကာ တဂူးဂူးတဂဲဂဲ ခုန်ဆွခုန်ဆွ လုပ်နေကြသည်။

အမာကြူက သူတို့ကိုကြည့်ရင်းအနားကပ်လာခဲ့သည်။ အမာကြူပြောစေချင်တာက သူတို့၏ဘာသာရင်းဖြစ်သော မာဂဓ၏ ဂူးဂူးဂဲဂဲမဟုတ်။ သူ့ကို မမ ဟု လူ့ဘာသာ လူ့စကားနှင့် နှုတ်ဆက်လိုက်စေချင်သည်။

"မမ လှတယ် မမ လှတယ်" ဟု ချီးမွမ်းစေချင်သည်။

ဒါမှ မဟုတ်သော်

"သာလိကာ ဆီပေးပါ၊ စောစောထ၊ မကြားလား" ဟူသည့် သာလိကာ မူလတန်းစကားတွေကို ရွတ်ဆိုပြစေချင်သည်။ ယခုတော့ နှစ်ကောင်စလုံး တဂူးဂူးတဂဲဂဲ။

"ဟဲ့ စကားပြောကြလေ ငါ့လို လိုက်ဆိုစမ်း"

"သာလိကာ"

"ဆီပေးပါ"

"စောစောထ"

"မကြားလား"

www.burmeseclassic.com

www.burmeseclassic.com

အမာကြူက စိတ်ပါလက်ပါ ကျောင်းဆရာမကလေးလို တိုင်ပေးလေရာ သာလိကာ နှစ်ကောင်စလုံးက ဂဲ ဂဲ ဟုသာ ပြန်ပြောဖော်ရသဖြင့် စိတ်ပျက်သွားသည်။

"အလကား လူစကားလည်း မပြောတတ်သေးဘူး"

"ကိုဘသက်ကြီးကလဲ စကားပြောတတ်တာရှာဝယ်ခဲ့ပါဆိုခါမှ"

အမာကြူက စိတ်မကျေမချမ်းနှင့် ဝယ်လာပေးသူကိုပင် အပြစ်တင်နေလိုက် ပြန်သေးသည်။

"တဖြည်းဖြည်းပေါ့ သမီးရယ် ပဗ္ဗတတောင်ခြေ သိန္ဓေတဖြည်းဖြည်းတဲ့"

စကားသံနှင့်အတူ မိခင်ကြီးမှာ နောက်ပါးကရပ်လျက်ရှိသည်။

"ဒါတောင် မောင်ဘသက် ဒင်းဘယ်နေရာက တွေ့လာလို့ဝယ်ခဲ့သလဲမှ မသိတာ၊ ငါ့သမီးကလည်း နေရာရှာရန်ကော သံယောဇဉ်မရှိ သံယောဇဉ်ရှာလို့"

အမာကြူသည် သူ့မိခင်ကို စောင်းငဲ့၍ကြည့်ရာက ပြုံးပြုံးကလေးတွေးနေမိသည်။ တိရစ္ဆာန်များကို လူမှု လူစကား သင်ကြားသည့်အခါ လူခြေတိတ်၍ ဆိတ်ငြိမ်သည့် ညအခါမှ သင်ကြားရသည်။ ထိုအချိန်မှ သူတို့တတွေ တည်ငြိမ်၍ အာရုံစူးစိုက်ကြသည်။ ထိုနောက်တစ်မျိုးလည်းရှိသေးသည်။ သာလိကာ ကြက်တူရွေးတို့မည်သည် သူတို့မာဂနှင့် တစ်ကောင်ချင်း ခွန်းတုံ့လှယ်နေကြလျှင် လူ့စကားကို တော်တော်နှင့်မပြောတတ်။ ထို့ကြောင့် လှောင်အိမ်တစ်ခုထဲတွင် တစ်ကောင်စီ ခွဲထားရသည်။ သို့မှ သူတို့ချင်းစကားမပြောနိုင်ဘဲ ရှိချိမ့်မည်။

အမာကြူသည် တစ်စွန်းတစ်စကြားဖူးသော သာလိကာသင်တန်းကို အမှတ်ရ၍

"မေမေ သူတို့ကို တစ်ကောင်စီခွဲထားမှ မြန်မြန်စကားတတ်သတဲ့၊ ခွဲထားရ မကောင်းဘူးလားဟင်" ဟု တိုင်ပင်လိုက်လေသည်။ မိခင်ကြီးသည် တစ်ခဏလေး စဉ်းစားသလိုလုပ်လိုက်ပြီးမှ သမီး၏ပုခုံးကလေးကိုယုယစွာ လက်တင်လိုက်ရင်း

"လူစကားမတတ်ချင်လည်း နေပါစေ သမီးရယ်၊ ဒင်းတို့ ချစ်သူချင်း မကွေကွင်းပါစေနဲ့" ဟု ဖြည်းငြင်းသက်သာစွာ တရားချလိုက်လေသည်။

www.burmeseclassic.com

အမာကြူသည် ထိုစကားကြားရတော့မှ ဒိတ်ကနဲ စိတ်ထဲတွင် တစ်မျိုးတစ်မည် တုန်လှုပ်သွားမိသည်။ ဟုတ်သည်၊ မှန်သည်၊ ဇကေန်ပင်ဖြစ်သည်။ ကိုယ်ကတော့ တစ်ကိုယ်ကောင်း၊ ကိုယ့်လိုဘသာကြည့်၍ ပြောမိသည်။ သာလိကာကလေးတွေ ဘက်ကနေကြည့်၍ ကိုယ်ချင်းစာလိုက်ရလျှင် အချုပ်အနှောင် အလှောင်အပိတ်ခံ ရသည်သော်မှ လွန်လှပြီ။ သူ့ခမျာများမှာ သဘာဝကိုက တစ်ပင်ပျံကူး ကောင်းကင်လေဟုန်မှာ မြူးနေခဲ့ကြရသည်။ ယခုမူ နှစ်တောင်ပတ်လည်မှမရှိသော သံချိုင့်တွင်းဝယ် ကိုယ်ကချစ်လို့မွေး၍ အစာကျွေးသည်ထားဦး၊ အတောင်ကလေးမှ အားရပါးရဖြန့်၍ ပျံစရာမရှိ။ အနေကျပ် အတောင်ညောင်းပြီး စိတ်မကောင်း ဖြစ်ကြပေလိမ့်မည်။ ထိုသည့်အထဲက အဖိုနှင့်အမ ခွဲလိုက်ရလျှင်ကား၊

အမာကြူသည် ရှေ့ကိုဆက်၍မှ မတွေးတော့ဘဲ

"အေးလေ ဒီအတိုင်းဘဲ နေတာကောင်းပါတယ်။ စကားတတ်ချင်တတ် မတတ်ချင်နေ" ဟု ပြောပြောဆိုဆိုနှင့် အိမ်ရှေ့ခြံဘက်သို့ ထွက်ခဲ့လေတော့၏။ အမာကြူ တိုက်ဖိနပ်ချွတ်က ဆင်းလိုက်သည်နှင့်တစ်ပြိုင်နက် ခြံဝက စိုက်စိုက် ဝင်လာသော သိန်းဟန်ကို မမျှော်မလင့် တွေ့လိုက်ရသည်။ ဆွယ်တာအင်္ကျီ လက်ပြတ်ကို အောက်ကရှပ်အင်္ကျီခံဝတ်၍ ဘန်ကောက်ရေညှိရောင်ကို ဆီးထား သည်။ နေမဝင့်တဝင် သိန်းဟန်ကို မြင်လိုက်ရသည်မှာ အတော်ကလေး အဆင်ပြေ သွားသည်။ သူ့လက်ထဲတွင် ဖက်စိမ်းနှင့်လိပ်ထားသော အထုပ်ကြီးတစ်ခု ပါလာ သည်။ တစ်စွန်းတစ်စ ထိုးထိုးထောင်ထောင် ထွက်နေတာကို ကြည့်လိုက်ရုံနှင့် သဇင်ပန်းထုပ်မှန်း သိသာပါသည်။ အမာကြူအဖို့တော့ ပန်းကိုမြင်လိုက်ရခြင်းက ပို၍ ဝမ်းသာသွားမိ၏။

"ဟယ် ကိုသိန်းဟန် ကျောင်းပိတ်လိုက်ပြီ ဟုတ်လား"

မောင်သိန်းဟန်က အဖြေမပေးနိုင်သေး၊ ပြုံးပြုံးကြီးလုပ်ကာသာ အမာကြူအနား ရောက်အောင် ခြေလှမ်းကျဲကြီး များနှင့်ကပ်လာသည်။ အနားရောက်သည်နှင့်

www.burmeseclassic.com

တစ်ပြိုင်နက် တစ်ပွေ့တစ်ပိုက်ကြီးပါလာသော ဝေဖြာညွှန့်လန်း ရနံ့သင်းနေသည့် ပန်းထုပ်ကြီးကိုသာ ထိုးပေးလိုက်သည်။

"အို သဇင်ပန်းတွေပါလား၊ အမယ်လေး ကောင်းလိုက်တဲ့ အခက်ကြီးတွေနော်၊ ကိုသိန်းဟန်ဝယ်လာခဲ့တာလား၊ အို ကျေးဇူးတင်လိုက်တာ"

အမာကြူက ဝမ်းသာအားရ ကရားမှရေလွှတ်သလို တတွတ်တွတ် ပြောနေမိသည်။ မိန်းကလေးတို့၏ စရိုက်စိတ်ဓါတ်အရ ကြိုက်တတ်လှသော လက်ဆောင်ဖြစ်သဖြင့် ဆွေ့ဆွေ့ခုန်တော့မလောက် အူမြူးနေပုံကို သိန်းဟန်တွင် နှစ်နှစ်ခြိုက်ခြိုက် အာရုံခံစားနေမိတော့သည်။

"တကယ်ပဲ ကျေးဇူးတင်လိုက်တာ ကိုသိန်းဟန်ရယ်"

"အမယ် သူက သူစိမ်းကျနေတာပဲ"

အမာကြူသည် သိန်းဟန်၏ စကားအဓိပ္ပါယ်ကို ရိပ်စားလိုက်မိသည်။ ထို့ကြောင့် သူ့လိပ်ပြာသူမလုံသလို မျက်စောင်း ကလေးတစ်ချက်ထိုးခဲ့ပြီး တိုက်တွင်းသို့ ဝင်ပြေးလေ၏။ သိန်းဟန်သည် သွက်လက်ရွှင်ပျသော သမင်မလေးသဖွယ် သူ့သက်လှယ်၏ နောက်ကျောကိုကြည့်၍ ပီတိလှိုင်းထကာ ဝင်လိုက်၍ သွားရလေသည်။

"မေမေ မေမေ ကိုသိန်းဟန်ဝယ်လာခဲ့တာတဲ့၊ ကောင်းလိုက်တာနော်၊ အခက်ကြီးတွေ လတ်လတ်ဆတ်ဆတ် ဘုရားတင်မယ်၊ ဘုရားတင်ရမယ်၊ ကျန်တာတွေ ဤကိုယ် အကုန်ပန်ပစ်လိုက်မယ်"

အမာကြူက အံ့သြနေသော သူ့မိခင်အနီးတွင် ကန္တဲ့ကလျ လုပ်နေလိုက်သည်။

"ဟဲ့ မောင်သိန်းဟန် ဘယ်တုန်းက ရောက်လာတာလဲ၊ ကျောင်းပိတ်လိုက်ပလား"

"ဟုတ်ကဲ့ကြီးကြီး၊ ခုပဲ ရောက်ရောက်ချင်း ဒီထွက်လာတာပဲ"

"သဇင်ပန်းတွေကလည်း များလှပါကလားကွယ်၊ ထိုင် ထိုင်"

သိန်းဟန်က ဆိုဖာပေါ် သို့ ဝင်ထိုင်လိုက်ရင်း အမာ့ထံသို့ မျက်စိရောက်သွားကာ

"မများပါဘူးကြီးကြီးရဲ့၊ ငါးရာတည်းပါ"

www.burmeseclassic.com

"အောင်မာ၊ မေမေကလည်း ဝယ်တဲ့လူက ဝယ်လာတဲ့ဥစ္စာ၊ ဒီထက်များရင် သာကောင်းသေး"

"အင်း ညည်းကတော့ သဇင်ပန်းဆို ငမ်းငမ်းတက်ကို၊ ညည်းအလိုအတိုင်းသာ ဝယ်တဲ့သူက ဝယ်ပေးရရင်"

မိခင်ကြီးက သူ့သမီးကို ချစ်စနိုးစွာ အပြစ်တင်ရင်း ပြုံးနေသော သိန်းဟန်အား ရယ်သွမ်းသွေး၍ပြလိုက်သည်။

"ကဲ မောင်သိန်းဟန်၊ ဒီမှာပဲ ထမင်းစားသွား"

"အို နေပါစေ ကြီးကြီး"

"အမယ် ထူးထူးထွေထွေ လုပ်ရတာလိုက်လို့၊ တကတဲ၊ သွား သမီး၊ ထမင်းပွဲပြင်ဖို့ပြောလိုက်တော့၊ ညည်းဖေဖေ လည်း ပြန်လာခါနီးပါပြီ၊ တစ်လက်စတည်း စားကြရအောင်"

ဒေါ်ဖွားနှစ်က ပြောပြောဆိုဆို သိန်းဟန်အပါးမှခွါသွားလေရာ အမာကြူက သိန်းဟန်ကို မေးလေးတစ်ချက် ထိုးပြလိုက်ရင်း

"ဘာလဲ သူက သူစိမ်းကျနေတာပဲ" ဟု တိတ်တခိုး ပြန်ချေလိုက်သည်။

ဆိုဖာပေါ်တွင် အငြိမ့်သားထိုင်ကြည့် နေရသော သိန်းဟန်အဖို့မှာကား အမာကြူ၏ ကိုယ်လက်လှုပ်ရှားမှုမှန်သမျှ နှုတ်ခမ်းပါးက စကားထွက်လာတာမှန်သမျှ ကာယကံ၊ ဝစီကံ မနောကံဟူသမျှတို့ကို အဟောဝတသာ ဖြစ်နေမိရှာသည်။

သိန်းဟန် အမာကြူတို့မှာ ငယ်စဉ်ကတည်းက ပွန်းတည်းရင်းနှီးလာကြသော အချစ်ခါတ်ဖြစ်သည်။ ချိုးရုပ်အိုးပုတ် ကလေးများနှင့် ကစားခဲ့ကြသည့်အချိန်ကစ၍ ယခုလူပျိုအပျို ဖြစ်လာသည့်တိုင် ခိုင်မြဲနေကြသည်။ ဘယ်မိဘကမဆို သိန်းဟန် တို့နှစ်ယောက်အား "နင်တို့မောင်နှမ" ဟု ခေါ်ဝေါ် မှတ်ခြင်းပြုခဲ့ကြသည်။ ယခုကြီးလာသည့်တိုင်အောင် နှစ်ဦးသားကို လက်လွှတ်စပယ် အခွင့်အရေး ပေးထားသည်မှာ လောကီ၏မေ့တာ တဏှာ၏အကြောင်းကို မစဉ်းစားမိ၍ပင်ဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com

သိန်းဟန်ကအမာကြူကို စွဲစွဲမြဲမြဲချစ်နေကြောင်း သိရသလောက် အမာကြူကလည်း စုံမက်နေသည်ကိုသိရသောကြောင့် ဖြစ်သည်။

မိဘချင်းကလည်း တစ်ဦးနှင့်တစ်ဦး ပစ္စည်းပစ္စယ ဂုဏ်ပကာသနမှုစ၍ တန်းတူ ဖြစ်သည်။ ကလေးချင်းကလည်း ရုပ်ရည်လက္ခဏာ အသိအလိမ္မာတို့မှစ၍ ချို့ယွင်းနိမ့်ကျခြင်းမရှိ။ အကျိုးပေးခြင်းညီမျှ သဘောကျစရာဖြစ်သည့်အလျောက် တစ်ယောက်နှင့်တစ်ယောက် သားပေးသမီးယူ ကြည်ဖြူနှစ်သက်နေကြသည်မှာ အထင်အရှားဖြစ်နေရုံမျှမက

"နင်တို့နှစ်ယောက်တော့ ပေးစားရမယ်" ဟု အသီးသီးသော မိဘများက ပြောင်လှောင်ပြောဆိုသည်ကို ရက်ကိုး ရက်ကန်းနှင့် ကြားခဲ့ရသည်အထိ ဖြစ်ရကား သိန်းဟန်နှင့်အမာကြူတို့တွင် တိတ်တိတ်ပုန်းရည်းစားမှ မဖြစ်လိုက်ကြရဘဲ တစ်နေ့နေ့လက်ထပ်ပေးစားမည့် ဇနီးလောင်း ကြင်ယာလောင်းဟု ကောင်းကောင်း ကြီး ကိုယ်စီသိပြီးဖြစ်ကြသောကြောင့် တွေ့ကြသည့်အခါ ဤမျှရဲတင်းရွှင်ပျခြင်း ဖြစ်ကြလေသည်။

ချစ်သူချင်းမျက်နှာချင်းဆိုင်၍ စားရသော ထမင်း၏အရသာသည် ဘယ်အဟာရ နှင့်မှ နှိုင်းစာ၍မရ။ အမာကြူက ကြက်သားပန်းကန်ထဲမှ အသည်းအမြစ် တစ်ဖတ်ကို သိန်းဟန်၏ စားလက်စ ထမင်းပန်းကန်ထဲသို့ ဇွန်းနှင့်ကော်ခပ်၍ ထည့်ပေးလိုက်သောအခါ ဒေါ်ဖွားနှစ်နှင့် ဦးအောင်ကြီးတို့မှာ အမှတ်မထင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးလိုက်မိကြသည်။

ထမင်းစားသောက်ပြီးသည်နှင့်တစ်ပြိုင်နက် သိန်းဟန်ပေးလာသော သဇင်ပန်းတို့ ကို ဘုရားတင်ရင်း ကျေနပ်နေမိ သည်မှာ အမာကြူပင်ဖြစ်သည်။

ဦးအောင်ကြီးနှင့် ဒေါ်ဖွားနှစ်တို့မှာ ပန်းခြံတွင်းသို့ဆင်း၍ အပျင်းပြေ အညောင်းပြေ နေကြသည်မှာ နေ့စဉ်အမှုဖြစ်၍ မထူးခြားသော်လည်း သိန်းဟန်အတွက်မူကား အမာကြူနှင့် နှစ်ကိုယ်ချင်း ဆုံဆည်းအောင် စောင်မ ခွင့်လွှတ်သကဲ့သို့ ရှိသော ကြောင့် ပီတိမဖြစ်ဘဲမနေနိုင်တော့ချေ။

www.burmeseclassic.com

တစ်ပတ်လျှိုဆံထုံးကလေးကို ဖုံးတော့မတတ် သဇင်ပန်းများပန်ထားလျက် လေ့ကားနားတွင် ခံညားလှပစွာရှိသည့် စန္ဒယားပေါ်က ငွေပန်းအိုးကလေးသို့လည်း လေးငါးဆယ်ခက် သွား၍စိုက်နေသည့် အမာကြူအနားသို့ သိန်းဟန်ကိုယ်တိုင် မယောင်မလည်ကပ်သွားမိသည်။ ကြော့နေအောင်ဖြီးလိမ်းပန်ဆင်ထားသော ကိုယ်လုံကလေးကို မဝနိုင်သောကြည့်ခြင်းဖြင့် ကြည့်နေသောကြောင့် အမာကြူမှာ ရှိုးတိုးရှန့်တန့်ဖြစ်လိုက်ရသည်။

"ကြည့်ပါလား လူနားကပ်လာပြီး ကြည့်နေလိုက်တာ စားတော့ ဝါးတော့မယ့် အတိုင်း၊ ထိုင်နေပါ ဟိုမှာ ဘာလုပ် ထလိုက်လာရတာလဲ ဟင်၊ တော်တော်ရဲနေ ဖေဖေတို့မြင့်မှ ဟုတ်ပေ့ ဖြစ်နေမယ်"

အမာကြူက ဆီး၍ ဟန့်လိုက်သော်လည်း သိန်းဟန်ကတော့ မဖြုံ။ မထုံတက်တေး၊ ပြုံးပြုံးကြီး ငေးဖော်သာရသည်။

"ကြည့်ပါလားလို့၊ ပြောနေတာ မကြားတဲ့အတိုင်း"

"အမယ် လူကြီးတွေကဖြင့် ရှောင်ပေးရအောင် ဆင်းတောင်သွားကြပြီဥစ္စာ၊ သူ့ အင်မတန်အကဲကိုင်ချင်တယ် ကြည့်ရုံကလေးမှ မကြည့်ရဘူးတဲ့လား"

"ကြည့်တာက လွန် လွန်လွန်းတယ်"

"ဟဲ ဟဲ ဒါ လွန်လွန်းသလား"

"ကြည့်ပါလား ဣန္ဒြေရရကို မနေနိုင်ဘူးလား ကိုသိန်းဟန်၊ တကတဲ လူ့အနား ကပ်နေတဲ့ဥစ္စာ"

အမာကြူက အလိုမကျသလို ခပ်မူမူလေး မျက်စောင်းထိုးလိုက်သည်။ ထိုအကြည့် ကလေးမျိုးပင် သိန်းဟန်မှာတော့ အသည်းနှလုံးကို ဆွဲလှုပ်လိုက်သလို ရှိတော့ သည်။

"ချစ်တဲ့စိတ်က ဗလောင်ဆန်နေတာ၊ ခန္ဓာကိုယ်က ဘယ် ဣန္ဒြေရနိုင်တော့မလဲ"

"ပိုလိုက်တာ"

"လိုတောင်လိုသေး ခင်ဗျား"

www.burmeseclassic.com

“ကြည့်ပါလား ရုပ်ကိုက မချိုမချဉ်နဲ့”

“ဟုတ်တယ်လေ အနားက တစ်ဖဝါးမှ မခွါချင်တဲ့ကောင်ကို နှင်ပစ်နေတာ”

“ဒါဖြင့် ဘီအေအောင်အောင် မြန်မြန်ကြိုးစားပါတော့လားလို့”

“ဟဲ့ ကြိုးစားလိုက်တာတော့ မပြောနဲ့၊ ဒီဂရီရချင်လှလို့ ဒီလောက်မဟုတ်ဘူး၊ ဘီအေအောင်မှ ကြူကြူနဲ့ပေါင်းရမှာမို့ မျက်ခွက်နဲ့ စာနဲ့ကို မပြတ်ဘူး၊ ဒါပေမယ့် ဟဲ ဟဲ ဒါပေမယ့်”

“ဒါပေမယ့် ဘာဖြစ်သလဲ”

“ဒါပေမယ့် ဘီအေ အောင်လာတော့ လင်မယား၊ ခုနေတော့ သမီးရည်းစားဆိုသလို ပူးပူးကပ်ကပ်နေချင်သေးတာပေါ့”

“ကြည့်စမ်း ကြည့်စမ်း၊ ပြောလိုက်တာ ပက်ပက်စက်စက်၊ ဟုတ်တယ် ရှင့်ကို ဘယ်သူကကြိုက်လို့ သမီးရည်းစားဖြစ်ရမှာတဲ့တုံး၊ ဟုတ် ဟုတ်သေးတော့”

အမာကြူက သိန်းဟန်ကိုကျောခိုင်းနေရာက ဖြုန်းခနဲ့လှည့်၍ ရန်တွေ့လိုက်သည်။ ထို့နောက် ချက်ခြင်းပင် မျက်နှာချင်းမဆိုင်ဝံ့သကဲ့သို့ ပြောပြီးသည်နှင့် တစ်ပြိုင်နက် ကျောပေးလိုက်ပြန်သည်။

“အောင်မာ၊ ကောင်မလေးတစ်ယောက် လိမ်တယ်ဟေ့ လိမ်တယ်”

သိန်းဟန်က အမာကြူ၏ မျက်နှာနားသို့ဝဲကာ လက်ညှိုးနှင့် ကရိုကရို လုပ်ပြနေရာက လက်ကိုပြန်မချတော့ဘဲ ပခုံးကလေးကိုလှမ်းဆွဲ လိုက်သည့်အတွက် အမာကြူတွင် ဒယိမ်းဒယိုင်နှင့် ရင်ခွင်ထဲပါခဲ့ရလေသည်။

“အို အို ကြည့်ပါဦး၊ ရမ်းလိုက်တာ၊ ဟိုမှာ နောက်ဖေးကဟာတွေ မြင်ကုန်တော့မယ်၊ တစ်ခါတစ်ခါလာမှဖြင့် ဒီလိုချည်းပဲ၊ လွှတ်စမ်းပါ” ဟု ပါးစပ်ကလည်း မာန်မဲ၍ ကိုယ်ကလည်း အတင်းရုန်းထွက်နေသောကြောင့် သိန်းဟန်က လက်နှင့် ဖိထားရင်း

“ အို ဘယ်သူမှ လာမမြင်ပါဘူး၊ သိပြီးသားတွေပဲဟာ၊ လာလည်း ကြည့်ကြဲမှာ မဟုတ်တဲ့ဟာကို ရုန်းနေလိုက်တာ၊ တကတည်း”

www.burmeseclassic.com

"ဟင်အင်း ဟင်အင်း လွှတ် လွှတ်"

"နေပါဦး ဒီမှာ အခုနသဇင်ပန်းတွေ ဘုရားတင်တုန်းက ဘာဆုတွေတောင်းသလဲ၊ ပြောစမ်း ပြောစမ်း" ဟု စကားကို လမ်းကြောင်းလွှဲပစ်လိုက်မှ ငြိမ်သလို ဖြစ်သွားကာ

"အမယ်လေး ရှုပ်လိုက်တာနော်" ဟု စိတ်ရှုပ်သကဲ့သို့ နားသယ် ဆံစလေးကို တစ်ချက်နှစ်ချက်ကုတ်လိုက်သည်မှာ ချစ်စရာကလေးလို ဖြစ်နေပြန်တော့သည်။

"ပြောစမ်းပါ၊ ဘာဆုများတောင်းသလဲလို့"

"ဟင်အင်း လွှတ်ဆို"

"ပြောမှလွှတ်မယ်"

"ဟင့်အင်း လွှတ်မှပြောမယ်"

"ကဲ ဒါဖြင့် ဒီလိုပဲနေ မပြောနဲ့တော့"

"ကြည့်ပါလား သူအင်မတန် အကျပ်ကိုင်တတ်တယ်၊ ရှင်နဲ့ပေါင်းရပါစေလို့ ဆုတောင်းပါသတဲ့ရှင်၊ ကဲ ကျေနပ်တော်မူပြီလား၊ ဟုတ်တယ် စိတ်ပေါက်လာရော၊ ကဲလွှတ်"

အမာကြူက ခပ်မူမူ၊ ခပ်စူစူပြောလိုက်မှ သိန်းဟန်တွင် နှလုံးလေဝေ့ သွားတော့သည်။ ဒါတောင် ရိုးရိုးမလွှတ်လိုက်သေးဘဲ နှာဝနှင့် အမာကြူ့ပါးကို တစ်ချက် ဖေ့လိုက်သောကြောင့် အမာကြူက ကမန်းကတန်းရုန်းအထွက်လိုက်တွင် ဦးအောင်ကြီးတို့လင်မယားကလည်း တိုက်တွင်းသို့ဝင်အလာနှင့် ပက်ပင်းပါ ကြုံနေရကား သိန်းဟန်သည် ကပျာကယာ စန္ဒယားခလုပ်ကလေးများကို ယောင်တိယောင်ချာ တောင်ကိုင် မြောက်ကိုင်လုပ်နေရသည်ကို အဝေးတွင်ရှိသော အမာကြူက

"ကောင်းတယ် ကောင်းတယ် ဝမ်းသာတယ် အားရတယ်"

ဟု လက်ညှိုးကလေး ကရိကရိလုပ်ရင်းခနဲ့နေတော့သည်။

www.burmeseclassic.com

ငယ်ရာကကြီးလာခဲ့ကြသော ယောက္ခမလောင်းကြီးတွေက ကမောက်ကမ ဖြစ်နေရှာသော သိန်းဟန်ကို မမြင်ကျိုးကျွန်ပြုလိုက်ကြသည်။ ထိုမျှမက အိမ်ခေါင်းရင်းရှိ ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ် သို့ သွားထိုင်ချလိုက်ကာ

"မောင်သိန်းဟန် စန္ဒယားတီးမလို့လား၊ လုပ်စမ်းကွာ တစ်ပုဒ်လောက်" ဟု ချော်အလဲတွင် ရောထိုင်နိုင်အောင် ဒေါ်ဖွားနှစ်ကို ပြုံးပြရင်း ဦးအောင်ကြီးက စကားစပေးလိုက်သည်။ ဒေါ်ဖွားနှစ်ကလည်း ဣန္ဒြေမပျက် မနီးမဝေးက ဆိုဖာပေါ် ထိုင်လိုက်ရာက

"အေးကွယ် တို့လည်း နားထောင်ချင်ပါတယ်။ ကောလိပ်မှာ စန္ဒရားတီး ချန်ပီယံ ဆိုတာ သတင်းစာထဲတော့ အတွေ့လိုက်သား" ဟု ဝိုင်းကူ၍ ရေလာမြောင်းပေး လုပ်လိုက်သဖြင့် ဤတွင်မှ သိန်းဟန်၌ ဣန္ဒြေရသွားတော့ကာ အလိုက်သိတတ်သော လူကြီးတွေကို ကျေးဇူးတင်လိုက်သည်။

လောကတွင် မောင်သိန်းဟန်၏ အခုံမင်ဆုံးသော သက်ရှိသက်မဲ့နှစ်ခုမှာ တစ်ခုက စန္ဒယား၊ တစ်ခုက အမာကြူပင်ဖြစ်သည်။ ယခု အမာကြူကို မျက်မှောက်ပြု၍ စန္ဒရားကိုတီးနေရမည့်အခိုက်အတန့်သည် ကြက်သရေမင်္ဂလာနှင့် ဒွန်တွဲနေသော အခါပင်ဖြစ်တော့သည်။

ထို့ကြောင့် ထိုင်ခုံကလေးကို အားရပါးရဖြစ်အောင် စန္ဒယားအနားသို့ ဆွဲထိုင်လိုက်သည်။ ပြီးသည့်နောက် သံရိုးသံစုံကိုစမ်း၍ လက်ဆယ် ချောင်းစလုံး မအားရအောင် အတွဲအဆက် ဘယ်ဆက်ညာပြောင်း နွဲ့နှောင်းသံငြိမ့် တအိမ့်အိမ့် နေအောင် တီးပြလိုက်သည်။ ဝါသနာကြီးလှသော အမာကြူမှာ ခပ်ဝေးဝေးက အားမရနိုင်တော့သလို သိန်းဟန်နှင့်နီးအောင် မိခင်ကြီးအပါးသို့ ကနွဲ့ကလျ ရောက်လာခဲ့လေ၏။

"စန္ဒယားတီးဆို ဒီလိုမှပေါ့၊ အမာကြူတို့များ ပိုးသာကုန် မောင်ပုံစောင်းမတတ်" "ဦးအောင်ကြီးက ကြားဖြတ်၍ ဝေဖန်လိုက်လေသည်။

www.burmeseclassic.com

"အမယ် ဖေဖေကပြောပြီ၊ သူ့တုလို့တော့ ဘယ်ဖြစ်မလဲ၊ သူက ချန်ပီယံကြီးဟာ အမာလဲ သီချင်းဖြစ်အောင်လောက်တော့ နေ့တိုင်း တီးနေသားပဲ"

"ဟင် နင်တီးသလောက်နဲ့ စန္ဒယားအသစ်များ ပူဆာရသေးသလား"

အမာကြူက ရှက်ရမ်း၍ ခေါင်းကလေးကို ငဲ့ပစ်လိုက်သည်။

"ကျုပ်သမီးလည်း နောက်တော့တစ်ဖြည်းဖြည်း တော်လာမှာပေါ့တော်၊ ဘယ့်နှယ် ပြောပါလိမ့်၊ မောင်သိန်းဟန်ကိုလည်း အသင်ခိုင်းရဦးမယ်" ဟု မိခင်ကြီးကဝင်၍ ဖြည့်ထောက်ခံလိုက်လေသည်။

သိန်းဟန်တွင်ကား သူတို့သားအမိ သားအဖတွေ စကားပြောလို့ကောင်းရုံလောက် နောက်ခံတီးလုံးတီးပေးနေသကဲ့သို့ တို့ကာ ပင့်ကာ ကစားနေရလေသည်။

"သီချင်းကြီးတွေက ခက်တယ်ဖေဖေရဲ့၊ အတီးတင်မဟုတ်ဘူး၊ အဆိုလည်း ခက်တာပဲ၊ အဆိုထက် အနက်အဓိပ္ပါယ်တွေက ပိုခက်သေးတာ။ အမာတို့ မသိတာတွေအများကြီး၊ ကြည့်ပါလား ဂန္ဓမာဖွေဆိုတဲ့ ဘွဲ့ထဲမှာ"

"အင်း ဆိုစမ်းပါဦး ဂန္ဓမာဖွေထဲမှာ ဘာမသိတာလဲ"

သိန်းဟန်က စန္ဒယားကို နောက်ခိုင်း၍ အမာကြူအားလှည့်မေးလိုက်သည်။

"ဘာမသိတာလဲဆိုတော့ ဂန္ဓမာဖွေဟာ တောအကြောင်း၊ တောင်အကြောင်းတွေ ရေးဖွဲ့ထားတာတော့ ဟုတ်ပါပြီ၊ အဲဒီတောထဲ ပျော်တဲ့ သားရဲတိရစ္ဆာန်တွေကျတော့ ကျားတို့၊ ဆင်တို့၊ သမင်၊ ဒရယ်၊ ချေငယ်စိုင်ဆတ်၊ ဖွတ်ပုတတ်ဆိုတာတွေသာ အတွေ့များနေတဲ့အထဲ မဆီမဆိုင်တဲ့ ငါးရံ့တို့ ပုစွန်တို့ လူဝံတို့ ထည့်ရေး ထားတာ"

"သြော် ဒါလား၊ ဒါတွေက လိုရင်းအဓိပ္ပါယ်ကိုး အမာရဲ့၊ အခြားသားကောင်တွေနဲ့ မတူတဲ့အတွက် တမင်ဖွဲ့နွဲ့ထားတာ"

"ငါးရံ့ဟာ စာဖွဲ့လောက်အောင်ထူးလို့လား ကိုသိန်းဟန်ရယ် တကတည်း"

"ထူးတယ် အမာ ထူးတယ် ထူးပုံကို ပြောပြမယ်၊ တောဘွဲ့ဆိုပေမယ့် မူလ စာဆိုတော်ကြီး ရည်ညွှန်းတဲ့တောက သာမန်လူသူနီးတဲ့ တောမျိုးကို ဆိုလိုဟန်

www.burmeseclassic.com

www.burmeseclassic.com

မရှိဘူး။ လူ့ရုပ်၊ လူ့ဌာနေကတောမျိုးဆိုရင် ဥပမာ– ‘ရွှေသဇင်၊ ပြောင်ဆင်ကျားရဲ၊ ကျွဲနှင့်ယုံငယ်၊ ချေဒရယ် ပျော်ဖွယ်ဖိုမ မြူးကြည်ညံ’ ဆိုတဲ့ ဘုန်းမျှော်မျှော့မင်း ပတ်ပျိုးကြီးထဲက တောမျိုး၊ အခု ဂန္ဓမာဇွေဆိုတဲ့ တောတောင်အရပ်က လူမရောက် ငှက်မသောက်ဆိုတဲ့ ဟိမဝန္တာက ရှုခင်းတစ်ရပ်မို့ သာမညတောတောင်မဟုတ်ဘူး။ ကောင်းကင်ပျံနိုင်တဲ့ ဆဒ္ဒန်ဆင်အစစ်တို့ ဈာန်အဘိညာဥ်ရတဲ့ ရသေ့ရဟန်းတို့ လောကီသိပ္ပံ ဝိဇ္ဇာမိုရ်စတဲ့ ဇော်ဂျီတပသီတို့မှ စံမြန်းနိုင်တဲ့ တောကိုဆိုလိုတာ။ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာတို့ဆိုတာလည်း ဟိုမှာမှရှိတာ။ အဲသလိုနေရာမှာမှ ထွက်ရပ်ပေါက်အောင်ကြိုးစားနိုင်ကြလို့ ‘စမ’လမ်းလိုက်ကြတဲ့အကြောင်းပြောတာ။ အမာ အခုပြောတဲ့ ငါးရံ့တို့ ပုစွန်တို့ လူဝံတို့ဆိုတာလည်း တကယ်ရှိလို့ ရေးတာမဟုတ်ဘူး။ စ၊ ခ၊ ဗ၊ ဝ ဆိုတဲ့ စမ အက္ခရာလေးလုံးကို တင်စားပြီး ဖော်ထားတာ”

“အင်း အင်း လုပ်စမ်းပါဦးကွယ်၊ မင်းပြောတာ နားထောင်လို့အကောင်းသား”

ဦးအောင်ကြီးက ကြိမ်ကုလားထိုင်ကြီးပေါ်မှ စိတ်ဝင်စားလာသလို ကိုယ်ကို ခပ်မတ်မတ် ပြင်ထိုင်ရင်း အဘိယာစကလုပ်လိုက်သည်။ အမှန်ဆိုရလျှင် ဦးအောင်ကြီးမှာ စီးပွါးရေးသမားကြီးသာဖြစ်သည်။ မြန်မာစာနှင့် အင်္ဂလိပ်တို့မှာ သူ့စက်နှင့်သူ့ဆန်စပါးလုပ်ငန်းတွင် သာ အာရုံ စိုက်ခဲ့သည်။ သူကျွမ်းကျင်သည်မှာ မီးဒုံး၊ ရွှေဝါ၊ ပြုတ်ဆန်တို့သာဖြစ်သည်။ စပါးတစ်ရာအောက်တန်းရှင်းလိုက်လျှင် တစ်နံပါတ် ဖွဲ့နု၊ နှစ်နံပါတ် ဖွဲနု၊ ထို့နောက် ဆန်ကွဲ၊ ထို့နောက် ဆန်ကျိုးငါးပုံ ကျောက်ကိုလိုက်၍ ဘဇားကွဲလတီး အက်စကြူစသည်တို့မှာ ရာခိုင်နှုန်းအားဖြင့် မည်ရွေ့ မည်မျှစီရမည်ကိုသာ ကျွမ်းကျင်သည်။

တစ်ခုတော့ရှိပါသေးသည်။ အလှူအိမ်၊ မသာအိမ်တို့တွင် လူကြီးပီပီ ဆွေးနွေး နိုင်လောက်အောင် သင်္ဂြိုဟ်၊ အဘိဓမ္မာတို့ကိုတော့ အလွတ် ကျက်တန်တာ ကျက်ထားသည်။ မှတ်တန်တာ မှတ်ထားသည်။ ဒါတွေက ကိုယ့်ဖို့ ကိုယ့်ရေးရာ မဟုတ်ပါလော။ ကိုယ့်ဖို့ ကိုယ့်ရေးရာဆို၍ သုံးဆယ့်တစ်ဘုံက ထွက်မြောက်

www.burmeseclassic.com

လောက်အောင် အာသီသဆိုလျှင် မှန်ချင်မှမှန်မည်။ ပဲခူးရွှေမော်ဓောဘုရားကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးတစ်ဦးဖြစ်သောကြောင့်သာလျှင် မသင်မနေရ ပညာရေးစနစ်ဖြစ်ခဲ့သလားမှမသိ။

နောက်တစ်ကြောင်းကလည်း ရှိသေးသည်။ သီခြင်း၊ ကခြင်း၊ တီးမှုတ်ခြင်း ဆိုသည်တို့မှာ နစ္စ၊ ဂီတ၊ ဝါဒိတ အနုစ်သာရကင်းမဲ့၍ ကလေးကလားနိုင်သည်ဟု ယူမှတ်ထားဟန်လည်းရှိသည်။ ဟေးလားဝါးလား အပျော်အပါးသမားများ၏ လမ်းစဉ်ဟု အထင်သေးခဲ့ဟန်တူသည်။

မည်သို့ပင်ဖြစ်စေ ယခုမောင်သိန်းဟန်ပြောနေတာကို သဘောကျစွာ အားပေးလိုက်တာကိုမူကား အမာကြူက ချစ်သူအတွက် ဂုဏ်ယူ လိုက်မိသည်။

"ဘာဖြစ်လို့ အက္ခရာလေးလုံးဖြစ်နိုင်ပါလိမ့်နော်"

"အက္ခရာလေးလုံးဖြစ်တာက ဒီလိုအမာရဲ့၊ ငါးရံ့များကို သေသေချာချာကြည့်စမ်း၊ အမြီးမှာ စလုံးနဲ့တူတဲ့ အက္ခရာကလေးပါတယ်။ အများစားလေ့စားထရှိတဲ့ ငါးရံ့မှာ တော့ သိပ်မထင်ရှားဘူး။ ဘုရားငါးလို့ခေါ်ကြတဲ့ ခေါင်းပုပုဝိုင်းဝိုင်း ခေါင်းတို ငါးရံ့မှာဆိုရင် အတော် ထင်ထင် ရှားရှားတွေ့ရတယ်။ နောက်ပြီးတော့ ပုစွန်လုံး လို့ခေါ်ကြတဲ့ ကဏန်းရဲ့ ရင်ဘတ်မှာလည်း သေသေချာချာကြည့်ရင် ဗထက်ချိုင့် လိုလို အခွံကလေးရှိတယ်။ ဒေါင်းရဲ့အမြီးတောင်ကလေးတွေမှာတော့ ခအောက်ချိုင့် နဲ့တူတဲ့ ရွှေရောင်ကွက်ကလေးတွေမပါဘူးလား၊ အဲ နောက်ပြီးတော့ လူဝံများရဲ့ ရင်အုပ်မှာတော့ အမွေးတွေဗွေဖြစ်နေလို့ ဝလုံးပုံသဏ္ဍာန်ပေါ်နေသတဲ့။ အဲသလို စ၊ ခ၊ ဗ၊ ဝ ဆိုတဲ့ စမအက္ခရာလေးလုံးကို တင်စားပြီး အဲသည် သတ္တဝါလေးဦးကို ထည့်စပ်ထားတာ၊ ဒါကြောင့်မို့

"မေဒါဝီ ရသေ့လေး ရသေ့ငယ်ပျော်ရာ ကျိုန်းခိုစရာ ကျောက်ဖျာခင်းတဲ့ မြင့်သေလာမှာ စိန်ရောင်ဖြာလို့ ဝါဝါဝင်းတယ် ကြိုင်ရနဲ့သင်း တသီးတသန့် ငါးရံ့လယ်ပုစွန် ဒေါင်းနဲ့လူဝံ သိပ္ပံမျိုးတို့ တန်ခိုးငယ်လွန် ဖေဖော်ရွှန်းတို့ ရဂုံကြောမှာ ရှိန်းသတ်တဲ့တော" လို့ ဆိုတာပေါ့။ ရှိန်းသတ်တယ်ဆိုတာက

www.burmeseclassic.com

ရှိန်းဆာယာပိုမောက်လို့ ကိုယ်ပျောက်အောင် ကျင့်တယ်။ ကြံတယ်။ ရှိန်းပြီးတယ်ဆိုတာက တစ်ဖက်ကမ်းခတ်တယ် အဲသလိုကြားဖူးတာပဲ”

သားအမိသားအဖသုံးယောက်မှာ သိန်းဟန်၏လက်ချာကို အတော်သဘောပေါက်သွားကြလေ၏။ သားမက်လောင်းကို အတော်ကလေး အထင်ကြီးမိကြလေ၏။

“အဲသလိုပဲ အမာရဲ့၊ ရှေးကရေးခဲ့တဲ့ သီချင်းကြီးတွေဟာ ဝါကျရဲ့ နက်နဲ့ခြင်း၊ ပါဒရဲ့နက်နဲခြင်းဆိုတာတွေရှိတယ်။ ဉာဏ်ကစားပြီး ဝှက်ထားတဲ့ စာတွေလည်း ပါတတ်တယ်။ ဥပမာ – မြဝတီဝန်ကြီးရေးခဲ့တဲ့ စိန်ခြည်ညီးလင်း တလိုင်းသံကြီးမှာကော အဆုံးသတ်နားမှာ သောရာမြင့် သုံးဆင့်သံချိုညွန်း ယုန်ငွေဝန်းဖန်ခါခါဆွေးကြောင်း ဆိုတာတွေ့ရလိမ့်မယ်၊ ဖြုန်းခနဲ အမှတ်တမဲ့ဆိုတော့ အဓိပ္ပါယ်သိကြမှာမဟုတ်ဘူး။ ဖွဲ့ထားတာက တောဘွဲ့ဆိုတော့ တက်တက်တူ ခါးခါး တက်တက်တူ ခါးခါး လို့ ခါတွန်တာကို လွမ်းစရာကောင်းတဲ့အကြောင်း ပဟေဠိသဘောဝှက်ရေးထားတာ”

“ဟင် ပြောစမ်းပါဦး ဘယ်လိုဆိုင်လို့လဲ”

“သောရာမြင့် သုံးဆင့်သံချိုညွန်းဆိုတာက သောရာဆိုတာ ဗေဒင်စကား၊ သောရီကလာတာ၊ စနေနံကိုခေါ်တယ်။ စနေနံဗျည်းတွေက တ၊ ထ၊ ဒ၊ ဓ၊ န မဟုတ်လား။ အဲသည်က တ ကိုယူ၊ သုံးဆင့်ဆိုတော့ တ၊ တ၊ တ ပေါ့။ အဲသည် တ၊ တ၊ တ က တက်တက်တူဖြစ်လာရော၊ ဖဆပလက ဖက်ဆစ်တော်လှန်ရေး ပြည်သူ့လွတ်လပ်ရေးဖြစ်သလိုပေါ့ ဟဲ ဟဲ၊ နောက်ပြီး ယုန်ငွေဝန်းဆိုတာက လကိုခေါ်တာ၊ လဆိုတာက ဗေဒင်အခေါ် စန်း၊ စန်းဆိုတာက တနင်္လာ၊ သူ့ဗျည်းတွေက က၊ ခ၊ ဂ၊ ဃ၊ င အဲသည်က ခ ကိုယူပြီး ခါးခါးလို့ ဖြစ်လာတာပေါ့။ ဒီတော့ နှစ်ခု ပေါင်းလိုက်စမ်း တက်တက်တူခါးခါး ဖြစ်မလာဘူးလား”

“အမယ် မောင်သိန်းဟန်က အလာကြီးပဲဟော့၊ ဒီလိုတော့”

www.burmeseclassic.com

“ကျွန်တော်တတ်တာမဟုတ်ပါဘူး ကြီးကြီး၊ ဒီးဒုတ်ဦးဘချိုတို့ ဒေါ်စောမြ အေးကြည်တို့ဆီက ရတာ ဟဲ ဟဲ ဟဲ အထင်လည်း သိပ် မကြီးကြနဲ့ဦး”

“အေး သီချင်းကြီးတွေဟာ ဗဟုသုတ အတော်ပါသားပဲကွ”

“ဒါက ဒီလိုရှိပါတယ်ဦး၊ ဂီတတစ်ပုဒ်ဖြစ်အောင် လုပ်ပစ်ခဲ့ကြတဲ့ စာဆိုကြီးတွေကို ကျွန်တော်တို့က ကြည့်ရပါမယ်။ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ စာဆိုတော်မှန်ရင် လောကီ လောကုတ္တရာ ဂန္ထန္တရ စွယ်စုံကျမ်းကြီးတွေ ဖြစ်ကြပါတယ်။ တစ်ချို့ တစ်ချို့များ ကိုယ်တိုင် ကျမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူခဲ့ကြပါတယ်။ ဉပမာ – မြဝတီဝန်ကြီးပဲကြည့်ပါ။ သေနင်္ဗျူဟာကျမ်း၊ ဆေးကျမ်း၊ ဓါတ်ကျမ်း၊ နက္ခတ်ကျမ်းဆိုတာမျိုးတွေကို ပြုစုခဲ့ပါတယ်။

ရွှေဘုံနိဒါန်းဆိုတဲ့ နန်းစဉ်ဉပဒေသတွေကိုလည်း တစ်ထုံးတစ်ဖွဲ့ရေးခဲ့ပါတယ်။ ဓမ္မသတ်၊ ရာဇသတ်၊ အရပ်ရပ်သော လူမှုရေးရာကျမ်းတွေကိုလည်း ရေးခဲ့ပါတယ်။ ဒီတော့ ဒီပုဂ္ဂိုလ်ကြီးတွေ နှုတ်ကပေါ် ထွက်လာတဲ့ ဂီတတွေဆိုရင် ဘယ်လောက် လေးနက်တဲ့ အရသာတွေဖြစ်မလဲဆိုတာ သံသယရှိဖို့မှ မလိုပါဘူး။ သူတို့ သူတို့ရဲ့ အာဂမယုတ္တိ အာဘော်ကိုလိုက်ဆိုနိုင်ဖို့တောင် ကျွန်တော်တို့မှာ အများကြီး လိုပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သီချင်းအပုဒ်တိုင်း အပုဒ်တိုင်းမှာ ပေါရာဏ စကားပါတယ်။ နက္ခတ်တာရာ ဗေဒင်စကားပါတယ်။ ဆေးကျမ်းဝါးကျမ်း အသုံးအနှုန်းတွေပါတယ်။ မင်းခမ်းမင်းနား နန်းတွင်းစကားတွေပါတယ်။ ရာသီတောတောင် ရေမြေဆိုတာကတော့ ထားတော့”

“အေးအေး ဟုတ်လိမ့်မကွဲ့ ဒါကြောင့် တစ်ချို့သီချင်းကြီးတွေသာဆိုသွားကြတယ်၊ အဓိပ္ပါယ်ကျတော့ မေးလို့မရဘူး” ဟု ဦးအောင်ကြီးက ဝင်၍ထောက်ခံလိုက်သည်တွင်

“ဒါကတော့ ကျွန်တော်တို့တောင် အပုဒ်တိုင်း နားလည်တယ်လို့ အာမမခံနိုင်သေးဘူး။ နားမလည်တာတွေရှိသေးလို့ လိုက်စားတုန်း၊ မေးမြန်းတုန်း၊ သင်နေရတုန်းပဲ”

www.burmeseclassic.com

www.burmeseclassic.com

"ဟိုတလောတုန်းက ဝိဝါဒကွဲတာကြားလိုက်မိပါသေးတယ်၊ ထူးမ ခြားနားရယ်၊ ထူး မခြားနားဆိုတာရယ်၊ နောက်ပြီး ထောင်ရောင်နေကသာ နဲ့ ထောင်ရောင်နေသို့သာ ဆိုတာရယ် အဲဒါတွေကိုရော ဘယ်လို အမှားအမှန် ဝေဖန်ကြသလဲ"

သိန်းဟန်က မေးလိုက်သော ဦးအောင်ကြီးအား တရိုတသေမျက်နှာပြုလိုက်ပြီးမှ

"ထူးမခြားနားကို ထူးမ ခြားနား လို့ ခွဲတာက ဘဂဝတောဆိုတဲ့ ပါဠိကို ဘဂ ဝတော၊ ဘဂဝ တော ဆိုပြီး ခွဲကြတာ အားကျလို့ထင်ပါတယ်။ ဘဂဝတောကို ခွဲကြတာက သူ့အနက်နဲ့သူ သမ္မန်လို့ ခွဲတိုင်းရနိုင်တယ်ဆိုတာ ဖတ်မိဖူးပါတယ်။ ထူးမခြားနားဆိုတဲ့ ခွဲနည်းမျိုးကတော့ ထူးမှမြတ်သည်၊ ရှူးမှတတ်သည်၊ ကူးမှခတ်သည်ဆိုတဲ့စကားလို ထူးမှခြားနားမယ်ဆိုတဲ့ အဓိပ္ပါယ်ကို ယူချင်ကြလို့နဲ့တူပါတယ်။ တကယ်လို့ ထူးမှခြားနားတယ်လို့ မြဝတီပညာရှိကြီးက ဆိုချင်ခဲ့ရင်လည်း မအက္ခရာကို ဟထိုးထည့်ခဲ့မှာ အမှန်ပေါ့၊ ဒါပေမယ့် ထူးမခြားနားဆိုတာမျိုးကတော့ အရပ်စကားဆန်လွန်းပါတယ်။ ထူး မခြားနားဆိုတာက မကွဲမပြားခြင်း၊ ခွဲခြား၍မရနိုင်ခြင်း ဆိုတာသက်ရောက်ပါတယ်။ ဖွဲ့ထားတာကလည်း ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီး စပ်ခဲ့တဲ့ ရောင်ခြည်တော်ဘွဲ့ဆိုတော့ ရေမီးအစုံဖြစ်တဲ့ ယမကပြာဋိဟာမှာ မီးနဲ့ရေ မထွေမပြား ထူးမခြားနား ဖြစ်ကြောင်း ဆိုခဲ့တာဖြစ်တယ်လို့ ပညာရှိကြီးများ ဆုံးဖြတ်ကြပါတယ်။ ကျွန်တော်ရဖူးတဲ့ ဘုရားပင့်စာတစ်ပုဒ်မှာတော့

"ဣဒ္ဓိဝိဓ တန်ခိုးတော်နှင့် မဟိဿရိဇ်န အကျိုးမျှော်ပြီး တဟိုးဟိုးကျော်အောင် ယမကပြာဋိဟာပြစဉ်က ဘုရာ့ကာယိ ပသာဒချက်တော်ဗဟိုမှ အထက်တော်တစ်ခိုတွင် အာပေါကသိဏ်းနှင့် ပထဗျာ တကြောကလှိုင်း၍ မြေတုန်လို့ကြွလောက်ကဲ့၊ ရေအစုံအစုံကျကာ ခါးအပြင်အောက်၌ တအားရှင်လောက်အောင် ရွှေသဘောပိုင်းပြီး တေဇောကသိဏ်း အရဟံပွါးလိုက်လျှင် နှစ်တန်စလျှား မြေပဟည်းလို့ တုန်လောက်တဲ့၊ ရေမီးအစုံပြတော်မူနိုင်သော မြတ်စွာဘုရား။"

www.burmeseclassic.com

"အဲသလိုဆိုပါတယ်။ အကျယ်ကို ကြားနာခဲ့ဖူးတာကလည်း သမ္မာ သမ္ဗုဒ္ဓ ဘုရားစင်စစ်မှ ပစ္စေကဗုဒ္ဓါ ရဟန္တာ သာဝကစသည်တို့နှင့် မဆက်ဆံသော ရေမီးအစုံ ပြာဋိဟာကို ပြတော်မူနိုင်ကြပါသတဲ့၊ အဲသလို ပြတဲ့အခါမှာ မီးမသေ၊ ရေမခန်း၊ ကသိုဏ်းတစ်ခုနှင့်တစ်ခု ရောယှက်ပွါးများသလို ထင်ရတဲ့အတွက် ဤကား ရေ၊ ဤကားမီးအလျှံရယ်လို့ မခွဲခြား နိုင်ကြအောင် ထူးမခြားနား ဖြစ်ကြပါသတဲ့။ ဒါကိုရည်၍ ထူး မခြားနားလို့ မြဝတီမင်းကြီး အစချီတယ် ဆိုတဲ့အကြောင်း တစ်ဆင့်စကား ပညာရှိများထံက မှတ်သားကြားနာခဲ့ဖူးပါတယ်။ ဒီသဘောကမှ ထူးမခြားနားဆိုတဲ့သဘောထက် အလွန့်အလွန် ကြည်ညိုဖွယ်ရာ ဖြစ်ပါလိမ့်မယ်။ ဒါတောင် ကျွန်တော်က အဋ္ဌကထာ ဋီကာတွေ မတတ်သေးလို့"

"အေး မင်းပြောတာဟုတ်တယ်၊ မင်းပြောတာဟုတ်စရာရှိတယ်"

ဘုရားဂေါပကလူကြီးပီပီ ဦးအောင်ကြီးက ကောက်ချက်ချလိုက်သည်။ အချိန်မှာ တစ်စစကုန်ခဲ့၍ တစ်ခန်းလုံး ဓါတ်မီးတွေလင်းခဲ့လေပြီ။ ထမင်းစားပြီး၍ တအောင့် တနားလောက်တွင် သောက်နေကျဖြစ်သော ကော်ဖီနှင့်သစ်သီးတို့ပင် အိမ်စေ ကလေးများက အသီးသီးထည့်လာ၍ ချထားလိုက်ကြသည်။

"သောက်ပါဦးကွယ် သောက်ဦး၊ မင်းတို့ တူရိယာဂီတကလည်း နယ်အကျယ် သားပါကလား၊ ဒီလိုဆိုတော့"

မောင်သိန်းဟန်သည် မိမိလိုက်စားသောပညာကို လေးစားစွာ ထောက်ခံဖော်ရ သောကြောင့် အတော်ဝမ်းမြောက် သွားမိသည်။ ဒေါ်ဖွားနုစ်ကလည်း ဦးအောင်ကြီး နှင့် သမက်လောင်းအား တစ်လှည့်စီကြည့်ကာ ပြုံးပြုံး ပြုံးပြုံးနှင့် အတော် သဘောကျနေလေသည်။ အမာကြူကတော့ ချစ်သူထံမှ စကားကြီးစကားကျယ် တွေကို မိဘများကပါနားစိုက်နေရခြင်းကြောင့် အတော်ဘဝင်မြင့်သွားမိသည်။

သိန်းဟန် ကော်ဖီပန်းကန်ကို ချလိုက်သောအခါ

"ထောင်ရောင်နေကသာ နဲ့ နေသို့သာ ဆိုတာကကော ကိုသိန်းဟန်" ဟု စကားစဖော်ပေးလိုက်ပြန်လေသည်။

www.burmeseclassic.com

"တွေ့ဖူးတာကတော့ နေကသာပဲ အမာရဲ့"

"နေသို့သာ ဆိုတာကရော နေကဲ့သို့ဘုန်းကြီးသောမင်းလို့ ဆိုနိုင်သားပဲ"

"အင်း ဆိုတော့ ဆိုနိုင်ပါတယ်၊ သို့ပေမယ့် ဒီလိုဆိုရင် ဥပမာ၊ ဥပမေယျ သဘောပဲသက်ရောက်နိုင်မယ်။ နေကဲ့သို့ ဘုန်းကြီးသောမင်းဆိုတော့ နေက ဥပမာ၊ မင်းက ဥပမေယျပေါ့။ ဒီလိုဖွဲ့ကြနိုင်းကြတာတွေရှိပါရဲ့။ သပြေပင်ဝန်း ဆိုတဲ့ကြိုး ထဲမှာ 'နေနှုန်းစံထား၊ ဘုန်းတန်းကြီးမြင့်မား' ဆိုတာမျိုးတွေလည်း တုခြင်း၊ နှိုင်းခြင်းအဓိပ္ပါယ်ရှိတာပဲ။ သို့ပေမယ့် ထောင်ရောင် နေကသာ ဆိုတာက နေမင်းက တိုက်ရိုက်သက်ဆင်းလာတဲ့အမျိုးလို့ ဆိုလိုဟန်တူတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အာဒိစ္စဗန္ဓု နေမင်း၏ အဆွေဖြစ်သောမင်း ဆိုတဲ့ အသုံးမျိုးတွေ တွေ့ဖူးကြသကိုး"

"ဟဲ ဟဲ ဒါဖြင့် နေမင်းရင်သွေး နိပ္ပွန်လူမျိုး ဆိုတာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ် ကမ္ဘာ့အရှေ့တိုင်းမှာ ဒီလိုအသုံးမျိုး၊ အယူအဆ မျိုးရှိကြတာပဲ"

"ကွန်မြူနစ်တွေကတော့ ပဒေသရာဇ်ခေတ်က ဖော်လံဖားသီချင်းတွေလို့ ဆိုကြမှာ ပဲနော်"

"အင်း ရှေးနှစ်ပေါင်းရာကျော်က အယူအဆ အဖွဲ့အနွဲ့တွေကို ခုခေတ်မှာ ဒီလို ပြောကြမှာပေါ့။ နောက်နှစ်ပေါင်း တစ်ရာကျော်လောက်ကျတော့လည်း ခုခေတ်မှာ ဖွဲ့နွဲ့နေကြတဲ့ မြေကြီးပေါ်ကလူတို့ ဘာတို့ဆိုတဲ့ အသုံးဝေါဟာရမျိုးကို အပြစ်တင် ချင်တင်လာကြဦးမှာပါပဲ။ ဒါတော့တစ်ယောက်တစ်လှည့်ပေါ့လေ"

"အို မင်းတို့ဟာ နေစမ်းပါဦးကွယ်၊ သီချင်းအကြောင်းပြောရာက နိုင်ငံရေး အကြောင်းတွေ ရောက်မလာစမ်းပါနဲ့၊ နေပါဦး မင်း ဟိုတလောက အမာ့ကို တက်ပေးတာ ဘာတဲ့ သည်ဆောင်းချိန်ခါ"

"သည်ဆောင်းဟေမန်ပါ မေမေရဲ့"

www.burmeseclassic.com

"သိပါဘူးအေ ညီးတို့ နာမည်၊ အင်း အဲဒါကတော့ ဆောင်းတွင်းအကြောင်း ရေးသားထားတာလား"

"အင်း ဆောင်းတွင်းအကြောင်းပဲဆိုပါတော့၊ ဒါပေမယ့် သဇင်ပန်းအကြောင်း ချီးကျူးထားတာကများတယ်" ဟု အမာကြူက သိန်းဟန်ကိုယ်စား ဝင်၍ဖြေလိုက်ပြီးမှ သတိတဖန်ရသကဲ့သို့

"ဩော် ဒါနဲ့ ကိုသိန်းဟန်" ဟု စကားတန်ရှည်လိုက်ပြန်တော့သည်။

"အင်း ဆိုစမ်းပါဦး"

"သည်ဆောင်းဟေမန်ဘွဲ့ကိုပြောပါတယ်၊ နတ်တော်၊ ပြာသို မြောက်လေတိုက်တာတို့ နှင်းကျတာတို့၊ သဇင်ပန်း ပေါ်တာတို့၊ ဘုရင်တွေသုံးတာတို့တော့ သူ့ဟာနဲ့သူ အဓိပ္ပါယ်ရှင်းပါဘိ၊ ရွှေသိုင်းညွှန့်တလူလူဆိုတာက ဘာကိုပြောတာလဲ နောက်ပြီး တစ်ချို့က သဇင်တဲ့၊ တစ်ချို့က သန့်စင်တဲ့၊ အဲဒါ ဘယ်သင်းက မှန်သလဲလို့"

သိန်းဟန်မှာ ပြော၍ကောင်းခဲ့သလောက် ပါးစပ်ကညောင်းလာပြီဖြစ်သည့်အတွက် အဟင်း၊ အဟမ်းနှင့် ချောင်း တစ်ချက် နှစ်ချက်ဆိုးလိုက်ကာ အချိန်ကို ခိုးလိုက်ရလေသည်။ ပြီးတော့မှ ကြားဖူးနားဝရှိသမျှကို ညှစ်ထုတ်၍

"သဇင်ဆိုတာက ပါးစပ်ကအခေါ်ဖြစ်မှာပေါ့၊ သန့်စင်ဆိုတာက သတ်ပုံမှန်နဲ့ တူတယ်အမာရဲ့၊ ရေးရင်အမှန်၊ ဖတ်ရင် အသံဆိုတာမျိုးလို ဥပမာ စကားပန်းဆိုပါတော့၊ ဖတ်တဲ့အသံကျတော့ စကားလို့မဖတ်ကြဘဲ ဇဂါးလို့ ဖတ်ကြသလိုပေါ့။ နောက်ပြီး အခုနပြောတဲ့ ရွှေသိုင်းညွှန့်တလူလူဆိုတာ ရွှေသိုင်းဆိုတာက အမာနားလည်အောင်၊ မြင်လွယ်အောင် နှိုင်းပြရမယ်ဆိုရင် လေးကိုင်းကြီးလို တုတ်ချောင်းကွေးကြီးမှာ ပိတ်ဖြူချည်ထားတာပဲ။ သိုင်းတို့ ကျိုင်းတို့ဆိုတာ မြန်မာဘုရင့်ကျက်သရေဆောင် ပရိဘောဂတစ်ခုပေါ့။ ကျိုင်းဆိုတာကတော့ ထီးအငယ်ကလေးနဲ့တူတယ်လို့ ကြားဖူးတာပဲ။ အဲဒါ သဇင်ပန်းဆက်တဲ့အခါ ပန်းကို သိုင်းနဲ့ဝန်းရံလာရတဲ့အတွက် သိုင်းနတ်ပန်းလို့ ချီးမြှင့်ပြီး ခေါ်တတ်ကြသေးတယ်"

www.burmeseclassic.com

ရွှေသဇင်ငွေသဇင် နတ်ဝင်သည့်ပန်းတော် မြေပေါ်မှာမပွင့် ရွှေသိုင်းနှင့်ဝင့်ရသည် ပင်ဆင့်များဇကေရာဇ် ဘုန်းရှိ၍ဖြစ်ရသည်ဆိုတဲ့ စာတွေတောင်ရှိသကော”

“ဟုတ်တယ်နော် သဇင်ပန်းများဟာ မြေကြီးပေါ်မှာ မပွင့်ကြဘူး။ ဒါကြောင့် အဖိုးတန်ကြတာ ထင်ပါရဲ့” ဟု ဒေါ်ဖွားနှစ်က ဝင်၍ထောက်ခံလိုက်သည်။

“အေးလေ အဖိုးတန်မယ်ဆိုတန်လောက်ရောပေါ့။ သန့်စင်ပန်းဆိုတဲ့ အမည်နဲ့ လိုက်အောင် ဒီပန်းမျိုးက မသန့်တဲ့ နေရာမှာလည်း မပေါက်ဘူးဆိုပဲကွ” ဟု ဦးအောင်ကြီးကလည်း ထောက်ခံပြန်သည်။

“ဟုတ်တယ်ခင်ဗျ၊ အနံ့အသက်ဆိုးဝါးတဲ့ ဌာနမျိုးမှာလည်း ဘယ်လောက်ပဲပျိုးပျိုး တစိုးတစိမှ မဖြစ်ထွန်းဘူးတဲ့။ သာသနာနဲ့ ပတ်သက်တဲ့ ဝတ္တကမြေများမှာလည်း မပေါက်ဘူးတဲ့။ လေသန့်၊ ရေသန့်၊ မြေသန့်မှ စင်စင်ကြယ်ကြယ် ပေါက် တတ်လို့ သန့်စင်ပန်းရယ်လို့ခေါ်ကြသတဲ့။ ဒါကြောင့် လောကီဆရာများက ဂမုန်းပင်ပျိုး ရယ်လို့သမုတ်ပြီး အနုဆေး၊ ပီယဆေး၊ နတ်ကြီးငါးပါးဆေးတို့မှာ ထည့်ကြိတ် ရသတဲ့။ မြေကြီးမှာ ဥနဲ့ပေါက်တဲ့သစ်ပင်ပန်းပွင့်တို့ကို ဂမုန်းလို့မခေါ်ဘဲ ပမုန်းလို့ခေါ်ကြတယ်ဆိုလား၊ရှင်ဘုရင်ရှိစဉ်တုန်းကဆိုရင် ရှမ်းပြည်နယ်၊ တောင်ငူ ၊ ပုပ္ပါး ဆိုတဲ့အရပ်တွေက လာဆက်သရသတဲ့။ အဲဒီ ပန်းတော်ဆက်များကို သီးသန့်ခြားနားထားပြီး မြေခွန်၊ ငွေခွန်၊ အခွန်တော်အရပ်ရပ် မင်းတိုင်းများ လွတ်ငြိမ်းစေသတဲ့”

“ပုပ္ပါးကလာဆက်ရတယ်ဆိုတာ ဟုတ်မယ် မေမေ၊ ရွှေဖျဉ်းညီနောင်တို့ဟာ ပန်းတော်ဆက်ရာထူးနဲ့ ပုဂံကိုလာရတယ် မဟုတ်လား”

“အေး ဟုတ်သကွဲ့”

“အဲဒါတွေကို ပုဂံဝန်ထောက်မင်း ဦးတင် မေတ္တာစာရေးထားတာရှိပါသေးတယ်”

“စလုံးမှ ဇကွဲကိုပြောင်းသမူ၊ သမုတိဌာန်ပြောင်း အမည်သစ်လောင်းသော်လည်း အကောင်းတကာ့ထိတ်ပိတ်၊ အနိတ်တကာ့ပဂေး၊ အမွှေးတကာ့ ထိပ်တင်၊ အယဉ်တကာ့ကြငှန်း၊ ယခုကာလ အချို့က သဇင်ပန်းဟု အခေါ်ပင်ဆန်းကြ

www.burmeseclassic.com

သော်လည်း ပန်းတကာ့ဘုရင် မြေတွင်မပေါက်ရုံမျှမက ဒုဂန္ဓရှိသမျှ မသန့်သော ဌာနတွင် သန့်စင်ပန်းသန့် မရပ်တန့်ဘဲ ရှောင်လွှဲကာသွားလေ့ရှိသည်တစ်ဖြာ။ သာသနာဝတ္ထုကြနယ်များ ဆက်ဆံလျှင်လည်း တစ်ခါတည်းရှောင်ရှား၍ ပြောင်းသွားလေ့ရှိသည် တစ်တန်။ အမှန်စင်စစ် လေသန့်ရေသန့် အနေသန့်ဖြစ်သော သစ်ပင်မြတ်ဖြစ်သည်လည်း တစ်ကြောင်း။ ပန်းပေါင်း ဆေးပေါင်း၊ ဂမုန်းပေါင်း၊ မင်းပေါင်း၊ ကြိတ်ပေါင်းစုဆောင်းသည့်အခါ သန့်စင်ပန်း ပါရသည်တစ်ထွေ။ ရေမွှေးအမျိုးမျိုး အဖိုးတန်အခန်းမှာလည်း သန့်စင်ပန်းအတွက် မွှေးပျံ့ပျံ့ ရနံ့ထွက်အောင်ချက်ရသည် တစ်ခန်း။ သန့်စင်ပန်းပေါက်သော မြို့ရွာကျေးမြေများက ပန်းဆက်ရသူလူအများမှာ ချမ်းသာစွာနေခွင့်ရမြဲ တစ်မျိုး။ အကျိုးသွားအရပ်ရပ်သုံးနည်းအပေါင်း ရုံးစည်းပေါင်း ထုံးဟောင်းကို ဟပ်လိုက်သော် ကျမ်းတတ်အမော် ဆရာကျော်တို့ ထုတ်ဖော်ရေးသားကြသော မုလေးပန်း အခန်းတွင် ပန်းတကာအရပ်ရပ် မွှေးမွှေးပျံ့ပျံ့ အဝေးနံ့သော မုလေးနံ့ အမြတ်ဆုံးဟု နိဂုံးချုပ်စကားပြဆိုကာထားသော်လည်း မြောက်မြားထွေထွေ မြေပြင်တစ်လျှောက် စိုက်ပျိုးရာရာတိုးပွါးကာ များစွာပေါက်သည့်ပြင် သန့်စင်ပန်းအောက် တစ်စခန်း ရောက်၊ တစ်ထောက်လိုချိုး၊ အသရေပြန့်ပြန့် လေ ရေ မြေ သန့်ပြန့်ရန် လိုသော အချက်သည် သက်သေခံလက်တွေ့ ဖြစ်တော့တသည်တဲ့”

သိန်းဟန်သည် အမာကြူ၏ ဆံထုံးတွင် တလှုပ်လှုပ်တယိုင်ယိုင် အခိုင်ချင်း ကစားနေကြသော ဘော်ဖြူငွေပွင့်ရိုးတံ ဆင့်သည့် ဘုရင့်သဇင်များကိုကြည့်ကာ ‘မေတ္တာစာ’ ရွတ်ပြနေလေသည်။

ဦးအောင်ကြီးတွင် ချက်ချက်ချာချာ ပြောတတ်သော သားမက်လောင်းကို လေးမြတ်စွာကြည့်ရင်း

“အေး အေး ဟုတ်သကွဲ့ တို့ငယ်ငယ်ကကြားဖူးတာလည်း ပုပ္ပါးနားက အင်းတိုင်ပိန်ညင်းဆိုတဲ့ရွာမှာ အခွန်တော် လွတ်ဆယ့်နှစ်မူမင်းတိုင်းလွတ် ကူးတို့ဆိပ်ဟည် ပွဲတော်ကောက်အစားလွတ်သတဲ့။ တစ်နှစ်တစ်ခါ သန့်စင်ပန်းပေါ်ရင်သာ

www.burmeseclassic.com

ပန်တော်ပန်းရယ်လို့ချည်နီပါးသိုင်းဆောင်းပြီး ဖြဲတိုက်တော်ဆက်သရသည်တဲ့။ အဲဒီပန်းတော်ဆက်တွေလာရင် နေပြည်တော်က ဈေးချိုအကောက်အခွန်စားရသတဲ့။ ဈေးကောက်တွေပေါ့လကွာ” ဟု ပက်လက်ကုလားထိုင်ကြီးပေါ်မှနေ၍ သောက်နေသော ဆေးပြင်းလိပ်ကြီးကို ပြာချွေရင်း ထောက်ခံလိုက်လေသည်။

“အမယ် ဒါဖြင့် တော်တော်အခွင့်အရေးရသားပဲနော် ဖေဖေ”

“ဒါပေါ့သမီးရဲ့ ရှင်ဘုရင်က သိပ်မြှောက်စားတာ”

“ဈေးထဲမှာ ချရောင်းလိုက်ရရင် ဘာပြောကောင်းမလဲ။ ခုကာလဈေးထက် ဈေးကြီးရမှာပေါ့နော်၊ ရှင်ဘုရင်ကတောင် အရေးပေးထားတဲ့ပန်း”

“ဟား ဟား ဟား ဈေးထဲချရောင်းလိုက်ရင် အရိုက်ခံလိုက်ရမယ့်အမျိုး”

“ဟင် ဘာဖြစ်လို့လဲ ဖေဖေ”

“ဦးတိုးရာမရကန်ထဲရေးထားတာ ကြည့်ပါလားသမီးရဲ့”

“မြို့ဝန်မင့်စာ လိပ်မပါဘဲ ကွယ်ရာဈေးပြင် ရောင်းလို့များမြင်ကလေ သေချင်သေ၊ ရှင်ချင်ရှင် အင်မတီအင်မတန် ရာဇဝတ်တော်ခံရသည် မြတ်ပန်တော်ပန်း ခိုင်လုံးလန်းကို ဟိုလောင်းပန်းပွင့် ဘယ်ဂုဏ်ဝင့်မလဲ ဘုန်းနှင့်ကံနှင့်ရွှေသဇင်တဲ့”

ဦးအောင်ကြီးက ငယ်ငယ်ကရဖူးသော ရာမရကန် တစ်ချို့တစ်ဝက်ကို ရွတ်ပြသည်။ သိန်းဟန်က အဘိုးကြီးကို ပြုံးပြုံးကြီးကြည့်လိုက်သည်။ သူ့သဘောထဲမှာတော့ “အလဲ့ အဘိုးကြီးက အလာကြီးပဲ” ဟု ဆိုလိုဟန်ရှိသည်။ အမာကြူကမူ ဖအေကို တစ်လှည့် ချစ်သူကိုတစ်လှည့် ကြည့်နေမိရာက

“ဒါဖြင့် ရှင်ဘုရင်တွေက ဒီပန်းကို မိုနိုပိုလီလုပ်ထားတာပေါ့နော်” ဟု ပဒေသရာဇ် ခေတ်ကို ဝေဖန်လိုက်သည်။

“ဟုတ်တယ် ပန်းရာဇာအမော် နန်းတော်တွင်မပေါ် သမျှ ဗုဒ္ဓရေ့တော်တွင် ရှင်ဘုရင်မတင်သမျှ အိမ်ရှေ့တော် ဝန်ထောက်အိမ် ဘယ်မင်းသားအိမ် မှူးအိမ် မတ်အိမ် ဘယ်ဈေးမှ မပေါ်ရ။ အမိန့်တော်အတန်တန် လွှတ်တော်တွင်ပြန်ရဖူး ပါသည်။” လို့ ဝန်ထောက်တော်မင်းဦးတင်က ဆိုထားတော့ ချစ်ချယ်သလို

www.burmeseclassic.com

တော့ဖြစ်နေတယ်။ ဒါပေမယ့် ဘုရားကိုအမှူး ထားပြီး ဦးဦးဖျားဖျား ကပ်ချင်လို့ ဆိုရင်ကော”

မောင်သိန်းဟန်က အမာကြူ၏အာဘော်ကို ကောက်ချက်ချလိုက်သည်။ နကိုက စကားခပ်နည်းနည်းဖြစ်သော ဒေါ်ဖွားနှစ်ကတော့ သမီးနှင့်သားမက်လောင်း ရှေ့သွားနောက်လိုက်ညီမညီ အဆင်ပြေမှုရှိမရှိ အကဲခတ်နေဟန်သာရှိသည်။ ဘယ်သူကပြောပြော ပြုံးပြုံးကြီးသာ နားထောင်နေသည်။

အချိန်သည် ညဥ့်နက်မှန်းမသိ နက်လာလေ၏။

ချစ်ခင်နှစ်သက်သောပုဂ္ဂိုလ်နှင့် စကားစမြည် စိတ်အေးလက်အေး ချစ်ဖွယ်သော စကားကို ပြောကြားနေရမှု တရိပ်ရိပ် တရွေ့ရွေ့ကုန်လွန်သော အချိန်တို့ကို သတိမထားမိတတ်ကြပေ။

ထိုအခိုက် သိန်းဟန်တို့စကားဝိုင်းသို့ နောက်ထပ်ဝင်လာသူမှာ ဆန်စက်က လာသည့် ဘသက်ဖြစ်သည်။ ဦးအောင်ကြီး၏ သီရိမင်္ဂလာဆန်စက်မှာ မြို့စွန်လောက်ကျသဖြင့် မီးထင်းကိစ္စ စိတ်ချရအောင် ဆန်စက်အလုပ်ရုံးမှာပင် ဘသက်အဖို့ တစ်သီးတစ်နန်းစိုက်ပေးခဲ့သည်။

အိမ်ထောင်ပရိဘောဂအပြည့်အစုံရှိသော လူနေခန်းနှင့် အထက်အောက်ဖြစ်သည့် အလုပ်ရုံးသည် ဘသက်၏ ဘူမိနက်သန်ဖြစ်ခဲ့သည်။ သူ့ဘဝ၏ တိုးတက်ကြီးပွါးရာ အောင်မြေမှန်ခဲ့သည်။ ထိုနေရာကပင် အမာဖြူကို ရခဲ့သည်။

သို့သော် မြို့တွင်းက တိုက်ကိုကား ညတိုင်းလိုလို အလုပ်ကိစ္စအဝဝများနှင့် ပတ်သက်၍ ဦးအောင်ကြီး၏ အတိုင်ပင် ခံရအောင် ညညီလာခံဝင်စမြဲဖြစ်သည်။

“ဟေး မောင်ဘသက် လာ လာ ထိုင်”

ဘသက်က ခပ်ရှိုရှိုဝင်ထိုင်ရင်း စန္ဒယားနားက သိန်းဟန်ကို လှမ်းကြည့်ကာ နှုတ်ဆက်လိုက်သည်။

“အမယ် မောင်သိန်းဟန် ဘယ်တုန်းက ရောက်နေသလဲ၊ ကျောင်းပိတ်လိုက်ပြီလား”

“ဟုတ်ကဲ့ ကိုဘသက် ဒီနေ့ပဲ”

www.burmeseclassic.com

ဆွေရင်းမျိုးချာဖြစ်နေသော မောင်ဘသက်သည် မောင်သိန်းဟန်တို့ သားအမိကိုပါ အကျွမ်းတဝင် ခင်မင်ရင်းနှီးခဲ့သည်။ အမာကြူနှင့် သိန်းဟန်တို့၏ အခြေအနေ အလားအလာကိုပင် သိထားသူဖြစ်သည့်အလျောက် သိန်းဟန်ကို နှုတ်ဆက်ရင်း မနီးမဝေးက အမာကြူကိုပါ စပ်ဖြဲဖြဲနှင့် လှမ်းကြည့်လိုက်ရာ စိတ်မလုံသော အမာက မျက်စောင်းနှင့် ပြန်ပက်လိုက်သည်။ အမာကြူကို ဘသက်က စ နေကျ၊ နောက်ပြောင်နေကြဖြစ်သည်။ သူ့လက်ပေါ်မှာပင် ကြီးပြင်းလာခဲ့သော အမာကြူကို ဘသက်က ကလေးမလေးအရွယ်လောက်ထက် ပို၍ အထင်မကြီး။

"စန္ဒယားတီးမလို့လား၊ လုပ်စမ်းပါဦး၊ ကိုယ်တို့ပါနားထောင်ရအောင်"

"အေးကွယ်အကောင်းသားပဲ သီချင်းအကြောင်းတွေပြောနေကြတာနဲ့ ကျကျနန တစ်ပုဒ်မှနားမထောင်ရသေးပါဘူး" ဟု ဒေါ်ဖွားနှစ်က တိုက်တွန်းလိုက်သည်။

"ကဲ အမာက သီချင်းဆိုကွာ"

"ဟယ် လုပ်ပြီ ကိုဘသက်ကြီးက"

"ဟုတ်သားပဲ အဆိုနဲ့ အတီးနဲ့မှ မြိုင်မြိုင်ဆိုင်ဆိုင်ရှိတော့မပေါ့၊ ဆိုလိုက်ပါကွယ် သမီးကလည်း"

"အမယ် သူက အဆိုခိုင်းလို့ ဈေးကိုင်နေတာပါ"

"ဟင်းနော် ကိုဘသက်ကြီး လူကို မစနဲ့"

"ကဲ လာပါ အမာရယ် သီချင်းဆိုတာ ရှက်စရာမှတ်လို့"

"ဘာဆိုရမှာလဲလို့"

"ကိုယ်တက်ပေးထားတဲ့ သည်ဆောင်းဟေမန်ပဲဆိုပါလား"

"ဒါဖြင့် ကိုဘသက်ကြီး စည်းလာတီးပေးလှည့်"

အမာကြူကား မဆိုချင်သလိုလို ကတ်တီးကတ်ဖဲ့ လုပ်နေ၍မရသည့်အဆုံး သိန်းဟန် ထိုင်နေရာနားသို့ ရောက်သွားရလေသည်။ မောင်ဘသက်က စန္ဒယား ပေါ်တွင်ရှိသော စည်းကလေးကို ကောက်ကိုင်ကာ တစ်ချက်နှစ်ချက်ခတ်ကြည့် လိုက်သေးသည်။

www.burmeseclassic.com

ထို့နောက် သိန်းဟန်ကဘွဲ့ခံ၍ သည်ဆောင်းဟေမန်ကို အစပြုတော့လေရာ အမာကြူက မတိုးမကျယ် အတီးကို တွယ်၍ လိုက်ဆိုရတော့သာတည်း။

"သည်ဆောင်းဟေမန်

မြောက်ပြန်လေညင်း ဆော်တယ်ကို။

နတ်တော်၊ ပြာသို၊ ခွါညိုတည့် နှင်းဖုံဖုံ"

ဟေမန္တာတုဝယ် အမာကြူ၏ သီချင်းသံကလေးမှာ နှင်းငွေရည်ရောလာသော မြောက်ပြန်လေဟုန်ကိုစီး၍ တိုက်ခန်းတွင်းဝယ် ဝေ့လည်နေတော့သည်။ သိန်းဟန်၏စန္ဒယားသံကလည်း တေးသံရှင် လိုမ့်နိုင် လူးနိုင်အောင် ကော်ဇောကြီးခင်းပေးသကဲ့သို့ ပျံ့ပျံ့ပျူးပျူးရှိလေ၏။

"ရိုးတံဆင့်ဖူးငုံ၊

ဝတ်မှုန် ဝတ်မှုန် တင့်ဆုံး၊

သဇင် သဇင် ပန်းဂမုန်းငယ်နှင့်လေး"

အမာကြူသည် ဆိုနေလျက်က စန္ဒယားပန်းအိုးကလေးထဲရှိ သဇင်ခက်ကလေးများကို မျက်စိရောက်သွားမိသည်။ ထိုသဇင်ခက်ကလေးများကိုကြည့်ရင်း သူ့စိတ်မှာ စိမ့်ကြီး၊ မြိုင်ကြီး တောတောင်ကြီးထဲသို့ ရောက်သွားလေသည်။ ရွှေဝတ်မှုန် ငွေဝတ်မှုန် တသုန်သုန် လေယူလွင့်၍ ပင်မြင့်က သယံဇာတ ပန်းတွေကို မြင်ယောင်မိသည်။ မားမားစွင့်စွင့် ကြွားကြွားဝင့်ဝင့် လုပ်လဲ့လုပ်လီ ရှိကြသည်။ လူသံနှင့် ဝေးသလောက် ချူရန်လည်း ခက်သေးသည်။

"ရွှေနန်းတော်လုံး၊ မင်းသုံးငယ်စိုးယူ၊

သွယ်သွယ်ညွတ်ကိုင်း၊ ရွှေသိုင်းညွန့်တလူလူ၊

ရှမ်းပြည်တောင်ငူ၊ ကြည်ဖြူဆက်မြဲမှန်လုလေ၊

ဂမုန်းအင်၊ သဇင် ရွှေပန်းလှိုင်လှလေး၊

သိင်္ဂီလျှံလန်း၊ စိန်စီမှန်နန်းပေါ်ငယ်မှာ၊

ပန်ဆင်ရာ ရွှေကေသာ မြန်းပါလို့၊

www.burmeseclassic.com

သည်ပန်းမှ မြတ်ပန်းတော်"

အဆောင်ကိုင် လုလင်ပျို၊ လုံမပျိုတို့သည် ဝန်ကြီးတတိုင်းကြီးတို့၏ ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း၊ တစ်ဖက်ဝဲယာတို့မှလည်းကောင်း၊ သက်ဆိုင်ရာ အဆောင်အယောင် ပရိဘောဂများကိုကိုင်၍ ပြတိုက်တော်သို့ တရွေ့ရွေ့လိုက်ပါ လှမ်းလာလျက်ရှိကြသည်။ ကွမ်းအစ်၊ ထွေးအင်၊ ရေတံကောင်း၊ လက်ဖက်အုပ်စသည်တို့မှာ မိမိတို့သက်ဆိုင်ရာ မှူးကြီးမတ်ကြီးတို့အတွက် ဖြစ်သည်။

ပြတိုက်တော် နန်းတိုင်ကြီးများမှာ ရွှေရောင်တဝင်းဝင်းရှိသည်။ တိုင်အောက်ခြေတွင် ရင့်မောင်းသော ဟင်္သပဒါး ရောင်သည် ရဲသွေးရဲမာန်ကို တက်ကြွအောင် ဖန်တီးနေသကဲ့သို့ရှိသည်။ ရှေ့သိုင်း၊ နောက်သိုင်းခင်း၍ အလယ်ဗဟိုက ခြေလှမ်းမှန်မှန်နှင့်ပါလာသူမှာ နန်းမတော်ကြီး၏ ပန်းတော်ဆက် အပျိုတော်ကြီး စောသုနန္ဒာ ဖြစ်ချိမ့်မည်။ သူ့လက်တွင် တစ်ပွေ့တစ်ပိုက်ရှိသော ငွေဖလားကြီးကို လေးမြတ်စွာ ကိုယ်မှခွါ၍ ဆောင်ယူခဲ့သည်။ ထိုအထဲက စိမ်းဖန့်ဖန့်ဝါနုသွေး ဖြူဖွေးယှက်သန်း လန်းဆန်းနေသော သဇင်ပန်းခက်တို့မှာ သိုင်းတော်တွင် ဆင်ထားသော သာခါသဘော်ပိတ်ဖြူဖြူနုနှင့် အယဉ်ချင်း လုနေသကဲ့သို့ ထင်ရသည်။

ထို့နောက်မှ ပရိသတ်အချို့ကား စည်ပဟိုရ်သံနှင့်ဝေးကွာသည့် ကျေးတောက ပန်းတော်ဆက်ဧည့်သည်များနှင့် သဏ္ဌာန်တူသည့် သူတို့နောက်မှ အိုးစည်ဗုံမောင်း တီးကာ တစ်သိုက်တစ်ဝန်းလိုက်ပါခဲ့သော အသုံးတော်ခံတို့မှာလည်း မြူးထူး၍ ရွှင်ပျကခုန်သီဆိုလျက် ရှိကြသည်။

အထက်ပါအခြင်းအရာတို့မှာ ဂီတတွင်နစ်မြုပ်သွားသော အမာကြူ၏ အာရုံများ ဖြစ်သည်။ သူသည် ကြားဖူးနာဝ သိန်းဟန်၏ဗဟုသုတမှ တစ်ဆင့်ပေါက်ဖွား လာသော ဦးနှောက်ရုပ်ရှင်များကို ကြည့်နေရခြင်းသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သိန်းဟန်၏စန္ဒယားလက်သံကောင်းသလောက် အမာကြီး၏အဆိုကလည်း ခံ့ညား ပေါ်လွင်သည်။ ဌာန်ကရိုဏ်းကျခြင်း၊ အဆွဲအငင်အဖြတ်အတောက်ကောင်းခြင်း၊ အသံအေး၍ ကြည်လင်ခြင်းသည် လက်သံပြောင်လှသော စန္ဒယားအခံ့အကွက် အကြားတွင် ကစားချင်တိုင်း ကစားနေကြသောကြောင့် တိတ်ဆိတ်လှသော ညအချိန်တွင် အာရုံပို၍မိလေသည်။ တီးသူကလည်း အားပါးတရ၊ ဆိုသူကလည်း စည်းဝါးတကျ၊ နားထောင်သူများကလည်း အသားပါနေကြခြင်းကြောင့် တစ်တိုက် လုံးငြိမ်နေကြလေ၏။

တကယ်ဆိုတော့ လူတိုင်းလူတိုင်းသည် သီချင်းပြီးသည်အထိ ကိုယ့်အတွေး နှင့်ကိုယ် ငိုင်နေမိကြသည်။ ဘသက်သည် သူ့ဇနီးသည်အမာဖြူကို သွား၍ သတိရမိသည်။ အမာဖြူကိုယ်တိုင် စန္ဒယားကိုတော့ မတောက်တခေါက် တီးတတ်သည်။ အိမ်သို့ သိန်းဟန်ပေါက်လာတိုင်း

"ဟဲ့ကောင်လေး ငါ့ တီးပြခဲ့စမ်း"

"ဟဲ့ သိန်းဟန် ငါတီးတာမှန်ရဲ့လား နားထောင်ကြည့်စမ်း"

"မောင်သိန်းဟန် ဟို သီချင်းပုဒ်ကလေး ငါ့သင်ပေးခဲ့စမ်းကွယ်" စသဖြင့် ချော့ကာ တစ်တန်၊ မာန်ကာတစ်လှည့် ရင်းရင်းနှီးနှီး ပူဆာတတ်သည်။ ခိုင်းတတ်သည်။ အပျိုကတည်းက စန္ဒယားကိုဝါသနာပါ၍ သူ့အတွက် သူဝယ်ယူထားသော စန္ဒယားမှာ ထိုစဉ်က ယခု အမာကြီးဝင်၍ ဆော့တာ ခေါက်တာ လောက်သာ ရှိသည်။

ဘသက်စိတ်တွင် ဤကဲ့သို့ အောက်မေ့ခံစားလိုက်ရသည်ကို မိဘနှစ်ပါးစလုံး အကဲခတ်လိုက်မိသည်။ ထို့ကြောင့် စိတ်ပျောက်လက်ပြေ စကားအရှန်းကလေး ဖောက်ကာ

"အမာကြီးနဲ့ မောင်သိန်းဟန် မကွာလားဟေ့ မောင်ဘသက်" ဟု ရောလိုက်ရသည်။

"ဟာ အမာတီးတာက စန္ဒယားပေါ် ကြွက်လျှောက်တာနဲ့ တယ်တူတာ"

www.burmeseclassic.com

www.burmeseclassic.com

"လာပြန်ပြီတစ်ယောက် ချန်ပီယံနဲ့နိုင်းနိုင်းပြီး လူကို ခလုပ်တိုက်ကြတာ။ တော်ပြီ တော်ပြီ နောက်များစန္ဒယားကို တို့တောင်မတို့တော့ဘူး" ဟု မျက်နှာထား ကလေးက တကယ်စိတ်ဆိုးသလို ဆောင့်ဆောင့်အောင့်အောင့်လုပ်ပစ်လိုက်သော ကြောင့် ဤတွင်မှ တစ်အိမ်သားလုံး ဟာဒယရှင်ဆေးတစ်ခွက်လောက် သောက်သုံး လိုက်ကြရသလို ပေါ့သွားကြတော့သည်။

"အို သမီးကလည်း အကျင့်ရှိလာတော့ တဖြည်းဖြည်းကောင်းလာမှာပေါ့၊ အခုနေ မောင်သိန်းဟန်လာတုန်း နည်းနည်း ပါးပါး တီးကွက်ကလေး ဘာလေး တက်ယူလိုက်ပါလား" ဟု ဒေါ်ဖွားနှစ်က သမီးငယ်အား အားပေးအားမြှောက် လုပ်သည့်တိုင်

"ဟာ မေမေ့ ကိုသိန်းဟန်ကလည်း တစ်ဖက်သားကို စိတ်ရှည်လက်ရှည်နဲ့ ပြပေးချင်တာမှမဟုတ်ဘဲ၊ သူ့ဘာသာသူ လည်သလောက် နင်းကန်တီးသွားတာ။ အမှာ ဘယ်မှတ်မိနိုင်တော့မလဲ" ဟု သိန်းဟန်ကိုပါ မျက်စောင်းကလေးနှင့် ထိုးကြည့် လိုက်သောကြောင့်

"အေး အေး သင်ပေးမယ့်ဆရာကို ဒီလို ရန်တွေ့ကတည်းက တတ်ကရော့မယ်၊ ဘာဖြစ်လို့ ဒီလောက်အောက်ကျခံပြီး သင်ချင်ရတာလဲ" ဟု ဘသက်က ဖောက်လိုက်ပြန်သဖြင့် မောင်သိန်းဟန်ပါ ဝိုင်း၍ရယ်လိုက်ကြရပြန်လေ၏။

ဤသို့နှင့် မောင်ဘသက်အဖို့ စိတ်ပျောက်လက်ပျောက်ပြေဖြစ်သွားကာ မကြာမီ အလုပ်ကိစ္စများနှင့် ပတ်သက်သော စကားများသို့ ရောက်သွားပြီးလျှင် ဦးအောင်ကြီးနှင့် ဆန်စပါးကိစ္စ၊ စက်ကိစ္စတိုင်ပင်ပြီးမှ စက်သို့ပြန်သွားလေရာ ဒေါ်ဖွားနှစ်သည် မောင်ဘသက်ထွက်သွားသည်ကို လိုက်ကြည့်ရင်း သက်မ ပြင်းပြင်းကြီးချလိုက်မိလေ၏။

"သြော် ဘသက် ဘသက်၊ ဒင်းကိုမြင်တိုင်း အမာဖြူကိုသာ သွားသွား သတိရတော့တာပဲ" ဟု ညည်းတွားရာက မျက်ရည်ကလေးများပင် ခပ်ခမ်းစမ်း ဖြစ်လာသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

"ကွယ် သင်္ချိုင်း သင်္ဘေါရတွေ၊ နေ့သေနဲ့ညသေ၊ ရှေ့သွားနဲ့ နောက်လိုက်ကြီးပါပဲ။ ထူးတော့မထူးကြပါဘူး" ဟု ဦးအောင်ကြီးက တရားပြရရှာသည်။

"အင်း မမက စန္ဒယားများဆို အမှာ့ထက်ဝါသနာပါသေး၊ မေမေတို့ ဖေဖေတို့က သူ့ဟာသူနေတာအကောင်းသားနဲ့ သက်ဆိုးမရှည်အောင် လင်ပေးစားကြတာ" ဟု အမာကြူကပါ ခပ်ငိုင်ငိုင်ပြောနေရင်းက ငိုတော့မလိုဖြစ်လာသောကြောင့်

"ကဲ ကဲ ဒါတွေပြောမနေကြနဲ့တော့။ ကုသိုလ်ကံအတိုင်း သေတဲ့လူက သေရရှာပြီ ကျန်တဲ့သူတွေသာ စိတ်ချမ်းသာဖို့ အရေးကြီးတယ်။ အင်း မောင်သိန်းဟန် မပြန်သေးရင် မင်းနှမကို တီးကွက်ကလေး ဘာလေး ပြလိုက်စမ်းပါဦးကွယ်။ ဦးတို့တော့ အိပ်ရာထဲကပဲ နားထောင်တော့မယ်။" ဟု ပြောပြောဆိုဆို ညည်းညည်းတွားတွားနှင့် ကိုးနာရီမှ မထိုးသေးမီ စိတ်လက်မကောင်းကြသဖြင့် တိုက်ပေါ်သို့ တက်သွားကြရကား အမာကြူပင် ငိုင်တိငိုင်တွေနှင့် ကျန်ရစ်ခဲ့ရလေသည်။

"လာလေအမာ လက်ပေါက်ကလေးတွေ ကြည့်လှည့်ပါလား" ဟု ခါမှ စိတ်မပါ့တပါအနားကပ်လာသောကြောင့်

"ကဲ ဘယ်အပိုဒ်လဲ မမှတ်မိဘူးဆိုတာ"

"ဟို ရိုးတံဆင့် ဖူးငုံ ဆိုတဲ့ အပိုဒ်ကလေးလေ ကောင်းကောင်းမလည်သေးဘူး" ဟု ပြောရသော်လည်း စိတ်တွင်းကား အစ်မအတွက် ဝမ်းနည်းပက်လက် လွမ်းနာထနေသည့် အသံသာဖြစ်လေ၏။

"အို ဒါလား ဒါက ဘာမှမခက်ပါဘူး၊ ကြည့်နော်၊ ရိုးတံဆင့်ဖူးငုံ၊ ဝတ်မှုန် ဝတ်မှုန် လေတင့်ဆုံး၊ သဇင် သဇင် ပန်းဂမုန်းငယ်နှင့်လေး"

သိန်းဟန်က သူကိုယ်တိုင်ဆိုရင်း စန္ဒယားလက်ကွက်တွေကို ခပ်မှန်မှန်တီးပြသည်။

"အဲဒီအပိုဒ်ဟာ ဂန္ဓမာတောင်ထဲက 'ဆွတ်ချူငယ် ယူငင် ပန်ဆင်လေ ပန်ဆင်လေ ပန်ဆင်လေ ရည်စူး ဆင်မည်သာ စိတ်ကယ်ကူး' ဆိုတာနဲ့ ဘာမှမထူးဘူး။ ဘယ်ကလေးနည်းနည်းဖက်လိုက်ရင် သာပြီးခဲ့သွားတာပေါ့၊ ကဲ တီးကြည့်စမ်း"

အမာကြူက နည်းနည်းစိတ်ဝင်စားလာကာ သိန်းဟန်နေရာကိုယူ၍ တီးကြည့်သည်။ သို့သော် အတွဲအဖက် အနည်းငယ်ဟာနေသေးသဖြင့် သိန်းဟန်က အနားကပ်၍ပြရပြန်သည်။ တစ်ခါတစ်ခါလည်း အားမလို အားမရဖြစ်လာသည့်အလျောက် အမာကြူ၏ နောက်ကျောဘက်က ပခုံးကိုကျော်၍ သိန်းဟန်၏ လက်နှစ်ဖက်စလုံးကို အသုံးချ၍ပြရပြန်သည်။

နီးစပ်ပွန်းတီး၍နေခြင်းသည် အမာကြူ၌သာ စန္ဒယားကို အာရုံစူးစိုက်လှ၍ သတိမပြုဂရုမထား၊ ကျောမှ မယားသော် လည်း သိန်းဟန်တွင်မူ သူ့ခေါင်းပေါ်က ဝေနေအောင်ပန်ထားသော သဇင်ပန်းရနံ့နှင့်ရော၍ အမာကြူ၏ ကိုယ်နံ့ကလေးများက အချစ်ဓါတ်ကို နှိုးလိုက်ဆွလိုက် လုပ်နေသောကြောင့် မကြာမကြာ တရှူးရှူးတရှဲရှဲ မစူးမရဲ ဖြစ်နေရလေသည်။

"ဒါကလေးပြရတာတောင် စိတ်မရှည်ဘူးလား ကိုသိန်းဟန်၊ ဟုတ်လည်းဟုတ်ပါရဲ့လေ၊ အမာ့ကိုက တစ်ခါပြလည်း မရ၊ နှစ်ခါပြလည်းမရ"

"အို အို မဟုတ်ပါဘူး"

"ဟင့်အင်း အမာကညာဏ်ကိုထိုင်းတယ် တော်ပြီ"

"အို မဟုတ်တာ၊ တီးမှာသာတီးပါ အမာရ"

"နို့ ဘာဖြစ်လို့ သက်မကြီးချချနေရတာလဲ"

"သက်မချတာက အို တီးသာတီးပါလို့ဆို"

"ဟင်အင်း သင်ရတဲ့လူကို အားနာတယ်"

အမာကြူက သိန်းဟန်၏မျက်နှာကို မော့ကြည့်လိုက်သောအခါမှာ အချစ်ခိုး၊ အချစ်မှိုင်းဝေ၍ မျက်တောင်ကြီး စင်းနေသော မျက်နှာကဲကိုသတိထားမိတော့ရာ မိမိကျောပြင်တစ်ခုလုံးမှာလည်း သိန်းဟန်၏ ရင်ခွင်တွင်းသို့ လုံးလုံးလျားလျား မရောက်ရုံတစ်မယ် ဖြစ်နေသည်ကို သိရသည်နှင့်တစ်ပြိုင်နက် ကျောချမ်း၍ ကြက်သီးထလာတော့လေသည်။

www.burmeseclassic.com

ထို့ကြောင့် ချစ်သည်ဟု ဆိုရစေကာမူ ကြောက်တာကလည်း တစ်ဖက်တစ်လမ်း ကရှိသေးသောကြောင့် တီးနေသော ခွေးခြေကလေးမှကြွ၍ ဆတ်ကနဲ ထရပ် လိုက်သည်နှင့်

"ထိုင်ပါအမာရဲ့ ဘယ်ထမလို့လဲ ကိုသိန်းဟန် ဒီလိုနေတာကလေးမှ မနှစ်သက် နိုင်ဘူးလား" ဟု ဟန့်လိုက်မှ ခပ်တွေတွေကလေးပြန်ထိုင်လိုက်မိပြန်သည်။

"အမာ"

သိန်းဟန်က စိတ်ပင်ပန်းသံနှင့်ခေါ်ပြန်ရာ ဤတစ်ခါတွင်မူ ကြောက်ကြောက်ရွံ့ရွံ့ နှင့် ခေါင်းမှမဖော်ဝံ့တော့ဘဲ

"ရှင်" ဟု အသံတုန်ကလေးနှင့်သာ ထူးလိုက်သောကြောင့်

"ကိုသိန်းဟန် စိတ်မောနေရတာ သိတယ်မဟုတ်လားအမာ" ဟု သွေးတိုးစမ်း လိုက်ရာ အဘယ်ကိုရည်ရွယ်၍ အဘယ်ကို ဆွယ်သည်ကို ရိပ်မိနေပြီဖြစ်သော် လည်း သိပါတယ်ဟူ၍ကား ဝန်မခံဝံ့၊ မဖော်ပြဝံ့သောကြောင့် ရင်ကလေးတွင်သာ ပုဇွန်ဆိတ်ခုန်သလိုသာခုန်နေရှာလေ၏။

ထွက်ဝင်သွားလာနေသည်မှာ ကာလကြာမြင့်နေပြီဖြစ်သည့်တိုင် သိန်းဟန်အား အခုတစ်ခါလောက် မည်သည့် အခါကမှ မကြောက်မရွံ့ခဲ့ဖူးသည်ကို အမှတ်ပြုမိ လေသည်။ ယခုတစ်ကြိမ်ကား ကြောက်ရွံ့မှုမက အူတွင်း၊ အသည်းတွင်းကပါ ရိုးတိုးရွတဖြစ်အောင် ရိုးတွင်းချဉ်ဆီထဲက လှိုက်လှိုက်တက်နေသောကြောင့် ဂနာမငြိမ်နိုင်သည်နှင့်အတူ စန္ဒယားခလုပ်ကလေး များကိုသာ ပွတ်သပ်ကစား သကဲ့သို့ နေရလေသည်။

အခန်းကြီးမှာ ခါတိုင်းထက်ငြိမ်သက်စွာ သူတို့နှစ်ဦးအား အကဲခတ်နေလေ၏။

သိန်းဟန်၏ အူတွင်းသဘောကို မပြောခင်ကသိနှင့်ပြီးဖြစ်သော အမာကြူတွင် အခန်းကြီးငြိမ်နေလေ အသက်ရှူ မှားတော့မတတ် စိတ်နောက်လေဖြစ်ဘိသည်။ တကယ့်တကယ်ဆိုရလျှင် ချစ်မှုကြိုက်မှုထက် ဝါသနာချင်းတူမှုက ရဲတင်းပွန်းတီး

www.burmeseclassic.com

အောင် ဆောင်ရွက်လှူဆော်ခြင်းဖြစ်ခဲ့ရာ ထိုသို့ရဲတင်းပွန်းတီးစွာနေမိခြင်းကြောင့် စိတ်၏အဆင့်အတန်းတစ်မျိုး တိုးတက် လာတော့သည်ကို ယခုမှရိပ်မိတော့သည်။ စန္ဒယားတီးနေစဉ်က ပည်မြွေတည်ကြည်မှုသည် ယခုသိန်းဟန်၏ ရင်ခွင်နှင့်မခြား တော့သော လက်မောင်းကြီးများ အကြားတွင်နေရသောအခါ စကြဝဠာတစ်ပြင်လုံး ကုန်းကြောင်းလျှောက်ပြေးနေရသကဲ့သို့လည်းကောင်း၊အဇ္ဈောကောင်းကင်လေအပြင် ကာလဠ် မိုးတိမ်တိုက်များနှင့်အတူ လွင့်ပါးလှည့်လည်နေရသကဲ့သို့လည်းကောင်း အမျိုးမျိုးချောက်ချားနေလေသည်။

မည်မျှလောက်ပင် မိမိကိုယ်ကိုမိမိ ခေတ်ဆန်၍ ယောက်ျားများနှင့် ပခုံးချင်း ယှဉ်ဝံ့သည်ဟု အထင်ကြီးခဲ့မိလင့်ကစား တကယ့်တကယ် ဘီလူးတွေ့ဒူးတွေ့ တော့တော့ဆိုင်ဆိုင် အချစ်တလင်း၌ စစ်ခင်း၍ပြိုင်နေကြရသည့် ယခုလို မိနစ်ကလေးတွင်မူ ဇာတ်တူသားမဟုတ်သည်ကို ခွဲခွဲခြားခြားကြီး သိသာနိုင်တော့ သည်နှင့်အမျှ ဟဒယဓာတ်မှာလေဖြတ်၍ကစားနေသကဲ့သို့ ရှိချေသည်။

"အမာ ကိုသိန်းဟန်ပြောတာကို ပြန်ပြောပါဦး"

"အမာ ဘာပြောရမှာလဲလို့"

"ကိုသိန်းဟန် ဘာဖြစ်လို့ စိတ်မောနေရတယ်ဆိုတာ အမာသိတယ်မဟုတ်လား"

အမာကြူမှာ မည်သို့မျှပြန်မဖြေနိုင် ဆွံ့အနေသကဲ့သို့ ရှိလေ၏။

"ဟင် လို့ အမာ"

"ဘာလဲ ကိုသိန်းဟန်ရဲ့"

"အမာသိတယ်မဟုတ်လား"

"အမာဘယ်သိတတ်မလဲ ကိုသိန်းဟန်၊ စေတော ပရိယ အဘိညာဉ်ရတဲ့ ရဟန္တာမ ကြီးမှ မဟုတ်သေးတာ"

"မသိလို့ သိအောင် ပြောပြရင်ကော"

"ပြောပြရင် နားထောင်နေရမှာပေါ့"

"နားထောင်နေရုံနဲ့ မဖြစ်သေးဘူးလေ၊ အင်း လိုက်ဦးမှပေါ့"

www.burmeseclassic.com

"အို ဟို ဟို ကိုသိန်းဟန်ကလဲ၊ ကလေးကလေးပုံပြောနေတာလိုက်လို့ အင်း လိုက်ရဦးမှာလား"

"မဟုတ်ဘူးလေ သဘောတူဖို့ပြောတာ"

"ဟာ ဘာမှန်းမသိရခင်က သဘောတူရမယ်ဆိုတာတော့ ကိုသိန်းဟန်ပဲ စဉ်းစား ကြည့်စမ်းပါဦး၊ နိုင်ထက်စီးနင်း မကျလွန်းဘူးလား"

သိန်းဟန်တွင် စကားမဆက်နိုင်လောက်အောင် အံ့အားသင့်သွားလေ၏။ စတင်ရန် ခက်ပါဘိ အသက်ကြောင့်မောင်ပူ ဆိုသကဲ့သို့ အစခက်နေတော့လေပြီ။ စကား တတ်၍ ပါးနပ်လိမ္မာသော အမာကြူအား လိုရင်းရောက်အောင် မည်ကဲ့သို့ ဆွဲရပါမည်နည်း။ အမာကြူ သိသည်။ အမာကြူသိနေပြီဖြစ်ကြောင်းကိုလည်း သိန်းဟန်သိထားပါပြီ။ သို့သော် သို့သော် အသိခေါက်ခက်အဝင်နက်နေသည်ဟု ဆိုရမလား။ အိပ်ယောင်ဆောင်သူကို အနှိုးခက်သည်ဟု ဆိုရမလား။ သိန်းဟန်တွင် မစူးမရဲဖြစ်နေရလေ၏။

"အမာက သိပ်ပြီး စကားတတ်တိုင်း လှည့်ပတ်နေတာကိုး" ဟု သာ ညည်းမိသည်။

"ကိုသိန်းဟန်ကို အမာကလှည့်နေတာမဟုတ်ပါဘူး။ ကိုသိန်းဟန်ကသာ အမာ့ကို"

အမာကြူက စကားကို ဆုံးအောင်မပြောဝံ့သကဲ့သို့ တုန်တုန်ယင်ယင်နှင့် ရပ်ဆိုင်း ပစ်လိုက်သည်။ မကြားဝံ့သော စကားလုံးကြီးများသည်လည်း သိန်းဟန်၏ နှုတ်ဖျားမှ နင့်နင့်နဲနဲကြီးထွက်လာတော့မည်ကို အမာကြူ၌ အထိတ်တလန့် ယုံကြည်နေသော်လည်း ထသွားရန်မဖြစ်သည့်အလျောက် သည်းခံနေရ သကဲ့သို့ ရှိသည်။

"အမာသိပါတယ် အမာရယ်။ ကိုသိန်းဟန် ဘယ်လိုဖြစ်နေရတယ်ဆိုတာ အမာ ကောင်းကောင်းကြီး သိပါတယ်။ သက်သက်မဲ့ အမာ ပညာရှိနိုပ်စက်နေတာပါ"

သိန်းဟန်က ပြောပြောဆိုဆို အမာကြူထိုင်နေသော စန္ဒယားတီးခုံကလေး၏ အစွန်းတစ်ဖက်သို့ဝင်၍ ကတ်သီးကတ် သတ် တင်ပါးလွှဲ ထိုင်ချလိုက်သည်။

"အမာ ကိုသိန်းဟန်ကို စိတ်မဆိုးနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

အမာကြူမှာ သူပြောလိုက်သော စကားထက် ကျဉ်းကျဉ်းကျပ်ကျပ် တိုးမိဝေ့မိသော အတွေ့အထိက မိုးကြိုးစက် အထိခံလိုက်ရသကဲ့သို့ ဖြစ်သွားသောကြောင့်
"ဆိုးပါဘူး" ဟု လွှတ်ကနဲ ပါးစပ်ကထွက်သွားမိသည်။ ပြီးမှ ငါမှားပြီဟု နောင်တကြီးရလင့်ကစား သိန်းဟန်၏ အသနားစာနှင့် အယူခံလွှာကို လက်ခံလိုက်မိပြီးဖြစ်နေသဖြင့် တအိအိနှင့် မိမိဘက်သို့ပါလာအောင် ဆွဲနေသော သိန်းဟန်၏ လက်ကို ရုန်းသော်လည်း လုံးလုံးကြီး မရတော့ချေ။
"ကိုသိန်းဟန် ဒီလိုတော့ မလုပ်ပါနဲ့"
အမာကြူ၏လေသံမှာ ဒေါသမပါ၊ အာဏာသံမရောက်၊ အသနားခံသလိုသာ ရှိသည်။
"အမာ အမာ ကိုသိန်းဟန်ကို မချစ်ဘူးလားအမာရယ်" ဟု ထပ်၍ မေးနေပြန်ရာ ထိုမေးခွန်းကို ဖြေရန်လောက်တော့ အမာကြူအဖို့လွယ်ကူပါသည်။ သို့သော် ထိုအမေးကို အဖြေကလေးတစ်ခုနှင့် နိဋ္ဌိတံသွားမည်မဟုတ်ဘဲ "ချစ်ရင် သနားပါ" ဟူသော နောက်ဆက်တွဲက ထွက်လာလိမ့်ဦးမည်ကို ကြိုတင်၍ရိပ်စားမိသောကြောင့် ခက်ပြန်သည်။
"ကိုသိန်းဟန်ကို မချစ်ဘူးထင်ပါရဲ့ အမာ ဟင်၊ ကိုသိန်းဟန်ကသာ သေမလောက် ချစ်နေပေမယ့် အမာကတော့"
သိန်းဟန်၏အသံမှာ တကယ့်ဝမ်းနည်းသံမျိုးပေါ်နေလေသည်။ ဤလိုဆိုပြန်တော့ နုနယ်ကြင်နာတတ်သော မိန်းကလေးအတွက် ယူကျုံးမရစရာ ရင်ထုမနာ ဖြစ်မိပြန်သေးသည်။
"စဉ်းစားကြည့်ပါလား ကိုသိန်းဟန်၊ မချစ်ရင် ဒီလိုနေပါ့မလား"
မျက်နှာသာပေး ရွှေရေးပုဂံတက်တတ်သော ဝါသနာမှာ ယောကျ်ားကလေးတွေ၏ ဗီဇဖြစ်သည်။
"မတော်ဘူးထင်တယ် ကိုသိန်းဟန်၊ နည်းနည်းဖယ်ပေးပါဦး၊ အမာ မနေတတ် တော့ဘူး" ဟု စိတ်မောသလို ပြောသည်ကို

www.burmeseclassic.com

"ဒါနဲ့ ချစ်တယ်ဆို အမာရဲ့၊ ကိုသိန်းဟန် မချစ်ရဘူးလား"

"ချစ်တော့ ချစ်တာပေါ့၊ ချစ်ရပါတယ်။ အခုလည်း မုန်းနေလို့လား"

"မမုန်းလို့ ပိုင်စိုးပိုင်နင်း ချစ်ချင်တာကိုပြောတာ"

"မင်္ဂလာမဆောင်ခင် ဒီလိုပဲနေသွားပါ ကိုသိန်းဟန်၊ အမာ မချစ်ဝံ့ဘူး။ တော်တော်ကြာ ဖွဟဲ့ လွဲစေ ဖယ်စေ မင်္ဂလာမဆောင်ဖြစ်ရင်"

"ဟာ နိမိတ်မရှိ နမာမရှိ အမာပြောရက်တာနော်၊ ဒီအခြေရောက်မှ ဘာဖြစ်လို့ မင်္ဂလာမဆောင်ဖြစ်ရမှာလဲ၊ မောင့်ကို မယုံလို့လား။ တစ်မိုးအောက်မှာ တစ်ယောက် လို့မှတ်ထားတဲ့အကောင်ပါ။ အမာ့ မျက်နှာကလေးရယ်၊ ဟောဒီမျက်လုံးကလေး၊ ဟောဒီနှာတံကလေးတွေမှာ မောင့်အသက်တစ်ပိုင်းဝင်နေပြီးသားပါ။"

သိန်းဟန်က အလွတ်ရပြီးသား စာတစ်ပိုဒ်ကို မထစ်မငေါ့ ရွတ်ပြသလို မထစ်မငေါ့ တတွတ်တွတ်ပြောနေလေသည်။

ဟောဒီ နှာတံကလေး၊ မျက်လုံးကလေး၊ မျက်နှာကလေး စသဖြင့် မိမိကိုယ် အင်္ဂါအစိတ်အပိုင်းကလေးများကို တစ်ခုစီတစ်ခုစီခွဲခြား၍ သိဒ္ဓိတင်နေသော သိန်းဟန်၏ ရူပဗေဒကထာ စကားကလေးများသည် တကယ့် တကယ်ဆိုတော့ ဘဝင်သွေးမြောက်အောင် မသိမသာမြှောက်ထိုးပင့်ကော် လုပ်နေကြသလိုရှိသည်။

"ခက်တာပဲ ကိုသိန်းဟန်၊ အမာ စိတ်ညစ်လာပြီ"

အမာကြူက နားသယ်စကို ရှုံ့ရှုံ့မဲ့မဲ့နှင့်ကုတ်ရင်း ညည်းလိုက်ရုံသာတတ်သည်။ တကယ်သာရက်စက်နိုင်လျှင် ပြတ်ပြတ်သားသား ပြောလိုက်ဖို့သာရှိသည်။ ယခုတော့ မျက်နှာသေကလေးနှင့် ပူဆာနေသည့် သိန်းဟန်ကို အဘယ့်ကြောင့် ဟု အတတ်မသိရဘဲနှင့် မကြည့်ရက်သလိုလိုဖြစ်သောကြောင့် တိုက်အပြင်ဖက်သို့သာ ငေးနေမိသည်။

"အမာရဲ့ ကိုသိန်းဟန်ကို အလိုလိုက်တယ်ဆိုတဲ့ ဂုဏ်ကလေးကို ယူစမ်းပါနော် နော် နော်လို့၊ သနားတယ် မဟုတ်လား၊ နို့ဖြင့် အမာက ဘာဖြစ်လို့ ဘာဖြစ်လို့ ကိုသိန်းဟန် မနေနိုင် မထိုင်နိုင် ချစ်ချင်အောင် လှနေသေးလဲ၊ ကဲ နောက်ပြီး

www.burmeseclassic.com

ကိုသိန်းဟန်ကို ချစ်တယ်လည်းဆိုသေးရဲ့၊ ဒီနေ့ညတော့ ဘာပဲဖြစ်ဖြစ် မာတင်ဖွဲ့မျိုးနဲ့ကပ်နေမှာပဲ မပြန်ဘူး၊ မပြန်ဘူး၊ ကိုယ်တော့ အမာ့အိပ်ရာထဲမှာ သွားအိပ်နေတော့မယ်။"

သိန်းဟန်က ပြောပြောဆိုဆို ဇွတ်တရွတ်လုပ်ကာ အမာ့အိပ်ခန်းဆီသို့ သွားတော့မည်တကဲကဲဖြစ်နေသောကြောင့်

"အို ဒါက ဘယ်ကိုလဲ၊ ကြည့်စမ်းပါဦးနော်၊ ခက်လိုက်တာ။ သီချင်းတက်မိတာ ခွကျတာပဲ" ဟု ဇွတ်အတင်း ဆွဲနေရသဖြင့် ငိုမဲ့မဲ့ကလေးဖြစ်လာလေ၏။

"ကိုသိန်းဟန်ကို ဒီလောက်မှ အလိုမလိုက်ချင်ဘူးလား အမာရဲ့"

"အလိုလိုက်ရင် ကိုသိန်းဟန်က အမိုက်စော်ကားလာမှာကိုး"

"ဒါ စော်ကားတာမှမဟုတ်ဘဲ၊ ချစ်လို့ပဲဟာ"

"ချစ်တာလဲ စော်ကားတာမျိုးပဲ မဟုတ်လား"

ထိုကဲ့သို့ နှစ်ယောက်တည်း တကြိတ်ကြိတ် တတိုးတိုး ရုန်းသူကရုန်း၊ ဆွဲသူက ဆွဲနေကြစဉ် အမာကြူ၏မိခင်ကြီး ချောင်းတစ်ချက်ဟန့်သံကြားလိုက်သောကြောင့် နှစ်ယောက်သား အကြံရကျပ်၍ မတ်တပ်က ငြိမ်သွားကြပြန်လေ၏။

မိန်းမများသည် ယောကျ်ားတွေထက် တဏှာပွတ္တိဉာဏ်သာသည်ဟု ဆိုကြ၏။ အချစ်ဓါတ်နှင့်ရစ်ပတ်ယှဉ်တွဲ မှိုင်းထဲတွင်မိနေသောအခါကား ယောကျ်ားနှင့်မိန်းမ မခြားနားကြတော့ချေ။ ထုံထိုင်းမှိုင်းအနေသည်သာများတော့၏။

ဤအခါအခိုက် အမာကြူသာ သတိရလိုက်ပါမူကား

"ဟောသည်မှာ မေမေ" ဟု မိခင်ကြီးအား အော်ခေါ်လိုက်ရုံမျှနှင့် သိန်းဟန်မှာ လက်နက်ချ၍ စစ်ပြေငြိမ်းသွားရပေမည်။ အကယ်၍ မိခင်ကြီးထွက်လာစေဦးတော့

"ဟဲ့ ဘာလဲ အမာ" ဟု မေးသည့်တိုင်အောင်

"ကိုသန်းဟန်က ပြန်တော့မလို့တဲ့ နှုတ်ဆက်နေတယ်" ဟူသော စကားချိုဖြေလိုက်ရုံမျှနှင့် သိန်းဟန်အဖို့ ချော်အလဲတွင် ရောထိုင်ရတော့ကာ ပြုံးတမဲ့မဲ့ မချင့်မရဲ တောက်ခတ်၍ တပ်ခေါက်ရတော့မည်ဖြစ်သည်။ ယခုမူကား

www.burmeseclassic.com

www.burmeseclassic.com

ဤတခ်ဏပွတ္တိဆိုသည်တို့မှာ မမုန်းနိုင်သော မေတ္တာတို့အကြား ဆွဲလားငင်လားနှင့် လွင့်ပါးပျောက်ပျက်ကြဟန်တူသည်။ မအေကြီးထွက်လာ၍ ပက်ပင်းပါမြင်မည်ကိုသာ စိုးရိမ်နေမိသောကြောင့်

"ကဲပါ ကိုသိန်းဟန် အမာ့ကိုသနားရင် ပြန်ပါတော့"

"မရက်စက်ပါနဲ့ အမာရယ်"

"ရက်စက်တာ မဟုတ်ပါဘူး ကိုသိန်းဟန် ကဲ ကဲ ဒါဖြင့် မနက်ဖြန်ကျမှ"

အမာကြူ၏ တခ်ဏပွတ္တိကား ယခုမှ မဆီမဆိုင် လက်ပံသားခါးနှင့်ချိုင်မိသည်။ အလွဲသုံးစားအသုံးချမိသည်။ ယခုလတ်တတော ဘေးအန္တရာယ်ကို ကာကွယ်ခြင်းမျှဖြစ်သည်။ မနက်ဖြန်ခါဆိုသော ရက်ချိန်းကား ကြိုးရှည်ရှည်နှင့်လှန်မည့် စကားနောင်ခါပေးတွေ့တိုင်းတောင်းဟူသောအကြွေးနှင့်တူလေရာ မနက်ဖြန်ခါ သိန်းဟန်လာလျှင် ဤကဲ့သို့ပင် စကားလက်ခံ၍ပြောဆိုခွင့်မှ ပေးတော့မည်မဟုတ်၊ ဒါမျိုးတွေကိုလည်း သိန်းဟန်ဆိုသော ယောကျ်ားတစ်ယောက်က အစင်းသားသိထားသည်။ သိသည်မသိသည်အပထား ယောကျ်ားဆိုသော သတ္တဝါ၏စရိုက်ကို မသိနားမလည်သေး၍သာ ဤကဲ့သို့ ကြိုးရှည်နှင့်လှန်လိုက်ခြင်းဖြစ်လေရာ ကမူးရှူးထိုး နွားသိုးကြိုးပြတ် ယနေ့ငွေ တစ်ကျပ်နှင့် မနက်ဖြန် ငွေတစ်ထောင်မလဲသော ယောကျ်ားတို့၏ စိတ်ကို သတိမထား၍သာဟု ဆိုနိုင်တော့ပေမည်။

"ဟင့်အင်း ဟင့်အင်း ခုပဲကိုယ့်ကိုမုန်းနေပြီမဟုတ်လား။ နက်ဖြန်ဆိုတဲ့စကားက ထမင်းရည်ပူလာလို့ လျှာလွှဲတဲ့ စကား နောင်ခါပေးတွေ့တိုင်းတောင်းလုပ်မလို့။ သိတယ် ဒီက"

သိန်းဟန်သည် စကားဆံးလျှင်ဆုံးချင်း စွတ်ခနဲနေအောင် အမာကြူ၏ အခန်းထဲသို့ ဝင်သွားလိုက်သောခဏ၌ပင်လျှင် မိခင်ကြီးလည်း လေကားဝသို့ ရောက်လာသည်ကို တွေ့ရလေ၏။

"သမီး ဘယ့်နှယ် တိတ်ချက်သားကောင်းလှချည့်၊ မောင်သိန်းဟန်ကော ပြန်သွားပလား" ဟု မေးလိုက်သောအခါ အမာကြူအဖို့ ဖြုန်းကနဲ မဖြေတတ်တော့ပေ။

www.burmeseclassic.com

"ဟဲ့ အမာ တစ်ယောက်တည်း ဘာငိုင်နေတာလဲ၊ အိမ်ရှေ့ကတံခါးတွေလည်း မပိတ်ရသေးပါကလား၊ မောင်သိန်းဟန်ကော မောင်သိန်းဟန် ပြန်သွားပလား" ဟု ထပ်၍ မေးလိုက်သောအခါ တရားသူကြီးက ခြိမ်းခြောက် ငေါက်ငမ်း၍ အစစ်ခံရသည့် တရားခံပမာ

"မေမေ ဟုတ်ကဲ့" ဟု နှုတ်မှ လွတ်ထွက်သွားလေ၏။

ဤသို့နှင့် မိခင်ကြီးကိုယ်တိုင် တံခါးများပိတ်ဆို့နေသောကြောင့် အမာကြူ၌ ငါးအရိုးမျက်နေသော လက်တို့ကဲ့သို့ မိမိအခန်းဆီသို့သာ လှည့်တကြည့်ကြည့် လုပ်ရင်း စိတ်ရှုပ်နေရလေ၏။ ခက်တာပဲ ငါ ဘယ့်နှယ်လုပ်ရပါ့မလဲ ဟူသော ပြဿနာသည် ဦးနှောက်တစ်ခုလုံး မွှေနှောက်ချောက်ချားနေလေ၏။

"ဒီလူဟာ ဖွတ်သမားကြီးပဲ။ တောက်တဲ့ကပ် ကပ်နေပြီ။ မေမေ့ကို တိုင်လိုက်ရကောင်းမလား။ အို ရှက်စရာကြီးပါလေ။ ဘယ်ပြောလို့ဖြစ်မလဲ"

ထိုအခိုက် "ဟဲ့ အမာ ဘယ်ငါ့နောက်ချည်းပဲ လိုက်နေရတာလဲ၊ သွားအိပ်ချည်တော့လေ" ဟူသော မိခင်ကြီး၏ အသံကိုကြားရမှ မိမိကား ယောင်တိယောင်ချာနှင့် မိခင်ကြီး၏နောက်ပါးက သွားလေရာ ကပ်လိုက်နေမိကြောင်း သတိရမိတော့သည်။

"သွားအိပ်ချေတော့လေ အမာ"

"အမာ ကြောက်တယ် မေမေရဲ့"

အမာကြူက လွှတ်ကနဲပြောလိုက်မိသည်။

"ဘာကြောက်နေရတာလဲ၊ ဘာဖြစ်လို့လဲ၊ ဩော် ဒီနေ့မှ ဘာဖြစ်နေတာတုန်း" ဟု အံ့အားသင့်ကာမေးမှ အမာကြူတွင် ကြောင်တက်တက်ကြီး ဖြစ်နေရှာသည်။

"အို အမာ ဘာမှမဖြစ်ပါဘူး"

"ဒါနဲ့ ကြောက်တယ်ဆို"

"ဟဲ ဟဲ ဟဲ အမာလိမ်တာ အလကား"

အမာကြူက ရှူးသလိုပေါသလို ကိုယ်ကလေးကို လှုပ်ရှားကာ လက်ချောင်းချင်း ပွတ်သီးပွတ်သပ် လိမ်ဖဲ့နေသောကြောင့် မူမမှန်သော သမီးငယ်ကိုကြည့်ရင်း

www.burmeseclassic.com

ဒေါ်ဖွားနှစ်တွင် တစ်စထက်တစ်စ သက်ာမကင်းနိုင်အောင် ဖြစ်လာသဖြင့် ထူးထူးဆန်းဆန်း ကြည့်နေမိလေ၏။

"ဟဲ့ ကောင်မလေး နင်ဘာဖြစ်နေတာလဲ ပြောစမ်း"

"သြော် မေမေကလဲ အမာ ဘာမှမဖြစ်ပါဘူးလို့ဆိုနေ"

"ဟင့်အင်း နင်တစ်ခုခုဖြစ်ရမယ် ဘာလဲ"

"အဟီး ဘာမှမဖြစ်ပါဘူး ကျွန်မ"

ဒေါ်ဖွားနှစ်ကား တိုး၍ထိတ်လန့်ကာ မသင်္ကာဟန်နှင့် စစ်ကြောနေရုံမျှမက ဖခင်လုပ်သူကိုပင် လှမ်း၍ ခေါ်ဦးတော့ မလိုလိုရှိလာသောကြောင့် အမာကြူတွင် ကြောက်အားလန့်အားနှင့် ချွေးပြန်လာလေ၏။

"မဟုတ်ပါဘူး မေမေရဲ့၊ အခုန ကိုသိန်းဟန်ကလေ"

"အင်း သိန်းဟန်က ဘာပြောသွားလို့လဲ"

"အမာ့ကိုလေ"

"အို ခက်လိုက်တာ ညည်းကိုဘာပြောသွားလို့လဲ ဘာလဲ ဘာလဲ"

"သရဲအကြောင်း တစ္ဆေအကြောင်းတွေ ယောဆရာကြီးအကြောင်းတွေ၊ နောက်ပြီး နောက်ပြီး စုန်းကဝေအကြောင်း တွေ၊ သူဖတ်တဲ့ဝတ္ထုတွေထဲကဟာတွေ ဟဲ ဟဲ ဟဲ အမာကြောက်လာတာနဲ့ မေမေ့ကို အဟိ"

အမာကြူက ကန္တဲ့ကလျ စိတ်မလုံသလိုလို တစ်လုံးချင်း လျှော့ချမှ ဒေါ်ဖွားနှစ်တွင် ကျေနပ်သွားမိသည်။ ဒေါ်ဖွားနှစ် ကျေနပ်သွားနိုင်သော အကြောင်းရင်းခံ ကလည်းရှိသည်။ သူကိုယ်တိုင် ကွယ်လွန်လေပြီးသော သမီးသည်အကြောင်းကို မျက်ရည်စက်လက်နှင့်ပြောဆိုကာ တက်သွားပြီးသည့် အခြားမဲ့၌ မောင်သိန်းဟန် သည် ကျန်ရစ်ခဲ့သောအမာကြူအား ပေလက်တာနံ သေလက်တာနံ ဆိုသော စကားစမျိုးနှင့် ဆက်စပ်၍ နာနာဘာဝ၊ ဝိနာဘာဝ၊ ဝိညာဉ်လောက အကြောင်းမျိုးကို ပြောသွားနိုင်ပေသည်။ ဤသို့ပင် တွေးယူလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"တယ် ဒီအကောင် နောက်တဲ့ကောင်ပဲ၊ မိန်းကလေး လိပ်ပြာငယ်ရတဲ့အထဲ ဘယ်က မဟုတ်တရုတ်တွေ ပြောသွား ရပါလိမ့်၊ အလကားသမီး၊ အလကား သွား သွားအိပ်ချည်၊ အိပ်ရာဝင်မှာ ဘုရားပုထိုးရှိခိုး ကြားလား၊ ဒါတွေကို အရေးစိုက် စရာမှတ်လို့၊ လာ လာ မေမေ ခြင်ထောင်ချပေးမယ်" ဟု ပြောရင်း သမီးငယ်ကို ဖက်တွဲအားပေးကာ အိပ်ခန်းထဲ အရောက် လိုက်ပို့ပေးဦးမည်ပြုသည့်အတွက်

"အို ကိစ္စမရှိပါဘူး၊ ကျွန်မ မကြောက်ပါဘူး သွားပါတော့လေ။ အမာ မကြောက်တော့ပါဘူး" ဟု ပြောပြောဆိုဆို ဦးခင်အောင် မိမိကအရဲစွန့်၍ ဝင်ခဲ့ရသော်လည်း ဘီလူးကြီးစောင့်ရာသချိုင်းသို့ အရောက်လာခဲ့ရသည့် မယ်ကာကာပမာ ရင်တဖိုဖို ခေါင်းတကြီးကြီး ကြက်သီးမွေးညင်းထနေလေ၏။

သို့နှင့် မိခင်ကြီးဘေးမှ သီသီလေးလွတ်လာခဲ့ပြီးလျှင် မိမိ၏အထင်၌ ခုတင်ပေါ်တွင် ငုတ်တုတ်ကလေး ထိုင်နေလိမ့်မလား၊ ကွေးကွေးကလေး အိပ်နေလိမ့်မလားဟု အောက်မေ့ခဲ့သော သိန်းဟန်ကို ခုတင်ပေါ်၌မတွေ့ရသဖြင့် အံ့အားသင့်ကာ ဝမ်းသာသွားပြီးမှ မိခင်ကြီး၏ရန်ကိုကြောက်သဖြင့် တံခါးကွယ်၌ ပုန်းအောင်းနေကြောင်း ရိပ်မိတော့လေရာ ခုတင်ပေါ်တွင် လူကသာ ဟန်မပျက် ထိုင်နေရသော်လည်း စိတ်မှာမူကား ဆောက်တည်ရာမရနိုင်ရှာပေ။

လူခြေတိတ်သလိုရှိမှ ဘသားချောက တံခါးရွက်ကြားက ထွက်လာပြီးလျှင် ကြောက်ကြောက်ရွံ့ရွံ့နှင့် အနားကပ်လာ သောကြောင့် ငှက်ကြီးဝန်ပိုကဲ့သို့သော သိန်းဟန်၏ခြေလှမ်းနှင့် အမူအရာမှာ ကြောက်စရာကြားက ရယ်စရာကြီးတစ်ခု ဖြစ်နေလေ၏။

"အမာ့ကို သနားရင် ခုနေပြန်ထွက်သွားပါလား ကိုသိန်းဟန်ရယ်"

"ဒီလောက်တောင်ပဲလား အမာရယ်၊ အမာ့ကို ကိုက်မစားပါဘူး။ လူနဲ့ လူချင်းပါ။ ကြောက်စရာမဟုတ်တာကို ကြောက်နေရင် ချစ်တယ်ဆိုတာ အလကားဖြစ်နေ မှာပေါ့၊ ဒီမှာ ကိုသိန်းဟန် ပြောပါရစေဦး။ ကမ္ဘာအစ ပထမကတည်းက အချစ်ကြောင့်ဖြစ်လာရတဲ့ လူတွေ၊ နတ်တွေ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်

www.burmeseclassic.com

www.burmeseclassic.com

တွေပါ၊ လောကမှာ အသက်ရှိတယ်ဆိုတဲ့ ပုဂ္ဂိုလ်မှန်သမျှဟာ အချစ်တုံး အချစ်ခဲတွေပါပဲ။ နောက်ဆုံးကုန်ကုန်ပြောရရင် အာသဝေါကုန်ခမ်းတဲ့ ဘုရား၊ ရဟန္တာတွေတောင်မှ အနုပါ ဒိသေသ နိဗ္ဗာန်မရောက်မချင်း ခန္ဓာဝန်လက်စ မသိမ်းသေးသမျှ အချစ်ကြောင့်ဖြစ်လာရတဲ့ အတ္တဘော ခန္ဓာကိုယ် ကြီးတွေကို ထမ်းရွက်နေရပါသေးတယ်အမာ၊ ကိုသိန်းဟန်တို့ အမာတို့ ဆိုတာတော့ အချစ်ရုပ်မှာ အချစ်နာမ်မကုန်သေး နိုင်လို့ ဟောဒီအချစ်ဘုံမှာ ရှက်ဖို့ကြောက်ဖို့ ဘာမှမလိုပါဘူး။ ချစ်တယ်ဆိုတဲ့စိတ်ကိုတော့ အမာမြင်အောင်ပြလည်း မပြနိုင်၊ မြင်လည်း မမြင်စကောင်းတဲ့ စေတသိက်မို့ အမာမသိတာနဲ့ ငြင်းနေတာပါ။ ပြများသာပြရရင် မြင်းမိုရ်တောင်ကော ဘာမို့လဲ မဟာသမုဒ္ဒရာတွေကကော ဘာမီလိမ့်မတုံး၊ နှိုင်းစရာ၊ တုစရာရှိကိုမရှိလို့ အမာကိုယ်တိုင်အံ့သြသွားမှာပါ။ ဒီတော့ အမာ ကိုယ်တိုင် သနားလာမှာမုချပါပဲ”

သိန်းဟန်ပြောသမျှစကားတို့မှာ အမာတစ်ခါမှ မကြားဖူးသေးသည့် စကား အထူးအဆန်းမျိုးဖြစ်နေသောကြောင့် သူပြောတာတွေ ဟုတ်များဟုတ်မလားဟု ထင်စားမိလေ၏။ သိန်းဟန်ကိုကြည့်လိုက်ရသောအခါ သနားစဖွယ် ညှိုးငယ် နေသည် ကိုလည်း မြင်ရလေ၏။

“အမာ ချစ်တော့ချစ်ပါတယ် ကိုသိန်းဟန်ရယ် ချစ်ပေမယ့်”

“ဘာဖြစ်သလဲ အမာ”

“ကြောက်လို့”

“အို ဟို ဟို မကြောက်ပါနဲ့တော့ အမာရယ်၊ ကိုသိန်းဟန်ချစ်တာကို ဘယ်လို လုပ်ပြရမလဲ၊ အသက်သေပြရမလား၊ ရင်နှစ်ခြမ်းခွဲပြရမလား”

ဤအချိန်ကား သိန်းဟန်က ပါးစပ်နှင့်သာပြောဟောနေသော အချိန်မဟုတ်တော့။ လက်ကလည်း ပခုံးကလေးကို ဖြည်းဖြည်းဆွဲယူ၍နေလေရာ အမာကြျွ ရေစီး သန်လှသော သံလွင်မြစ်ဖျားက တောသစ်တုံး မျှောချလိုက်သကဲ့သို့ စိတ်ထဲတွင် တလှုပ်လှုပ် တဆတ်ဆတ်ဖြစ်ရင်း တုံးတိုက်တိုက် ကမ်းတိုက်တိုက် ကတိုက်

www.burmeseclassic.com

ကရိုက် ကသောကမျော အချစ်ဟူသော ရေယဉ်ကြောတွင် မျောပါသွားလိုက်သည်နှင့်တစ်ပြိုင်နက် ဆံထုံးကလေးပေါ်မှ သဇင်ပန်းပွင့်ကလေးများသည် ခေါင်းမှမကျွာဘဲလျက် ခေါင်းအုံးကြီးပေါ်သို့ အခိုင်လိုက်ညွတ်ကျသက်ဆင်းလေရာ သိန်းဟန်တွင်မူ မိမိမျက်နှာအောက်က သနားစရာ သဇင်ခက်ကလေးကို မနမ်းရက် နမ်းရက် နမ်းလိုက်လေ၏။

ဆောင်းညသည် လောကကြီးတစ်ခွင်လုံးအား ငွေနှင်းသုန်သုန်ကြဲလျက်ရှိသည်။ မြောက်ပြန်လေညင်းသည် တဆွေ့ဆွေ့ခုန်၍ ဥဒဟိုပြေးလွှားကစားနေသည်။ ငွေကြယ်ပွင့်ကလေးများသည် ကတ္တီပါနက်ပြာ မျက်နှာကျက်ကိုကပ်၍ တစ်ဦးနှင့်တစ်ဦး မျက်စပစ်ကာ အရိပ်အကဲပြရင်း အတင်းပြောလိုဟန် လက္ခဏာရှိကြသည်။

"အမာ"

သိန်းဟန်၏ အခေါ် သာရှိသည်။

အထူးနှင့် အဖြေကား အမာကြူ၏ ငိုရှိုက်သံ။

× × × × × × × × × × ×

ရောင်ခြည်တစ်ထောင် အလင်းဆောင်သည်ဟု စာဆိုကြသောနေဝန်းသည် ငွေနှင်းမှုန်မှုန်ကြားမှ အားယူ၍ ချောင်းမြောင်းကြည့်ရှုနေရှာသည်။ သူ့မျက်နှာကြီးမှာ ရက်သွေးဖြန်းနေသလို နီမြန်းမြန်း၊ ဝါကြင့်ကြင့်၊ ပြုံးစိစိ၊ စပ်ဖြဲဖြဲဟု ထင်ရသည်။ အမာကြူမွေးထားသော သာလိကာမောင်နှံတို့မှာ တတွတ်တွတ် တစာစာ မာဂဓသံရင့်ကြွေး၍ အေးချမ်းသည့် နံနက်ခင်းကို ရွှင်လန်းစွာဆီးကြို၍ နေမင်းကို နှုတ်ဆက်နေကြသည်။ မိုးပေါက်က ရှုံးရသော အံ့မဆုံး နှင်းငွေရည်တို့နှင့်

www.burmeseclassic.com

အရှေ့မြောက်မှဧည့်သည်တော် ကိုလေပြည်သည် ပန်းရန့်များကို လက်ဆောင်သယ်ယူ၍ လောကွတ်လုပ်ရှာသည်။

အမာကြို့အိပ်ခန်းမှ ပြတင်းပေါက်တံခါးရွက်ကလေး တစ်ဖက်တစ်ချက်မှာ သူတို့အချင်းချင်းရင်ကြားစေ့ပုံမရ၊ ကိုလေပြည်ခြေထိုး၍ သွေးကွဲနေကြလေရာ ခန်းဆီးဇာပြာလဲ့လဲ့က ကူလှည့်ကြပါဟု လက်ယပ်၍ခေါ်သလို တဖှေ့ဖှေ့ တရမ်းရမ်းဖြစ်နေရှာသည်။

အမာကြို၏ စက်ရာခန်းကလေးကား တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေတုန်းပင်။

တစ်ယောက်အိပ်လည်းမက နှစ်ယောက်အိပ်လည်းမရသော စကောစက ခုတင်ပေါ်တွင် ရို့ရို့ယဲ့ယဲ့ တစောင်းလှဲ၍ မှေးမှိတ်နေရှာသူကား အမာကြို တစ်ယောက်တည်း။

လက်ယာနံပါး၌ ပြားချပ်နွမ်းခွေ ညှိုးငယ်နေရှာသည့် ပန်းသဇင်ငွေပွင့်ကလေးတို့သည် ရိုးဆင့်ဖူးတံ အနေမပဟန်တော့ဘဲ မကြွေတန်ဘဲနှင့်ကြွေရသည့်အလျောက်ဂုဏ်မမောက် မာန်မကြွားနိုင်တော့သဖြင့် သခင်မနှင့်အလားတူ ကံတူအကျိုးပေးအိပ်မွေ့ဆေးမပြယ့်တပြယ်လို ရှိရှာသည်။

ဒိုဘီသားမကျသော အိပ်ရာခင်းဖြူဖြူဖွေးကလေးမှာလည်း နေသားမရလှိုင်းထ၍ဂယက်ဖြာကာ မသက်မသာဖြစ်နေ ရှာလေ၏။

“မစုံသူခက်လှပေါ့၊ ကဏ္ဍရှာသီ၊ တစ်ကွက်မှ သာမကြည်တယ်၊ တစ်နာရီမနွေး” ဆိုသကဲ့သို့ ငွေနှင်းနှင့်ရောစ၍ လေညင်းကပါလောလိုက်သဖြင့် တစ်ကိုယ်တည်းကျန်ရစ်ခဲ့သည့် အမာကြိုတွင် မကြာမီ သိမ့်ခနဲ ဖြစ်သွားကာ မျက်ခွံကလေးကြွလာလေ၏။

ဦးစွာပထမ ဖရိုဖရဲ အဖော်နှင့်ကွဲနေရှာသော ခေါင်းအုံးကြီးတစ်လုံးကို မိမိခေါင်းရင်းနားတွင် တွေ့လိုက်ရသောကြောင့် သိန်းဟန်အားသတိမရဘဲ မနေနိုင်တော့ကာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီးမှ ညဘက်က မနက်ဘက်မကူးခင် အထူးတောင်းပန်၍ နှင်လိုက်သောကြောင့် မခွါချင် ခွါချင် ထွက်သွားပုံကို အာရုံထင်မြင်

www.burmeseclassic.com

လာတော့သဖြင့် ဤတွင်မှ မနက်ကြီးစောစော အတောမသတ်နိုင်အောင် လွမ်းသလိုလိုဖြစ်ရပြန်လေ၏။

ထိုနောက်တစ်ဖန် သဇင်ပျံငွေဥကလေးတို့က ကြွေစလုဒဏ်ရာနှင့် ပြန်လှန်ကာ တိုင်တန်းနေကြသလို မြင်ရပြန်သဖြင့် ဝမ်းနည်းပန်းနည်း ခေါင်းအုံးကြီးအနားက ကောက်၍ကိုင်လိုက်မိကာ ကရုဏာသက်သလိုဖြစ်နေလေ၏။

အမှန်ကလည်း ကရုဏာသက်ရပေမည်။ သဇင်သူ့ခမျာမှာ ငရုပ်သီးနှင့်ပေါင်းမိ၍ ကြက်သွန်ပါအထောင်းခံရသလို အမာကြိုခေါင်းပေါ်ရောက်မိ၍ အကြွေစောရ ရှာသည်။ အခြေလျှောရရှာသည်။ ပန်းကလေး၏ ညဦးကနှင့် လုံးဝမတူသော သဏ္ဍါရကို သံဝေဂတင်မိသည့်နောက် မိမိကိုယ်ကိုမိမိ ပစ္စဝေက္ခဏာ တင်ကြည့်လိုက်သောအခါ မသက်မသာ ရတက်ဖြာ၍ ရှက်စရာတစ်ခုကို အောက်မေ့ရသည့်နည်းတူ လူဇာတ်၌ နှစ်ဘဝပြောင်းပြီး ခန္ဓာကိုယ်တစ်ခုလုံး ဟောင်းနွမ်းခဲ့လေပြီတကားဟု ဝမ်းနည်းပက်လက်ဖြစ်ရပြန်လေ၏။

သို့သော် ဤကြားထဲက အချစ်၏အရသာ ပေမတဏှာက ပိုပိုသာသာကြီး တစ်မျိုးပေါ်အောင် နှိုးဆော်ကာ သတိပေးနေပြန်သဖြင့် အဓိကရကြီး စွဲသလိုလို ဖြစ်လျက် ညဦးသန်းခေါင်မှောင်မိုက်တွင် ခွင့်လွှတ်လိုက်မိတာကအစ သနားရတော့ မလိုလို အုံးစက်ရာယှဉ်တွဲ၍ တစ်ခုတင်တည်းနေခဲ့ရသောကြောင့် ပူနွေးမွှေးကြိုင် သော သိန်းဟန်၏ ရင်ငွေ့ပင် အခုထက်တိုင် နွေးနေမွှေးနေသေးသလိုလို။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ဖြစ်သဖြင့် လက်လွန်ချက် လွန်စေ ထွေလာကေလာ တီတီတာတာ ပလီပလာလုပ်သွားသော သိန်းဟန်၏ အယုအယအပြုအမူတည်းဟူသော သမုဒယတို့ကို ယခုညဆက်၍ နှစ်သက်စွာ နေချင်သလိုလို၊ အနီးလိုလို အနားလိုလို ဘာလိုလို ညာလိုလို ရင်တွင်းကဖိုလာပြန်သည်နှင့် နီးရာခေါင်းအုံးကြီးကို စိတ်ရှိလက်ရှိ ဘဝင်နှင့် ဆွဲဖိထားလိုက်မှ နေ၍ထိသလိုလို သက်သာရာရနိုင်တော့သည်။

ဤသို့ ဤပုံ နိုးနေလျက်နှင့် အိပ်ရာမှ မထချင်သောဝေဒနာဖြစ်နေစဉ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

"အမာ နေမြင့်လှပါပကော သမီးရယ်၊ မနိုးသေးဘူးလား"

မိခင်ကြီးအသံကိုကြားမှ တွေးနေသော စိတ်နှင့်ကွေးနေသော ကိုယ်ကို ကပိုကရိုပြောင်းလဲလိုက်ရရင်း အခန်းပြင် ဘက်သို့ထွက်ခဲ့ကာ မျက်နှာမိုးနှာသစ်၍ ကော်ဖီစားပွဲဝင်ထိုက်လိုက်ရသော်လည်း ခါတိုင်းကမူ အိပ်ရာကနိုးလျှင်နိုးချင်း အငမ်းမရ ဆာလောင်မွတ်သိပ်တတ်သော အကျင့်သည် ယနေ့မှ ထူးခြားစွာ ပြောင်းလဲသွားသည်ကို တွေ့ရလေသည်။

အိမ်ခေါင်းရင်းဘက်သို့ မျက်နှာမူကာထိုင်မိ၍ မြင်ရသော ဘုရားစင်မှ သဇင်ခက် ကလေးများမှာ ဆောင်းလေပြည် ပက်ဖျန်း၍ ညဥ့်ဦးကထက်ပင် လန်းနေလေသည်။ မနေ့က ညနေဘက်မှ တစ်ပြိုင်နက်ရသော သဇင်ပန်းချင်းတူစေကာမူ ဘုရားစင်မှ ပန်းမှာ ယုတ်မာညစ်ထေး ကိလေသာ အညစ်အကြေးတို့ကို ပယ်ခွါစွန့်အပ် မကပ်မငြိ သီလဝိသုဒ္ဓိဖြစ်တော်မူသော ဘုရားရှင်၏ အရဟံဂုဏ်တော်ကို ခိုလှုံ ခစားနေရသောကြောင့် လန်းသည်ထက်လန်းလာနိုင်လျက် ကာမဂုဏ်အချစ်ဆေး တည်းဟူသော အညစ်အကြေးတို့ကို ရစ်မှေး ပျော်ပါးလိုက်မိသော မိမိခေါင်းမှ သဇင်ပန်းများ၌သာလျှင် ညှိုးနွမ်းရိရော် ပန်းဖော်မဝင် သီလမစင်ကြယ်သည်၏ အဖြစ်ကို ဆင်ခြင် နှိုင်းစာစရာ ဖြစ်နေပြန်သောကြောင့်

"ငါ စိတ်အလိုကို လိုက်မိလေခြင်း၊ ဟိရီဩတ္တပ္ပ ကင်းလိုက်မိလေခြင်း" ဟု မိမိ၏ မကောင်းမှုကိုဆင်ခြင်၍ ဩတ္တပ္ပသံဝေဂရလိုက်မိသည်။

မိမိကိုယ်ကိုပင် မသဒ္ဒါလောက်အောင် ဖြစ်နေစဉ် စန္ဒယားပေါ်ရှိ ငွေပန်းအိုးကလေး ထဲမှ သဇင်ခက်တို့ကလည်း မဆင်ရက်အောင် လန်းဆန်းနေသည်ကို တွေ့လိုက် ပြန်လေရာ

"သည်ဆောင်းဟေမန် မြောက်ပြန်လေညင်းဆော်တယ်ကို" ဟူသော သိန်းဟန်၏ သီချင်းကိုတက်ယူသီဆိုခဲ့ပုံနှင့် သိန်းဟန်တီးပုံ တွဲပုံ ဖက်ပုံ သဒ္ဒါရုံအစုစုတို့ကို သတိဆွပေးနေကြပြန်လျက် အတူယှဉ်တွဲ၍ ထိုင်မိကြပုံမှအစ စက်နိုးရိပ်

www.burmeseclassic.com

လယ်တွင် အကြိတ်အနယ် သစ္စာပြိုင်၍ မေတ္တာနှစ်ခိုင် လန်းခဲ့ကြသည်ကိုလည်း လွမ်းလောက်အောင် သွေးဆောင်နေကြ ပြန်လေ၏။

"ဟဲ့ အမာ ကော်ဖီသောက်လေ၊ ဘာငိုင်နေရပြန်တာလဲ"

မိခင်ကြီးကရုတ်တရက်အပြော အမာကြူက လတ်တလောပေးထားသည့် ကော်ဖီပူပူကို ယောင်တိယောင်ကန်းနှင့် မော့သောလိုက်မိရာ အာတွေ၊ လျှာတွေအပူလောင်သွားသဖြင့် ဖွီး ဖွားနှင့် ဣန္ဒြေမဆောင်နိုင်အောင် ပျာပျာလောင်လောင် ထွေးထုတ်လိုက်ရသည့်အခါ

"ဟဲ့ ဟဲ့ အမာ" ဟု မိခင်ကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

"ဩော် ဒီကလေးမ ညကတည်းက ဘာဖြစ်မှန်းမသိပါဘူး"

ဒေါ်ဖွားနှစ်ကပင် သူ့သမီးသူကြည့်ရင်း ညည်းတွားလိုက်ပြန်သည်။

"အမာ ဘာဖြစ်လို့လဲ မေမေရဲ့၊ ကော်ဖီကလည်း ပူလိုက်တာ"

သမီးက မိခင်၏မျက်နှာကို မော့မကြည့်ဘဲ မိမိ၏အဖြစ်ကို ရှက်စနိုး၍ ကော်ဖီသာအပြစ်တင်လိုက်မိသည်။ တကယ်ဆိုတော့ အပြစ်ရှိသူသည် အလကားနေရင်း ကိုယ့်လိပ်ပြာက ကိုယ့်ကို အမြဲတစေလှန့်နေလေသည်။

"အဲဒါခက်တယ်၊ အငွေ့တထောင်းထောင်းနဲ့ ကော်ဖီကို ပူမှန်းမသိတာ၊ ဘာဖြစ်သလဲ နေမကောင်းဘူးလား၊ ညည်းကြည့်ရတာ နားဝေတိမ်တောင်နဲ့ ညကအိပ်ပျက်သလား"

ဒေါ်ဖွားနှစ်က သမီးငယ်၏နဖူးကိုစမ်းကြည့်ရအောင် လက်လှမ်းလိုက်မိသည်။

"ဘာမှမဖြစ်ပါဘူး မေမေရဲ့၊ မေမေကလည်း လူကို ကလေးလေးကျနေတာပဲ"

"သိပါဘူးတော် ညကများ အိပ်မပျော်လို့လားလို့၊ လန်းလန်းဆန်းဆန်းမရှိဘဲ ငိုင်တိငိုင်တိုင်နဲ့၊ ထတော့လည်း နေမြင့်မှ၊ ညီးဖေဖေတောင် စက်ထဲသွားပြီ"

ဒေါ်ဖွားနှစ်၏စကားမဆုံးမီ တိုက်ထဲသို့ ကမန်းကတန်းလျှောက်ဝင်လာသော ခြေသံကိုကြားရသဖြင့် နှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကြီးကြီး ကြီးကြီး ကြီးကြီး ဘယ်သွားပါလိမ့်" ဟု တဆက်တည်း မေးမေးရှာရှာ လာနေသော သိန်းဟန်ကို တွေ့လိုက်ရခြင်းအတွက် မနက်ကြီးစောစော ကသောကမျောဖြစ်လာပုံကို အံ့အားသင့်ရင်း အမာကြူ၌ အထိတ်တလန့် ဖြစ်သွားလေ၏။

"ဟဲ့ မောင်သိန်းဟန် ဘာဖြစ်လာတာလဲ၊ ဝင်ခဲ့လေ။ တို့ကော်ဖီသောက်နေတယ်"

ဒေါ်ဖွားနှစ်က ထမင်းစားခန်းထဲမှ လှမ်းခေါ်လိုက်သည်။ ဝင်လာလျှင်လာချင်း သိန်းဟန်နှင့် အမာကြူ မျက်လုံးချင်း ဆုံလိုက်မိသည်။ သိန်းဟန်က ပြုံးစစနဲ့ ဖြစ်သွားသလောက် အမာကြူက ရှက်သွေးကလေးဖြန်းကာ မျက်လွှာအောက်ချလိုက်မိသည်။ နံနက်ခင်း၏ အလင်းရောင်သည် မျက်နှာပူစရာအားပေးနေသည်။

"ကဲ ကော်ဖီသောက်"

သိန်းဟန်က အမာကြူနှင့် ကပ်လျက်ရှိသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် အမာက မျက်နှာကို မော့မကြည့်ဘဲ ကရားထဲမှ ကော်ဖီတစ်ခွက်ငှဲ့ပေးလိုက်မိသည်။ စေတနာသည် ဘယ်ကြိုဘယ်ကြားကထွက်လာကြသည်မသိ။ မျက်နှာကလေးက စူသလိုလို အိုသယောင်ယောင် ရှိနေပေမယ့် ဝတ်ကျေတန်းကျေမကသော ဗလဝသဒ္ဒါတရားသည် ဝဝကြီးသောက်စားတာကိုမှ ကြည့်ချင်ရှာသည်။

"မင်းဥစ္စာ ဘာဖြစ်လာတာလဲ၊ စောစောစီးစီး"

"ကျွန်တော် မော်လမြိုင်ကို အခုလိုက်သွားရမှာမို့"

"မော်လမြိုင်ကို ဘာကိစ္စတုံး"

မိခင်ကြီးကမေးနေစဉ် အမာကဆတ်ကနဲ ခေါင်းမော်၍ကြည့်လိုက်မိသည်။

"အို ကျွန်တော့်သူငယ်ချင်းတစ်ယောက် အလှူလုပ်လို့ အဲဒါလူကိုယ်တိုင် ညကလာခေါ်တာ တစ်ညလုံးကျွန်တော် အိမ်မပြန်တော့"

မူမမှန်သော သိန်းဟန်က လွှတ်ကနဲအပြော အမာကြူကသိမ့်ကနဲ့အဖြစ် ဒေါ်ဖွားနှစ်ကကွက်ကနဲ သိန်းဟန်မျက်နှာကို ကြည့်လိုက်ရာက

"ဟဲ နင်ညက ဒီကပြန်သွားတာအစောကြီးပဲ အိမ်မပြန်ရအောင် ဘာသိများ ကိုးချောင်းကိုးကျင်း လည်နေရလို့လဲ"

www.burmeseclassic.com

"ဟို ဟို ကျွန်တော့် သူငယ်ချင်းတစ်ယောက်နဲ့ အလည်လွန်နေကြလို့၊ ဟဲ ဟဲ ဟဲ"

"သြော် သြော် လက်စသတ်တော့ မော်လမြိုင်ကို လိုက်တော်မူမယ့်အကြောင်း လာနှုတ်ဆက်တာပေါ့လေ။ အင်း မင်းကိုများ လူကိုယ်တိုင် လာပင့်ရသကိုး"

"အကောင်းပင့်တာမဟုတ်ဘူး ကြီးကြီးရ၊ စန္ဒယားအတီးခိုင်းမလို့။ ခက်လိုက်တာ မရမက ဖွတ်အတင်းပဲ။ ခင်တာကလည်း ညီအစ်ကိုလောက်ခင်နေတော့ ငြင်းလို့ မကောင်းတော့ဘူး"

အမာကြူက နားသာထောင်နေရသည်။ သိန်းဟန်မော်လမြိုင်ကို လိုက်သွားမည် ဆိုတာတော့ကြားကတည်းက နားမချမ်းသာ မနာလိုတိုရှည် ဖြစ်နေမိသည့်အတွက်

"ဟိုကလည်းအတင်းခေါ် ကိုယ်ကလည်း တီးချင်လိုက်တာ နန့်နန့်တက်နေတာပဲ မဟုတ်လား၊ ဘာဟန်လုပ်ပြီး ငြင်းနေရသေးလဲ" ဟု ဝင်၍ ငေါ့လိုက်သောကြောင့် မိခင်ကြီးက ရယ်မောရင်း

"အို အေ၊ နာမည်ကကြီးတော့ တီးတာလည်း နားထောင်ချင်ကြမှာပေါ့"

"သူကိုယ်တိုင်ကလည်း ကြွားချင်ချင်ပါ မေမေရယ် အလကား"

"မကြွားချင်ပါဘူး အမာရာ ဟဲ ဟဲ ဟဲ ကျောင်းပိတ်တုန်း အေးအေးနေချင်တာပါ"

"တော်ပါ"

"ကဲ ကဲ ကော်ဖီသောက်ပါစေဦး သမီးရယ်၊ အေးအေး မနိုင်ရင်ကန်ဆိုတော့လည်း ကိုယ်ကဆောင်ရွက်ပေးမှ ကောင်းမှာကလား"

ဒေါ်ဖွားနှစ်က ပြောပြောဆိုဆိုစားပွဲမှထ၍ ထွက်သွားသောကြောင့် ဤတွင်မှ နှစ်ယောက်တည်းကျန်ရစ်သဖြင့် အမာကြူအတွက် စိတ်ရှိလက်ရှိ ပြောချင်တာတွေ ပြောရအောင်အခွင့်ရရှာသည်။

"ဒီ မော်လမြိုင်ကို မလိုက်ရင်မဖြစ်တော့ဘူးတဲ့လား"

"ဟွန်၊ ဘယ်ကောင်းမလဲ အမာရဲ့၊ သူ့ခမျာများက တမင်တကာ လိုက်စေ ချင်လွန်းလို့ လူကိုယ်တိုင် လာခေါ်တဲ့ ဥစ္စာ ကိုယ်က"

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ ဖျက်ပေမယ့်လည်း အပိုပါပဲ၊ သူကိုယ်က ရွှပိုးထိုးနေတဲ့ဥစ္စာ၊ ဟင်း တော်တော်ကြာသာ မော်လမြိုင်သူ ဖြူဖြူဖွေးဖွေးကြီးတွေနဲ့ တွေ့နေပါဦးမယ်။ ပြောလိုက်ပါပေရဲ့၊ အခုတော့ စိုးနိုင်သော်လည်း ပိုင်ခဲသည်ဆိုသလို မပိုင်ဝက်မွေး နေရသေးလို့ပေါ့။ နို့မဟုတ်များဆိုရင် သွားရပါလိမ့်မယ် အားကြီးကြီး"

အမာက မျက်စောင်းကလေး ခပ်စွေစွေ နှုတ်ခမ်းကလေး ခပ်စူစူ မကြည်ဖြူသလို ဆောင့်ဆောင့်အောင့်အောင့် ဖြစ်နေပုံကလေးမှာပင် သိန်းဟန်အဖို့ နှလုံးလေဟှော့ ဆွေမျိုးမေ့နေရတော့သည်။ ချစ်သဝန်ကြောင်သော စကားကလေးမျိုးကား ချစ်ဦး ချစ်ဖျား ချစ်စခင်စ ကြင်နာစမျိုးတွင် သကြားမှာ ဆား အသင့်အတင့် ခတ်လိုက်သကဲ့သို့ ကျေနပ်စရာ လေးလေး ပင်ပင်ရှိပါပေသည်။

"ပြီးတော့ ဘယ်တော့ပြန်လာမှာလဲ"

အမာက ငေါက်ဆတ်ဆတ် အငေါ်တူးတူး။

"ကြာလှ ငါးရက်ပေါ့ အမာရယ်"

သိန်းဟန်ကတော့ ပျော့စိစိ အိညက်ညက်။

"ငါးရက်တောင်၊ အလှူကလေးသွားတာ ငါးရက်တောင်ဟုတ်လား"

ငါးရက်ဆိုတာ ဘာကြာတာမှတ်လို့ အမာကလဲ"

အမာသည် ပေါ့ပျက်ပျက်ပြောလိုက်သော သိန်းဟန်ကို စေ့စေ့ကြည့်မိကာ စကားဆွံ့၍ ရွံ့တွန့်တွန့်ဖြစ်သွားမိသည်။ ကိုယ်ကတော့ 'ငါးရက်တောင်'၊ သူကတော့ 'ငါးရက်တည်း' သဘောချင်းကွဲပုံက ဝမ်းနည်းစရာကောင်းလှသည်။ 'အင်း ယောကျ်ား၊ ယောကျ်ား' သို့ကလို့သာ ညည်းလိုက်မိ၍

"အခုတော့ ပြောနိုင်ပြီကို၊ ပြောပေါ့ပြော၊ ဒီလိုဈေးကျရာ ပျော်ချင်တဲ့ကြက်လို ပေါ့ပျက်ပျက်နေချင်ရင် ဘာဖြစ်လို့ လူကိုဒုက္ခပေးရသေးသလဲ ကိုသိန်းဟန်ရယ်။ ခါတိုင်းလို အေးအေးနေပါတော့လား။ အခုတော့ မရကုတ်ကတ် သူများတို့ စိတ်ဆင်းရဲအောင်လုပ်ပြီးတော့"

www.burmeseclassic.com

အမာ့အသံသည် စကားမဆုံးမီ တစ်ဝက်တစ်ပျက်က တုန်တုန်ယင်ယင် ဖြစ်လာတော့သည်။ မျက်ခမ်းကလေး နှစ်ဖက်က စမ်းရေစို့လာလျက် ပါးအို့ ကလေးများနီမြန်းလာကာ မျက်လုံးကလေးများပင် မျက်ရည်ယဉ်ဝေ့ဝေ့ဝဲနေ သောကြောင့် ခါတိုင်းထက်ကဲ၍ ရွှန်းစိုတောက်ပြောင် အရောင်တဖိတ်ဖိတ် ထွက်နေလေ၏။ တတုန်တုန် တဆတ်ဆတ်ဖြစ်နေသော နှုတ်ခမ်းပါးကလေးကို မငြိမ်ငြိမ်အောင် ရေ့သွားဖြူဖြူဖွေးကလေးနှင့် ကိုက်ဖိထားလိုက်ရသည်။

သိန်းဟန်သည် သူ့အယူအဆနှင့် သူ့စကားမှားသွားမှန်းသတိရ၍ ငိုင်နေရုံသာ တတ်သည်။ ဘယ်ကစ၍ ဘယ်လို ချော့ရမည်ကို တွေးနေဟန်ရှိသည်။ မိန်းမပျို ကလေးတစ်ဦး၏ မွေးနေ့မင်္ဂလာပွဲအတွက် သွားရန်ကိစ္စကို သူငယ်ချင်းအလှူဟု အဘယ့်ကြောင့် လိမ်လွှဲပြောမိသည်ကိုလည်း သူ့ကိုယ်သူနားမလည်လိုက်မိ။ အမာကြူဖြစ်ပုံနှင့် တွေးကြည့်လိုက်တော့ ယခုလို လိမ်လိုက်မိသည်ကိုပင် တော်သေး၏ဟု ဆိုရမည်။

မော်လမြိုင်သူ ဖြူဖြူဖွေးဖွေးကြီးတွေနဲ့လည်း တွေ့နေပါဦးမယ်ဟု ပြောကတည်းက ကျော်သန်း၏နမ မြင့်ကို မျက်စိထဲ ပြေးမြင်လိုက်မိသည်။ ကိုယ်မြင်သလို အမာသာ မြင်လိုက် သိလိုက်ပါမူကား ယခုထက်စိတ်မချနိုင်စရာ၊ စိုးရိမ်စရာတွေ ခံစားနေရပေဦးမည်။ သို့ပေမယ့် မိန်းကလေးပီပီ စိတ်မချနိုင်တာသာရှိသည်။ ကိုယ့်အတွက်ကတော့ အမာကလွဲလျှင် ဖွဲနှင့် ဆန်ကွဲဟု မပြောဝံ့စေကာမူ လတ်တလောအားဖြင့် အမာ့တစ်ယောက်တည်းသာ ချစ်နေမိသည်။ နောက်ကို လည်း အမြဲချစ်နေမှာ သေချာသည်။ အမြဲချစ်နေစရာကောင်းသော အမာ။

သိန်းဟန်က ဤလိုတွေးနေစဉ် အမာကတော့ ငေးနေမိသည်။ မိန်းမများက ရှေ့ကပြေးသူဖြစ်၍ ယောကျ်ားများက နောက်ကလိုက်ဖမ်းရသူများဖြစ်ကြသူဟူသော စကားမျိုးမှာ အချစ်ရည်မလည်ခင် သူစိမ်းပြင်ပြင်ရေပြင်ပြင်ဘဝက မှန်သော ပြယုဂ်စကားဖြစ်သော်လည်း လွန်လွန်ကျူးကျူး အချစ်ထူးဖြင့် မူးရူးရှပ်ပတ်၍ ဇာတ်ရည်လည်လာသောအခါတွင်မူကား ထိုစကားသည် ပြန်ပြောင်းကာ ပြောင်းပြန်

www.burmeseclassic.com

ဖြစ်လာရသည်။ ရှေ့ရေးကိုတွေးတောတတ်သော မိန်းမလိမ္မာ သဘာဝမှာ အဖမ်းကို ရှောင်၍ အရှောင်ကို ဖမ်းတတ်ရမည်ဖြစ်သည်။

"ကိုသိန်းဟန်"

"ဟင်"

"အခု ကိုသိန်းဟန်လက်ချက်ဟာ ဘယ်အထိ စူးနေပလဲဆိုတာ သတိထားမိရဲ့လား"

"ဩော် အမာကလဲကွယ်၊ ကိုယ်ကဖောက်ပြားမှာမို့လား"

"မဟုတ်ဘူးလေ၊ အမာပြောပါဦးမယ်၊ အစက ကိုသိန်းဟန်ကို အမာ အတန်တန် တောင်းပန်ခဲ့တယ်"

"ဟုတ်ပါတယ် အမာရဲ့"

"အတန်တန်တောင်းပန်ပါလျက်နဲ့ နိုင့်ထက်စီးနင်း သူ့နိုင်ငံမင်း မင်းမူပြီး ရူးဆေး တိုက်ခဲ့ပြီးတော့မှတော့ အမာဖြင့် ဘယ်နေရာသွားသွား စိတ်မချနိုင်တော့ဘူး။ အမာနဲ့ ကိုသိန်းဟန် ဒီလိုက ဒီလို ချစ်နေကြပါပြီဆိုတာ သတင်းစာထဲထည့်ပြီး မဏ္ဍပ်တိုင် တက်နိုင် တက်ဝံ့သေးတဲ့အခါမျိုးလည်း မဟုတ်သေးတော့ အမာရဲ့ ဘဝဟာ ကိုသိန်းဟန်ရဲ့ စိတ်တစ်ခုတည်း မှာသာ တည်နေရတော့တာပဲ"

အမာက သက်ပြင်းကလေးတစ်ချက် မှုတ်ထုတ်လိုက်ပြီး။

"ဩော် မိန်းမ မိန်းမ မိန်းကလေးများဖြစ်ရတာ တယ်ပြီး အကြောင်းဆိုးပါကလား။ နောက်ပြီး ကျောင်းပိတ်တာကမှ ဆယ်ရက်လောက်ရယ် ဟိုကပြန်လာတာနဲ့ ရန်ကုန်ပြန်ရမှာနဲ့ ဒီက မျက်စိအောက် နားအောက်မှာ နေစေချင်တိုင်း နေရဖို့ ရှိတော့မှာလည်း မဟုတ်ပါဘူး" ဟု ဝမ်းနည်းပက်လက် ပြောသောအခါ ကိုသိန်းဟန်ကိုယ်တိုင် နောက်ဆံတင်းလာမိသည်။

"ဟုတ်ရှာသားပဲ။ ကျောင်းပိတ်တဲ့ရက်ကလေးကုန်အောင်တော့ နေစေချင်မှာ ပေါ့လေ။ ငါလိုက်ပါ့မယ်လို့ ဝန်ခံလိုက်မိတာ မှားတာပဲ။ ငါ့ကိုဒီလောက်ချစ်နေတဲ့ လူအပေါ် ငါစိတ်မကောင်းအောင် လုပ်သလိုကျနေပြီ" ဟု တွေးမိလေသည်။

www.burmeseclassic.com

"အိုကွယ် အမာကလည်း သွားရမယ့်လူ စိတ်မကောင်းအောင်။ ဒီကကော လိုက်ချင်လှလို့မှမဟုတ်ဘဲ။ စဉ်းစား ကြည့်ပါဦး၊ ညကတွေ့ရတာကလေးလောက်နဲ့ တင်းတိမ်နိုင်တဲ့ကောင်မဟုတ်ပါဘူး။ အမြဲချစ်နေချင်တဲ့ကောင်ပါ မာရဲ့"

"အင်း ညကတွေ့ရတာဟာ အမာ့ကို ဒုက္ခပေးမှာပဲထင်ပါရဲ့"

"ဟော ပြောရော့မယ် နိမိတ်မရှိ နမာမရှိ၊ မကောင်းတတ်လွန်းလို့ လိုက်ရမှာပါလို့ ပြောပါပကော"

"အေးလေ မောင်တို့က ယောကျ်ားကလေးပဲ နာဘက်ကမရှိပါဘူး။ ထသွားရင် ခြေရာလက်ရာ ကျန်ရစ်ခဲ့တာမှ မဟုတ်ဘဲ၊ မိန်းကလေးတွေမှာသာ တွေးရင် ပူစရာတွေ မဆုံးနိုင်တာ"

"ပူစရာတွေ တွေးနေရအောင် သူစိမ်းတရံဆံတွေလိုက်လို့ အမာရယ်၊ မိနဲ့ဖနဲ့ မကြာခင်နေရာချကြတော့မယ့် ဥစ္စာ၊ ဒီတစ်ခါပြန်လာရင် အမာကြိုက်တဲ့ သဇင် ပန်းတွေ အများကြီးဝယ်လာခဲ့မယ် သိလား၊ အမာကလည်း ကိုယ်ပြန်မလာခင် 'သည်ဆောင်းဟေမန်' ကို အကွက်ပိုင်အောင် ကျင့်ထားပေါ့၊ ညက ကိုသိန်းဟန် တီးပြတဲ့အကွက်တွေ မှတ်မိရဲ့မဟုတ်လား"

သိန်းဟန်က ထိုင်ရာမှထကာ အမာ့ပခုံးကလေးကို ကိုင်ကာ ယုယုယယ ပြောရှာသည်။

"ငါးရက်က ပိုမကြာနဲ့နော် ကိုသိန်းဟန်"

"အို မကြာဘူး၊ ငါးရက်တောင် အလွန်ဆုံး"

"ကိုသိန်းဟန် ဒါမှ ကျောင်းမဖွင့်ခင်ကလေးမှာ အမာနဲ့ တူတူနေရမှာနော်"

"အင်းပါ အမာရဲ့"

"အမာတော့ အမာ့ကိုယ်နဲ့ မောင့်စိတ်ဖြစ်ကုန်ပြီ"

"မောင်ကလည်း ဒီအတိုင်းပါပဲဗျာ" ဟု ပြောပြောဆိုဆို ပါးကလေးပေါ် သို့ ကုန်း၍ ရှိုက်လိုက်သောကြောင့် အမာကြူတွင် မငြင်းမဆန် ပြုသမျှခံရင်း ဝမ်းနည်းသံ ကလေးနှော၍

www.burmeseclassic.com

"အရင့်အရင် မာနကြီးခဲ့သမျှ ခု မောင့်ခြေရင်းမှာ ပုံကျရတာပဲမောင်"

ထိုအခိုက် မိခင်ကြီးအသံကြားရသဖြင့် သိန်းဟန်ကလည်း ဣန္ဒြေရရ အမာကြူကလည်း ကျလုလု မျက်ရည်ကို သုတ်၍ မပူရုပ်ဆင်လိုက်ရလေသည်။

"ကဲ ရထားအချိန်နီးပြီ၊ ကျွန်တော်သွားပါဦးမယ် ကြီးကြီး"

"အေး အေး"

"သွားမယ် အမာ"

အမာကြူက ပါးစပ်မှအသံမထွက် ခေါင်းကလေးကိုသာ ပြုံးယောင်ယောင်ညိတ်၍ နှုတ်ဆက်လိုက်ရသည်။ မိခင်ကြီးရှေ့မှာ သိန်းဟန်အား ခပ်စိမ်းစိမ်းကလေး နေပြလိုက်ရသည်။

သိန်းဟန်တိုက်ထဲမှ ထွက်ချိန်လောက်တွင်

"ဩော် ရွှေဝါတို့ကို ရေလဲပေးဦးမှ" ဟု သာလိကာကလေးနှစ်ကောင်ကို ရမယ်ရှာ၍ အိမ်ရှေ့အရောက်ထွက်ခဲ့ မိသည်။ သို့သော် သာလိကာလှောင်အိမ်နားမရောက်၊ သိန်းဟန်ကျောခိုင်း၍ ထွက်သွားသော ပန်းခြံထဲက လမ်းကလေးသို့သာ မျက်စိက ရောက်သွားသည်။

"ကိုသိန်းဟန်"

"သိန်းဟန်က နောက်မှ အမာကြူအသံကြောင့် ခြေလှမ်းတုံ့သွားပြီး သမင်လည်ပြန် လှည့်ကြည့်လိုက်မိသည်။ တိုက်ဝတွင် တွေတွေကလေး ရပ်နေသော အမာကို သနားမိသည်။ ထို့ကြောင့် ကြင်နာစွာလက်ကို လှုပ်ယမ်း၍ နှုတ်ဆက်လိုက်မိသည်။ အမာကြူသည် တရွေ့ရွေ့ဝေးသွားသော သိန်းဟန်၏နောက်ပိုင်းကိုကြည့်ရင်း အဘယ်ကြောင့် နောက်ကလိုက်၍ ခေါ်ရသည်ကို စဉ်းစား၍မရ။

အမာသည် စိတ်လက်လေးလံစွာပြန်လှည့်ဝင်ခဲ့သည်။

တကိကိ တကဲကဲ အသံကြားမှ သာလိကာလှောင်အိမ်ကလေးနားသို့ ရောက်နေမှန်း သတိရသည်။ သာလိကာ ကလေးနှစ်ကောင်မှာ ခုန်ဆွခုန်ဆွနှင့် တန်းပေါ် တက်လိုက် အောက်ဆင်းလိုက် မြူးထူးနေကြသည်။ တစ်ကောင်တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

တို့လိုက်ဆိတ်လိုက်ကျီစယ်နေကြသည်။ တစ်ကောင်ကရှောင်ပြေးလျှင် တစ်ကောင်က အတောင်ကလေးဖြန့်ကာ ဖြန့်ကာ လိုက်နေသည်။

“အင်း စကားတတ်အောင်ဆိုပြီး သူတို့ကို တစ်ကောင်ချင်းခွဲမထားမိတာ တော်သေးတယ်။ ဟုတ်တယ်၊ ကိုယ်ချင်း စာကြည့်တော့ သူ့ခမျာမှာ မပြောတတ်ပေလို့၊ ပြောတတ်ရင် ငါ့ကို ဘယ်လောက်ရန်တွေ့လိုက်ကြမလဲ”

ဤသို့တွေး၍ကြည့်နေစဉ်မှာပင် သာလိကာနှစ်ကောင် လိုက်တမ်းပြေးတမ်း ကစားမှုကြောင့် လှောင့်ချိုင့်ထဲက ရေခွက်ကလေး မှောက်သွားတော့သည်။

“ဟယ် ရွှေဝါကလည်း ဆော့လိုက်တာ၊ ကြည့်စမ်း၊ ရေခွက်တောင် မှောက်ကုန်ပြီ၊ ဟောဒီကောင် ဟောဒီကောင် နင်အထီးနဲ့တူတယ်။ နင် တော်တော်ကဲတယ်”

အမာသည် ရေရွှတ်ရင်း တံခါးကလေးဖွင့်ကာ အထဲက ရေခွက်ကိုနှိုက်လိုက်သည်။ မိမိတို့ကို ညှင်းဆဲရန်မူတော့မလို့ ထင်သလားမသိ။ သို့မဟုတ် ကျဉ်းကျဉ်းကျုတ်ကျုတ် အချုပ်နှောင်ခံနေရသည်ကို အာဃာတ ထားလေသလား မပြောတတ်၊ သာလိကာအကြီးကလေးက အမာ၏လက်ကို ဆက်ကနဲ ဆွဲဆိတ်လိုက်လေရာ အမာက အမယ်လေး ဟု လန့်၍ လက်အရုပ် ထိုငှက်ကလေးသည် စွတ်ကနဲ လှောင်အိမ်မှ ထွက်၍ ပျံပြေးလေတော့သည်။

“ ဟယ် ဟယ် ”

ရုတ်တရက် အမာကြုံလိုက်၍ဖမ်းပါသေးသည်။ လှောင်ချိုင့်တွင်းဝယ် အနေကြာ၍ အတောင်ညောင်းနေသော သာလိကာကလေးကလည်း တိုက်တွင်းမှ ဖြုန်းကနဲတော့ မထွက်နိုင်။ သို့သော် ကျန်တစ်ကောင်ပါ လွတ်ပြေးဦးမည်ကို စိုး၍ လှောင်ချိုင့် တံခါးကလေးကို ပြန်အပိတ်ဖြင့် ဗျာများနေရလေရာ နောက်ဆုံး၌ကား အနှောင်အဖွဲ့မှ လွတ်အောင်ထွက်သွားသော ငှက်ကလေးကိုတော့ အမာကြုံ မမိလိုက်တော့ပေ။

အမာကြုံမှာ တစ်ခဏကလေးအတွင်း စဉ်းစားရင်း ငိုင်နေမိတော့သည်။

× × × × × × × × × × ×

www.burmeseclassic.com

သာလိကာလေး လွတ်သွားခြင်းနှင့် မောင်သိန်းဟန်ထွက်သွားခြင်းမှာ အကြောင်းချင်းမဆိုင်သော်လည်း အကျိုးချင်း မပြိုင်လာပါစေနှင့်ဟု မှိုင်ရာက ဆုတောင်းလိုက်မိသည်။ တကိကိ တကာကာ အော်မြည်ကာ ခုန်ဆွခုန်ဆွနှင့် ကျန်ရစ်ခဲ့ရှာသော သံချိုင့်ကလေးအတွင်းက သာလိကာဖော်မဲ့ကလေးကို မြင်နေရခြင်းမှာ အမာကြူအဖို့ ကသိကအောက်နိုင်လှသည်။ စနိုးစနောင့် ထင်မိသည်။ သူ့အဖော်ကတော့ လက်သပ်ကိုယ်ကျွတ် လွတ်ထွက်သွားလေပြီ။ လှောင်အိမ်မှ လွတ်ထွက်သွားပြီးသော ငှက်သူငယ်သည် ထိုလှောင်အိမ်သို့ ပြန်၍ရောက်ပါဦးမည်လော၊ ပြန်၍ဝင်ပါဦးမည်လော။

သာလိကာနှင့် သိန်းဟန်။

တွတ်တီးတွတ်တာ ပြောသည့်နေရာတွင် သိန်းဟန်သည် သာလိကာကလေးနှင့် တူလှဘိသည်။ သာလိကာကလေး နှင့်တူသော သိန်းဟန်ကိုယ်တိုင် အမာကြူ၏ အနှောင်အဖွဲ့မှ သာလိကာကလေးလိုပင် လွတ်ထွက်သွားသည်မှာ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်သာဖြစ်ပါစေတော့။

သိန်းဟန်၏ သံသဂ္ဂကို မနေ့ညကမှ ရင်းရင်းနှီးနှီးလက်ခံခဲ့ဖူးသည့်တိုင်အောင် မျက်စိအောက်မှ ထွက်သွားခါနီးတွင် သူ့ကိုတတွတ်တွတ် တတမ်းတမ်းမှာခဲ့ခြင်းမှာ မိန်းကလေးတန်မဲ့ အရှက်အကြောက်နည်းပါးလွန်း၍မဟုတ်။ အမြော်အမြင်ကြီးမားခြင်းကြောင့်သာဖြစ်သည်။ အမာကြူကား အပျိုကလေးစင်စစ်ဖြစ်လင့်ကစား လောကကြီး၏ ကမောက်ကမ အချစ်စစ်တို့၏ဒုက္ခ ဆိုသည်တို့ကို ကြားဖူးနားဝဗဟုသုတရှိခဲ့သည်။

ထို့ကြောင့်ပင် သိန်းဟန်က အခါခါအတန်တန် ‘ချစ်ပရစေ၊ အသနားခံသော်လည်း ငြင်းပယ်တော်မူအားတယ်’ လုပ်ခဲ့သည်။ လက်ပူးလက်ကြပ် မတွေ့မမိအောင် ရှောင်နိုင်သမျှရှောင်ခဲ့သည်။ အမျိုးမျိုးအဖုံဖုံသော ပရိယာယ်ဝေဝုစ်တို့ဖြင့် အောင်မြင်စွာတိမ်းခဲ့သည်။ ဤသို့တိမ်းရင်းရှောင်ရင်းက မရှောင်သာသည့်

www.burmeseclassic.com

လမ်းမြှောင်ကြားတွင် ညားဖြစ်အောင်ညားခဲ့ရပြီးမှတော့ အများသော မိန်းကလေးတို့၏ တံတွာ မူရာ မာယာ မလုပ်ချင်တော့ပေ။

ဆူးပေါ်ဖက်ကျလျှင်လည်း ဖက်ပေါက်၍ ဖက်ပေါ်ဆူးကျလျှင်လည်း ဖက်သာပေါက်ရသော သဘာဝကို အမြဲသတိထား မိသောကြောင့် ရှက်ကြောက်အားနာရမည်မှာ အပြစ်ကင်းစင်သော အပျိုစင်ဘဝကဖြစ်၍ အို့ပုန်းပူ လူမသိ ငုံးဆူလူမသိ၊ နှစ်ယောက်တည်း ချစ်မိပြီးမှ ဆိုလျှင်ကား မောင်မင်းကြီးသား၏စေတနာ၊ မေတ္တာပေါ်တွင်သာ မိမိ၏ အသက်နှင့်အရှက် အကျိုးဆက်ဖြစ်နေကြောင်း ကောင်းကောင်းကြီး စဉ်းစားမိသည်နှင့် တစ်ပြိုင်နက် မရှက်နိုင်မကြောက်နိုင် အချစ်နှင့်တကွသော သိန်းဟန်၏အတ္တဘောကို ပိုင်နိုင်ရန်သာကြိုးစားရပေတော့မည် ဟု သိထားလေသည်။

မည်သို့ပင်ဖြစ်စေ သိန်းဟန်ကား ထသွားလျှင် ခြေရာပျောက်နိုင်လောက်သည့်လူပျို၊ လွတ်လပ်သူတစ်ယောက်။ ဤသို့နှင့်နှင် တစ်လောကလုံးက ထင်ကြမြင်ကြပေမည်။ သိန်းဟန်လို လူပျိုမဆိုထားနှင့် မယားကြီးငုတ်တုတ်နှင့်ယောက်ျားတွေပင် မှားချင်လျှင်မှားကြသည်။ မိုက်ချင်လျှင်မိုက်ကြသည်။ လိုက်ချင်လျှင်လည်း လိုက်ကြသည်။ သူတို့ သူတို့ကား ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျသဘာဝကို ပြုံးပြုံးကလေးခံနိုင်သည့် ယောက်ျားမှ ယောက်ျား။

ဒါနှင့်တောင်မှ မိန်းမတို့မည်သည် ဆိတ်ကွယ်ရာအရပ်ကိုရလျှင် မကောင်းမှုကိုပြုမြဲဟု ဆိုခဲ့ကြသည်။ ဟုတ်ပါပေသည်။ ယောက်ျားတွေမှု မကောင်းမှုကိုပြုစရာဆိတ်ကွယ်ရာအရပ်ပင်မလို၊ ထိုဆိတ်ကွယ်ရာဆိုသောအရပ်ကို ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ လွတ်လပ်စွာပြုနိုင်ကြသည်မှာ မိန်းမတွေထက် တစ်ပန်းသာလျက်ရှိသည်။ ထို့ကြောင့် ယောက်ျားဆိုသူတွေကို လှေကားမှသုံးထစ်ဆင်းသွားလျှင် မိန်းမတွေက စိတ်မချရသည်မှာ ယထာဘူတကျပါပေသည်။

သို့ပါလျက် 'မရှိမကောင်း ရှိမကောင်းဘဲ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်သည်' ဟူသော စကားမျိုးသည် လည်းကောင်း၊ 'မိန်းမဆိုတာ ဆောင်းလေ

www.burmeseclassic.com

www.burmeseclassic.com

ပမာညီ၊ လေ့နှင့်မြင်းလို စီးနင်းသူနောက် လိုက်ပါကြသည်' ဟူသည်တို့ လည်းကောင်း ဏ္ဍတ္ထိဝက် ' နဒီဝက် ' စသည်တို့သည်လည်းကောင်း၊ စစ်တက် ယောကျ်ား မြွေသမားနှင့် ရေသွားခရီး၊ ဆင်စီးတမျှ စိတ်က ဘယ်ခါ မချရာသည် သဘာဝဆိုး မိန်းမမျိုး စသည့် ချိုးချိုးဖဲ့ဖဲ့ စာမျိုးစကားမျိုးတို့မှာ မိန်းမတွေကိုသာ ရည်ညွှန်းခဲ့ကြသည်။

ယောကျ်ားဆိုသူတို့၏ ပယောဂကြောင့် မတော်တဆမှားယွင်းခဲ့ကြသော မိန်းမသား တွေကိုသာ တစ်လင်က နှစ်လင်၊ တစ်ရည်းစားက တစ်ရည်းစားပြောင်းမိလျှင် မကောင်းတော့သလောက် လွယ်လွယ်ကူကူအထင်သေးကြသော ယောကျ်ား များအဖို့ကတော့ နတ်ပြည်၌ နတ်သမီး တစ်ဖက်ငါးရာထား၍ စံစားကြသည် ဆိုသည့် နတ်ယောကျ်ားတွေ၏ဘဝကို ချီးကျူး အားကျရှာသည်။ သုံးကုဋေ ခြောက်သန်းမျှသော နတ်သမီးတို့နှင့်တကွ သုဇာတာ၊ သုမာလာ၊ သုနန္ဒာ၊ သုစိတ္တာ ဟူ၍ မယားကြီး၊ မယားငယ် အသွယ်သွယ်တို့ကို ယှင်ငင်ခံစားသည့် သိကြားမင်း စည်းစိမ်တို့ကို လိုလားကြသည်။ ပဒေသရာဇ်ခေတ်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတွေပင် နန်းရ ဆောင်ရ မိဖုရားတွေသာမက ကိုယ်လုပ်တော်တွေ တရုန်းရုန်းနှင့် ထင်တိုင်း ကျင့်ခဲ့ကြသည်ကို ဂုဏ်ယူ၍ အမှတ်ပြုခဲ့ကြသည်။

ထို့ကြောင့် ထို့ကြောင့် အမာကြျသည် ယောကျ်ားထဲက ယောကျ်ားတစ်ယောက် ဖြစ်သော သူ့ရည်းစားသိန်းဟန်ကို ပူပန်မိသည်။

သိန်းဟန်ကား ရုပ်ချော၏၊ သဘောကောင်း၏၊ ခေတ်ပညာရှိ၏၊ ပိုက်ဆံ ချမ်းသာ၏၊ ထိုထက်လွန်သောဂုဏ်ထူးက တက္ကသိုလ်နယ်တစ်ဝိုက် တံခွန်စိုက် စန္ဒရားချန်ပီယံ အနုပညာသမားဖြစ်သည်။ ဂီတဆိုသော ဂီတသည် လူ့စိတ်ဓါတ်ကို အဆွဲဆောင်နိုင်ဆုံးဖြစ်သည်။ လူ၏စိတ်ဆိုရာ၌ ယောကျ်ား မိန်းမ မကျန် အကျုံးဝင်သောကြောင့် အချစ်စစ်မြေပြင်ဝယ် အထက်မြက်ဆုံးသော လက်နက် တစ်ခုဖြစ်ပေသည်။

www.burmeseclassic.com

အမာကြူသည် တစ်နေ့လုံး သိန်းဟန်အကြောင်းကိုသာ စဉ်းစားနေမိသည်။ စဉ်းစားတိုင်းလည်း သောကတွေသာ တစ်ခုပြီးတစ်ခုထပ်တွေးမိသည်။ ဒေါ်ဖွားနှစ်ကိုယ်တိုင် သမီးငယ်၏ထူးခြားပုံကို အရိပ်အကဲခတ်မိတော့သည်။

ဟုတ်သလောက် မထင်နိုင်လင့်ကစား ထင်သလောက်တော့ဟုတ်ရမည်ဟု အတပ်စွဲကာ သမီးငယ်အား ကိုယ်ချင်းစာ၍ သနားမိသည်။ ဒေါ်ဖွားနှစ်အထင်ကား ကလေးချင်းမေတ္တာရှိနေကြပြီဆိုသော အဆင့်အတန်းလောက်သာဖြစ်သည်။ ညဥ့်ဦးဘက်သို့ကူးခဲ့လျှင် မိခင်ကြီး၌ မနေနိုင်တော့ဘဲ

"ဟဲ့ သမီး နေမကောင်းလို့လား ညည်းကြည့်ရတာ ပျင်းစရာကြီးကိုအေ့၊ စန္ဒယား တီးပါဦး၊ ဟိုမောင်သိန်းဟန်ပြသွားတဲ့ သီချင်းလေးဟာလေ ဘာတဲ့"

"သည်ဆောင်းဟေမန်ပါ မေမေရဲ့"

"အေးအေး အဲဒီသီချင်းဟာ တယ်နားထောင်ကောင်းတယ်၊ ကျက်သရေရှိပါဘိသနဲ့၊ အဲဒါ ငါ့သမီး လည်လည်ပတ်ပတ်ကြီး တီးတတ်ရင်ကောင်းမှာပဲ"

"ကောင်းကောင်းတော့ မတီးတတ်သေးဘူး မေမေ"

"နည်းနည်းပါးပါး ကျင့်ရင်း တီးကြည့်ပါဦးလားကွယ် လာ လာ"

အမာကြူသည် မိခင်ကြီး၏ ကယုကယင်လုပ်မှုကို ရိပ်မိလိုက်သည်။ မောင်သိန်းဟန်စိတ်ကြောင့် မိမိတစ်နေ့လုံး ခပ်မှိုင်မှိုင်တွေတွေကြီး ဖြစ်နေသည်ကို ရိပ်မိရှာသည်နှင့်အမျှ သမီးကလေး စိတ်ပြေလက်ပျောက်မှုရအောင် စကားရောဖောရောနှီးနှောသည်ကို အမာကြူ မတွေးမိဘဲ မနေနိုင်။ မိခင်တို့၏ သက်ညှာသောကရုဏာကို မကြည်ညို မလေးစားဘဲ မနေနိုင်။

"ဒါတောင် မေမေ့ခမျာ ငါ့အဖြစ်မှန်ကိုမသိရှာလို့နော်၊ သိများသိလိုက်ရင် ဘယ်လောက်ရင်ထုမနာဖြစ်ရှာမလဲ" ဟု ယူကျုံးမရဖြစ်လိုက်ရသေးသည်။

ထို့ကြောင့် စန္ဒယားတွင် စိတ်ရောက်နေရသည်ကမှ နေသာထိုင်သာရှိဦးမည်ဖြစ်သောကြောင့် စိတ်ပါလက်ပါတီးရန် စန္ဒယားဆီသို့ထခဲ့ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com

ဝင်ထိုင်ကာတို့ကြည့်မိလေ၏။ စန္ဒယားပေါ်မှသဇင်ပန်းကလေးများကား လန်းဆန်း ရွှင်ပျတုန်းပင်။ လက်ဆောင်ရှင်ကား အဝေးသို့သွားခဲ့ပြီ။

"သြော် အမာ စန္ဒယားတီးမလို့လား၊ လုပ်စမ်း၊ လုပ်စမ်း နားထောင်ရအောင်၊ မောင်သိန်းဟန်ကလက်ထပ်သင်ခဲ့တာ သူ့အကွက်ကလေးတွေ ရလောက်ရောပေါ့"

ပြောပြောဆိုဆို ဝင်လာသူမှာ လာနေကျ ကိုဘသက်ပင်ဖြစ်သည်။ လူရိုးသလောက် အလိုက်ကမ်းဆိုးမသိ၊ ပြောမိပြောရာ လွှတ်ခနဲပြောလိုက်သည်။ စေတနာ မှန်သော်လည်း အမာကြူမှာ နာသာခံခက်မျက်ခနဲဖြစ်သွားရသေးသည်။

"အေးကွယ် ဒါကြောင့် တီးစမ်းပါလို့ ခိုင်းထားရတယ်" ဟု ဒေါ်ဖွားနှစ်က ဝင်၍ထောက်လိုက်သည်တွင် အမာကြူက ဘသက်ကို မကျေနပ်သလို ခပ်စူးစူးသာ ပြန်ကြည့်လိုက်ရရုံနှင့် လျစ်လျူပြုလိုက်ရလေတော့သည်။

ဘသက်နှင့် အမာကြူ၏အစ်မ အမာဖြူ အိမ်ထောင်ကျခါစအချိန်လောက်တွင် အမာကြူကား ကြွပ်ဆတ်ဆတ် ဆော့တော့တော့၊ နွဲ့ဆိုးဆိုးသော အပျိုပေါက် ကလေးသာဖြစ်သောကြောင့် ရိုသေရမှန်းမသိ၊ ကြောက်ရမှန်းမသိ၊ အစ်မက အလိုလိုက်၍ အချစ်ပိုသလောက်၊ ဘသက်အပေါ်တွင်လည်း ဆိုးခဲ့နွဲ့ခဲ့သည်။ ဘသက်ကိုယ်တိုင်ကလည်း မိမိ၏အလုပ်ရှင်၏ သမီးအထွေးလည်းဖြစ်ပြန် အစ်မနှင့်မိဘများကပါ ဝိုင်းဝန်မြှောက်စားပြန်သဖြင့် မိမိကသည်းခံရသည် သာမဟုတ်။ ပင်ကိုစိတ်ရင်းကလည်း ခင်မင်ထားသောကြောင့် ပွန်းတီးလာခဲ့ရ လေသည်။

"ကိုဘသက်ကြီး အမာ့ကို စိန်ကတီပါ အကျႌဝယ်ပေးစမ်းပါ"

"ကိုဘသက် ရန်ကုန်သွားရင် လက်ပတ်နာရီကလေးဝယ်ခဲ့ပါနော်"

ဤသို့ ပူဆာတိုင်း ဝယ်၍မပေးသည်ကမရှိ။ ကရိကထခံကာဝယ်၍ ပေးတတ် သောကြောင့်

www.burmeseclassic.com

"အို ကိုဘသက် ဘာတွေဝယ်လာရပြန်တာတုံး၊ ဒီကောင်မလေး ပူဆာတိုင်းသာ ဝယ်ပေးနေရရင် ဆုံးမှာမဟုတ်ဘူး" ဟု အစ်မဖြစ်သူကပင် ဝင်၍ ဟန့်တတ်သည့်အခါ

"အောင်မာ ဒါကလေးတွေလောက်ဝယ်ပေးရတာနဲ့ မွဲသွားတော့မယ့်အတိုင်း၊ တယ်ပြီး ခုမှနမြောရမှန်းသိနေ လိုက်တာ၊ မမကော မေမေတို့ပစ္စည်းတွေ မဖြုန်းဘူးလား" ဟု ကက်ကက်လန်အောင် ရန်တွေ့တတ်ပြန်သောကြောင့်

"ညည်းလိုချင်ရင် မေမေတို့ကို ပူဆာပါတော့လား" ဟု ပြောမိလျှင်

"ဩော် လက်စသပ်တော့ သူ့လင်ကလေးပိုက်ဆံကို ထိလို့ပြောနေတာကိုး၊ ကောင်းပါပြီတော် နောက်တစ်ခါ ပူဆာတော့ သဘောရှိပြောပါ၊ သူတို့ဟာကလေးများကျတော့ သိတတ်လိုက်တာ" ဟု ဆောင့်ဆောင့်အောင့်အောင့်လုပ်တတ်ပြန်လေသည်။

မောင်ဘသက်အဖို့ကတော့ အမာပြောသမျှ ပြုံး၍သာကြည့်နေတတ်သည်။ အလွန်ဆုံးပြောချင်လို့ပြောသည့်တိုင်အောင် အမာကြူအား အမြဲတမ်းခွင့်လွှတ်၍ သူ့ဘက်ကသာ ရှေ့နေလိုက်ပေးဖော်ရသည်။

"ဟဲ ဟဲ ဟဲ ဟုတ်သကွယ့်၊ ဟုတ်သကွဲ့၊ သူ့အစ်မတော့ သူ့တစ်ယောက်ပဲ နိုင်မယ့်သူရှိတယ်၊ အမာဖြူကလည်း ဟုတ်တယ်၊ ဟုတ်ပ ညီမလေးပဲဟာ သဝန်ကြောင်လိုက်တာလွန်ရော၊ တို့လိုများဖြင့် ပြောလို့ရရင်ရ မရရင် ဟစ်အော်ငိုပစ်လိုက်မှာခင်ဗျ" ဟု မြှောက်ထိုးပင့်ကော်ပြောတတ်သောကြောင့် ဤလိုအခါမျိုးတွင် မယားဖြစ်သူက

"ဟင်းနော် သူကပါ မီးလောင်ရာလေပင့် လုပ်နေပြန်ပလား၊ မိုက်သည်ထက်မိုက်အောင် အဆိပ်ပင်ရေလောင်းနေတာ ကောင်းတယ်များမှတ်နေသလား၊ သူ့အလိုလိုက်လွန်းလို့ ကောင်မလေး ကမ်းတက်နေတာ ဟင်း" ဟု တကယ် မျက်နှာထိ မျက်နှာထားနှင့် ကြိမ်းဝါးလိုက်သည့်အခါတွင်လည်း ဖြုံးဖြုံးဖြဲ စပ်ဖြဲဖြဲလုပ်နေရာက မျက်နှာပိုးသတ်၍ မခုတ်တတ်သည့် ကြောင်ကလေးလို

ဖြစ်သွားရပြန်လေသည်။ တကယ်ဆိုတော့ ဘသက်မှာ ကိုယ့်မိန်းမကိုသော်မှ အလိုလိုက်၍ အကြိုက်ကို ချော့ပေါင်းနေတတ်သည့် လူရိုးလူကောင်းကြီး တစ်ယောက်ဖြစ်ရှာသည်။

ထိုနေ့ညက စန္ဒယားတီးရန် ဘသက်ကိုယ်တိုင် အမာကြူအား ချော့မြှောက် ခိုင်းရပြန်သည်။ အမာကြူနှင့် မောင်သိန်းဟန်မှာ ပွန်းတီးရင်းနှီးလာကြသူပီပီ တစ်နေ့နေ့တွင် နှစ်ဖက်မိဘက နေရာချထားပေးကြရမည့် ချစ်သူအချင်းချင်း ဖြစ်ကြောင်းကိုလည်း တစွန်းတစရိပ်မိထားသည့်အတိုင်း မကြာမကြာလည်း အမာကြူနှလုံးလေဖော့အောင် မထိတထိနှင့် ကျီစား ချွတ်စွား ကစားလာခဲ့ လေသည်။ အမာကြူကမူကား ဘသက်က ကစားလိုက်တိုင်း ရှူးရှူးရှားရှားနှင့် ရက်ရမ်းရမ်း တတ်သည့်တိုင်အောင် ချစ်သူအတင်းစကားကြားရခြင်း၌ မရောင့်ရဲနိုင် အောင် ရှိရလေသည်။

"ကိုဘသက်ကြီး ဒီတစ်ခါ ရန်ကုန်ကို စက်ပစ္စည်းတွေ သွားဝယ်ရင် အမာ့ကို သဇင်ပန်း ရာထုပ်တစ်ထုပ်လောက် ဝယ်ခဲ့စမ်းပါ"

"အလို မဆီမဆိုင် လက်ပံသား ဓါးနဲ့ချိုင်လိုက်လေဗျာ။ ကျုပ်သွားရတာက အရောင်းအဝယ်နဲ့ ဖုတ်ပူမီးတိုက် ကတိုက်ကရိုက်ပြေးနေရတာ၊ မှာခြင်းမှာရင် ကျောင်းမှာဇိမ်နဲ့နေနေတဲ့ မောင်သိန်းဟန်ကိုမှာဖို့ကောင်းတာ။ ဟုတ်တယ် မောင်သိန်းဟန်ကဆိုရင် သဇင်ပန်းမပြောနဲ့ အာသာဝတီနွယ်နီနတ်ပန်းတောင် ခူးပေးမယ့်အကောင် ဟား ဟား ဟား"

"အို သိသားပဲ၊ ဒါတော့ ကိုဘသက်ကြီး ပြောဖို့မလိုပါဘူး"

" ဟား ဟား ဟား ဟား "

" ဟင်းနော်၊ ကိုဘသက်ကြီး "

"သိရက်သားနဲ့ လူကိုတင်စီးပြီး အဝယ်ခိုင်းရသေးသလား"

"အို မခိုင်းပါဘူး မခိုင်းပါဘူး၊ ဒီဇင်ဘာလ ကျောင်းပိတ်လို့ပြန်လာမှ သူ့ကို မှာလိုက်ရမယ်၊ ကဲ ဘာပြောဦးမလဲ"

www.burmeseclassic.com

www.burmeseclassic.com

"မပြောပါဘူးဗျာ၊ မပြောပါဘူး ဟဲ ဟဲ ဟဲ"

အဟုတ်ပင် အမာကြီးက မောင်သိန်းဟန်ကို စာတစ်တန် ပေတစ်တန်ပေး၍ သဇင်ပန်းအဝယ်ခဲ့ခိုင်းလိုက်သည်။ ယခုစန္ဒယားပေါ်က သဇင်ပန်းကလေးများ ပင်မဟုတ်ပါလော။ အို ပန်းကိုမြင်လျှင် ပန်းရှင်ကိုသတိရလှသည်။ ယခု သတိရပုံ မျိုးမှာ ထိခိုက်လှသည်။ ယခင့်ယခင်က တစ်ခါတစ်ရံသတိရစေကာမူ ပေါ့ပေါ့ ဆဆ။ ဒီကနေ့ည သတိရတာမျိုးကတော့ လေးနက်လွန်းအားကြီးလှသည်။ ဝတ္ထုထဲ၊ ရုပ်ရှင်ထဲ ရည်းစားကိုလွမ်း မျက်ရည်စက်လက်ကျခဲ့ကြသူများကို ပိုလွန်းလွန့် ဟု အထင်သေးခဲ့ဖူးသည်။ ရှုတ်ချခဲ့ဖူးသည်။ တကတဲတော် ဟု သရော်ခဲ့ဖူးသည်။ တို့များဖြင့် သည်လောက်ဟုတ်ပေါင်ဟု လှောင်ခဲ့ဖူးသည်။ ယခုတော့ ယခုတော့ မောင်မင်းကြီးသား မြွားချက်အသည်းတစ်ဝက် စူးဝင်ပြီး ကတည်းက ကျော့ချမှ ဓါးပြမှန်းသိသလို ခပ်ထိထိကလေး ခံစားရပါပြီ။ သိန်းဟန်အကြောင်းတွေကို အနုစိတ်၍တွေးနေရသည်မှာ အပျော်ကြီးပျော်၍ ဟစ်အော်ပြီး သီချင်းဆိုလိုက်ချင် သလိုလို၊ ဘဝင်ဖိုရာက လွမ်းတပြီး ဟစ်ငိုလိုက်ချင်သလိုလို၊ ငှက်ကလေးလို အတောင်ပေါက်ပြီး သူ့ဆီအရောက် လိုက်ကြည့် လိုက်ချင်သလိုလို။

"အို ခက်လိုက်ပါဘိ ကိုသိန်းဟန်ရယ်" ဟုသာ ညည်းလိုက်ချင်ရှာတော့သည်။

× × × × × × × × × × × ×

www.burmeseclassic.com

အမာ

ကိုသိန်းဟန်ကို စိတ်မဆိုးနဲ့နော် အမာ၊ ငါးရက်နဲ့ ပြန်လာခဲ့မယ်လို့ ပြောခဲ့ပြီးမှ ကတိပျက်ရတဲ့အကြောင်းကတော့ ကျိုက်ထီးရိုးဘုရားကို အားလုံးကဆွဲကြတာနဲ့ အတင်းငြင်းသော်လည်း မရနိုင်လွန်းလို့ လိုက်သွားရဦးမယ်ကွယ်။

အခုလောက်ဆို အမာမျှော်နေလိမ့်မယ်၊ ဒေါပွနေလိမ့်မယ်ဆိုတာ ကိုသိန်းဟန် တွေးမိပါတယ်ကွယ်။ ဒါကြောင့် ကိုသိန်းဟန် တောင်းပန်ပါတယ် အမာ၊ ကိုသိန်းဟန် လိုက်ချင်လွန်းလို့ လိုက်ရတာမဟုတ်ပါဘူးကွယ်။ အားနာစရာကြီး ဖြစ်နေလို့ မလိုက်ချင်ဘဲလိုက်ရတာပါ။ ကိုသိန်းဟန်လည်း အမာ့ကို အမြဲသတိရ၊ အမြဲလွမ်းလျက်ပါပဲ၊ ဒါပေမယ့် ကျိုက်ထီးရိုး ကပြန်လျှင် ကျောင်းကိုတိုက်ရိုက် တက်ရတော့မလိုဖြစ်နေတဲ့အတွက် ကိုသိန်းဟန်အပေါ် ခွင့်လွှတ်ပါတော့နော်။

ဒါမှ မကျေနပ်ရင် နွေရာသီကျောင်းရက်အရှည်ကြီးပိတ်တော့ အမာသဘောရှိ ရန်တွေ့ရအောင် ကိုသိန်းဟန်ပြန်ခဲ့ ပါ့မယ်ကွယ်။ ဒီတော့မှ ထုချင်သလောက် ထုပါနော်။ ကြီးကြီးတို့ပါ ကျန်းမာစေရန် ဆုတောင်းပါသည်။

သိန်းဟန်

"ဘယ်ကိုပေးဖို့လဲ ကိုကိုသိန်းဟန်"

"ဟင် သြော် မြင့်ကလဲ လန့်လိုက်တာ"

သိန်းဟန်သည် စာကိုအဆုံးသတ်ရေးပြီး၍ စာအိတ်တွင်ထည့်တော့မည်အလုပ် အနားကဖြုန်းကနဲ မေးလိုက်သည့် အသံကြောင့် လန့်သွားမိသည်။ လှည့်ကြည့် လိုက်တော့ မြင့်မြင့် ပြုံးပြုံးကလေးရောက်လာတော့သည်။

"ဟဲ ဟဲ ဟဲ ကိုသိန်းဟန်က ဘယ်သူ့ဆီစိတ်ရောက်နေသလဲမှ မသိတာ"

www.burmeseclassic.com

www.burmeseclassic.com

“ပြောရော့မယ် မြင့်ကဖြင့်”

“နို့ မဟုတ်ဘူးလား၊ အနားလူရောက်လာတာတောင်မှ မသိဘူးဆိုတော့”

“ဟဲ ဟဲ ဒါက အမှတ်တမဲ့ကိုးမြင့်ရဲ့”

“ဒီလောက်တောင်စိတ်ဝင်စားရအောင် ဘယ်များပေးဖို့ရေးနေလို့ပါလိမ့်”

“သြော် အိမ်ကိုပါ”

မောင်သိန်းဟန်က မရဲတရဲနှင့် ဖြောင်လိမ်လိုက်မိသည်။ အဘယ့်ကြောင့် ဤကဲ့သို့ မုသာဝါဒလိုက်ရသည်ကို သိန်းဟန် မစဉ်းစားမိ၊ ကြောက်၍လော၊ ရှက်၍လော သို့မဟုတ် ပြောရမှာ မတင့်တယ်၍လော၊ မည်သို့ပင်ဖြစ်စေ သိန်းဟန်ကား စိတ်ပါလက်ပါလိမ်၍ အရသာရှိပါဘိသည်။

မြင့်မြင့်တို့တိုက်သို့ သိန်းဟန်ယခုရောက်နေသောအကြိမ်မှာ ပထမအကြိမ် မဟုတ်ပါ။ ဒုတိယအကြိမ်၊ တတိယအကြိမ် လောက်ရှိပါပြီ။ မနှစ်နွေရာသီ ကျောင်းရက်ရှည်ကြီးပိတ်စဉ်က သူငယ်ချင်းကျော်သန်းဆွဲဆောင်မှုကြောင့် တစ်လ နီးပါးပျော်ပါးစွာလာ၍လည်ဖူးပါသည်။

သား သူငယ်ချင်းနှင့်ပတ်သက်၍ မုဆိုးမ မင်းကတော်ကြီးနှင့်သာမက သမီးလေးမြင့်မြင့်နှင့်ပါ မေတ္တာကူးစက် ရင်းနှီးလာခဲ့မိသည်။ မုဒုံကန်ကြီးသို့ ပျော်ပွဲစားထွက်ခဲ့ကြဖူးသည်။ ဘီလူးကျွန်းသို့ ဒူးရင်းသီးစား သွားကြဖူးသည်။ ကျိုက္ခမီသို့ ရေလည်ဘုရားဖူးသွားခဲ့ကြသည်။ မော်လမြိုင်သင်္ကြန် ကြမ်းတယ်ဆို၍လည်း ရေပက်ခံထွက်ခဲ့ကြဖူးသည်။

တစ်ခေါက်ထက်တစ်ခေါက် ရောက်လေ ရင်းနှီးလေ နေရာတကာတွင် ရဲရဲတင်းတင်း ဆွေမျိုးရင်ချာကဲ့သို့ ဖြစ်လာကြသည်။ ယခုနှစ် မြင့်မြင့်၏ ဆယ့်ရှစ်ကြိမ်မြောက် မွေးနေ့မင်္ဂလာပွဲကြီးတွင် စန္ဒယားတီးပေးပြီး၍ သူငယ်ချင်းဝတ္တာရား ကျေပွန်ကုန်ဆုံးသည့်တိုင်အောင် ပဲခူးသို့မပြန်ရသေး။ ကျိုက်ထီးရိုးဘုရားသို့ တပျော်တပါးကြီး သွားကြရအောင် အတင်း သွေးဆောင်ကြပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်သူပီပီ ဖြူဖြူတုတ်တုတ်ကလေးဖြစ်သော မြင့်မြင့်အား သတိထား၍ ကြည့်မိသည်မှာ ယခုမှဖြစ်လေသည်။ ယခင်ရောက်ဖူးခဲ့သော အခေါက်များထက် ထွားကျိုင်းစိုပြည်လာသည်ကိုလည်း သိသိသာသာကြီး မှတ်မိသည်။ ဒါထက် ယခင်အခေါက်များထက် နီးနီးကပ်ကပ်ရောရောဝင်ဝင်ဖြစ်လာသည်ကိုလည်း သိသိသာသာကြီး သတိထားမိသည်။

သိန်းဟန်ကား ရုပ်ချောလှသောသူမဟုတ်၊ လှတာမြင်လျှင် ချစ်ချင်သည့် အနုသယ အုံ့ပုန်း၊ ကိန်းအောင်းသည့် သာမန်ယောကျ်ား တစ်ယောက်သာဖြစ်သည်။ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးလိုလှသော မြင့်မြင့်ကို အရသာခံ၍ ကြည့်စရာ မျက်စိကလေး နှစ်ကွင်း ပါသည်။ ချိုသာသော ပီယဝါစာ လောကွတ်စကား ခပ်ဝဲဝဲ မော်ရွှေမြိုင် လေသံကလေးတွေကို ကြားရတိုင်း နှစ်သက်အောင် နားနှစ်ဖက်ပါသည်။ ပေါင်ဒါနံ့ကလေး တသင်းသင်း၊ ကိုယ်တွင်းနံ့ကလေး တကြိုင်ကြိုင်ကို ဂန္ဓာရုံလိုင်အောင် အာနာပါန သွင်းနိုင်သည့် နှာရင်းနှာတံလည်းပါသည်။ အဆုံးကို ဆိုရသော် သိန်းဟန်၏ ရူပက္ခန္ဓာ၌ ဝေဒနာက္ခန္ဓာဖြစ်စရာ အာရုံငါးပါး စလုံးမကင်းမဆိတ် မပိတ်မဆို့နိုင်သေးသည့် လုလင်တန်စို အညတြလူပျို ကလေးဖြစ်သောကြောင့် ပြစ်မှားမိသည်ကိုတော့ သိန်းဟန်သာ သူ့အပြစ်သူ သိခဲ့သည်။

သို့သော် စိတ်နောက်ကို ကိုယ်မပါစရာ အတွယ်အတာတွေကရှိ၍ တော်ပါ သေးသည်။ ပထမအတွယ်အတာကား ကျန်ရစ်ခဲ့သည့် ရည်းစား အမာကြူ၏ သနားစရာမျက်နှာကလေးဖြစ်၍ ဒုတိယ ဆူးတပ်တံတိုင်းမှာ အချစ်ဆုံးသူငယ်ချင်း ကျော်သန်း၏ မျက်နှာဖြစ်ပေသည်။ အရိပ်ခိုခို အခက်ချိုးချိုး ဤမျှလောက်တော့ မဆိုးဝံ့ မယုတ်မာဝံ့ပေ။

"ကိုကိုသိန်းဟန် မလိမ်နဲ့နော်၊ တော်တော်ကြာ အမေ့ဆီ မဟုတ်ဘဲနဲ့ ရည်းစားဆီပေးတဲ့စာလည်း ဖြစ်နေပါဦးမယ် ဟဲ ဟဲ ဟဲ"

"ဟာ မြင့်ကလဲ ဟဲ ဟဲ ဟဲ"

www.burmeseclassic.com

"ဟုတ်တယ်လေ မြင့်တော့ ဘွင်းဘွင်းပဲကြိုက်တယ်။ ရည်းစားရှိ ရှိတယ်ပေါ့။ ဘာဖြစ်သေးလဲ၊ မင်္ဂလာဆောင်ရင် မြင့်တို့ ကောင်းကောင်း လက်ဖွဲ့ချင်လို့ ပြောနေတာပါ"

"အို မြင့်ကလဲ တောက်တီးတောက်တဲ့"

"ဒါဖြင့် ကိုကိုသိန်းဟန်မှာ ရည်းစားမရှိဘူးပေါ့လေ"

"အို ကျားကိုက်ပါတယ်ဆို နာတာရှည်လား မေးတာ ကျနေပါပြီ"

"မသိဘူးလေ၊ မနှစ်က ကျောင်းပိတ်တုန်းကတော့ တစ်လလောက် ကြာအောင် တောင် ပျော်ပျော်ရွှင်ရွှင်နေခဲ့ရဲ့သားနဲ့၊ ဒီတစ်ခါလာတော့ ချက်ခြင်းပြန်ချင်တာ ကျိုက်ထီးရိုးတောင်မှ မနည်းခေါ်မှ လိုက်မယ်ပြောတာ ပဲခူးသာပြန်ပြေးချင်နေတာ"

သိန်းဟန်ကား ပြုံးရုံသာပြုံးနေရတော့သည်။ ဤသို့ ပြောဆိုနေသောအချိန်ကား ဧည့်ခန်းတွင် ဒေါ်မြမေလည်းမရှိ၊ မောင်ကျော်သန်းလည်း အပြင်သို့ထွက်နေဆဲ အခါဖြစ်သည်။ ကာလသမီးနှင့် ကာလသား ဘယ်စကားက ဘယ်သို့ချီလျှင် ဘယ်ဆီကိုရည်ရွယ်ကြောင်း၊ကောင်းကောင်းကြီးသိသည့်တိုင်အောင်မောင်သိန်းဟန် အဖို့ကတော့ အိပ်ချင်ယောင်ဆောင်နေရ ပေတော့သည်။ ဒါပေမယ့် ခြစားသည့် မထွိုင်ကြာကြာမှ ခိုင်ပါ့မလား။

ထိုအခိုက် ခြံတွင်းသို့မောင်းဝင်လာသော ကားသံကို ကြားလိုက်ရသောကြောင့် မောင်သိန်းဟန်က မျက်နှာပိုးသတ် လိုက်သည့်အချိန်တွင် မြင့်ကလည်း သိန်းဟန် အပါးမှ မယောင်မလည်ခွါထွက်သွားလေသည်။ ကားတံခါးဖွင့်၍ ဆင်းလာသူမှာ ဝန်ထောက် ဦးစိုးမြင့်ဆိုသူဖြစ်သည်။ ဦးတပ်၍ခေါ်ရသော်လည်း အသက်မှာ သုံးဆယ်ကျော်ကလေးသာဖြစ်သည်။ မောင်သိန်းဟန်အနေဖြင့်ပြောရလျှင် ကိုစိုးမြင့်မှာ မင်းကတော်ကြီးနှင့် အတော်ပလဲနံပသင့်ကြသော မိတ်ဆွေရင်းချာ ဖြစ်သည်။ မင်းကတော်ဆုံးပြီးစ အရာရှိမုဆိုးဖို အရွယ်ကောင်းဖြစ်သော မော်လမြိုင်မြို့ခံ မျက်နှာကြီးပိုင်းက ဝိုင်း၍ဂရုစိုက်နေကြသော ထင်ပေါ်သူ တစ်ဦးဖြစ်သည်။ မြင့်ကိုပင် ချိန်နေသောအရိပ်အကဲမှာ သိန်းဟန်အဖို့ မရိပ်မိဘဲ

www.burmeseclassic.com

www.burmeseclassic.com

မနေသာ။ သိန်းဟန်က ဤသို့ ရိပ်မိသလို ကိုစိုးမြင့်ကလည်း မြင့်၏မွေးနေ့တွင် သိန်းဟန်နှင့် မိတ်ဆက်သိကျွမ်းရပြီးသည်ကစ၍ သိန်းဟန်၏ အရိပ်အကဲကို စောင့်ကြည့်နေပုံရှိသည်။ ကောလိပ်ကျောင်းသား ဂီတသမားက ကြားက ဖြတ်သုတ်သွားမည်ကို မလိုတမာ ရှိနေသည်။

သိန်းဟန်၏ စန္ဒယားလက်သံကို အများကဝိုင်း၍ချီးမွမ်းနေကြသည့်အချိန်မျိုးတွင် "အင်း တူရိယာဂီတဆိုတာ အပျင်းပြေလောက်ပဲ သဘောထားဖို့ကောင်းတာကလား၊ တကယ်ဆိုတော့ စီးပွါးဖြစ် နိုင်တဲ့ ပညာမဟုတ်ပါဘူး" ဟု လေသံပစ်တတ်သည်။

"ဒီဝါသနာမျိုးဟာ တယ်ပြီးစိတ်လေတတ်တာပဲ" ဟု ချီးမွမ်းခြေကျောက် ပြောသံကြားကတည်းက သိန်းဟန်သည် ကိုစိုးမြင့်အပေါ် တော်တော်ချဉ်ခဲ့ဖူးသည်။

"သြော် မြင့်တစ်ယောက်တည်းလား"

ဧည့်ခန်းသို့ဝင်ဝင်ချင်း ကိုစိုးမြင့်သည် သိန်းဟန်ကို တစေ့တစောင်းကြည့်ကာ မသက်သာသလို မျက်နှာရိပ်နှင့် မြင့်ကို ကွက်၍နှုတ်ဆက်လိုက်လေသည်။

"အန်ကယ်ကလည်း ကိုသိန်းဟန်တစ်ယောက်လုံးတောင် မမြင်တော့ဘူးလား ဟဲ ဟဲ" မြင့်က ရယ်သွမ်းကလေး သွေး၍ ငေါ့တော့တော့ ဧည့်ခံလိုက်သည်။ စင်စစ်အားဖြင့်ဆိုရလျှင် မြင့်သည် သူ့အထင်ကြီးသော မောင်သိန်းဟန်အား အထင်သေးနေသူဖြစ်သောကြောင့် ကောင်းကောင်းမျက်နှာကြောမတည့်။

"သြော် မြင့်ကလဲ အိမ်သားထဲက တစ်ယောက်ယောက်ကိုပြောတာပါ၊ မောင်သိန်းဟန်တော့ အမြင်သားပေါ့၊ သူက ဧည့်သည်ပဲဟာ မဟုတ်ဘူးလားကွာ မောင်သိန်းဟန်"

လိမ္မာပါးနပ်သော လူကြီးလူကောင်းပီပီ မျက်နှာကို သကာဖုံး၍ ခပ်ပြုံးပြုံး ဆက်ဆံလိုက်သည်။ မြင့်အဖို့ပြောရလျှင် အရာရှိ အရာခံဖြစ်သော်လည်း အသက်ကြီးသော မုဆိုးဖိုကို အချစ်ပိုဖို့ ခက်ခဲနေသည်။ တက္ကသိုလ်ကျောင်းသားဆိုလျှင် အဆုံးအဆမရှိ တက်လမ်းရှိရုံမျှမက အသက်အရွယ်ချင်းသိပ်မကွာသော လူပျို ဟူသည့် ပကာသနက ထင်းပုံခေါင်းချ မှန်းဆ၍ ကောင်းနေသည်။ ထိုထက်

www.burmeseclassic.com

သာသော ဂုဏ်အင်္ဂါတစ်ရပ်ကလည်း မျက်နှာကြီး မြင့်မွေးနေ့တွင် အထက်တန်းလက်ရွေးစင်များသာ ပွဲနေပွဲထိုင်ကြွရောက်ကြစဉ်က လူတကာချီးမွမ်းအောင် စန္ဒယားကို နိုင်နိုင်နင်းနင်းတီးပြလိုက်သည်မှာ မောင်သိန်းဟန်သာ ဖြစ်သောကြောင့် မြင့်တို့တွင် ဂုဏ်တက်ရသည်နှင့်အမျှ သိန်းဟန်တွင်လည်း လူတိုင်းက အရေးယူမိတ်ဆက်ခြင်းကို ခံခဲ့ရပုံ ဖြစ်လေသည်။

ထို့နောက်ပင်လျှင် ဝါသနာပါလှသော အိမ်များက အသီးသီးဖိတ်ခေါ်သော လက်ဖက်ရည်ပွဲ၊ ထမင်းစားပွဲတို့ကို အိမ်သည်ဖြစ်သည့် မြင့်နှင့်တကွ မောင်ကျော်သန်းကပါ လိုက်ပို့လည်ပတ်နေရခြင်းသည်လည်း မြင့်အဖို့ မျက်နှာပန်းလှသလို ထင်ရလေသည်။

ဂီတပညာသည်မှာလည်း မပူပင်ရသော အငြိမ်းစားများအတွက် အခွင့်အရေးပိုမိုရရှိနိုင်လျက် နားထောင်ရာက ဝါသနာပါခြင်း၊ အားကျခြင်း၊ သင်ယူလိုခြင်း ဖြစ်နိုင်သောကြောင့် ပင်စင်စား၊ အငြိမ်းစားသူဌေးများ၊ အရာရှိများပေါများရာ ဒိုင်းဝန်ကွင်းတွင် သိန်းဟန်ကို အရေးမယူသူ မရှိသလောက်ထင်ပေါ်ခဲ့လေ၏။

သိန်းဟန်နှင့်ပတ်သက်၍ မြင့်ကိုပင် ဝါသနာပါသော အရာရှိသမီး အပေါင်းအသင်းများက သိန်းဟန်၏ ဇာတိဇစ်မြစ် သဘောသကာယ စသည်တို့ကို စပ်စုလာကြလေသည်။

"မြင့်တို့တော့ သိပ်ကံကောင်းတာပဲနော် ဒီလူနဲ့သိရတာ၊ ကိုယ်တို့သာဖြင့် စန္ဒယားအတီးသင်မှာပဲ" ဟု ပြောသူက ပြောကြလျက် တစ်ချို့မရင်းနှီးသည့် မနိုင်ရင်ကာများကမူ

"ဟော့ မြင့်၊ မြင့်တို့အိမ် စန္ဒယားချိန်ပီယံကြီးရောက်နေတာနဲ့ တို့များအိမ်တောင် လာလည်ဖော်မရတော့ဘူးပေါ့လေ၊ အခန်းတံခါးပိတ်ပြီး စန္ဒယားနှိပ်နေကြလို့လား" ဟု ငယ်ပေါင်းကြီးဖော်ပီပီ မထိခလုပ်ထိခလုပ်များနှင့် ငေါ့ကြလေ၏။

ဤသို့ အခြေအနေမျိုးဖြစ်လာသောအခါ မြင့်စိတ်ထဲတွင် သိန်းဟန်အပေါ် အာရုံပြုသထက်ပြုမိလေ၏။ အထင်ကြီး သထက်ကြီးလာခဲ့လေ၏။ စိတ္တဗေဒ

www.burmeseclassic.com

အားဖြင့်ကား ထူးဆန်းသောသဘောမဟုတ်ချေ။ လောကဓမ္မတာစိတ်ပညာအရ ထင်ရှားကျော်စောသောပုဂ္ဂိုလ်တို့အား ခင်မင်ကြည်ညိုလေးစားခြင်းသည် သဘာဝ ဓမ္မတာဖြစ်၏။ မမြင်ဖူးသေးလျှင် မြင်ဖူးချင်၏။ မတွေ့ဖူးသေးသော် တွေ့ဖူးဆုံဖူးကြုံဖူးချင်ကြ၏။ အသိအကျွမ်းမိတ်ဆွေသင်္ဂဟဆိုသော အဆင့်အတန်း သို့ရောက်လိုပြန်၏။ ဤသို့ အသိအကျွမ်း ခင်ခင်မင်မင်ဖြစ်ရသည့်အတွက်ပင် ဂုဏ်ယူတတ်ကြ၏။

ဝန်ကြီးဝန်ကြီးချုပ်စသည်တို့ကိုလည်းကောင်း၊ အချို့နာမည်ကျော် ရုပ်ရှင်မင်းသမီး၊ မင်းသား စသည်တို့နှင့် လည်းကောင်း၊ သိကျွမ်းရသည်ပင်လျှင် ကိုယ့်အပေါင်း အသင်းအလယ်တွင် ပြော၍မဆုံးနိုင်သူတွေ အများအပြားရှိကြသည်။ ထိုအထဲတွင် လွတ်လပ်သော အပျို လူပျိုဖြစ်ခဲ့မူ ခင်မင်ကြည်ညိုရာက တဏှာချစ်သို့ ကူးပြောင်း ကာ စွဲလမ်းလာတတ်ကြသည်။ ဇာတ်မင်းသားကလေးများကို သားအမှတ်၊ တူအမှတ်မွေးစားတတ်သော သူဌေးကတော်၊ အရာရှိကတော်၊ ပွဲကံထရိုက်၊ ဇတ်ပိုင်ရှင် မိန်းမကြီးများနှင့် တရားအဟောကောင်းသော ပဥ္စင်းပျိုကလေးများကို ပစ္စည်းလေးပါးဒါယိကာမ ခံလိုသည့် ကျောင်းအစ်မ အလှူ့အစ်မကြီးများ သည်လည်းကောင်း၊ ယုတ်စွအဆုံး ထဘီခြုံအောက်လမ်းဆရာ ဇရာအဘိုးကြီး ပင်ဖြစ်စေ သူတကာက ဝိုင်း၍ စကြာမင်းလောင်းဟု အထင်ကြီး၍ရှိခိုးခစား နေကြပြီဆိုလျှင် မိဖုရား ရွေးကောက်ပွဲဝင်လိုသည့် မိန်းမများ ပေါ်ပေါက်လာမြဲ ဖြစ်ကြသည်။ ဤသဘောမျိုးမှာ အမြင့်ကိုလှမ်း၍ အထူးအဆန်းကို ခုံမင်သော စိတ်တစ်မျိုး၏ သာဓက တစ်ရပ်ဖြစ်လေသည်။

မြင့်တို့၏တိုက်နီးချင်းဖြစ်သူ ပင်စင်ရအရာရှိသမီး ခင်မကြီးဆိုသူကား အပျိုဟိုင်း တစ်ယောက်ဖြစ်လေရာ မောင်သိန်းဟန်အား အရေးယူသည့်အနက် ထူးကဲသူ တစ်ယောက်ဖြစ်ကြောင်းကို မြင့်မြင့်ကိုယ်တိုင် သတိပြုမိလေသည်။

ယခင့်ယခင်က ဖုံတက်အောင်ပစ်ထားသော စန္ဒယားကို မောင်သိန်းဟန် ရောက်လာကတည်းက နေ့ရောညပါ ကြားလောက်အောင် တီးခေါက်တတ်လျက်

www.burmeseclassic.com

မြင့်တို့အိမ်သို့မကြာခဏအလည်အပတ်လာခြင်း၊ စကားပြောရာတွင် သိန်းဟန်နှင့် စကားလက်ဆုံကျအောင် ကြိုးစားခြင်းတို့က သက်သေပြနေသည်။

"မြင့်ရဲ့ မြင့်တို့အိမ်က ကိုသိန်းဟန်က သွေးကြီးတတ်သလားကွဲ့" ဟု မေး၍

"ဟင်အင်း မကြီးတတ်ပါဘူး၊ ဘာဖြစ်လို့လဲ မမခင်ရဲ့" ဟု ပြန်အပြောတွင်

"သြော် ဘာကြောင့်မှမဟုတ်ပါဘူး၊ သွေးမကြီးတတ်ရင် တို့မျှားအိမ်ကို အလည်အပတ်ခေါ်ခဲ့ပါလို့ ပြောမလို့ပါ။ သူ့ခမျာပျင်းနေမှာပေါ့ကွယ်။ နောက်ပြီး ခင်မကြီးကိုလည်း စန္ဒယားသင်ပေးဖို့ တဆိတ်ပြောပေးပါလား" ဟူသော ဆွယ်လုံးများကလည်း မိန်းကလေးတို့ဓမ္မတာအရ အမေကျော်ပြီးဒွေးဒေါ်လွမ်းသွားမည်ကို မြင့်သဝင်ကြောင်ခဲ့မိသည်။

သိန်းဟန်က အရေးအယူဆုံးသောမိန်းမပျိုမှာ မိမိသာလျှင်ဖြစ်စေလိုသော မနောမှာ အဘယ်ကိုရောက်သည်ဟု သတိမထားနိုင်လင့်ကစား သဘောထားသေးခဲ့မိသည်။ ထို့ကြောင့် သိန်းဟန်အား လောကွတ်သဒ္ဒါတွေပို၍ နေရာတကာ လိုလေသေး မရှိအောင်ဂရုစိုက်ရသည်။ မိမိအား သိန်းဟန်က မရိုးသောစိတ်နှင့် တိတ်တိတ်ခိုးချစ်သွားနေသလားဟု အကဲခတ်မိ သည်မှာလည်းအမော၊ ရေလာမြောင်းပေး ပြောရသည်မှာလည်း အတန်တန်၊ စင်စစ်မှာတော့ မိန်းမသားကလေးဖြစ်နေ၍သာ ကိုယ်က မစဝံ့၍ ကြာနေရသည်။

သူကားလူပျို၊ ကိုယ်ကားအပျိုဖြစ်ပါလျက် မိခင်မျက်နှာ၊ အစ်ကို့မျက်နှာထောက်၍ ကြောက်နေခြင်းသာဖြစ်ရမည်။ ထို့ကြောင့် ကိုယ်ငင်၍ သူမယိမ်း၊ သူတိမ်းဖို့ကလည်း မဟာသစ္စာတော်စောင့်နေခြင်းအတွက် အားမလိုအားမရရှိနေလေသည်။

"ကိုကိုသိန်းဟန် တစ်ယောက်တည်းဘာများလာတွေးနေတာလဲ"

"သြော် မြင့် အလကားပါပဲ"

တစ်ညနေ မောင်သိန်းဟန်ပန်းခြံတွင်းမှာ ထိုင်၍နေစဉ် မြင့်တိုက်ပေါ်မှဆင်း၍ စကားဆိုလိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

အကြင်သသူ၊ ကြည်ဖြူနှစ်သက်၊ သူ့အိမ်ထက်ဝယ်၊ တစ်ရက်တစ်ည၊ သုခခံစား၊ များများမဟုတ်၊ တစ်လုတ်ထမင်း၊ တစ်ရှုပ်ဟင်းကို၊ ဝမ်းတွင်းလျှောရှူး၊ သုံးရဖူးမူ၊ ထိုသသူအား၊ ပြစ်မှားတရံ၊ မနှောက်မှု၊ မကြံအပ်ပေ ဟူသော ဝိဓူရပျို့သည် သိန်းဟန်၏စိတ်ကိုဆုံးမနေသော ဆရာတစ်ဆူဖြစ်လေ၏။

"ကိုကိုသိန်းဟန်ကို မြင့် တစ်ခုမေးဦးမယ်"

"ဘာများပါလိမ့်"

"ဟိုဘက်တိုက်က ခင်မကြီးနဲ့သိသလား"

"ဟင့်အင်း"

"မျက်စောင်းထိုးတိုက်က ခင်ခင်လေးကိုကော"

"မြင်ဖူးရုံရှိကြတာပဲ"

"ဒါဖြင့် အိမ်ရှေ့အိမ်က မရင်နုနဲ့ကော"

"မသိပါဘူး မြင့်မြင့်ရဲ့၊ နေပါဦး ဒါတွေကို ဘာဖြစ်လို့မေးနေရတာလဲ၊ ပြောစမ်းပါဦး" ဟု သိန်းဟန်က အထိတ်တလန့်မေးလေ မြင့်တွင် ပြုံးစိစိဖြစ်လေ လုပ်နေသောကြောင့် သာ၍ သင်္ကာမကင်းနိုင်တော့ဘဲ

"ဘာဖြစ်လို့မေးတာလဲမြင့်"

"မေးနေတဲ့လူကို ကိုကိုသိန်းဟန်က လိမ်နေတာကိုး"

"အို ဘာလိမ်တာလဲ၊ မသိလို့ မသိဘူးပြောတဲ့ဟာ"

"သူတို့ကပြောတော့"

"သူတို့က ဘယ်လိုပြောသလဲ"

"ကိုကိုသိန်းဟန်က သူတို့ကို"

"အင်း ဆိုစမ်းပါဦး"

"ပိုးနေသတဲ့"

"အလို ဘုရားရေ"

"ဘုရားရေ လုပ်မနေနဲ့၊ အဲဒါသုံးယောက်စလုံးက တစ်ဦးစီစွပ်စွဲနေကြတာ"

www.burmeseclassic.com

အချစ်ရည်လည်ခဲ့ပြီးသော သိန်းဟန်သည် မြင့်၏ မဟုတ်ကဟုတ်က ကုတ်ကတ် ထုတ်သော လုပ်ဇာတ်သရုပ်ကို ရိပ်မိလေသည်။ ထို့ကြောင့် ပြုံးစိစိနှင့်မြင့်ကို တစ်ချက်ကြည့်လိုက်မိသည်။ အသားလိုလို့ အရိုးတောင်း၊ စကားလိုလို့ တစ်မျိုး ဆောင်းပုံမှာ အဆိုးအကောင်းမသိသေးသည့်အတွက် လုံလုပြီထင်ရသော်လည်း သိန်းဟန်အဖို့မှာ သွားတော့ခွေခွေ၊ နေတော့ စင်းစင်း ခေါင်းခုမင်း ဆိုသည့် စကားထာကို အဖြေခိုင်းသည်နှင့် တူနေတော့သည်။

"ဘာလဲ ကိုကိုသိန်းဟန်က ဟုတ်နေလို့ ပြုံးစိစိဖြစ်နေတာလား၊ ကြိုက်လည်း ကြိုက်တယ်ပေါ့၊ မြင့် တစ်ခွန်းပြော လိုက်ရင် ဖြစ်ပါတယ်"

မြင့်က ထပ်၍ ကွန့်လိုက်ပြန်သေးသည်။

"ဒါဖြင့် မြင့်ကဘယ်သူနဲ့သဘောတူနေလို့လဲ၊ ကဲ ဆိုစမ်းပါဦး"

"အို ဒါကတော့ မြင့်ကကြိုက်ရမှာမှမဟုတ်ဘဲ၊ ကိုကိုသိန်းဟန်ကကြိုက်ရမှာ ကိုကိုသိန်းဟန်သဘောပေါ့"

"မဟုတ်ဘူးလေ၊ မြင့်သဘောတူမှ ကိုကိုသိန်းဟန်က ဟဲ ဟဲ"

မြင့်သည် စိုးရိမ်ကြီးစွာနှင့် သိန်းဟန်ကို အကဲခတ်လိုက်မိသည်။ ကိုယ့်ရှူးကိုယ့်ပတ် ကာ အကျပ်ရိုက်နေတော့သည်။ မိမိကြားလိုသောစကားက

"အလကားပါမြင့်ရာ၊ တောက်တီးတောက်တဲ့၊ ဘယ်သူမှမကြိုက်ပါဘူး စိတ်တောင် မပြစ်မှားမိပါဘူး၊ ဘုရားစူး၊ မိုးကြိုးပစ်" ဆိုသောစကားမျိုးနှင့် မိမိဘက်သို့ မြှားဦးလှည့်လာလိုလာငြား အောက်အစ်ထုတ်ခြင်းမျှဖြစ်ရာ ယခုတော့လိုရင်းနှင့် ဆိုခြင်းမှာ ပဋိပက္ခဖြစ်နေသောကြောင့် အံ့အားသင့်ရာရုံမျှမက တကယ်ပဲ ဒီသုံးယောက်ထဲက တစ်ယောက်ယောက်ကို ကြိုက်နေတော့ပြီလားဟု အရေးတကြီး စဉ်းစားမိလေသည်။

"ကြိုက်မှာပါပဲ၊ သူတို့ကငါ့ထက်လည်းရုပ်ချောတယ်၊ အသက်လည်းရွယ်တူ နောက်ပြီး မချောတို့က နန့်နန့်တက်နေကြတာ၊ ငါ့ဆိုတော့ ကိုကိုသိန်းဟန်က

www.burmeseclassic.com

မျက်နှာထောက်စရာတွေရှိနေသေးတာ၊ သူတို့ဆိုတော့ ဘယ်သူ့နဲ့မှ ပတ်သက်တာမှ မဟုတ်ဘဲ”

မြင့်စိတ်ထဲတွင် မနာလိုမှုတွေ ကျွမ်းထိုးတမ်းကစားနေကြလေ၏။

“မြင့် သဘောတူတာပြောရမှာဖြင့် ခင်မကြီးပဲ၊ ဘယ့်နှယ်လဲ”

မြင့်က သူ့စိတ်ကိုသူချုပ်၍ ဟန်လုပ်ကာ သွေးတိုးစမ်းလိုက်ရသော်လည်း သူ့အသံကလေးမှာ တုန်တုန်ယင်ယင် ဖြစ်နေရှာသည်။ ထို့ကြောင့် သိန်းဟန်မှာ ရယ်ချင်သည့်ကြားက သနားလိုက်မိပြန်သည်။ သို့သော် မိမိအပေါ် အာလယပြတ်သွားနိုင်အောင်

“မြင့်သဘောတူရင်တော့ ပြောပေးလေ၊ ကိုယ်ကတော့ ချစ်နေတာပဲ” ဟု စပ်ဖြဲဖြဲ ပြန်ဖြေလိုက်သည်နှင့် တစ်ပြိုင်နက် မြင့်မျက်နှာကလေးမှာ နှင်းဆီရောင်ပြေး၍ ငိုတော့မလို ငေးသွားလေတော့သည်။

“သမီးရေ မြင့်”

မိခင်ကြီးက တိုက်ဝမှ လှမ်း၍ခေါ်လိုက်သောကြောင့် မြင့်က သိန်းဟန်နှင့် စကားစဖြတ်ကာ မကျေမနပ်နှင့်ပင် ထွက်သွားရလေသည်။ သို့သော် တစ်လှမ်း၊ နှစ်လှမ်း လှမ်းရာက သိန်းဟန်ကိုလှည့်၍

“ကိုကိုသိန်းဟန် တကယ်ပြောတာနော် နောက်တော့ကြောက်မနေနဲ့” ဟု မစူးမရဲနှင့် စကားစဆက်လိုက်မိသေးသည်။ သိန်းဟန်မှာတော့ ရယ်ရုံသာရယ်ပြလိုက်ရသည်။ ရယ်၍ဆုံးတော့ သက်မကြီးတစ်လုံး ပစ်ချလိုက်ရပါသေးသည်။

သူ မတို့လေမှ သူတို့လျှင် တကယ်မြည်တဲ့၊ မြို့မန်လည် ရွှေစည်ကြီးပါပဲ ဟူသော မန်လည်ဆရာတော်ကြီး၏ ကိုယ်ရည်သွေးစာကဲ့သို့ သိန်းဟန်၏ သမာဓိမှာ မြင့်မြင့်ကလာ၍မတို့ပါမှ တုဏှိဘာဝေခပ်မဆိတ်နေနိုင်မည်ဖြစ်ရာ ယခုလို မြင့်မြင့်က ကန့်ကရ ပူတိပူဆာလာ၍ တို့လျှင်ကား ကြာကြာခံနိုင် တွန်းလှန်နိုင်သည့်စွမ်းရည်မှာ ချောက်ကမ်းပါးကို ရေစားသလို နေ့လားညလား ဖြစ်နေရပြန်သည်။ ဒါကိုလည်း ကိုယ့်ဝမ်းနာကိုယ်သာသိလိုက်သည်။

www.burmeseclassic.com

"ဟော့ ကိုသိန်းဟန်၊ တစ်ယောက်တည်း ဘာလာငိုင်နေတာတုံး"

နောက်နားကလာ၍ လှန့်လိုက်သူမှာ မြင့်အစ်ကို မော်ကျော်သန်းဖြစ်ပြန်သည်။ သူ့ကိုတွေ့လိုက်ရခြင်းသည် ချွန်းကို မြင်လိုက်ရသော ပြောမာတင်လို ဆင်ခြင်တုံ တရားတွေ ဘွားခနဲပေါ်လာရပြန်၏။ သတိတမန် ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့အုပ်ရမည် မဟုတ်ပါလော။

"ဟာ ခင်ဗျားကလဲ ရှိမှမရှိဘဲ၊ ပျင်းပျင်းရှိတာနဲ့"

"ဒါဖြင့် နေဦးဗျာ၊ ဈေးကြီးဘက်ကိုလျှောက်ရအောင်၊ ခင်ဗျားကို တိုင်ပင်စရာ ကလေးရှိလို့ ကျွန်တော် အကျႌသွား ဝတ်လိုက်ရဦးမယ်" ဟု ပြောပြောဆိုဆို တိုက်တွင်းသို့ခပ်သုတ်သုတ်ဝင်သွားသည့်အခိုက် ခြံဝက ဝင်လာသူတစ်ဦးကို လှမ်းမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မယောင်မလည် ရှောင်ဖယ်၍ ထွက်မည် အပြုတွင်မှ

"ဩော် ကိုသိန်းဟန် တစ်ယောက်တည်းပါလား" ဟု လှမ်း၍နှုတ်ဆက်ကာ ပြုံးပြုံးနှင့်လာနေသည့် ခင်မကြီးကို မျက်နှာချင်းဆိုင်လိုက်ရပြန်တော့သည်။

တစ်ခဏလေးလောက်က ပြောသွားသော မြင့်၏စကားကို အမှတ်မရဘဲ မနေနိုင်သဖြင့် ဩော်၊ အင်း၊ ဟုတ်ကဲ့ စသည့်စကားမျိုးဖြင့် ရယ်သွမ်းသွေး ရလင့်ကစား မျက်နှာမထားတတ်အောင် ပြုံးစိစိဖြစ်နေရသေးသည်။

ခင်မကြီးကလည်း အပျင်းပြေ အလည်အပတ်ဝင်ခဲ့သလို အနားသို့ရောက်အောင် စိတ်အေးလက်အေးနှင့် လျှောက်ခဲ့ကာ နှစ်ကိုယ်ချင်းယှဉ်ရပ်မိမှ

"မြင့်တစ်ယောက်ကော အိမ်ထဲမှာထင်ပါရဲ့"

"ဟုတ်ပါလိမ့်မယ်၊ အခုနကပဲ တက်သွားပါတယ်"

ဤတွင်လည်း ခင်မကြီးက စကားစမသတ်နိုင်သေးဘဲ

"ပျင်းရင် ခင်တို့အိမ်ဘက်ကူးခဲ့ပါတော့၊ ဖေဖေတို့ကဖြင့် ကိုသိန်းဟန်စန္ဒယား လက်သံကို ပြောလို့ကို မပြီးနိုင်ဘူး၊ ကိုသိန်းဟန်ကလည်း ဒီမှာ ကြာကြာမနေ နိုင်လို့သာ၊ နို့မဟုတ်ရင် ခင့်ကိုတောင် သင်ပေးဖို့ပူဆာမလို့"

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်လည်း ဒီမှာကြာကြာမနေနိုင်လို့ပါ”

”ကြာကြာနေရင်လည်း သင်ပေးဖို့စေတနာရှိဦးမှကိုး ကိုသိန်းဟန်ရဲ့” အခုတော့ ပျင်းတာနဲ့ ပင်းတာနဲ့ အလောတော်မို့ ပြောနေရတာလား” ဟု အဆုံးသတ်တွင် အစွန်းကလေးဆန်အောင် ချစ်စရာအသံနှင့် ရယ်ချလိုက်လေသည်။

သိန်းဟန်နှင့် ခင်မကြီးနှစ်ယောက်ယှဉ်၍ ပြုံးပြုံးရွှင်ရွှင်ပြောနေကြပုံမှာ တိုက်တွင်း ကမြင်နေရသော မြင့်အတွက် မျက်စိထဲ သဲနှင့်အပက်ခံရသလိုဖြစ်သွားလေ၏။

“ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဇကေန္တ ကိုကိုသိန်းဟန် ငါ့ကိုပြောလိုက်တဲ့စကားဟာ သူ့စိတ်ထဲရှိသမျှ ဖွင့်ပြောလိုက်တဲ့ စကားပဲဖြစ်မှာပါ။ ဒါကြောင့်မို့ ငါက လစ်တိုင်း အခွင့်အရေးပေးတာတွေတောင် အ ချင်ယောင်ဆောင်ပြီး ရှောင်ရှောင်နေတာပေါ့။ အချစ်အခိပ္ပါယ်ဆိုတာ သူမသိဘဲနေပ့ါမလား။ ဒီအရွယ်မှ အမြီးမပေါက် ဘာမျောက်တဲ့တုံး၊ ကြည့်စမ်းပါဦး၊ ခုတော့ အကြည် လုံးဆိုက်နေလိုက်ကြတာ”

မြင့်၏အသည်းတွင် ပရွက်ဆိတ်တက်သလို မရိုးမရွနှင့် အခံရခက်နေရှာသည်။ ခင်မကြီး၏ ဆံထုံးပေါ်တွင်ကား သဇင်ပန်းကလေးများ တဝေဝေရှိလေ၏။ ဖလန်နယ်လုံချည် အကွက်စိပ်ကလေးကိုဝတ်၍ စိန်ကတ္တီပါနက်ပြာပုံတော်အကျီ ပေါ်တွင် ကိုယ်တိုင်ထိုးထားသော သိုးမွေးလည်ပတ်ကလေး မခို့တရို့တင် ထားသည်မှာ ကိုသိန်းဟန်ကိုယ်တိုင် မျက်စိကျနေမိသည်။

လုံးကြီးပေါက်လှ ခုံခုံ၀၀ဖြစ်နေသောကြောင့် မင်းကတော်ရုပ် တမ်းနေလေရာ ခင်မကြီးရုပ်ရည်ကျက်သရေရှိသလောက် မြင့်မြင့်မှာ မျက်စိနောက်နေမိသည်။

အပျိုပေါက်စ အပျိုရိုင်းကလေးများ၏ အချစ်စိတ်ကား အဆိပ်အတာက် မရှိသော်လည်း အခြောက်အလုန့်ကောင်းသော လင်းမြွေနှင့်အလွန်တူလှသည်။ ထိုစကားသည်မှန်၏။ မြွေတကာ့မြွေထဲတွင် လင်းမြွေတို့မည်သည် လူကသာ ကြောက်ပုံရလျှင် မရှိသောပါးပျဉ်းကိုထောင်၍ မြွေဟောက်နှင့်တူအောင် ရှူးရှူး ရှားရှားနှင့်လိုက်တော့မလို လုပ်တတ်သေးသည်။ လူကပြေးလေ သူတို့ကလိုက်လေ၊ တကယ့်အမျက်ပြင်းသည့် မြွေကြီးပါပေ။ လူကသာ လင်းမြွေမှန်းသိ၍

www.burmeseclassic.com

မကြောက်မရွံ့ လိုက်လျှင်ကား ခေါင်းကိုမြေမှာ ပြားပြားဝပ်၍ တရစပ် ထွက်ပြေးလိုက်သည်မှာ နောက်ကလူမှ မမီနိုင်တော့ပေ။
အပျိုကလေးများလည်း ထိုအတိုင်းဖြစ်သည်။

× × × × × × × × × × × ×

တိမ်ကင်းစင်သည့် ဆောင်းတွင်းည ကောင်းကင်ပြာအောက်တွင် မည်းမည်းမို့မို့ ကုန်းထနေသော ကျိုက်သာလံရင်ပြင်တော်ထက်က ရွှေစေတီ လျှပ်စစ်ဘုရားမီးပွင့်ကလေးများမှာ အသွယ်လိုက် အဆိုင်းလိုက် စိန်ကြိုးသီထားသလို တဝင်းဝင်း တလက်လက် တောက်ပနေကြလေသည်။
သံလွင်မြစ်ဝကိုဖြတ်ပြေးလာသော ဆောင်းလေသည် ပင်လယ်ရေငွေ့ကလေးတွေ ကိုပါ တို့ကဆိတ် တို့ကနန်း ဆွဲဆောင်ကျီစယ်လာခဲ့သေးသည်။
ဈေးကြီးပိုင်း တရုတ်တန်းရပ်ကွက်မှာ သွားသူ လာသူ စားသူ သောက်သူများနှင့် အလွန်စည်ကားနေသည်။ ညဥ့်ဦးအချိန်ကလေးဖြစ်လေ၏။
သန့်ပြန့်ထည်ဝါသော တရုတ်ဟိုတယ်ကြီးတစ်ခု၏ သီးသန့်အခန်းကလေး တစ်ခန်းထဲတွင် အမြုပ်မသေသေးသော ဘီယာဖန်ခွက်စားပွဲကို အလယ်ကထား၍ စကားမပြောသေးဘဲ တွေဝေနေကြသူနှစ်ယောက်မှာ ကျော်သန်းနှင့် သိန်းဟန်တို့ ဖြစ်လေ၏။
"ကဲ ဆိုစမ်းပါဦး၊ ခင်ဗျားတိုင်ပင်ချင်တယ်ဆိုတာ"
သိန်းဟန်က စ၍ ပဏာမပျိုးလိုက်သောအခါတွင်မှ ကျော်သန်းကပြုံးလာ၍
"မြာအတွက်ပေါ့ဗျာ" ဟု ညည်းညည်းညူညူနှင့် နိဒါန်းဆင်လိုက်သည်။
"အင်း ဆိုစမ်းပါဦး၊ ကောင်မလေးတစ်ယောက်ကို ပိုးနေတယ်ဆိုပါတော့"

www.burmeseclassic.com

"မဟုတ်သေးဘူးဗျာ၊ ဒီလိုဒီလို၊ ကျွန်တော့်ကို လူကြီးတွေက အမာနဲ့ စပ်ထားတယ်"

"ဟင် အမာ၊ ဘယ်က အမာလဲ"

သိန်းဟန်တွင် ဆတ်ခနဲ ခေါင်းထောင်၍ အထိတ်တလန့်မေးလိုက်မိသည်။ ကျော်သန်းကဖြုန်းခနဲ မဖြေလိုက်သေးဘဲ ခပ်ငေးငေးတွေးနေသည်ကိုပင် နောက်ထပ်စောင့်မနေအားဘဲ

"လုပ်စမ်းပါဦး၊ ဘယ်ကအမာလဲ" ဟု မေးနေသည့်ကြားက သူ့အမာကြူကို သတိရလိုက်မိသည်။

"ကျွန်တော်တို့တိုက်ရှေ့က မရင်နုရဲ့ ညီမဟာကော၊ မြင့်ဆီကို ခဏခဏ ကူးလာကြတာလေ မရင်စုဆိုတာ၊ ငယ်နာမည်က အမာတဲ့၊ ကျွန်တော်တို့ မော်လမြိုင်က အမာတို့၊ အတာတို့ချည်းပဲ"

"ဩော ဩော"

သိန်းဟန်၏အသံမှာ ဤတွင်မှ စိတ်အေးလက်အေး ခပ်လေးလေးဖြစ်သွားရသည်။

"အဲဒီကြားထဲမှာ သဘော်လဲက ချစ်ချစ်ဆိုတာနဲ့လည်း တွေ့နေကြလို့"

"ဟင် ခင်ဗျားက အဲဒီ အမာဆိုတာကိုတော့ မချစ်ဘူး ဆိုပါတော့ ဟုတ်လား"

"အမ့ကိုလား၊ အမ့ကိုလည်း ရင်းရင်းနှီးနှီးတောင် ချစ်ပြီးနေပြီ"

"ဟင် ဒါဖြင့်"

သိန်းဟန်က အံ့ဩကာ စကားအဆုံးမသတ်နိုင်သေးသည့်အတွင်း

"အဲဒါ ကျွန်တော်အကြံရကျပ်နေလို့"

"ဘာကျပ်စရာရှိသလဲ ကိုကျော်သန်းရဲ့၊ ရင်းရင်းနှီးနှီးချစ်ပြီးတဲ့ အမာရှိနေတဲ့နောက် ချစ်ချစ်ဆိုတာကို ခွါလိုက်ပေါ့၊ နို့မဟုတ်ရင်သူ့ခမျာ"

"ဟဲ ဟဲ ခုမှတော့ ခွါလို့မရတော့ဘူး၊ သူ့လည်း လွန်လွန်ကျူးကျူး"

"ဟောဗျာ ဒါဖြင့် ခင်ဗျားဥစ္စာ လှေနံနှစ်ဖက်နင်းနေတာပေါ့"

ကျော်သန်းကစကားမပြန်ဘဲ ဝန်ခံသလို ခပ်ငိုင်ငိုင် ပြုံးပြလိုက်လေသည်။

www.burmeseclassic.com

"ဒါဖြင့် ဘာအကြံကျပ်နေစရာရှိသလဲ၊ တရားခံက ခင်ဗျားပေါ့၊ ဒါ ခင်ဗျားအပြစ်၊ ကိုယ်ကလည်းချစ်တယ်၊ လူကြီး ချင်းကလည်း ကျေနပ်တယ်၊ သူကလည်း ကိုယ့်အချစ်ကို လက်ခံထားပြီးပြီဆိုတဲ့ မိန်းကလေးတစ်ယောက်အပြင် နောက်တစ်ယောက်ကို လွန်ကျူးတဲ့အထိ ချစ်မိတယ်ဆိုတာ"

"အင်း ကျွန်တော့်အပြစ်တော့ ကျွန်တော့်အပြစ်ပေါ့ဗျာ၊ ယောက်ျားကလေးကိုးဗျ"

"ဟာ ဒါတော့ ယောက်ျားကလေးမို့ဆိုတဲ့ ဆင်ခြေနဲ့ မလုံလောက်ပါဘူးဗျာ"

"ကျွန်တော် ဆင်ခြေပေးနေတာမဟုတ်ပါဘူး ကိုသိန်းဟန်၊ ဖြစ်လွယ်တဲ့လမ်းစဉ်ကို ပြောပြနေတာပါ။ သမီးရည်းစား ရဲ့အချစ်ဆိုတာက နှစ်ကိုယ့်တစ်စိတ် နှစ်ယောက်တည်းသာ ကိုယ့်အပြစ်ကိုယ်သိ ကိုယ့်အခြေအနေ ကိုယ်သိနေကြသေးတာမို့ တစ်ဦးတစ်ယောက်က ကိုယ့်ကို လွတ်လပ်တဲ့အနေမျိုးထင်ပြီး ချစ်ရည်သွေးလာတဲ့အခါ ကိုယ်တိုင်မရှောင်နိုင်တော့ အခက်သားကလားဗျာ၊ ခင်ဗျား ကိုယ်တွေ့ကြုံဖူးရင် ကိုယ်ချင်းစာနိုင်မှာပဲ"

"ဒါဖြင့် ခင်ဗျားမိဘစီမံထားတာတွေကို ဘယ့်နှယ်လုပ်မလဲ"

"အင်းလေ၊ ဒါကြောင့် ကျွန်တော်စိတ်ညစ်ပါတယ်ဆို"

ကျော်သန်းသည် ဘီယာကို တစ်ကျိုက်ကောက်၍ မော့လိုက်လေ၏။

"အခု ဘယ်ကိုသွားမလို့ ခင်ဗျားထွက်လာတာလဲ"

"သူ့ဆီကိုပေါ့၊ ချစ်ချစ်ဆီကိုလေ၊ မနက်ဖြန်ခါ အမာတို့ ညီအစ်မတွေလည်း ကျိုက်ထီးရိုးလိုက်ကြမယ်ကြားလို့ အဲဒါ သူစိတ်မကောင်းဘူးတဲ့ဗျာ၊ ငေါ့ပြီးစာရေးလို့ သွားချော့ရဦးမယ်၊ ကဲ သောက်ပါဗျာ၊ ခင်ဗျားကလည်း အခုမှ သူတော်ကောင်းလုပ်မနေစမ်းပါနဲ့"

ကျော်သန်းက စကားနာထိုး၍ တိုက်သောကြောင့် သိန်းဟန်ကလည်း ရော၍ သောက်ရလေသည်။

"အမာ့ကိုလည်းချစ်တာပဲ၊ ကျုပ်ကောင်မလေးလည်း သနားတာပဲ၊ ဒါတွေကြောင့် ယောက်ျားများ မယားနှစ်ယောက် ယူကြတာထင်တယ်နော် ကိုသိန်းဟန်"

www.burmeseclassic.com

"အင်း မယားနှစ်ယောက်ကြား ဗျာများသေတဲ့ တစ္ဆေဆိုတာတော့ ခေါစာပစ်တဲ့ အထဲတောင်ပါတယ်လို့ ကြားဖူးတာပဲ။ ရည်းစားနှစ်ယောက်ကြားတော့ ဘယ်လို ဆိုကြမယ် မသိဘူး။"

"ကျွန်တော်အစက ရည်းစားနှစ်ယောက်ပြိုင်ထားတဲ့လူမျိုးကို အင်မတန် စက်ဆုပ်ခဲ့တယ်၊ မိန်းမပျိုတွေကို ဖျက်ဆီးတာပဲလို့လည်း အထင်သေးခဲ့မိတယ်။ သစ္စာမဲ့တယ်လို့လည်း ဆဲခဲ့ဖူးတယ်။ ဒါပေမယ့် ကိုယ်တွေ့ဖြစ်လာတော့ အဆိုး မဆိုချင် တော့ဘူးဗျို့၊ ဟဲ ဟဲ ကျွန်တော်ကိုယ်တိုင် ဖျက်လိုဖျက်ဆီးနဲ့ ချစ်တာလည်း မဟုတ်ဘူး၊ အပျော်အပါးလည်း မထင်ဘူး၊ သနားတာနဲ့ ချစ်တာနဲ့ တစ်မျိုးဖြစ်နေတာပဲ"

"ဒါဖြင့် ခင်ဗျားဟိုသွားတာ ကျွန်တော်ကဘာလုပ်ရမှာလဲ"

"မေမေ မေးရင် တော်သလိုကြည့်လိမ့်ထားလိုက်စမ်းပါလို့ ခင်ဗျားကိုမှာချင်လို့ပဲ၊ အမယ်ကြီးကလည်း ဘယ်က သတင်းကြားလို့လဲ မသိပါဘူး၊ ခုတလော သိပ်ဆူနေတာဗျ"

ဤသို့နှင့် ကျော်သန်းက စိတ်ရှုပ်တိုင်း ဘီယာကိုမော့သည်။ သူ မော့တိုင်းလည်း သိန်းဟန်ကို စေတနာဇရပ္ပနှင့် သဒ္ဒါရက်ရောပြုသည်။ သိန်းဟန်၏ ဦးနှောက် အတွင်းတွင်မူ အမာကြိုးနှင့် မြင့်၊ မြင့်နှင့် အမာကြိုး၊ သူတို့နှစ်ယောက်နှင့် ဘီယာ။ "မရမက ယူ၊ အလုအပကြောင့် မူသူရယ်၊ ပပထူမှ ထမယ် ထမယ်" ဆိုသော ဖွဲ့မျိုးကား ချစ်ငြိုးမပြေသူတို့၏ မရကုတ်ကတ်စိတ်မျိုး ဖြစ်လေသည်။

ခင်မကြီးနှင့် ရယ်ကာပြုံးကာ စကားလက်ဆုံကျနေသည်ကို မြင်ရကတည်းက ဆွေ့ဆွေ့ခုန်တော့မတတ် ချစ်ဒေါသ ဖြစ်နေရသောမြင့်သည် မိမိ၏ရုပ်ရည် အရွယ်ကြောင့် ဝန်ထောက်ကိုစိုးမြင့်က တမ်းတမ်းစွဲချစ်အောင် သွေးဆောင်နိုင် ပါလျက် သိန်းဟန်ကျမှ ရှောင်ဖယ်ဖယ်အလုပ်ခံရသည်ကို ကသိကအောက် ဖြစ်နေရရှာသည်။ သူ့အဖို့ကတော့ ရတာမလို၊ လိုတာမရ ခွကျနေခြင်း သာဖြစ်သည်။

www.burmeseclassic.com

မိခင်ကြီးကတော့ စိတ်ချလက်ချအိပ်ရာသို့ဝင်သွားခဲ့လေပြီ၊ မြင့်မှာသာ အစ်ကို ကျော်သန်းနှင့် သိန်းဟန်အား စောင့်ရင်း စာဖတ်နေမိသည်။ စာဖတ်သည် ဆိုသော်လည်း စာထဲတွင် စိတ်မဝင်စား၊ သူစိတ်ဝင်စားသမျှမှာ သိန်းဟန်၏ အပေါ်မှာသာ ဖြစ်သည်။

ချစ်ရမ္မက်ဆိုသည်မှာ မိရိုးဖလာနတ်တွေနှင့် အတော်တူသည်။ သူတို့ကို အမွှန်အမြတ်ပြုလေ ဖမ်းစားလေ၊ ညှင်းဆဲလေ၊ သူတို့အား စိတ်ဝင်စားလေ၊ နှိပ်စက်မင်းမူလေ လုပ်တတ်သည်။ ဘာကိုမှ ဘယ်လိုဟု မရည်ရွယ်မိသော်လည်း မြင့်သည် မိမိအစ်ကိုနှင့် တစ်ခုတင်ဆီအိပ်သော လူပျိုခန်းတွင်းသို့ ချင်းနင်း ဝင်ရောက်ခဲ့မိလေသည်။ အိပ်ရာကိုပြုပြင်ပေးခြင်း၊ အမှိုက်တံမြက်ရှင်းလင်းခြင်း ဆိုသော ဝေယျာဝစ္စတွေကို နေ့တိုင်းနေ့တိုင်း မြင့်ကိုယ်တိုင်လုပ်ပေးနေကျ ဖြစ်သည်။ ဤသို့ ကိစ္စတွေမှာ အစောကြီးကတည်းက ပြုမြဲအတိုင်းပြုပြီးဖြစ်ရာက ယခုလို တိတ်ဆိတ်သောအချိန်တွင် ယခုတစ်ခေါက် ကိစ္စ မရှိဘဲရောက်လာရ ခြင်းမှာ သူ့ကိုယ်သူမှ မစဉ်းစားမိ၊ သိန်းဟန်၏ကုတင်ပေါ်တွင် တင်ပါးလွှဲထိုင် ကြည့်မိသည်။ သင်းတပျံ့ပျံ့ ရနံ့တစ်မျိုးသည် ဘယ်ဆီကပေါ်လာသည်မသိ၊ ဂန္ဓာရုံတစ်ခုအဖြစ်ဖြင့် မြင့်ကိုကလိနေတော့သည်။

သိန်းဟန်၏ ကိုယ်နံ့လိုလို ပေါင်ဒါနံ့လိုလို ခေါင်းလိမ်းဆီနံ့လိုလို။

မြင့်သည် ကုတင်ပေါ်က ခေါင်းအုံးကိုပွေ့၍ အားရပါးရရှူိက်မိလေ၏။ ပိုက်မိလေ၏။ မျက်စိကလေးကိုမှေးထားသော အခါ သိန်းဟန်၏ လုံးကျစ်သန်မာသော ကိုယ်လုံးကိုယ်ပေါက်သည်လည်းကောင်း၊ သန့်ပြန့်ရွှင်ပျသော မျက်နှာထားသည် လည်းကောင်း၊ ပြန့်ကားကျယ်ဝန်း မိမိကိုယ်ကလေးကို ပွေ့ပိုက်ယုယနိုင်စွမ်းသည့် ရင်အုပ်ကြီးသည်လည်းကောင်း၊ တစ်ခုစီ တစ်ခုစီ ကွင်းကွင်းကွက်ကွက် အာရုံ ထင်မြင်လာခဲ့တော့သည်။ ထိုအာရုံတို့မှာ မြင့်အဖို့တော့ သာယာစရာကောင်းသည့် အိပ်မက်ကလေးပင်။

www.burmeseclassic.com

ချစ်သူကိုယ်တိုင်အား ရင်းရင်းနှီးနှီးမပွေ့ပိုက်ရလျှင် သက်ဆိုင်သူ၏အဝတ်အစား၊ အိပ်ရာနေရာ၊ အသုံးအဆောင် စသည်တို့ကို အမြတ်တနိုးပြုတတ်ကြသည့်အတိုင်း အပျိုရိုင်း၊ စိတ်ရိုင်းကလေးဖြစ်သော မြင့်သည် သူ့စိတ်ကူးနှင့်သူ မွေ့လျော်နေခဲ့သည်မှာ အချိန်ကိုမှသတိမထားလိုက်မိ။

သောက်နေကျမဟုတ်သော သိန်းဟန်သည် ကျော်သန်း၏ဘီယာတန်ခိုးကြောင့် ခပ်ထွေထွေကလေးဖြစ်လာခဲ့သည်။ သောက်တုန်းကတော့ ခပ်ပြုံးပြုံး၊ ခပ်ပျော်ပျော် သောက်၍ လူသိမှာတော့ ရက်တတ်သောစိတ်မှာ အတော်ရယ်စရာကောင်းသော သောက်တတ်ကာစ အရက်သမားတို့၏ အခိပ္ပါယ်ကင်းမဲ့သည့် ဟိရီဩတ္တပ္ပ တစ်ခုဖြစ်သည်။ သိန်းဟန်၏အကြံမှာ ဧည့်ခန်းတွင် ရှိနှင့်နေကြမည်ထင်သော မြင့်တို့ သားအမိအား ခပ်မြန်မြန်ရှောင်၍ အိပ်ခန်းထဲအရောက်ဝင်ရန်ကြံခဲ့သည်။ ထို့ကြောင့် တိုက်တွင်းရောက်၍ တစ်စုံတစ်ယောက်မျှ မတွေ့ခဲ့ရသည်ကိုပင် ကျေးဇူးတင်ခဲ့သော သိန်းဟန်မှာ အိပ်ခန်းအဝင်တွင် ခေါင်းအုံးကြီးကို တပွေ့တပိုက်ဖက်၍မိမိကုတင်ပေါ်၌ ခွေခွေကလေး အိပ်ပျော်နေသည့် မြင့်အားတွေ့လိုက်ရခြင်းကြောင့် အံ့အားသင့်မိသည်။

ဒွတ္တိံသဘောင် ကမ္မဋ္ဌာန၊ လွတ်ငြိမ်းရအောင် ရှာမရ၊ ကာမကိလေတစ်ခွင် ဆိုသော ဘုရားဒကာဘိုးစိန်ကြီး၏ သစ္စာထားသီချင်းကဲ့သို့ မောင်သိန်းဟန်အဖို့ မြင့်နှင့်လွတ်ငြိမ်းရအောင် နည်းတွေလမ်းတွေရှာခဲ့ပါသည်။ ရှောင်ခဲ့ပါသည်။ သူ့ခမျာလည်း ရှာ၍မရ၊ ရှောင်၍မရ။

အာရတီ ဝိရတီ ဟူသော ရှောင်ခြင်းနှစ်မျိုးနှစ်စားရှိသည့်အနက် မတွေ့ခင်က ရှောင်ခြင်းသာလွယ်ကူသည်။ အတွေ့ကို ရှောင်ဖို့ရာကတော့ သိန်းဟန်တို့လို ပုထုဇဉ်လူပျိုလူရွယ်ကလေးမှာ မလိမ္မာနိုင်တော့ပေ။ မျက်မှောက်ပက်ပင်းတွင် မိမိအား ဤရွေ့ဤမျှ ခုံမင်ခယနေကြောင်း မျက်မြင်ကိုယ်တွေ့ကြုံတွေ့ရသောအခါ မြင့်အား သနားကရုဏာ သက်သွားသည်နှင့်အမျှ ကိုယ်တိုင်ကလည်း ပီတိ

www.burmeseclassic.com

သောမနဿဖြစ်ရသည်မှာ တိတ်ဆိတ်သော ညချမ်းအချိန်တွင် အရက်ခိုး အရက်ငွေ့တွေကပါ မှိုင်းတိုက်နေကြတော့သည်။

မှန်လှသည်။ အရက်ဆိုသော အရက်ကလည်း ကိုယ့်ရင်သွေးသားအရင်းကိုပင် ဟင်းချက်၍စားလောက်အောင် မိုက်မဲစေခဲ့၏။ ထို့ကြောင့် မံသစက္ခုနှင့် မမြင်နိုင်တော့ဘဲ အရက်စက္ခုနှင့်ကြည့်လိုက်သောအခါ ပုံ့ပုံ့ကလေးဖြစ်သော တင်ပါးဆုံမှ စ၍ မို့မို့မောက်မောက်ဝင်းဝင်းဝါဝါ ပြည့်ပြည့်တင်းတင်းဖြစ်လှသည့် ရုပ်ဝါဒ အစိတ်အပိုင်းတို့က ဖိတ်ခေါ်လျက်ရှိတော့သည်။

ရှေးယခင်ကတည်းက သိန်းဟန်၏ စောင့်စည်းမှုတွင်သာ တည်နေရခြင်းဖြစ်သည်။ ယခုတော့ သိန်းဟန်ကလည်း မစောင့်စည်း၊ မြင့်ကလည်း သူခိုးရှိရာကို ဝန်ထုပ်ဝန်ပိုးပါပို့ထားသလို ဖြစ်နေသောကြောင့် ဝမ်းကိုက်နှင့်ဗိုက်နာ ကြိုက်ရာ ဆေးကိုစားကြဖို့ပင်ရှိသည်။

သိန်းဟန်သည် အိပ်ပျော်နေသော မြင့်အနားသို့ ခြေဖျားထောက်၍လှမ်းခဲ့မိသည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း မြင့်မြင့်နှင့် နီးသထက်နီးလာလေ၏။ မြင့်ထံသို့ နီးသထက်နီးလေ ချစ်ခဲ့ဖူးသောပဲခူးကအမှာကို မေ့သထက်မေ့လေ ဖြစ်တော့သည်။ မြင့်ကိုယ်လုံးကလေးနှင့် ထိလုမတတ် ကပ်၍ထိုင်ချလိုက်ပြီးလျှင် မြင့်၏ပါးကို နမ်းမိလုမတတ်ငုံ့ကာ ဖြည်းညင်း သာယာစွာလေငွေ့ကလေး မှုတ်ထုတ်လိုက်သည်။ ထိုတစ်ခဏကလေးအတွင်းမှာတော့ သိန်းဟန်ကိုယ်တိုင် ကိုယ်ပိုင်ရည်းစားကို ချော့မြှူနေသလိုပဲ သဘောထားတော့သည်။

"ဟင် အို ကိုကိုသိန်းဟန် အို"

မြင့်က ကမန်းကတန်းသွေးရူးသွေးတန်း ရက်ရမ်းရမ်း၍ ပရမ်းပတာ ငုတ်ခနဲ ထထိုင်မည်အပြု သိန်းဟန်က ပြုံးဖြဲဖြဲ ကလေးလုပ်၍ ပခုံးကလေး နှိမ်ထားလိုက်သည်။

www.burmeseclassic.com

"အို မထပါနဲ့လေ အိပ်ရေးဝအောင် အိပ်လိုက်ပါတော့၊ မြင့်ကလဲ ကိုသိန်းဟန် ချော့သိပ်ပေးမှာပေါ့" ဟု သိန်းဟန်က ကလက်တက်တက်ပင် ပြောထွက်လာတော့သည်။

"အို ဟင့်အင်း ဟင့်အင်း မြင့် အိပ်ရာပြင်ရင်း အိပ်ပျော်မိတာ"

မြင့်မှာ ဣန္ဒြေပျက်၍ ရှက်စိတ်မွန်ကာ ပြောလိုက်ခြင်းမျှသာဖြစ်သည်။ မိန်းကလေးပီပီ ချစ်နေသည်မှန်စေဦး၊ လိပ်ပြာကတော့ လန့်သွားမိတာမှန်သည်။ ဒါကို သိန်းဟန်သိသည်။

ဇာက်ကိုမသိလျှင် မြင်းပေါ် သို့ စီးရန်မဆိုထားဘိ၊ ကုန်းနှီးထက်သို့တက်ရန်ပင် ခက်ဘိတောင်း၊ သို့သော် အချက်ပိုင်၍ ဇာက်နိုင်ပါမူကား မြေပြင်တွင် ကျက်စားသည့် လူသားတို့၏ယာဉ်ဖြစ်သော မြင်းတိရစ္ဆာန်မျှမက အာကာဝေဟင် တိမ်ညွန့်နှင့် ရင်ကြသော နတ်မြင်းပျံသိန္ဓဝပင် ဖြစ်စေကာမူ တောင်စဉ်ခုနစ်ထပ်ကို ရစ်ပတ်ကာ ကဆုန်စိုင်းနိုင်ကြသည်။ ထို့အတူ မိန်းကလေးတို့၏ အူကြောအတွင်းစိတ်သဘောကို နှောနေအောင် သိထားခဲ့လျှင်ကား သူလိုငါစား ဆင်းရဲသားပင် မဆိုထားဘိ မိဖုရားဇာကန် ရွှေနန်းစံပင်တစ်မူ ကြည်ဖြူနှစ်ခြိုက် ကိုယ့်အကြိုက်ကို ထွေးပိုက်ချော့မြှူ ရအောင်ယူနိုင်ကြသည်မှာ ယောကျာ်း ဖိုသတ္တဝါတို့၏ ဓမ္မတာ။

ဤသို့နှင့် "မချစ်ဘူး၊ မကြိုက်ဘူးနဲ့ မမလေး မင့်နဖူး ညှင်းဘယ်ကကူး၊ သုံးတောင်ပြည့် ခန်းသာလယ် မယ်နဲ့မောင် နှစ်ကိုယ်ထူး၊ ညှင်းမောင်ကကူး" ဆိုသကဲ့သို့ မြင့်ခမျာတွင် မကြာမီက အတွေးနှင့် မကုန်မီ ယခုကား အတွေ့နှင့်ကြုံ၍ ညှင်းအဖုံဖုံကူးရလေတော့သတည်း။

"မြင့်"

သိန်းဟန်က မပွင့်တပွင့် အယုယအကြင်နာဆုံးသောလေသံနှင့် ခေါ်ကြည့်လိုက်၏။

"ကိုကို"

www.burmeseclassic.com

မြင့်၏လျှာဖျားမှ ခေါ်နေကျ ကိုကိုသိန်းဟန်မှာ နောက်ဆုံးစကားကလေး နှစ်လုံး လည်ချောင်းထဲသို့ ဝမ်းနှုတ်တေဆေး လျှောကျသွားသလို သွားရှာတော့သည်။

အချိန်။

အချိန်ဟုဆိုရသော ကာလအပိုင်းအခြားကား သူ့ကို သတိနှင့်ကြည့်ရှု အရေးပြု သူတွေကိုသာ အမှန်အကန် အတိအကျဖော်ပြတတ်လျက် မေ့လျော့ပေါ့တန် နေသူမှန်သမျှအတွက်ကား ပုန်းလျှိုးကွယ်လျှိုးနှင့် တိတ်တိတ်ခိုး ကူးသန်း ပြောင်းရွှေ့သွားတတ်သည်။

ထိန်ထိန်လင်းမဟုတ်သော်လည်း မှိန်မှိန်နှင့် သဲသဲကွဲကွဲမြင်နိုင်သော အိပ်ခန်း မီးရောင်ပြာလဲ့လဲ့ကလေးကြောင့် သိန်းဟန်နှင့်မြင့်တို့ ချစ်နေပုံမှာ ခိုးကြောင်ခိုးဝှက် ပြန်လာသော ကျော်သန်း၏မျက်စိအောက်တွင် အထင်ကရဖြစ်နေလေ၏။ ရည်းစားအိမ်မှပြန်လာခဲ့သော ကျော်သန်းတွင် အိမ်ရှေ့တံခါးပွင့်နေမှုကြောင့် မိခင်ကြီးသိ၍ ဆူပူရန် စောင့်စားနေသလားဟု မသင်္ကာသည့်စိတ်နှင့် ချွတ်နက်၍ တက်လာခဲ့ခြင်းဖြစ်ရာ မိမိအိပ်ခန်းဝရောက်သည်နှင့် တစ်ပြိုင်နက် ကြက်သေသေ သွားလောက်အောင် တုန်လှုပ်မိသည်မှာ နှမလင်နေ၍ မောင်ဖင်ကျိန်းကာ ရှိန်းခနဲ ထောင်းခနဲ ဒေါသထွက်မိခြင်းဖြစ်သည်။

“ဒီကောင် သစ္စာမရှိပါလား၊ ငါ့မျက်နှာကိုမှမထောက်၊ လူဝတ္တရား ဖောက်ဖျက် ပလေ၊ ငါဝင်ထိုးလိုက်ရင်လည်း အားလုံးအရှက်ကွဲကုန်တော့မှာပဲ” ဟု လက်သီးကို ဆုပ်ကာ ဖြန့်ကာ အကြာကြီးစဉ်းစားနေမိလေသည်။

သို့သော် သိန်းဟန်အပေါ်တွင် မိမိကချစ်ခင်ခဲ့သောမေတ္တာတရားတို့နှင့် သိန်းဟန် ကချစ်ခဲ့သော စိတ်ဓါတ်တို့မှာ တော်ရုံတန်ရုံမဟုတ်။ ထိုသည့်ကြားက ကိုယ့်နှမ ၏အမူအရာတို့ကလည်း သိန်းဟန်အပေါ် နဂိုကတည်းက ခပ်ယိုင်ယိုင်ဖြစ်ကာ များစွာလိုလားချစ်ခင်နေကြောင်း ရိပ်မိတန်သမျှရိပ်မိခဲ့သည်။ ယခုတွေ့ရသည့် ဌာနကလည်း သိန်းဟန်ကိုယ်တိုင်က နှမငယ်၏ အခန်းတွင်းသို့ ကူးကျော်

www.burmeseclassic.com

စော်ကားခြင်းမျိုးမဟုတ်၊ နမငယ်ကသာလျှင် သိန်းဟန်၏အိပ်ရာပေါ်သို့ တက်ကစီးရောက်နေခြင်းကို ထောက်၍ နောက်သို့ဆုတ်လိုက်ရရှာတော့သည်။

"ကိုကို"

"မြင့်"

"ကိုကို တော်တော်ကြာ ကျောင်းပြန်သွားရင် မြင့် လွမ်းတာနဲ့ သေရတော့မယ်၊ မေမေ့ကို ကိုကိုပြေးပြီးမြန်မြန် လက်ထပ်ကြရအောင်ကြံပါလား ကိုကိုရယ်၊ ဒါမှဖြင့် ကိုကို့ရင်ခွင်ထဲ ဒီလိုအမြဲနေရမှာ၊ ကိုကို့မိဘတွေကိုလဲ မြန်မြန်ပူဆာပါနော် ကိုကို၊ ကိုကို့မေမေက သဘောတူမှာပါနော်၊ ဘာမတူစရာရှိလဲနော်"

သိန်းဟန် ယခုမှ ဆတ်ခနဲ ခေါင်းမော်လိုက်မိသည်။

ယခုမှ ရှေ့ရေးနောက်ရေးတွေးကြည့်မိတော့သည်။ တွေးမိသည်နှင့်တစ်ပြိုင်နက် ရင်ဆိုင်ရမည့်အခက်အခဲတွေမှာ တစ်ခုပြီးတစ်ခု ရှေ့က ကာဆီးကာဆီး လုပ်ပြနေကြတော့သည်။ အငိုလွယ်၍ အရှိုက်ခက်။

"ဘာဖြစ်လို့ သက်မကြီးချရတာလဲ ကိုကို၊ မြင့်ကိုမချစ်ဘဲနဲ့ မြင့် ကဲလွန်းလို့သာ အလိုလိုက်ရတာလား၊ မြင့်တော့ ကိုကိုနဲ့မပေါင်းရရင် အသက်တိုမှာပဲ၊ ကိုကို့ကို မြင့် ဘာဖြစ်လို့လဲ မသိဘူး၊ အူထဲအသည်းထဲကကို လှိုက်လှိုက်လှဲလှဲချစ်နေပြီ၊ မြင့်မခွဲနိုင်တော့ဘူး၊ မခွဲနိုင်တော့ဘူး"

မြင့်က ငိုသံကလေးများပါလာကာ လှိုက်လှိုက်လှဲလှဲပြောရှာသည်။ မြင့်ကား မူရာမာယာမသုံး၊ အရှက်အကြောက် စသော မိန်းမတို့၏ ဣန္ဒြေတို့မှာ အချစ်တည်းဟူသော ရေတံခွန်၏ဒဏ်ကြောင့် တလိမ့်ခေါက်ကွေး ကျကုန်ကြလေပြီ။

တကယ့်တကယ်ကား အပျိုရိုင်းကလေးတို့၏ထုံးစံအတိုင်း 'ချစ် တာတစ်ခုတည်း' သိရှာသည်။ ချစ်ဖို့သာ ပူရှာသည်။ ချစ်ဖို့သာ နွဲ့ရှာသည်။ ထမင်းရည်ပူ အတူလျက်ရစေတော့ ဆိုသောစကားများနှင့် တူနှစ်ကိုယ် တဲအိုပျက်မှာနေနေ နေရဆိုသော မိုက်ရူးရဲစိတ်ကလေးများကြွတုန်း တက်တုန်း အရွယ်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုသည်ကို ဆင်ကန်းတောတိုး ရှိခိုးယုံကြည်ဖို့သာတတ်သည်။ ဖြူစင်သော စိတ်ပေါ်တွင် အပြာချချ အဝါချချ စွဲလုသော ပိတ်ဖြူကားနှင့်သာတူသည်။ ထိုအရွယ် ကလေးကို သိန်းဟန်စိတ်နောက်ကိုယ်ပါပြုမူခဲ့လေပြီ။

× × × × × × × × × × ×

တစ်ချက် တစ်ချက် နာရီစက်ကြောင့်၊ တစ်ရက်မည်ရ၊ တစ်လလွန်ပြောင်း၊ အချိန်တွေပြောင်းခဲ့လေ၏။

"ဝေါ့ ဟော့ ထွီ"

အမာကြူတွင် နေမထိ ထိုင်မသာ နေရာတကာမှာ စိတ်မချမ်းသာစရာချည်းသာ တွေ့နေရသည်။ ဆံစပ်ကလေးများ တစ်နေ့တစ်ခြားခြောက်၍ နားထင်နားရင်း ကလေးများကျကာ မျက်ကွင်းကလေးနှစ်ဖက်ပင် ညိုရောင်သမ်း နေကြသည်။ သူ့ကိုယ်မှာ နွမ်းတခွေခွေ ပန်းမပြေနိုင်ဘဲ လေတက်၍ပျို့နေသည်။ မြွေပူရာ ကင်းမှောင့်၊ ဘူးလေးရာဖရုံဆင့်၊ ကြုံခွင့်ရလျှင် ဒုက္ခပေးတတ်သော သဘာဝက ချမ်းသာမပေး၊ သိန်းဟန်နှင့် နှစ်ကိုယ်တည်းသာသိသည်ဟု ထင်ရသည့်ကိစ္စက လောကကြီးကို သက်သေခံပြရန် အဆောက်အဦပြုနေတော့သည်။

"ဒါမျိုးဆိုတာ ဖုံးရတာမျိုးမဟုတ်ဘူးသမီးရဲ့၊ တော်တော်ကြာမှ အားလုံးအရှက်ကွဲကုန်မယ်။ ပြောစမ်း ဘယ်နှစ်လ ရှိပလဲ"

သမီးမူပျက်ပုံကို အရိပ်အကဲအမြဲကြည့်လာသော ဒေါ်ဖွားနှစ်က တမှိုင်မှိုင်တတွေတွေ အိပ်ရာထဲတွင် ခွေနေသော သမီးအား ဖျောင်းဖျစစ်ဆေးနေရလေပြီ။ အမာကြူကား မျက်ရည်လည်ရွဲဖြင့် ငြင်းခဲ့သည်မှာ အခါပေါင်းများလှပြီ။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

ပျိုရာက အိုရုံသာမဟုတ်၊ မွေးထုတ်ခဲ့ဖူးသော မိခင်ကြီးဖြစ်သောကြောင့် အဖြေမရမချင်း ပြဿနာမပြေနိုင်၊ စိတ်မကျေနိုင်။

"ပြောလေ အမာ"

"ဘာပြောရမှာလဲမေမေ၊ အမာငိုချင်လာပြီ"

အမာကြူက ပြောရင်း ငိုသံတွေ ပါလာလေ၏။ သားအမိနှစ်ယောက် ဆွေးနွေးနေကြသည်မှာ အမာကြူ၏ အိပ်ခန်း ကလေးအတွင်းဝယ်ဖြစ်သည်။ အမာကြူသည် ခေါင်းအုံးပေါ်သို့ ခါးတစ်ပိုင်းမှောက်လျက်ရှိုက်နေရာက နောက်ဆုံးတွင် မိခင်၏ ရင်ခွင်ဝယ် ခေါင်းအပ်၍ မျက်နှာဝှက်ကာ ရှိုက်ကြီးတငင်ငိုလိုက်လေရာ မိခင်ကြီးမှာ ရင်ထုမနာဖြစ်ရလေသတည်း။

"သားအမိချင်းပဲသမီးရယ်၊ အမေ့မှ မတိုင်ပင်ရင် ငါ့သမီး ဘယ်သူ့သွား တိုင်ပင်မလဲ၊ အမေတို့က သဘောတူလို့ ညည်းတို့ချင်းချင်း လွတ်လပ်ခွင့်ပေး ထားတော့ မှားချင်လည်း မှားမိကြမပေ့ါကွယ်"

ဒေါ်ဖွားနှစ်က ရေလာမြောင်းပေး စစ်ဆေးသလိုလိုနဲ့ 'ကော်၍' ထုတ်လိုက် လေသည်။ သူ့မျက်စိအောက်မှာ သူ့သမီးသည် သိန်းဟန်တစ်ယောက်နှင့်သာ ပွန်းတီးတာမြင်ရသည်။ မြင်၍ ထင်သည်၊ ထင်သည့်အတိုင်း အမှုကိုဆင်၍ တရားခွင်တင်ကြည့်လိုက်ခြင်းသာဖြစ်သည်။

အမာကြူကခေါင်းခါ၍မငြင်း၊ ရင်ခွင်တွင်းမှာသာ ရှိုက်နေသောကြောင့် ဒေါ်ဖွားနှစ်သည် တရားခံအစစ်ကို တထစ်ချ သိလိုက်ရပါပြီ။

"လူငယ်တွေကိုး သမီးရဲ့၊ ဒါတွေကို မေမေတို့က အပြစ်ဆိုတာမှ မဟုတ်ဘဲ၊ အခုမေးနေတာက မြန်မြန်နေရာချတန် ချကြရအောင် စီမံရတာပေ့ါ၊ ကြာတော့ မကောင်းဘူးလေ"

အမာကြူကား ငိုရင်းရှိုက်ရင်း နည်းလမ်းကျလှစွာသော မိခင်၏ ကရုဏာတို့ ကြည်ညိုခိုလှုံလိုက်မိသည်။ ယခုခံစား နေရသည့် စိတ်ဒုက္ခ၊ လူဒုက္ခတွေမှ မြန်မြန်ကြီး ကင်းလွတ်ရန်ကား မိခင်ကြီးတစ်ဦးတည်းသာ ထုတ်နိုင်သော

www.burmeseclassic.com

စေတနာရှင် ဖြစ်သည်။ သူသာ ကယ်တင်နိုင်ပေမည်။ ထို့ကြောင့် မိခင်၏ မျက်နှာဝန်းကို အားတက်သရော ကျေးဇူးတတင် မျက်ရည်တွေနှင့် ကြည့်လိုက်ရှာသည်။ ထိုကမှတစ်ဆင့် မိခင်ကြီးသိလိုသမျှ ဖွင့်ဟ၍သွန်လိုက်ရှာတော့သည်။

"ဒါကြောင့် အမေအထင်သားပဲ၊ ကဲကဲ ရှက်မနေပါနဲ့သမီးရယ်၊ ညည်းဖေဖေ မသိအောင် ဖုံးထားပါ့မယ်။ မောင်သိန်းဟန် အမေနဲ့ တိုင်ပင်ပြီး မြန်မြန် လက်ထပ်ဖြစ်အောင် စီမံကြရုံပေါ့။ ဒီအတောအတွင်း ပိုပြီးစိတ်ချရအောင် စေ့စပ်ပြီးပြီ ဆိုတဲ့အကြောင်း သတင်းစာထဲမှာ ထည့်ကြော်ငြာလိုက်မယ်လေ၊ ကဲ ကဲ ငါ့သမီး ဘာမှစိတ်ညစ်မနေပါနဲ့အေ၊ ခါတိုင်းလို ပျော်ပျော်ရွှင်ရွှင် နေမှာ သာနေပါ"

ဒေါ်ဖွားနှစ်ကား သမီး၏အတွင်းရေးကြောင့် သတင်းစာထဲတွင် ကြော်ငြာမတွေ့ရ မချင်း ဒေါ်ခင်ညွန့်အိမ်နှင့် လူးလာ ပြန်ခေါက် ဒေါင်းတောက်မတတ် ကြိုးစားလိုက်ရသည်။ သူ့အိမ်ကအဘိုးကြီးကိုလည်း လိမ့်လိုက်ရသေးသည်။ ငယ်ပေါင်း ကြီးဖော်သူငယ်ချင်းဖြစ်သော ဒေါ်ခင်ညွန့်ကိုယ်တိုင် ချွေးမလောင်း ၏အကြောင်းကို သိသောအခါ ကိုယ်ချင်းစာ၍ သနားမိသည်။

"ကဲ ဒါဖြင့် ဒီကောင့်ဆီကို ရှင်နဲ့ကျွန်မလိုက်သွားကြတာပေါ့၊ အခုန မဖွားနှစ်ပြောသလို ကြော်ငြာနှင့်ချင်လည်း ကြော်ငြာလိုက်တာပေါ့၊ ဟိုအကောင် တော့ အထူးအထွေပြောမနေရပါဘူး။ ဝမ်းသာလုံးဆို့ပြီး ကဆုန်စိုင်းလာမှာပါ။ အင်း ကာလလူငယ်များ တယ်ခက်သကိုး။ နည်းနည်းကလေးမှ အလစ်မပေးဘူး။ သတောတူပြီးသားတွေမို့ တော်တော့တာပေါ့" ဟု အပြစ်တင်လိုက်သောကြောင့် ဒေါ်ဖွားနှစ်က စိတ်မကောင်းမဖြစ်စေလိုသည့် သဘောနှင့်

"ဒါတော့ လူငယ်တွေကိုး မခင်ညွန့်ရဲ့၊ ကိုယ့်စိတ်ကို ဘယ်နိုင်ကြမလဲ၊ နောက်ပြီး လူကြီးတွေက သဘောတူထားတယ် ဆိုတာ ဒင်းတို့ သိနေကြသလားမှ မသိတာ"

"အင်း ရှင့်သမီးကိုကလည်း ချစ်စရာကြီးကလား မဖွားနှစ်ကဲ့ ဟဲ ဟဲ"

"ရှင့်သားကလည်း ခပ်ကဲကဲနေမှာပါ၊ ဖအေတူကြီးများလား ဟား ဟား ဟား"

www.burmeseclassic.com

ခမည်းခမက်နှစ်ဦး ကျီးစယ်နေကြသံမှာအမာကြူအဖို့ သောတမင်္ဂလာရှိလှသည်။ မကြာမီ ငါးရိုးယှက်လက်တို ဒုက္ခတွေပိုခဲ့ရသည်မှာ အခုတော့ စိတ်အေးစရာ၊ စိတ်ချစရာဖြစ်လာရပြန်သည်။ လူ့ဘဝ လူ့တစ်သက်ဆိုသည်ကား ချားရဟတ်များလို နိမ့်ချည်မြင့်ချည်၊ ပူချည်အေးချည်၊ ပျော်ချည်ခဲချည်၊ အရှုးလောကနှင့် တထေ၀ ထို့အတူပါတကား။

"သူ မကြာခင် ဝမ်းသာအားရနဲ့လိုက်လာမှာပဲ။ ဒီတော့မှ ငါ့ဒုက္ခတွေကို ထုရင်းရိုက်ရင်း ပြောပြရမယ်။ သူတို့ ယောကျ်ားများမှာတော့ ထသွားရင် ခြေရာလက်ရာ ပျောက်သွားတာ။ ငါတို့ မိန်းကလေးတွေမှာသာ သူတို့ရဲ့ဒဏ်ကို ခေါင်းပေါ် ရွက်ကျန်ရစ်ခဲ့ရတာ၊ ဒီလောက်မသိတတ်တဲ့လူ လာပါစေဦး၊ တစ်ခါတည်း မှတ်သွားအောင် လုပ်လိုက်စမ်းမယ်"

အမာကြူသည် သိန်းဟန်နှင့် စေ့စပ်ကြောင်းလမ်းပြီးဖြစ်ကြောင်းဆိုသော သတင်းစာပါကြော်ငြာကို ဖတ်ရင်းက အခဲမကျေကြိမ်းဝါးနေမိခြင်းဖြစ်သည်။ ကြိမ်းဝါးသည်ဆိုပေမယ့် ကရုဏာဒေါသော သဘောမှာ ပီတိတွေလျှံနေသည့် အချိန်အခါဖြစ်တော့သည်။

အမှန်အားဖြင့် သတင်းစာကိုကိုင်၍ ငိုင်နေမိသူမှာ အင်းဝဆောင်က မောင်သိန်းဟန်သာဖြစ်သည်။ ဘာသံမကြား ညာသံမကြား မြန်မယ့်မြန်တော့ မြန်လွန်းလှသည်။ အမှန်စင်စစ် ဝမ်းသာစရာဖြစ်သော်လည်း ကိုယ်တွင်းရေးနှင့် စစ်လိုက်တော့ စိတ်ညစ်စရာ၏နိဒါန်း၊ စိတ်မချမ်းသာစရာ၏ ပဏာမ ယခုမှအစရှိသေးသည်။ ဒွိစိတ္တနှင့် ဣလိသတို့၏ဇာတ်တွင် လင်၏ရုပ်ရည် ထပ်တူထပ်မျှဖြစ်နေ၍သာ မိန်းမဖြစ်သော ဒွိစိတ္တတွင် ဝေခွဲ၍မရနိုင်အောင်ရှိခဲ့သော်လည်း ယခုကား သိန်းဟန်အဖို့ ရုပ်ရည်ချင်း တစ်ခြားစီကွဲပြားခြားနားနေသည့် ရည်းစားနှစ်ယောက်စလုံး အပေါ် ဝေခွဲမရနိုင်အောင်ဖြစ်၏။

"ဒီလိုလုပ်ရင် ဒီလိုဖြစ်တော့မှာပဲ" ဟူသော အတွေးကို အစကမေ့လျော့ခဲ့ခြင်းမရှိ။ သို့သော် "ကျွန်တော် တက်ခိုးတုန်းက လူနိုးမယ်မထင်လို့ပါဗျား" ဟု

www.burmeseclassic.com

တရားခွင်မှာ ထုချေသောတရားခံကဲ့သို့ လူနိုးမှာကို ထည့်မစဉ်းစားနိုင်လောက်အောင် အချစ်ခိုးမွှန်မိုက်ခဲ့ခြင်းဖြစ်သည်။

အမာကြူ၏ရုပ်ကလေးကား သနားစရာ၊ မြင့်၏လုပပုံကား ချစ်စရာ၊ ထို့အတူ အမာကြူ၏စိတ်နေသဘောထားက မိမိကို လိုက်လျောရှာသည်။ မြင့်၏သဘောကား မိမိ၏စိတ်ကို သူ့ဘက်ပါအောင် ဆွဲယူနိုင်သည်။ ထိုဆွဲယူရာသို့ လိုက်ရသည်မှာပင် ကျေနပ်စရာဖြစ်သည်။ အမာကြူက 'မောင်' ဟု ခေါ်လိုက်သံကလေးမှာ သာယာနာပျော်ဖွယ်ရှိသလောက် မြင့်က 'ကိုကို' ဟု ခေါ် သံကလေးကလည်း ကနွဲ့ကရချစ်၍မငြီးအောင်ဖြစ်တော့သည်။

ထို့ကြောင့် ဘန်ကောက်လုံချည်အသားကောင်းနှစ်ထည်ကို အရွေးရခက်သလို ရည်းစားနှစ်ယောက်ကိုလည်း အရွေးရ ခက်နေလေသည်။ ပန်းနုရောင်ကလေးကိုလည်း မစွန့်ရက်၊ ဖက်ဖူးရောင်ကလေးကိုလည်း မပစ်ရက်၊ အချစ်ခက်ကြောင့် အစစ်ခက်နေရပြီကော။

မူလက သာမန်ကာလျှံကာ တွေးခဲ့သောအတွေးသည် သေရေး ရှင်ရေးလို အရေးကြီးလာလေ၏။ သူငယ်ချင်း ကျော်သန်း၏ ကိုယ်တွေ့ကို တိုင်ပင်စဉ်က သူ့နေရာကိုယ်ဝင်၍မဆင်ခြင်ခဲ့မိ။ တစ်ယောက်ကိုယူလျှင် ကျန်တစ်ယောက်နှင့်ကား ကမ္ဘာမြေတစ်ပြင်တည်းနေရလျက် ပြန်လည်တွေ့ဆုံရင်နှီးရန် မမျှော်လင့်နိုင်တော့ချေ။ ရည်းစားသက်နှံဘဝက သူစိမ်းရန်သူ သဖွယ်ဖြစ်ချေတော့မည်။ သိန်းဟန်၏စိတ်ရင်းမှာ ဘယ်သူ့ကိုမှ အကြင်နာမကင်းမဲ့နိုင်ချေ။ တကယ်ဆိုတော့ ရက်စက်နိုင်သူ တစ်ယောက်မှာသာ ဒွိယံကိစ္စကို လွယ်လွယ်ကလေး ရှင်းပစ်နိုင်ကြပေလိမ့်မည်။

သားမောင်သိန်းဟန်

မင်းတို့ကိစ္စကို တိုင်ပင်ရန် အမေ့အမေနှင့်အတူ ယခုလာမည့် စနေနေ့တွင် လိုက်လာခဲ့မည်။ ဆင်း၍ကြိုပါ။

မိခင် မခင်ညွန့်

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါစာကလေးကို လက်ဝယ်ရရှိသည့် တစ်နံနက်တွင်ပင် မြင့်လက်ရေးနှင့် စာကလေးတစ်စောင် သူငယ်တစ်ယောက် ကျောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင် အပို့လာပြန်သည်။

ကိုကို

အရေးကြီးတဲ့စကားတွေ ပြောစရာရှိလို့ ဒီနေ့ညနေ လေးနာရီကို ဆက်ဆက်ကြီး လာခဲ့စမ်းပါ။ ဒီမနက်ပဲ မြင့်တို့ ရန်ကုန်ရောက်တယ်။ ဘုန်းကြီးလမ်း၊ အိမ်နံပါတ် ၁၈၈ မှာတည်းတယ်။ လာဖြစ်အောင် ဆက်ဆက်ကြီးလာခဲ့ပါနော်။
မေမေနဲ့ အိမ်သားတွေ ဒီအချိန်မှာ ဘုရားသွားကြမှာမို့ မြင့်တစ်ယောက်တည်း နေရစ်ခဲ့မှာ၊ မလာရင် မြင့်ကိုယ်မြင့် သတ်သေလိုက်မှာပဲ။

မြင့်

ရေအိုးနှစ်လုံးရွက်မိသော သိန်းဟန်မှာ အကွက်မလည်နိုင်အောင်ဖြစ်နေရသည်။ ကာလကြာမြင့်စွာက ခင်မင်လာခဲ့သော သူငယ်ချင်းကျော်သန်းသာ တပ်အပ်ကုန်စင် သိခဲ့ပါလျှင် ဘယ်ကဲ့သို့ဆုံးဖြတ်မည်မသိဟု ထင်လိုက်မိသေးသည်။ ယခုအချိန် ကား ကျော်သန်းကျောင်းမှာပင်မရှိတော့၊ အနည်းအကျဉ်းရိပ်မိတန်သလောက် ရိပ်မိလေသလားမသိ။ မော်လမြိုင်သို့ပြန်သွားခဲ့သည်။ မော်လမြိုင်က ကျောင်းသို့ ပြန်လာစကပင် ယခင်ကလို မိမိအပေါ်ဝယ် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး မပေါင်းတော့ဘဲ ခပ်ရှောင်ရှောင် ခပ်တည်တည်နေလာခဲ့သည်တို့မှာ စဉ်းစားစရာ ဖြစ်တော့သည်။

www.burmeseclassic.com

မြင့်အဖို့ကိုတော့ အထူးတွေးတောနေစရာမရှိ၊ သတင်းစာပါကြော်ငြာကိုတွေ့မိ၍ ကသိကအောင့်ဖြစ်နေတော့မည်ဟု တပ်အပ်သိနိုင်လောက်သည်။ ထို့ကြောင့်ပင် တကူးတကလိုက်လာပုံရသည်။ သိန်းဟန်သည် စဉ်းစားလေခေါင်းရှုပ်လေ၊ မဆုံးဖြတ်နိုင်လေ နားဝေတိမ်တောင်နှင့်သာ အချိန်တွေကုန်ခဲ့ရသည်။

"ဟယ် နောင်ခါလာ နောင်ခါချေးကြောင်း ပေါက်ရာနဲ့သာရောင်းရတော့မယ်" ဟူသော အတိအကျမဟုတ်သည့် အာလုပ်စကားကိုသာရွတ်ဆို ညည်းညူလိုက်ရတော့သည်။ ယခုလက်ငင်းအရေးကား မိခင်ကြီးတို့လိုက်မလာခင် ယခုလောလော ဆယ်အရေးကြုံလာသော မြင့်၏မီးကို သွား၍ငြိမ်းရန်သာ တတ်နိုင်သေးသည်။ သူ့ကိုချော့မော့ပြီးသည့်နောက်မှ မီးစင်ကိုကြည့်က ရန် ဆုံးဖြတ်လိုက်သည်။ သို့နှင့် တစ်လမ်းလုံး တထိတ်ထိတ်တရွံ့ရွံ့ သန္နိဋ္ဌာန်မချနိုင်သော ရည်ရွယ်ချက်ကင်းမဲ့စွာနှင့် မှာထားသောအိမ်ရှေ့ကို ဝင်၍ မြင့်၏ပူပုံပန်း မျက်နှာငယ်ကလေးကို မြင်လိုက်ရသည်ဆိုလျှင်ပင် ရင်တဖိုဖို ဖြစ်သွားမိတော့သတည်း။

"ကိုကို"

မြင့်က မချိမဆန့်ထွက်လာရသော ငိုရှိုက်သံနှင့် စတင်နှုတ်ဆက်လိုက်လေ၏။

"တော်ပါပေရဲ့ ကိုကိုရယ်၊ မြင့်ကိုနှိပ်စက်ကြတာပေါ့နော်၊ မြင့်သေချင်ပြီ၊ သေချင်ပြီ၊ လောကကြီးထဲ နေတောင် မနေချင်တော့ဘူး၊ သတင်းစာထဲက ကိုကိုတို့ကြော်ငြာကို တွေ့လိုက်ကတည်းက မြင့်ဖြင့် လူ့ဘဝနဲ့မတန်တော့ဘူးလို့ စိတ်ဆုံးဖြတ် လိုက်ပြီ။ မြင့်ဘယ့်နှယ်လုပ်ရမလဲ၊ ကဲ ပြောစမ်းပါဦး၊ မြင့် ဘယ့်နှယ်လုပ်ရမလဲ"

ချုံးပွဲချ၍ငိုလိုက်သော မြင့်၏ မျက်ရည်သည် သိန်းဟန်၏ အသည်းနှလုံးမှ ယိုထွက်လာသော သွေးများကဲ့သို့ ထင်ရလေ၏။

www.burmeseclassic.com

"မြင့်ကြမ္မာငင်တာပဲ၊ ဒါကိုကို့အပြစ်မဟုတ်ပါဘူး။ မြင့်ကမြင်းမိတာပဲ။ ကိုကိုက မြင့်ကို ကြိုက်တာမှမဟုတ်ဘဲ၊ ကိုကို့ကို မြင့်က မနေနိုင်အောင် ကြိုက်မိတာကြောင့် တွေ့ရတဲ့ဒုက္ခပဲ၊ ဒါ မြင့် ဂြိုဟ်မွှေလာတာပါပဲ"

"အို မငိုစမ်းပါနဲ့ဦး မြင့်ရာ၊ ကိုကိုဘယ်လောက်ချစ်တယ်ဆိုတာ အသိသားနဲ့၊ ဒီအတောအတွင်းမှာ ကိုကိုကြံနိုင်ပါ သေးတယ်"

မြင့်၏စာတွင်ပါသည့်အတိုင်း အိမ်ကြီးတစ်အိမ်လုံးတွင် မြင့်တစ်ယောက်တည်းသာ လွတ်လွတ်လပ်လပ် ပြောဆို နေကြရသဖြင့် သိန်းဟန်က မြင့်ကိုရင်ခွင်ပိုက်၍ စိတ်ရှည်လက်ရှည်ချော့မော့နိုင်လေသည်။ မြင့်ကတော့ ရှိုက်ကြီးတငင် ဖြစ်နေရာက သိန်းဟန်၏လက်မောင်းကို အားရပါးရဆုပ်ထားပြီး

"ကိုကို့ကို တစ်ခုမေးမယ်၊ မှန်မှန်ပြောနော်"

"ပြောပါ့မယ် မြင့်ရာ"

"ဒါဖြင့် မြင့်အပေါ်မှာ အခုဘယ်လိုသဘောထားသလဲ၊ လက်ထပ်မလား၊ ရှောင်မလား၊ အဲဒါမြင့်အသိချင်ဆုံးပဲ"

အမာကြီးကို မရကုတ်ကတ် အတင်းချစ်ခဲ့ပုံမှာ မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်လာလောတော့သည်။ မိဘချင်းစကားဆိုထားသည်ကိုလည်း သတိရရုံမျှမက ယခုကား အထင်အရှားသတင်းစာတွေထဲတွင် ပေါ်ပေါက်နေသဖြင့် အမာကြီးနှင့် လွဲရလျှင် သူ့ခမျာများ၌ အရှက်တကွဲအကျိုးနည်းဖြစ်ကြတော့မည်ကို တစ်ဖက် မစဉ်းစားဘဲမနေနိုင်။

မြင့်က သိန်းဟန်၏ရင်ခွင်တွင်းမှထ၍ထိုင်ကာ မိမိ၏သေရေးရှင်ရေးကို အထိတ်ထိတ်အလန့်လန့်နှင့် နားစွင့်နေရှာတော့သည်။

"ကဲ ကဲ မြင့် ဖုံးမနေချင်တော့ဘူး၊ ခု မြင့် ရန်ကုန်ကိုလိုက်လာတာ ကိုကိုနဲ့တွေ့ပြီး ဒါမေးချင်လို့လိုက်လာတာပဲ၊ ဒီကိစ္စတွေကို မေမေလည်းသိပြီ၊ ဒါကြောင့် မေမေက မြင့်ကိုအမေးခိုင်းတာ"

"ဟင်"

www.burmeseclassic.com

သိန်းဟန်မှာ ပါးစပ်အဟောင်းသားနှင့် သရဲအခြောက်ခံရသလို မျက်လုံးမျက်ဆန်ပြူးသွားလေသည်။ မိမိ၏ ဆတ်ဆော့မှုကား ထင်တာထက်ပို၍ ကိုယ်ကျိုးနည်းကြဖို့သာရှိသည်။

"မြင့်တို့မေမေ သိသွားပြီ၊ ဟုတ်လား"

"အင်း၊ သိလို့ မြင့်ကိုတောင်ဆူလိုက်တာလေ၊ နောက်ပြီး ကိုကိုကလည်း စာတစ်စောင်ပေးလိုက်သေးတယ်။ သူတော့ ရှက်လှချည်ဆိုပြီး အိမ်ကတောင် ထွက်သွားပြီ"

"အို ဘာစာများပါလိမ့်"

မြင့်ကပေးသောစာကို တုန်လှုပ်စွာ မရဲတရဲဖွင့်ကြည့်လိုက်မိသည်။

ကိုသိန်းဟန်

သူ့နှမကို ကိုယ်ယူ၍ ကိုယ့်နှမကို သူယူကြသောလောကတွင် ရှက်ဖို့မလိုဟု ထင်သဖြင့် ဤစာကိုရေးလိုက်ရခြင်း ဖြစ်သည်။

ခင်ဗျားနှင့်မြင့် ချစ်နေကြကြောင်းကို ကျွန်တော်မျက်မြင်ဖြစ်ခဲ့သည်။ သို့သော် ကန့်ကွက်စရာအကြောင်းမမြင်သဖြင့် နေခဲ့ရာ ယခုသတင်းစာထဲတွင် ခင်ဗျား၏ သတင်းကိုတွေ့ရပါပြီ။ မိမိသဘောတူသူတစ်ယောက်ရှိပါလျက်နှင့် နောက်တစ်ယောက်အား ချစ်ကျွမ်းဝင်အောင်ပြုခြင်းမှာ ကျွန်တော်ကိုယ်တိုင် ကိုယ်ချင်းစာနိုင်သဖြင့် အပြစ်ဟုမဆိုလိုသော်လည်း နောက်ဆုံးစဉ်းစားဆုံးဖြတ်မည်ဆိုလျှင် ကျွန်တော်၏ မေတ္တာ စေတနာကိုပါ ထည့်သွင်းဆင်ခြင်ရန် သတိပေးလိုက်ရပါသည်။

ဤစာကိုရေးသားလိုက်ခြင်းမှာ မိတ်ဆွေစင်စစ်က ရန်သူမဖြစ်လို၍သာဖြစ်ပါသည်။

ကျော်သန်း

www.burmeseclassic.com

www.burmeseclassic.com

စာဆုံးသည်နှင့် တစ်ပြိုင်နက် မလှုပ်မယှက် ကြက်သေသေနေသောကြောင့် မြင့်က သက်မတစ်လုံးပစ်ချလိုက်မှ သိန်းဟန်ပါ ပင့်သက်ရှူလိုက်ရမှန်း သတိရတော့သည်။

"မြင့် ကိုကိုလည်း သိပြီပေါ့"

သိတာပေါ့ ကိုကို၊ သူသိလို့ မေမေ့ကိုပြောတာပေါ့၊ သူဟာ ကိုကို့ကို ဘယ်အထိချစ်သလဲဆိုရင် ဟိုနေ့ညက မြင့်တို့ရှက်သွားမှာစိုးလို့ အိမ်ပေါ်က တိတ်တိတ်ကလေး ဆင်းသွားရှာသတဲ့၊ နောက်တစ်နေ့ကျတော့ မေမေ့ကိုလက်ထပ်ပေးဖို့ ပြောတာပဲ။ မေမေက မြင့်ကို ရိုက်မလို့လုပ်တာတောင် သူဝင်ပြောသေးတယ်။ ဒါနဲ့မေမေက ကိုကိုသိန်းဟန်ကိုခေါ်ပြီး တိုင်ပင်မလို့လုပ်တုန်း ဒီသတင်းစာတွေတွေ့တာနဲ့ ကမန်းကတန်း မြင့်တို့လိုက်တာတာပဲ၊ ဒီတော့မြင့်တို့ အရှက်မကွဲစေချင်ရင် ကိုကိုမော်လမြိုင်ကို တစ်ခါတည်းလိုက်ခဲ့ပါတော့၊ ဒါမှမဟုတ်ရင် မြင့်တော့"

မြင့်က စကားအဆုံးမသတ်ဘဲ မိုက်တိမိုက်ကန်း နှုတ်ခမ်းကလေးကို ကိုက်ထားလိုက်သည်။ တည်ငြိမ်းစူးရှသော မျက်စိအစုံသည် သိန်းဟန်ကလွဲ၍ တစ်လောကလုံး ဘယ်သူ့ကိုမှမမြင်သလို ခပ်ကြောင်ကြောင်ဖြစ်နေလေသည်။

သိန်းဟန်၏ဇာတ်လမ်းကား အပြက်ပြက်နှင့်နှာခေါင်းသွေးထွက်ရတော့မည်၊ ချစ်သူနှစ်ဦးအနက်တစ်ဦးဦးကား မိမိ၏မယောဂဖြင့် လောကတွင်နစ်နာခံရရှာတော့မည်။ ဤကိစ္စကား သားရွှေအိုးထမ်းလာသည်ဟု ဒုက္ကူလနှင့်ပါရိကတို့ ဆုတောင်းမျိုးမဖြစ်နိုင်၊ မြွေမသေတုတ်မကျိုးဟု ဆိုရိုးရှိပေမယ့် ယခုတော့မြွေလျှင်လည်း သေရမည်၊ တုတ်သော်လည်း ကျိုးရမည်။

သို့သော် တစ်ခုတော့ရှိသည်၊ ပြည်တွင်းရေးကကြီးသော်လည်း အိမ်တွင်းမွှေးသော မီးကထလောင်လျှင် အိမ်ခေါင်ကို မစွဲခင်အရင်သတ်ရတော့သကဲ့သို့ လောလော

www.burmeseclassic.com

www.burmeseclassic.com

ဆယ်နီးကပ်နေသော မြင့်၏ပရိဒေဝကို လှမ်း၍မမြင်နိုင်သော အမာကြူ၏ဒုက္ခ ထက် ကရုဏာပိုနေမိသည်။

ထိုအခိုက် မြင့်၏မိခင်ကြီးနှင့်အိမ်ရှင်များ ဘုရားကပြန်၍ရောက်လာလေရာ သိန်းဟန်တွင် ထောင်ချောက်မိသော မြေခွေးပမာ ပြေးစရာမတတ်သာတော့ပေ။ အတွင်းကျိတ်တိုင်ပင်သိနှင့်ပြီးဖြစ်ဟန်တူသော အိမ်ရှင်များကလည်း အလိုက် သိစွာ ရှောင်ရှားပေးကြသဖြင့် ဒေါ်မြမြလှိုင်ကိုယ်တိုင် သိန်းဟန်အားမချိပြုံးပြုံး၍ စကားလုံးစလိုက်တော့သည်။

"ဘယ့်နှယ် မောင်သိန်းဟန်၊ မင်းသတင်းကတယ်မွှေးပါကလား"

သိန်းဟန်က ပြန်၍ဖြေဖော်မရ၊ ညှိုးငယ်စွာ မျက်နှာကိုအောက်ချထားရုံသာ သတ္တိရှိတော့သည်။

"မင်းကို ဒေါ်ဒေါ်တို့ ဘယ်လောက်ချစ်ခင်ခဲ့တယ်ဆိုတာလဲ မင်းအသိသားပဲကွယ်၊ တူရင်းသားရင်း အိမ်တွင်းသားလို သဘောထားခဲ့တယ်မဟုတ်လား၊ မြင့်ရဲ့အစ်ကို မောင်ကျော်သန်းနဲ့ ပတ်သက်ပြီးရောက်လာပေမယ့် ဆွေရင်းမျိုးချာလို ခင်ခဲ့တာပဲ။ ဒီတော့ မြင့်ဆိုတာ မင်းနှမအရင်းကလေးလို အောက်မေ့ဖို့ကောင်းတယ်၊ ခုလိုဖြစ်ကြဖို့လုံးလုံးမထိုက်ဘူး။ မြင့်က မလိမ္မာတောင်မှ ကိုယ်က အစ်ကိုကြီးလို ဆုံးမဖို့ပဲ ရှိတယ်။"

ဤစကားမျိုးကို နားတွင်းသို့ ပစ်သွင်းခံရသောအခါ ရှက်စိတ်တွေဝင်လာသည် နှင့်အမျှ ယူကျုံးမရဖြစ်ရသူမှာ သိန်းဟန်သာဖြစ်တော့သည်။ မြင့်မှာမူ မျက်ရည်သုတ်ရင်း ခပ်မဆိတ်ဖြစ်နေလေသည်။

"ဒေါ်ဒေါ်ကလည်း မင်းကို ယုံကြည်စိတ်ချလို့သာ အရာရာမှာ မပူမပင်နေခဲ့မိတယ်။ ဒီလောက်မိုက်ကြလိမ့်မယ်လို့မှ မထင်ခဲ့ဘဲကိုးကွဲ့။ မောင်ကျော်သန်းပြောမှပဲ ငါသိတော့တယ်။ သူ့ခမျာ အစ်ကိုအရင်းမဟုတ်လား၊ ဘယ်လောက်ရက်ရာမယ် ဆိုတာ မင်းစဉ်းစားကြည့်စမ်း။ မင်းကိုလည်း သူငယ်ချင်းဆိုပေမယ့် ညီအစ်ကို အရင်းလိုချစ်နေလို့ပေါ့၊ နို့မို့ရင် ဟိုညကတည်းက တုတ်တစ်ပြက် ခါးတစ်ပြက်

ဖြစ်ကုန်မှာပဲ၊ မင်းစဉ်းစားကြည့်စမ်း၊ မောင်သိန်းဟန် ဒေါ်ဒေါ်ပြောတာ ဟုတ်ကဲ့လား"

သိန်းဟန်က ရှက်ရှက်နှင့် မရဲတရဲ မျက်နှာဖော်ကာ

"ဟုတ်ပါတယ် ဒေါ်ဒေါ် ကျွန်တော့်အပြစ်ပါပဲ၊ ကျွန်တော့်အပြစ်ပါပဲ၊ ကျွန်တော် မိုက်" ဟု စကားမဆုံးမီ အသံတွေ တုန်လာကာ မြင့်ရှိရာကြည့်လိုက်ပြီးမှ မျက်နှာကိုငုံ့ရင်း အံကြိတ်လိုက်မိသည်။ သူ့ကိုယ်သူစီရင်ချက် ချလိုက်မိတာကတော့ ဟုတ်ပါသည်။ ငါ့အပြစ်။

"အေး မင်းလည်း မိုက်တာပဲ၊ ကောင်မလေးကတော့ ပြောစရာမရှိဘူး၊ နှစ်ယောက်စလုံး မိုက်ကြတော့ လူကြီးတွေ မျက်နှာအိုးမည်းသုတ်သလို ဖြစ်တာပေါ့၊ ဒါကြောင့် မောင်ကျော်သန်းကပဲ ပြောရှာတာ။ အမေရယ် မထူးတဲ့အတူ တစ်ရက်ကနေ နှစ်ရက် မဖြစ်ရအောင် မြန်မြန်နေရာချပေးလိုက်ပါတော့တဲ့ ။ အင်း ဒေါ်ဒေါ်တို့က မိန်းကလေးရှင်ဖြစ်နေတာကိုး။ တို့ကသာ ပူရတာ၊ ဒီတော့ အခုမေးချင်တာက မင်းအရှုပ်ကို မင်းဘယ်လိုရှင်းချင်သလဲ။ မင်းဇာတ်ကို မင်းဘယ်လိုခင်းမယ်စိတ်ကူးသလဲ၊ ဒါပဲ ဒေါ်ဒေါ် သိချင်တယ်"

အထက်တန်းစား စကားလည်ပတ်သော မင်းကတော်ပီပီ ကောက်ပင်ရိတ်လှီး ချည်ပြီးတုတ်ပြီး ကိုင်ပေါက်လေရာ မလှုပ်သာမလှည့်သာဖြစ်သွားသည့်အခိုက်

"ဒါတော့ မမြလှိုင်ရယ်၊ သူလည်း လူကြီးလူကောင်းသားသမီးပဲ၊ ရှင့်သမီးကို မချစ်ဘဲနဲ့ကြံပါ့မလား။ လူကြီးချင်း သဘောတူထားတာရှိပေမယ့် ကိုယ်ကြိုက်တာ ကိုယ်ယူကြတဲ့ခေတ်ကြီးပဲဟာ။ သူ့ခမျာကိုမေးနေဖို့တောင် မလိုပါဘူး။" ဟု အိမ်ရှင်အဒေါ်ကြီးကကြားက ဇွတ်ထောက်ဝင်ခံလိုက်သည်ကပင် ပို၍လေးသွားတော့သည်။

"ကိုကိုနဲ့ အဲဒီ အမာကြူဆိုတာကကော ချစ်နေကြတာပဲလား"

ဤမေးခွန်းကတော့ မြင့်ကအခုမှသတိရသလို ကောက်ကာငင်ကာ မေးလိုက်ခြင်း ဖြစ်ရာ ရုတ်တရက်အဖို့ သိန်းဟန်မှာ ခေါင်းခါ၍သာ ပြလိုက်နိုင်သည်။

www.burmeseclassic.com

"ဒါဖြင့် မင်း မိဘသြဇာကိုနာခံမလား၊ မြင့်ရဲ့အရက်ကိုပဲ ကာကွယ်မလား၊ အိုလေ နောက်ဆုံးစကားမေးပါရစေဦး၊ မြင့်ကို မင်း တကယ်ချစ်ရဲ့လား"

"ချစ်ပါတယ် ဒေါ်ဒေါ်"

"ဒါဖြင့် ယူမယ်ပေါ့"

"ဟုတ်ကဲ့"

"အေး ဒီလိုဖြင့် တော်သေးတယ်ဆိုရပေမပေါ့ကွယ်။ မင်းမိဘတွေကို ပြန်တိုင်ပင်လို့တော့ ဖြစ်မှာမဟုတ်ပါဘူး။ တို့မှာတော့ ပေါက်တဲ့နဖူး မထူးဆိုသလို ကြီးကြီးကျယ်ကျယ်မင်္ဂလာမဆောင်ရတောင် မင်းမိဘတွေဖျက်လို့ အရက်တကွဲတော့ အဖြစ်မခံပရစေနဲ့။ ကိုယ့်တာဝန်ကိုယ်သိလို့ ထမ်းမယ်ဆိုရင် မော်လမြိုင်သာ တစ်ခါတည်းလိုက်ခဲ့။ ဒီလိုမှမလိုက်ရင် ငါ့သား မောင်ကျော်သန်းတော့ ရက်တာနဲ့ သူ့နမသူ သတ်လိမ့်မယ်"

သိန်းဟန်သည် မြင့်ကိုကရုဏာသက်တာထက် သူငယ်ချင်းကို ရှက်ကြောက်အားနာဖြစ်နေမိသည်။ သူငယ်ချင်းနှမကို ကြိုက်မိ၍ တိတ်တိတ်ခိုးချစ်မိသည်။ ချစ်နေသည်ကိုလည်း မိသွားသည်။ ဒါပဲ လွှန်လွှန်းလှပြီ၊ ထိုထက် မိမိကတိမ်းဖယ် ခေါင်းရှောင်လိုက်လျှင်ကား မည်ရွေ့မည်မျှ အကျည်းတန်အရုပ်ဆိုးသွားမည်ကို စိတ်ကျဉ်းကျပ်စွာ စဉ်းစားမိသည်။

ကျော်သန်းဘက်ကနေကြည့်ရလျှင် သိန်းဟန်ကို အရင်းနှီးဆုံး၊ အထင်အကြီးဆုံး လူရင်းအဖြစ်ပေါင်းသင်းခဲ့သည်။ မြင့်နှင့်သိန်းဟန်တို့အဖြစ်ကို မျက်နှာပူစွာ တွေ့လိုက်ရပြီးသည့် နောက်တစ်နေ့တွင်ပင် မိခင်ကြီးအား နှစ်ကိုယ်ကြား တိုင်ပြောပြောကာ သူတို့အရေးကို ဆွေးနွေးမိသည်။ နားသွင်းခဲ့သည်။

"မင်းသူငယ်ချင်း တယ်တော်တယ်" ဟု မိခင်ကြီးက ရင်ဘတ်စည်တီး အပြစ်တင်သဖြင့်

"ကျွန်တော့်သူငယ်ချင်းကို ဘာမှအပြစ်ပြောစရာမရှိဘူး မေမေ၊ မေမေ့သမီးကိုက ကဲတာ၊ သူက အိပ်ရာထဲရောက် အောင်သွားတာ"

www.burmeseclassic.com

"တော်စမ်းကွယ်၊ နားရက်စရာ"

"ခုမှတော့ ရက်နေလို့မဖြစ်ဘူး၊ တီးခေါက်ပြီး ပေးစားဖို့သာစီမံတော့၊ ကိုသိန်းဟန်တို့မိဘကလည်း မညံ့ပါဘူး"

သို့သော် အမယ်ကြီးကား ကိုစိုးမြင့်ကို ဂုဏ်ဒြပ်အားဖြင့် မျက်မှန်းတမ်းထားသောကြောင့်

"မင်းနှယ် ပြောလိုက်တာလွယ်လွယ်ကူကူ၊ ဟင်းရွက်ကန်စွန်းကျနေတာပဲ"

"ဟင်းရွက်ကန်စွန်းမကျလို့ ကျောက်သံပတ္တမြားလိုမှ မေမေ့သမီးက မနေခဲ့ဘဲ"

ကျော်သန်းက တိုက်တွန်းနေသည့်တိုင်အောင် ဒေါ်မြလှိုင်က အီလည်လည် လုပ်နေခဲ့သည်။ သူ့သဘောမှာ ကိုစိုးမြင့်ထံမှ ကံသေကံမ မဖြစ်သေးသမျှ သိန်းဟန်ကို ကြိုးရှည်ရှည်နှင့် လှန်ထားဖို့သာ စိတ်ကူးသည်။ ဤကြားထဲမှာ သမီးကို ကိုစိုးမြင့်နှင့် နားချကြည့်သည်။ သိန်းဟန်နှင့်စာလိုက်သော် ကိုစိုးမြင့်က ရာထူးလက်ရှိဖြစ်သည်။ ကောလိပ်ကျောင်းသားဆိုသည်မှာ ကျောင်းမထွက်ခင်တော့ တန်ဖိုးရှိသည်မှန်၏။ အစအဆုံးမရှိ၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက်တွေရှိသည်။ အတွင်းဝန်၊ ခရိုင်ဝန်၊ ပညာတော်သင်၊ ပါရဂူ၊ နိုင်ငံခေါင်းဆောင်ကြီးတွေ၊ ရှေ့နေချုပ်ကြီးတွေ၊ တရားဌာန အဓိပတိတွေဖြစ်ဖို့ ပုံသွင်းနေကြတာ မှန်သည်။ သို့သော် ပုံသွင်းသည့်အတိုင်း အောင်အောင်မြင်မြင် သိဒ္ဓိပေါက်သွားသူ ရှိသလောက် ဥမမည် စာမမြောက် အထက်မရောက် အောက်မကျ စကောစကနှင့် လောကတွင်သောင်တင်နေကြသူ ဒုနှင့်ဒေးကိုလည်း မြင်ရတွေ့ရကြုံနေရခြင်း ကြောင့် သမီးအတွက် ကိုယ့်သမက်ဖမ်းရန်မှာ ကိုစိုးမြင့်ကိုသာ တက်ကစီးရလိုက်ချင်သည်။

သိုလင့်ကစား မြင့်မှာ ပုဝါဖြူကလေးနှင့်တူသည့်အရွယ်ပီပီ ကနဦးတည်၍ စွန်းထင်းမိသောအရောင်မှ ချွတ်လွှဲ၍ မရနိုင်သောကြောင့် အသက်အရွယ်မ မှုဆိုးဖိုဘဝကို အကြောင်းပြကာ မျက်ရည်နှင့်ငြင်းရှာသည်။ ဤသို့ ပင်းသူကပင်း၊ ငြင်းသူကငြင်းနေကြစဉ်ပင် သိန်းဟန်၏သတင်းပါလာတော့လေရာ မြင့်ခမျာမှာ

www.burmeseclassic.com

www.burmeseclassic.com

ဒိန်းတလိန်းနတ် ဖမ်းသလောက် ကျော်သန်းကတမောင့် တစ်ထောင့်ကဆူသဖြင့် မိခင်ဖြစ်သူမှာ သိန်းဟန်နှင့် မျက်နှာစုံညီမေးမြန်း၍ သမက်ဖမ်းရအောင်လိုက်လာကြသည်ဟုဆိုက မမှားနိုင်ပေ။

× × × × × × × × × × ×

သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ တစ်ယောက်သူမှာ ပျက်လင့်ကာသာ ဓမ္မတာတည်းဟူသော စကားမှာ လက်ငင်းအားဖြင့် သိန်းဟန်၏အမှုပေါ်မှာ ထိုက်နားခဲ့လေသည်။ ကိုယ်တွင်းရေးကြောင့် မိဘတွေအားအသိပေးကာ နှစ်ဦးနှစ်ဖက်အိမ်တွင်းရေးအဖြစ် တင်ပြလိုက်ရသည်။ ကိုယ်တွင်းရေးက အိမ်တွင်းရေးဖြစ်ပြီးသည့်နောက် မြို့တွင်းရေးဖြစ်အောင် ကြော်ငြာလိုက်မိသည်။ ယခုကား ကြော်ငြာပြီးကာမှ လုလုကြီးအရှက်ကွဲရပြီ။

"ခင်ဗျားသား တယ်တော်တယ် ဟင် မခင်ညွန့် တယ်တော်တယ်"

ဦးအောင်ကြီးမှာ တစ်ကိုယ်လုံးတုန်တုန်ယင်ယင် ဖြစ်လာသောကြောင့် မဆောက်တည်နိုင်သည့်အတွက် လမ်းကို ခပ်သွက်သွက်လျှောက်နေရသည်။ သူ့ခြေလှမ်းများမှာ တစ်ခန်းလုံးတွင် ဘယ်နေရာမှာမှ ဂနာအငြိမ် မနေနိုင်။ လက်သီးကို ကျစ်ကျစ်ဆုပ်မိလျက် နဖူးကချွေးတွေ အစီအရီထွက်နေရှာသည်။ ဒေါ်ခင်ညွန့်အဖို့မှာကား မျက်နှာကလေးငယ်ငယ်နှင့် ခေါင်းမဖော်ဝံ့သလိုငုံ့၍ မျက်ရည်သာတွင်တွင်သုတ်နေမိသည်။ ဒေါ်ဖွားနှစ်ကတော့ သူနှင့်ပူးကပ်စွာ ထိုင်နေရာက လင်အားတစ်လှည့်၊ ဒေါ်ခင်ညွန့်ကိုတစ်လှည့် အကဲခတ်နေရုံသာ သတ္တိရှိတော့သည်။ ထိုသို့နေသည့်ကြားက မိမိယောကျ်ားပါးစပ်မှ ကျူးကျူးလွန်လွန်တွေ၊ ပိုးစိုးပက်စက်တွေထွက်လာမှာ စိုးမိပါသေးသည်။ မိတ်ဆွေချင်း

www.burmeseclassic.com

လည်း မျက်နှာပျက်၊ လင်ဖြစ်သူကလည်း ဒေါသထွက်အောင် ရက်စက်လွန်းသော သိန်းဟန်ကိုသာ သတ္တုချ၍ စိတ်ဆိုးနေလေသည်။

"ခုလို အရှက်တကွဲ အကျိုးနည်းဖြစ်ရတာ ကောင်းသေးသလား" ဟု ဒေါ်ခင်ညွန့် ထံမှ စကားပြန်မရမချင်း ခပ်ကျယ်ကျယ်ခွန်းဆင့်လိုက်သည်။

ထိုသည့်တိုင်အောင် ဒေါ်ခင်ညွန့်ကတော့ ဘာမှပြန်မဖြေနိုင်ရှာ၊ မဖြေတတ်ရှာ။

"ဖြည်းဖြည်းပြောပါ ကိုအောင်ကြီးရယ်" ဟု ဒေါ်ဖွားနှစ်ကသာ လင်ကိုချော့ရသည်။

"ဟင် မင်းက အခုမှရှက်နေသလား၊ မင်းပါ အပြစ်မကင်းဘူး၊ မင်းအသုံးမကျလို့၊ မင်းအသုံးမကျလို့၊ မင်းပေါ့လျော့လို့ မင်းအခုဘာတတ်နိုင်သေးသလဲ"

ဦးအောင်ကြီးက အနားသို့တိုးလာကာ လက်သီးလက်မောင်းတန်းလောက်အောင် အော်ပြန်သည်။ တကယ်ဆိုတော့ ဒေါ်ဖွားနှစ်သည် လင်ကို သြဇာပေးနိုင်လောက်အောင် အခွင့်အရေးရခဲ့ပါသည်။ ဦးအောင်ကြီးလို လူအေးကြီးအပေါ်မှာ နေရာတကာ တွင်ကျယ်ခဲ့သည်။ ဦးအောင်ကြီးကိုယ်တိုင်ပင် ဦးစားပေးခဲ့သည်။ ယခုအရေးကျတော့ မိုးမီးလောင်သော အမှုဖြစ်သည့်အတွက် တစ်ခွန်းတစ်ပါဒမှ မစွက်ဖက်ဝံ့တော့ပေ။ ဦးအောင်ကြီးမှာ ဂုဏ်နှင့်ဒြပ်နှင့် နေခဲ့ရုံသာမက သမီးကလေး တစ်ယောက်တည်းကျန်ကို မျိုမလိုချစ်ထားသည်။ ရွှေလိုဥထားသည်။ ထိုသည့်ကြားက သားအပြစ်ကို မိခင်တို့ကြောက်ရွံ့ထိတ်လန့် တတ်သည့်နည်းတူ သမီး၏မှဲ့တစ်ပေါက်စွန်းမှုကို ဖခင်တို့က ပို၍အရှက်ကြီး ရှက်တတ်ကြသည်။ ယခုကား မှဲ့တစ်ပေါက်စွန်းရုံမဟုတ်သော မျိုးရိုးဇာတိပါ ထိခိုက်နိုင်သည့် မဟာအရေးတော်ပုံကြီးဖြစ်လေရာ သူ့ခမျာသမီးအတွက် အိုကြီးအိုမနှင့် အရှက်ကြီး ရှက်ပေမည်။

"ငါ့အပေါ် နေရာတကာ ဖုံးရတာနဲ့၊ ဖိရတာနဲ့၊ ငါ့ကိုနွားကြီး အောက်မေ့နေသလားဟင်" ဟု ဦးအောင်ကြီးက စိတ်မချုပ်နိုင်ဘဲ ငေါက်ပြန်လေသည်။

ဟုတ်လည်းဟုတ်သည်။ အမာကြီးကိုယ်တွင်းရေးကို ဖုံးတန်သလောက်တော့ ဖုံးထားကြသည်။ ဒါလည်း မိခင်နှစ်ဦးက ဦးအောင်ကြီး စကားဟန်ရှည်မှာ

www.burmeseclassic.com

www.burmeseclassic.com

စိုးသည့်အတွက် အတွင်းစက်ပုန်းခုတ်လိုက်ကြခြင်းဖြစ်သည်။ မြန်မြန်ဆန်ဆန် စေ့စပ် ကြောင်းလမ်းခြင်းကြော်ငြာကို ထည့်ရအောင်ပြောစဉ်က ဦးအောင်ကြီးကပင် ခပ်အင်အင် လုပ်နေခဲ့ရသေးသည်။ သူ့အမြင်ကတော့ သိန်းဟန်ဘီအေအောင်မှ ကြီးကြီးကျယ်ကျယ် စေ့စပ်ပွဲလုပ်စေချင်သည်။ လက်ထပ်မင်္ဂလာပွဲကြီး ချီးဝှဲချင် သည်။

"အိုတော် မိဘချင်းသဘောတူ စေ့စပ်ကြောင်းလမ်းတယ်ဆိုတာ ကြော်ငြာထားလို့ လွန်တာမျိုးမဟုတ်ပါဘူး။ ဘီအေဆို သမက်ဖမ်းချင်တဲ့လူက အများသား"

"ဖမ်းချင်ကော မခင်ညွှန့် သဘောကရှိသေးတာပဲကွာ"

"သြော် မခင်ညွှန့်ကတော့ဟုတ်တာပေါ့၊ လူပျိုလူရွယ်ဆိုတာက ဝါးလုံးနင်းမိတုံ၊ ဝါးခြမ်းနင်းမိတုံ မဟုတ်လား၊ ကြော်ငြာထားလိုက်တော့ အေးရော"

"အံမယ်ကွာ မင်းနယ် သိန်းဟန်ကမှ ငါ့သမီး မချစ်လို့ အသစ်တွေ့ပြီး ကြိုက်လည်း ကြိုက်ပါစေ၊ မင်းလုပ်ပုံက သမီးဈေးပျက်လှတယ်"

"အို ရှင်ကလည်း နေရာတကာ ကျုပ်ကောင်းတယ်ထင်လို့လုပ်တဲ့ဟာကို၊ အခု သူ့အမေကစပြီး တောင်းပန်နေတာ၊ သူက ကြော်ငြာပါရစေတော့ဆိုနေတာ၊ ကိုယ်ကငြင်းလို့ကောင်းမတဲ့လား"

"ဒါဖြင့်လဲ သဘော သဘော မင်းတို့ပဲ တွင်ကျယ်ချင်လွန်းတယ်"

ဤသို့သာ ဦးအောင်ကြီးက အလျှော့ပေးခဲ့ရသည်။ ထိုကိစ္စ ထိုရည်ရွယ်ချက်မှာ ယခုမှဘူးပေါ်သလို ဘွားဘွားပေါ်တော့သည်။ နွားလုပ်သည်ဟုလည်း ပြောစရာ ဖြစ်နေတော့သည်။

"ကြည့်စမ်းပါဦးဗျာ၊ ကျုပ်သမီးလေး ပန်းကောင်းအညွှန့်ကျိုး"

ယခုတစ်ခါတော့ ဦးအောင်ကြီးမှာ ဒေါသတွေကုန်သွား၍ ရင်ထုမနာ ညည်းလိုက်ရှာသည်။

ထိုအခါကျမှ ဒေါ်ခင်ညွှန့်က ကြားရသည့်လေပျော့ကို ပြန်၍ချော့ဝံ့ရှာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ကိုအောင်ကြီးရယ်၊ ရှင်တို့ပြောလည်းပြောစရာပါပဲ၊ ကျွန်မသား ကိုက မိုက်တွင်းနက်လွန်းလို့ အခုအခြေအနေကဖြင့် ကိုအောင်ကြီးတို့ပြောသလို လုပ်သလို ကျွန်မခံရတော့မယ့်ဘဝပါ။ ဩော် သား သား၊ မေမေ့မျက်နှာမှ မထောက်ဘူးကွယ်" ဟု သားကို တမ်းတ၍ ငိုမိရှာသည်။

ဤသို့ဆိုပြန်တော့ ဦးအောင်ကြီးမှာ မိတ်ဆွေရင်းကို ကရုဏာသက်မိပြန်သည်။ ဒေါ်ဖွားနှစ်ကတော့ ဒေါ်ခင်ညွှန့်နှင့်ရော၍ မျက်ရည်ကိုအင်္ကျီလက်ဖျားနှင့်ပင် တို့နေမိရှာသည်အထိပင်။

"ကျွန်မရှိတဲ့စည်းစိမ်ကုန်ရင်ကုန်သွားပါစေ မဖွားနှစ်ရယ်၊ အမှုအရှက်ကို ကြံကြစမ်းပါဦး၊ ဘယ်လိုဟာပဲဖြစ်ဖြစ် ကျွန်မ ဆောင်ရွက်ပေးပါ့မယ်"

ဒေါ်ခင်ညွှန့်က နှစ်နှစ်ကာကာ၊ လှိုက်လှိုက်လှဲလှဲပြောရှာသည်။ ဤစကားမှာ ဝမ်းထဲ နှလုံးထဲမှ ယူကျုံးမရဖြစ်လာသည့် တကယ့်စေတနာပင် ဖြစ်ပေသည်။

သွေးသားဗီဇဖြစ်သော သားလှ၏ ပယောဂကလေးကြောင့် ပေါ်ပေါ် ထင်ထင် ချွေးမပင်မတော်လိုက်ရသော်လည်း အတော်ကြီးမေတ္တာထားရလေသည်။

ထိုကြားထဲတွင် နှစ်ဖက်မိဘကို ညှင်းပမ်းနှိပ်စက်သလိုဖြစ်ရသောအကြောင်းမှာ သူ့ဘဝသူအဆုံးသတ်မည်ကြံသော အမာကြူ၏အပြုအမူများကြောင့်ဖြစ်လေ၏။ ကြိုးတန်းလန်းနှင့်မိသည်မှာလည်း တစ်ခါနှစ်ခါဖြစ်၍ တင်ချာအိုင်အိုဒင်းနှင့် အက်ဆစ်များကို သောက်မည့်ပက်ပင်းတွင်မိသည်မှာလည်း တစ်ခါနှစ်ခါဖြစ်သော ကြောင့် မကြာမကြာ သုံးဦးသောမိဘများ ငိုကြီးချက်မနှင့် မရရအောင် ဖျောင်းဖျကြရလေသည်။

"သမီးကိုတကယ်ချစ်ရင် ဖျက်လိုဖျက်ဆီးမလုပ်ကြပါနဲ့တော့ မေမေတို့ရယ်၊ လောကကြီးထဲမှာ ကျွန်မကြောင့် မေမေတို့တစ်တွေ အရှက်ကွဲတာ မမြင်ချင်လို့ပါ။ အေးရာအေးကြောင်း ကျွန်မရှာပါရစေတော့"ဟု အမာကြူက ဇွတ်တရွတ် ပြောတတ်သည်။

www.burmeseclassic.com

"မေမေတို့အသည်းနှလုံးကို ဖြုတ်မယ်ကြံသလား သမီးရယ်၊ သမီးဒီကနေ့သေရင် နက်ဖြန်ခါ မေမေတို့လိုက်သေကြရမှာပဲ။ သိန်းဟန်တစ်ယောက်မိုက်တာနဲ့ လူကြီးတွေအားလုံး ဒုက္ခရောက်ရတော့မလား" ဟု ရင်ဘတ်စည်တီး ငိုကြီးချက်မ ပြောကြရပြန်သည်။

လူကြီးတွေတစ်နေ့တစ်ခြား အပူတွေဆင့်လာအောင် ဓမ္မတာဝန်ကလည်း တစ်နေ့တစ်ခြားရင့်ကာ အမာကြူ၏ အရှက်ကို ခွဲတော့မည်တကဲကဲရှိလေ၏။ သိန်းဟန်မိုက်သလောက် ကောင်းရှာသော ဒေါ်ခင်ညွန့်မှာ အမာကြူ၏မိဘတို့နှင့် အရေးတကြီးတိုင်ပင်ရလေသည်။

နောက်ဆုံးအကြံကား အမာကြူကို ခဲအိုတော်မောင်ဘသက်နှင့် ဣန္ဒြေမပျက် ဆက်လက် နေရာချထားလိုက်ကြရန် ဖြစ်လေ၏။ ထိုကိစ္စကား မလွယ်ကူသေးချေ။ လိမ်လည်လှည့်ဖြား၍မရနိုင်သည့် အတွင်းလူဖြစ်သောဘသက်ကို ပထမနားချ ကြည့်ဖို့ပင် အတော်ခက်သေးသည်။

ဘသက်မှာ မုဆိုးဖိုဖြစ်သည့်တိုင်အောင် ယောကျ်ားတို့မည်သည် တစ်ခုလပ်ဖြစ်စေ၊ မုဆိုးမဖြစ်စေ သိသိသာသာ ဆိုလျှင် ကြည်ကြည်ဖြူဖြူယူနိုင်ဖို့လွယ်သေးသည်။ ယခုကဲ့သို့ သူများလှည်းကျိုးကို အမိုက်ခံ၍ဝင်ထမ်းရန်ကား လွယ်ကူလှသော ကိစ္စမဟုတ်ပေ။ အမိုက်ဝင်ခံပါတော့ဟု ပြောရလျှင်ပင် အပြောခံရမည့်သူအတွက် ကိုယ်ချင်းစာ၍ ရှက်စနိုးဖွယ်တစ်ရပ် မဟုတ်ပါလော။

"ကိုအောင်ကြီးတို့ပဲပြောကြည့်စမ်းပါဦးလေ၊ ဒီသူငယ်ဆိုတာကလည်း တစ်ခြားလူမ ႑မဟုတ်ဘဲ၊ ရှင်တို့ကို မိဘနှင့်မခြား သဘောထားပြီး အားကိုးနေရှာတာမို့ ပြောရင်လွယ်ကောင်းလွယ်ပါလိမ့်မယ်။ ကျွန်မတို့ ရှင်တို့အရှက်ကို ကယ်ကောင်း ကယ်ပါလိမ့်မယ်။ အမာကြူကိုသာ ယူမယ်ဆိုရင် ကျွန်မက ငွေငါးသောင်း လက်ဖွဲ့ပါ့မယ်။ သူ့ကိုသာ ဝိုင်းဝန်းပြီး တိုက်တွန်းကြစမ်းပါဦး" ဟု ဒေါ်ခင်ညွန့်ကစ၍အကြံပေးခြင်းကြောင့် ရှေ့မျက်နှာနောက်ထား၍ ခေါင်းချင်းရိုက် ကြည့်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါတော့ ဦးတို့သဘောပေါ့၊ အမာကြီးဆိုတာက ကျွန်တော့လက်ပေါ်မှာလိုလို ကြီးပြင်းလာတာမို့ ကျွန်တော့်နှမ အထွေးကလေးလောက် သဘောထား လာခဲ့တာပါ။ ဦးတို့ကစီမံမယ်ဆိုရင် ကျွန်တော့်ဘက်ကိုတော့ ထည့်မစဉ်းစား ကြပါနဲ့။ သူ့သဘောကိုသာ မေးမြန်းစုံစမ်းကြည့်ကြပါဦး။ သူ့သဘောမကျမှာ ဖြစ်ရင်လည်း အတင်းတော့မတိုက်တွန်းကြစေချင်ဘူး။ စိတ်ညစ်စရာတွေ များ သထက်များလာရင် ဒီထက်ဒီ မတော်တရော်တွေကြုံကုန်မှာစိုးရပါသေးတယ်" ဟု ဘသက်က မျှော်ခေါ် စဉ်းစား၍ပြန်ပြောသောအခါ လူကြီးတွေမှာ အမာကြီးကို ဖျောင်းဖျနားချဖို့ ကြံကြရပြန်သည်။

အမာကြီးကား အခန်းထဲမှမထွက်၊ မျက်ရည်နှင့်မျက်ခွက်၊ နေ့ရက်တွေသာ လွန်ခဲ့သည်။ သူ့အမြင်ကတော့ ရှေ့တွင်ကာဆီးနေသော အမှောင်ထုကြီးသာ ဖြစ်သည်။ မိဘတွေတိုင်ပင်ကြပုံ၊ စီစဉ်ကြပုံကို အာရုံမှာမဝင်စား။ သူ့ရင်သွေးကို ဘယ်အခြေအနေနှင့် မွေးဖွါးရမည်သာ စိုးရိမ်ထိတ်လန့်နေရသည်။ သိန်းဟန်မှ တစ်ပါး သူ့အရှက်ကို ကာကွယ်ထိန်းသိမ်းနိုင်မည့်သူမတွေ့။ သိန်းဟန်သည်သာ တစ်ဦးတည်းသော တရားဝင်ရှေ့ဆောင်ရှေ့ရွက်၊ အရှက်နှင့် ကျက်သရေကို ကယ်တင်မည့်သူရှိရာ ထိုသိန်းဟန်မှာ မသေဘဲနှင့် ဘဝပြောင်းပြီး အတိတ် ဟောင်းက အဆိုးအကောင်းတွေကို မေ့နေလောက်ပေပြီ။ ဤအကြောင်းတရားကို မိဘများပင်သိကြပြီ။

ထို့ကြောင့် ဘသက်ကို လူစားထိုး၍ လှည်းကျိုးကို ဝင်အထမ်းခိုင်းရန် အမာ့အားနားသွင်းကြည့်မိသည်နှင့်တစ်ပြိုင်နက် မျက်စိမျက်နှာပျက်၍

"မတရားမလုပ်ကြပါနဲ့ မေမေတို့ရယ်၊ သမီးမိုက်သမျှဒဏ်ကို ကိုဘသက်ကြီးအပေါ် ပုံမချရက်ပါဘူး။ မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့" ဟု ထိတ်ထိတ်ပျာပျာ တောင်းပန်ရှာတော့သည်။

"မတရားလုပ်သလိုတော့ ဘယ်ဟုတ်မလဲသမီးရယ်"

www.burmeseclassic.com

ဒေါ်ခင်ညွန့်က ဇွတ်ထောက်ဝင်ခံရှာပါသည်။ ပြောမယ့်သာပြောလိုက်ရသည်။ မတရားမှန်းတော့ ကိုယ်စီကိုယ်ငှ အသီးသီးသိကြပါသည်။ သို့သော် ဘယ်ကဲ့သို့ တတ်နိုင်ပါမည်နည်း။ အရေးကြုံလျှင် သက်လုံကောင်းကြရတော့မည်။

"ဟုတ်ပါတယ်သမီးရယ်၊ မောင်ဘသက် သူ့ခမျာ စေတနာနဲ့ သက်သက် ဝင်ထမ်းရှာတာပါ"ဟု ဒေါ်ဖွားနှစ်က ထပ်၍ထောက်ခံလိုက်ပါသေးသည်။

အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုသလို အိမ်တွင်းရေးကြီးတစ်ခုကို အိမ်တွင်းသား တစ်ယောက်ဖြစ်သော ဘသက်အပေါ် ဖုံးဖို့ဖိဖို့ မဖြစ်နိုင်။ ဖုံးဖိထားဖို့ လူမျိုးလည်း မဟုတ်သောကြောင့် အထုတ်ကိုဖြေ၍ပြပြီးသားဖြစ်သည်။ သိသိသာသာ တောင်း ပန်ထားခြင်းကြောင့် ခပ်ရှင်းရှင်းပင်။ သို့တိုင်အောင် ဓါးခုတ်ရာလက်ဝင်လျှို သည့်လူက လျှိုစေကာမူ အမာကတော့ မေတ္တာသန့်သန့်ကြောင့် မခုတ်ရက်နိုင်။ ဒါထက်ဆိုးတာက သိန်းဟန်ကိုမမေ့နိုင်တာက ပိုခက်သေးသည်။

"နောက်ဆုံးကျွန်မပြောရရင် ကိုသိန်းဟန်ကို ကျွန်မရဲ့ ကာမပိုင်ရယ်လို့ သဘောထားပြီးဖြစ်နေလို့ သူကကျွန်မကို မုန်းသွားပေမယ့် ကျွန်မကတော့ ဘယ်တော့မှမမုန်းနိုင်ဘူး မေမေ၊ ကိုယ့်ယောကျာ်း နောက်မယားငယ် ယူသွားတယ်လို့ပဲ စိတ်ထဲစွဲနေမိတယ်။ ဒါကြောင့် ကျွန်မနောက်လင်ယူဖို့ မကြားပါရစေနဲ့၊ သက်ဆိုးရှည်သမျှ ကျွန်မဒုက္ခနဲ့ ကျွန်မပဲရှိပါစေ"

ဒေါ်ခင်ညွန့်သည် သူ့သားဆိုးသလောက် အမာက နောက်တစ်မျက်နှာ မပြောင်း ရက်သေးသည့်စေတနာကို အသည်းနင့်အောင် ကြားလိုက်ရခြင်းကြောင့် ဆက် မပြောနိုင်အောင်ဖြစ်သွားရှာသည်။ သို့သော် ဖအေတန်မဲ့နှင့် မရှုရက်သော ဦးအောင်ကြီးက သမီးအနားသို့ကပ်၍ အကြံပေးရပြန်သည်။

"ကဲ သမီး၊ ဒါဖြင့် ဒီလိုလုပ်ကြပါစို့ကွယ်၊ မောင်ဘသက်နဲ့လက်ဆက်တယ်ဆိုတဲ့ သတင်းကလေးဖြစ်ရုံလောက်တော့ ဖေဖေတို့စီစဉ်ပါရစေ၊ ဒါမှမဟုတ်ရင် သမီး ကလေးမှာ တစ်နေ့ထက်တစ်နေ့"

www.burmeseclassic.com

ဦးအောင်ကြီးက ဆုံးအောင်မပြောသော်လည်း အမာက အဆုံးသတ်ကို နားလည်လိုက်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် အမာသည် မိမိ၏ဒုက္ခထက် မိမိအတွက် သောကရောက်နေကြရသော မိဘတွေကို ကရုဏာ အကြီးအကျယ်ဖြစ်မိသည်။ အားလုံးကပြောနေကြသည်မှာ မိမိတစ်ဦးတည်း၏ ကောင်းကျိုးကို ရှေ့ရှုနေရကြောင်း နားလည်ရပေသည်။

"သမီးမေတ္တာဟာ အမြဲဖြူစင်နေတာမို့ တစ်နေ့နေ့သူပြန်လာလိမ့်မယ်လို့ အယူရှိပါတယ်ဖေဖေ။ ဒီတော့ သူပြန်လာရင် သူ့အဆိုးဟာ ကျွန်မအဆိုးဖြစ်နေပါဦးမယ်"

"အို ဒီခွေးမသား ပြန်လာမယ့်အကောင် မဟုတ်ပါဘူး"

ဦးအောင်ကြီးက စိတ်လိုက်မာန်ပါ ရေရွတ်လိုက်မိသည်။ ပြီးမှ မျက်နှာကလေးငယ်သွားသော သူ့အမေ မခင်ညွန့်ကို အားတုံ့အားနာဖြစ်လိုက်ရသည်။ တကယ်ဆိုတော့ ဦးအောင်ကြီးတို့လင်မယားသည် ဒေါ်ခင်ညွန့်ကိုတော့ နောက်ထပ်မပြောရက်လောက်အောင် ရှိကြပါပြီ။ သူ့ခမျာမှာ ကြိမ်းဝါးမောင်းမဲ အပြစ်တင်သည့်အထဲက မိမိတို့နှင့် အေးအတူ ပူအမျှ ဒုက္ခကို ဝေခံနေရှာလေသည်။

"လာလည်း လာဝံ့တော့မယ် မထင်ပါဘူးသမီးရယ်" ဟု မခင်ညွန့်က မျက်ရည်သုတ်ရင်းပြောရာက ဆက်၍ "လာလည်း လက်သင့်ခံဖို့ မကောင်းတော့ပါဘူးကွယ်၊ ခွေးလောက်မိုက်တဲ့အကောင်ဟာ ငါ့သမီးနဲ့ မတန်တော့ပါဘူး"

"အိုကွယ် သူပြန်လာလို့ ငါ့သမီးကကျေနပ်မယ်ဆိုရင် ဒင်းကို လူကြီးစုံရာ ရှင်းပြလိုက်တာပေါ့၊ မောင်ဘသက်ကတော့ စိတ်ချရပါတယ် သမီးရယ်။ သမီးကို နှမကလေးအရင်းလို သနားနေတာပါ။ သူကိုယ်တိုင်နားလည်မှုရှိပါတယ်။ နေကြတော့လည်း ဥမကွဲသိုက်မပျက် ဖေဖေတို့နဲ့ တစ်လုံးတစ်စည်း ထဲနေကြမှာပဲဟာ" ဟု ဆိုသောကြောင့် အမာ၌ မငြင်းသာအောင် ရှိလေသည်။

ငြင်းရအောင်လည်း ဘယ်ဘက်ကမှ စဉ်းစား၍မရ၊ သိန်းဟန်တစ်ယောက်သာ မိမိကိုမေ့ရက်သည်။ သိန်းဟန်မှအပ အကုန်လုံးက ကောင်းကြသည်။ ဝေဒနာရှိကြသည်။ ကယ်တင်လိုကြသည်။ ထိုကြားထဲတွင် မိမိမှာ ကိုယ်လွတ်

www.burmeseclassic.com

လက်လွတ်မဟုတ်။ နေမြင့်လေ အရှုံးရင့်လေဆိုသကဲ့သို့သောဒုက္ခက ကိုယ်နှင့် မကွာဆောင်ရွက်နေရပေသေးသည်။

ထို့ကြောင့် အမာကြူသည် လူကြီးတွေထံ အာမဘန္တေခံလိုက်ရတော့သည်။

"ကိ ကိ ကဲ ကဲ"

လှောင်အိမ်ထဲမှ ဖော်ကွဲသော သာလိကာငယ်သည် အမာကြူ၏ဝေဒနာကို ကိုယ်ချင်းစာသလို အသံပြုလိုက်သည်။ ယခင်က နှစ်ကောင်တွဲ၊ ယခုတော့ တစ်ကောင်တည်း။

သိန်းဟန် မော်လမြိုင်ကိုလိုက်သွားမည်ဟု နှုတ်ဆက်လာသည့်နေ့က သိန်းဟန် အထွက်တွင် သာလိကာကြင်ဖက် လွတ်ထွက်၍သွားတာကို ပြန်လှန်ကာ စဉ်းစားမိသည်။ သူ့ခမျာ အစာရေစာမှ ကြည်ကြည်လင်လင်မစား၊ စကားပြောဖို့ ဝေးလို့ မြူးထူးပျော်ပါးပုံမှမရ၊ အမာသည် ငှက်ငယ်ကိုကြည့်ရင်း ဝမ်းနည်း လာမိသည်။

"အဖော်မရှိတဲ့ သာလိကာလေးရယ်"

အမာကြူသည် လှောင်အိမ်ကလေးနားသို့ တဖြည်းဖြည်းကပ်သွားမိသည်။ ထို့နောက် လှောင်အိမ်တံခါးကလေးကို အသာအယာဖွင့်လိုက်ပြန်သည်။ ငှက်ငယ် သည် သူ့အား ဘယ်သို့ဘယ်ပုံပြုမည်နည်းဟု အကဲခတ်ကာ တထိတ်ထိတ် တလန့်လန့် မျက်လုံးကလေးဝိုင်းနေရှာသည်။

"မရွှေဝါရယ်၊ မင်းမှာတော့ ချစ်သူနောက်ကိုပျံလိုက်စရာ အတောင်ရှိပါတယ်ကွယ်။ ဒါကြောင့် မမ ဖွင့်လွှတ်ပေးလိုက်တော့မယ်နော်၊ ငါ့ချစ်သူလူစိမ်းကားကြီး တွေ့ရင်သာ မမမှာဖြင့် ဖြစ်သမျှအကြောင်း အကောင်းပဲဆိုပြီး ကံဟောင်းကို ရိုးမယ်ဖွဲ့နေရပါပြီလို့ ပြောလိုက်စမ်းပါကွယ် နော်၊ ကဲ သွားတော့လေ သွားတော့"

အမာကြူသည် တိရစ္ဆာန်ငှက်ငယ်ကို နားလည်သူတစ်ယောက်အနေနှင့် ပြောလိုက် ခြင်းကြောင့် စိတ်ပြေလက်ပြေ ရင်ထဲမှာအနေချောင်သွားပါသည်။ ငှက်ကလေးကား အမာ့စကားတွေကို ခေါင်းကလေးစောင်းကာငဲ့ကာ ခြေတကြွကြွ အပေါက်ကလေး

www.burmeseclassic.com

တမမနှင့် နားထောင်သလိုရှိသည်။ သို့ပေမယ့် အမာကြူထင်သလို လှောင်အိမ်ကလေးထဲက ဖြုန်းခနဲပျံမထွက် ယခင်သတ္တဝါကလေးကဖြင့် လစ်တာနှင့် တစ်ပြိုင်နက် လွတ်ရာကိုပြေးထွက်သွားသည်။ အဖိုနှင့်အမကွာခြားတာ ဒါများလားဟု စဉ်းစားမိသေးသည်။ သို့သော် အမာကြူအဖို့ သူ့ကိုခင်တွယ်နေသည်ကိုပင် မကြည့်ရက်၊ ပြန်ထွက်မသွားတာကိုလည်း မရှုစိမ့်။ သူ့မျက်မှောက်ဝယ် တစ်ကောင်ထီးတည်း ဖော်မဲ့တစ်ကိုယ်ဖြစ်နေရသည်ထက် သဗ္ဗေသတ္တာကမ္မသကာလေနှင့် ရောဉ် တိမ်ကြောကိုပျံကာ သူ့ချစ်သူကိုသာလိုက်လံရှာဖွေနေစေချင်သည်။ ဤလိုရှာရင်း အတောင်ညောင်း၍သေသွားတာကမှ ကျေနပ်စရာရှိလိမ့်ဦးမည်။ ထို့ကြောင့်ပင် ဤတစ်ခဏကလေး၌ အမာကြူသည် သာလိကာမကလေး သာဖြစ်လိုက်ချင် တော့သည်။ သူ့မှာသာ အတောင်ပေါက်လျှင် သိန်းဟန်ခြေရင်း အရောက် လိုက်၍ငိုပြလိုက်ချင်တော့သည်။

"သွားလေ ရွှေဝါ၊ တံခါးဖွင့်ထားတယ်လေ"

သာလိကာကလေးကား ပေကပ်၍နေတော့သည်။ ကြာသော် အမာကြူသည် သူ့ကိုမှစောင့်မကြည့် ထွက်သွား လိုသည့်အချိန်တွင် လွတ်လွတ်လပ်လပ် ထွက်သွားနိုင်ရန် တံခါးကို အဆင်သင့်ဖွင့်ခဲ့၍ သူ့အနားမှ မျက်ရည်သုတ်ကာ နောက်ဆုတ်၍ ထွက်သွားမိတော့သတည်း။

× × × × × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

အချိန်သည်ကား နှာရည်ယိုရွှဲသည့် တပို့တွဲမှ တပေါင်း၊ တန်ခူး မိုးသား ကြူးပြီးလျှင် ကဆုန်၊ နယုန် မိုးသံတွေစုံခဲ့ကာ ဝါဆို ဝါခေါင် ရေဖောင်ဖောင် ဖြစ်ခဲ့ပြန်လျက် တော်သလင်းနေပုစွန်သေခဲ့ပြီးနောက် ကြာပေါင်းညွတ်သည့် သီတင်းကျွတ်သို့ ကူးခဲ့ရုံမျှမက ဖုံးတုန်း လုံးတုန်း တန်ဆောင်မုန်းကိုလွန်ခဲ့ကာ နတ်တော် ပြာသို နှင်းစိုစိုသို့ပြန်လည် ဆိုက်ရောက်ခဲ့ပြန်လေ၏။

သိန်းဟန်သည် ကျိုက်သာလံစေတီရင်ပြင်တော်မှ အနောက်မြောက်စူးစူးကို မျက်နှာမူကာ ငေးလျက်၊ တွေးလျက်ရှိသည်။ ဤမှနေ၍ မံသစက္ခုနှင့်မမြင်နိုင်သော ပဲခူးဘက်ကို ရော်ရမ်းမှန်းဆနေခြင်းသာဖြစ်သည်။ သူသည် မျက်စိနှင့်မမြင် နိုင်ပေမယ့် အာရုံထဲမှာတော့ပေါ်လာလေသည်။

ညိုမှောင်ရင့်ရော်သော တောင်ခိုးမြူငွေ့တို့ဖြင့် မှုန်တပြပြကလေးမြင်ရသော မုတ္တမမြို့ကလေးနှင့် သံလွင်မြစ်ဝတွင် စိမ်းစိမ်းစိုစိုကျက်သရေဆောင်နေသော ခေါင်းဆေးကျွန်းကလေးတို့မှာ သိန်းဟန်၏အတွေးထဲက တရေးရေးပျောက်ကွယ် သွားကြသည်။ ထိုရှုမျှော်ခင်းတို့အစား မြင်လာရသော ရှုပါရုံကား လှပသော မိန်းမပျိုကလေးတစ်ယောက်နှင့် မွန်ရည်သော လုလင်ပျိုတစ်ယောက် အတူယှဉ်တွဲ ကာ စိတ်ပျော်လက်ပျော် စန္ဒယားတီးဆိုနေကြပုံဖြစ်လာလေ၏။

ရှုပါရုံသာမက သဒ္ဒါရုံပါ တွဲလာသလိုလိုထင်လိုက်ရသည်။ မိန်းမပျိုကလေး ဆိုနေသောသီချင်းမှာ 'သည်ဆောင်းဟေမာန်' ဘွဲ့ ဖြစ်သည်။ မိန်းကလေး ၏ဆံထုံးပေါ်တွင် သဇင်ခိုင်ကလေးများ တယိုင်ယိုင်တလှိုင်လှိုင်ရှိနေကြသည်။ မကြာမီ လုလင်က မိန်းမပျို၏ ခါးကလေးကိုဖက်လိုက်သည်။ မိန်းကလေးက ရုန်းထွက်သည်။ ထိုအခါ ယောကျ်ားပျိုကလေးက ဇွတ်ဖမ်း၍ နမ်းလိုက်မိသည်။

"သြော် အမာကြူ အမာကြူ ငါ့ကိုသိပ်စိတ်နာနေတော့မှာပဲ၊ အင်း တကယ်ဆိုတော့ နာထိုက်ပါပြီလား အမာရယ်"

သိန်းဟန်သည် ပါးစပ်ကခပ်တိုးတိုးရွတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"သူ့အပေါ်မှာ ငါစော်ကားခဲ့မိတယ်။ ချစ်မိခဲ့တယ်ဆိုတဲ့စကားက သိပ်မမှန်နိုင်ဘူး။ စော်ကားမိခဲ့တယ်ဆိုတာမှ တကယ်တိကျတဲ့စကားပေါ့။ လူကြီးတွေကိုလည်း မျက်နှာဖျက်ခဲ့ပြီ။ ငါ့အမေက ငါ့ကိုစိတ်နာတာထက် သူ့မိဘတွေက ပိုပြီး စိတ်နာကြမှာပဲ။ အို စိတ်အနာဆုံးကတော့ ကာယကံရှင်အမာအပြင် ဘယ်သူ ရှိဦးမှာလဲ။ အခုနေ ငါ့ကိုတွေ့ရရင် ဖက်ပြီး ငိုချလိုက်မလား၊ ဒါမှမဟုတ်ရင် လက်ညိုးကလေးငေါက်ငေါက်ထိုးပြီး ကက်ကက်လန်အောင် ရန်ပဲတွေ့လေမလား၊ ရန်တွေ့ဖို့မှစိတ်မရှည်ဘဲ မျက်နှာကိုချာခနဲ့လှည့်ထွက်ပြီး ခြေဆောင့်သွားမလား။ တကယ်ဆိုတော့ ငါတော်တော်ယုတ်မာခဲ့တာပဲ။ ငါ့အကုသိုလ်ဟာ မော်လမြိုင် ကိုလိုက်လာတဲ့အခါကစပြီး အကျိုးပေးခဲ့တာပဲ"

သိန်းဟန်သည် အလိုအလျောက်ပင် မျက်စိကိုစုံမှိတ်လိုက်မိတော့သည်။ အားယူ၍ တဖန်ပြန်ဖွင့်လိုက်တော့မှ မုတ္တမမြို့နှင့် ခေါင်းဆေးကျွန်းကလေးမှာ အထင်အရှား ပေါ်နေမြဲပေါ်လာတော့လေသည်။ သက်မကြီးတစ်လုံးကို ပစ္စလက္ခတ် ပစ်ချ လိုက်ပြီးလျှင် ဘုရားမှဆင်းတော့မည်ဟု ဝတ်ဖြည့်လိုက်သောအခါ ရုပ်ပွါးတော် တစ်ဆူရှေ့တွင် ညောင်ရေအိုးကလေးတစ်ခုနှင့် ဝေဆာညွှန့်လန်း သဇင်ပန်းဖြူ လွှလွှကလေးကို သွားတွေ့ရပြန်သည်။ ထိုပန်းကလေးတွေကို မြင်ရခြင်းမှာ သိန်းဟန်အဖို့ ရင်ထဲမှာဆို့သွားစေတော့သည်။

သိန်းဟန်၏အခြေအနေသည် ဖောက်လှဲဖောက်ပြန် လောကဓံက မြန်ပဲမြန်လွန်း လှသည်။ မော်လမြိုင်သို့ မြင့်မြင့်နှင့်ပါလာစက ထိုဘုရားပေါ်သို့ ပျော်တပြုံးပြုံး မောင်မယ်စုံတက်ခဲ့ရသော်လည်း ယခုတော့ တစ်ယောက်တည်း ယောင်လည်လည် မျက်နှာငယ်ကလေးနှင့် တွေးရင်းငေးရင်းသာရှိတော့သည်။

ယောက္ခမအိမ်တက် သမက်သဖွယ် မျက်နှာငယ်ဟူသောစကားမှာ သိန်းဟန်လို သမက်မျိုးဖြစ်လေသည်။ ထိုအချိန် သူတို့အိမ်ထဲဝင်၍ ကြည့်လိုက်မည်ဆိုလျှင် ငြူစူနေသော ယောက္ခမ၊ မျက်နှာမလှသော မယားသည်နှင့် အိမ်အလည်လာသော ကိုစိုးမြင့်တို့ကို တွေ့ရမည်ဖြစ်လေ၏။

www.burmeseclassic.com

မင်းကတော် စိုးကတော် သူဌေးကတော်တွေဝိုင်းဝိုင်းလည်နေသော ဒိုင်းဝန်ကွင်း ရပ်ကွက်တွင် မိဘအမွေပြတ် အလုပ်လက်မဲ့ ဘီအေမအောင်ခဲ့သော သိန်းဟန် အတွက် သမက်အဖြစ်နှင့် ခပ်ရှက်ရှက်ဖြစ်နေကြသည်။ အိမ်နီးချင်းဖြစ်သော သိန်းဟန်ကိုပိုးခဲ့ အလိုလိုက်ခဲ့ အရေးပေးခဲ့ကြသည့် ခင်မကြီးကိုကြည့်လိုက်လျှင် မကြာမီကလေးကမှ အိုင်စီအက်တစ်ဦးနှင့် လက်ထပ်ခဲ့လေသည်။ တောင်ဘက် တိုက်က ခင်ခင်လေးသည်လည်း အလုပ်သင်ဝန်ထောက်တစ်ဦးနှင့် နေရာချထား ပြီးဖြစ်သည်။ အိမ်ရှေ့အိမ်က မရင်နုမှာလည်း ဘုံဘေဘားမားသစ်စက် ကိုယ်စားလှယ်တစ်ဦးနှင့် အကြီးအကျယ် မင်္ဂလာဆောင်ခဲ့ပြီ။

ဤလိုကြားထဲမှ အဝတ်တစ်ထည် ကိုယ်တစ်ခုသာဖြစ်သော သိန်းဟန်လက်သို့ သမီးကို ဝ ကွက်အပ်လိုက်ရသော မင်းကတော်ကြီး ဒေါ်မြလှိုင်မှာ နေ့ရှိသမျှ မကျေမချမ်းဖြစ်နေမိသည်။ ထိုထက် ကိုစိုးမြင့်ကား မိမိတို့အပေါ်မှာ လမ်းစ ပြတ်မသွားဘဲ စိတ်ဲ့လက်မခြောက်အောင် ရောက်နေကျအတိုင်း ရောက်နေခြင်းက ချီးမွမ်းစရာ ခင်တွယ်စရာ လွတ်တဲ့ငါးကြီးစရာ ဖြစ်နေပြန်သည်။

"ညည်းထလို့၊ ညည်းရွလို့ ဒီလိုမျက်နှာငယ်ရတာ၊ ငါသဘောတူတဲ့ မောင်စိုးမြင့်နဲ့ဆိုရင် မင်းကတော်မဖြစ်ရလား၊ လင်ခံရွေးလို့ လင်ခွေးနဲ့ညားရတာ" ဆိုသောစကားများနှင့် နေ့ရှိသမျှ မြင့်မြင့်အားကြိတ်၍ ကြိမ်းမောင်းဆူပူနေရာက သိန်းဟန်အား အထင်အမြင်သေးအောင် သွေးဆောင်သလိုဖြစ်နေလေသည်။ အဆိုးဆုံးကတော့ သိန်းဟန်အားစိတ်နာ၍ သူ့မိခင်က သားအဖြစ်မှ စွန့်ပစ် လိုက်ခြင်းဆိုသည့် သတင်းစာပါကြော်ငြာက သိန်းဟန်ကိုမျက်နှာပို၍ ငယ်စေ တော့သည်။

ဒါကိုမကျေမချမ်းဖြစ်၍ စကားနာထိုးသူ ဒေါ်မြလှိုင်အပြင် မည်သူရှိဦးမည်နည်း။ သမက်ကိုခနဲ့ သမီးကိုရွဲ့ တကယ့်ကို အပြစ်ရှာနေတော့သည်။ သမီးနှင့်သမက် အိမ်ထက်မှာ ကျွေးထားရသည်ပင် မသဒ္ဓါရေစာနိုင်လှပြီ။ သိန်းဟန်ကဖြင့် ဘာတစ်ခုမှ ခေါင်းဖော်နိုင်စရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com

လူ့လောကဂုဏ်ရိပ်မြုံတွင် အဖုံဖုံသော လောကဓံကို စုံလင်အောင် မခံစားမစံစားရသေးသော အသက်နှစ်ဆယ် မပြည့်သေးသည့် မြင့်အတွက်ဆိုရလျှင် စိုးမြင့်ထက် ကောလိပ်ကျောင်းသား စန္ဒယားချန်ပီယံသူဌေးသားဖြစ်ခဲ့သည့် သိန်းဟန်ကို ချစ်ခဲ့ခြင်းမှာ ဂုဏ်ကြောင့်ဖြစ်သည်။ တစ်အိမ်တည်း နီးနီးကပ်ကပ်ပွန်းတီးစွာနေခဲ့ရသည့်အပြင် အိမ်နီးချင်းဂုဏ်ကြီးရှင်တို့က ခုံမင်လိုက်စားကြသည်ကိုသိရ၍ အားကျမခံကြိုက်မိရာက စွဲလမ်းမှန်းမသိစွဲလမ်းလာလျက် နောက်ဆုံးတွင် အစ်ကိုကြီးဖြစ်သူ၏ မျက်မြင်တိုင်ကြားမှုကြောင့် လျင်မြန်စွာ ယူလိုက်ရခြင်းဖြစ်သည်။ အခြေအနေမှာ မျှော်လင့်သလိုမဖြစ်လာသည့်အခါ သူငယ်ချင်း ဂုဏ်တုဂုဏ်ပြိုင်တွေကို ရက်စနိုးဖြစ်လာသည့်အခိုက် မိခင်ကြီးတိုက်တွန်းမှုသည် ကယောင်ချောက်ချား စိတ်လွင့်ပါးစေဘိ၏။

သို့သော် တစ်ထုံးမကြင် တစ်ထုံးကြင်၊ လင်ဆိုသောမေတ္တာက ချစ်စခင်စကြင်နာစတွင် အားရစရာမှ မကုန်သေးသည့်အတွက် မိခင်နှင့်လင်စပ်ကြားတွင် ဗျာများနေရရှာသည်။

“မြင့် ဆွေဆွေတင့်တို့ မင်္ဂလာဆောင်ကို မသွားဘူးလား”

“မြင့် မင်းကတော် နယ်လီတို့နဲ့ မုဒုံပျော်ပွဲစားလိုက်မသွားဘူးလား”

“သဘော်ာလဲက ဒေါ်မိမိတို့အလှူ မသွားဘဲကိုး”

ကိုစိုးမြင့်က အိမ်ကိုလာတိုင်း မြင့်ကိုနှုတ်ခွန်းဆက်သည်။ လင့်ဂုဏ်နည်း၍ လူတောထဲ မတိုးချင်သူကို ဆင်အိပ်ရာ ဆိတ်နှိုးသဘောမျိုး ပြောသည့်အခါပြော၍ “မြင့်ရယ် အခုလို သိမ်သိမ်ငယ်ငယ်နေရတာ ကိုကြီး စိတ်မကောင်းပါဘူးကွယ်၊ မောင်သိန်းဟန်ကို အလုပ်ကလေး ဘာလေး ရှာခိုင်းပါဦး” ဟုလည်း ကရုဏာလိုလိုနှင့် ခပ်ချိုချိုပင့်တတ်သေးသည်။ ကိုစိုးမြင့်က မြင့်အပေါ်ကရုဏာသက်နေရသေးသည်မှာ အကြောင်းရှိသည်။

ဒေါ်မြလှိုင်သည် သူ့သမီးအတွက် ရက်ရက်နှင့်ကာကွယ်ခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မောင်စိုးမြင့်ကို တူရင်းသားရင်းလိုသဘောထားပြီး ဖွင့်ပြောရတော့မယ်ကွယ်၊ မြင့်ဖြစ်ရတဲ့အဖြစ်က လူယုံသတ်လို့သေရသလို ရေတိမ်မှာအနစ်ခံရတာမျိုးပါပဲ မောင်စိုးမြင့်ရယ်၊ သိန်းဟန်ဆိုတာက သားနဲ့ပတ်သက်လာတဲ့ သူငယ်ချင်း မဟုတ်လား၊ မြင့်ကလည်း ရှုးရှုးမိုက်မိုက်၊ ဒီအပေါ်မှာ ကိုယ့်အစ်ကိုရဲ့ သူငယ်ချင်းဆိုတော့ ကိုယ်ကလည်းအိမ်သည်ဖြစ်နေ ပြန်တော့ နေရာတကာ ပြုစုပွန်းတီးခဲ့တယ်၊ မျက်နှာသာပေးခဲ့တယ်။ အဲဒါ ကိုရွှေချောက သူ့ကြိုက်နေ ပကောဆိုတဲ့သဘောနဲ့ ဒေါ်ဒေါ်အလစ်မှာ မြင့်အိပ်ရာထဲအတင်းဝင်ပြီး ဗလက္ကာယ လုပ်တုန်း မောင်ကျော်သန်းမြင်သွားတာနဲ့ တစ်ရက်ကနှစ်ရက် မဖြစ်ရအောင် လုပ်ရမယ်ဆိုပြီး အကျောက်အကန်ပြောလွန်းလို့ နေရာချလိုက်ရတာပါကွယ်။ တကယ်ဆိုတော့ သူ့လိုအလုပ်လက်မဲ့ ပညာမဲ့ကို မြင့်ကဘယ်မှန်းလိမ့်မတုန်း၊ ဒါပေမယ့် ယောက်ျားကလေးဆိုတာမျိုးက သွားပုပ်လေလွင့်ပြောချင်ရာပြောနိုင်တာ မဟုတ်လား" ဟူသော စကားများသည် မောင်စိုးမြင့်အတွက် နာသာခံခက် ကရုဏာသက်စရာတွေဖြစ်ခဲ့ရသည်။

သူ့အမြင်ကတော့ သိန်းဟန်ကလူဆိုး၊ ဒေါ်မြလှိုင်တို့ကလူရိုး။

"အင်း ဒါတွေကို အစကတည်းက ကျွန်တော်ထင်တယ် ဒေါ်ဒေါ်"

"မှန်တာပြောရရင်တော့ ဒေါ်ဒေါ် သဘောတူလို့မဟုတ်ဘူး၊ မြင့်ကလည်း သဘောကျလွန်းလှလို့မဟုတ်ဘူး၊ သူငယ်ချင်းချင်း မျက်နှာပူလှချည်ရဲ့ဆိုပြီး မောင်ကျော်သန်းက တုတ်တစ်ပြက်၊ ဓါးတစ်ပြက်လုပ်လို့၊ ဒီကြားထဲ မောင်စိုးမြင့်နဲ့ နားချပါသေးရဲ့၊ သူ့အဖြစ်သူရှက်လို့ မောင်စိုးမြင့်နဲ့လက်ဆက်ရမှာ အားနာနေတာ ပေါ့ကွယ်"

ဒေါ်မြလှိုင်၏စကားမှာ စွဲစွဲလမ်းလမ်းဖြစ်နေသော မောင်စိုးမြင့်ကို အာလယ မကုန်စရာဖြစ်နေလေသည်။ သူ့အဖို့ကတော့ ဘယ်နှသားမွေး၍ ဘယ်နှလင်နေနေ အသေအလဲပိုးနေလျက်သားဖြစ်သည်။ ထို့ကြောင့်ပင် ဒေါ်မြလှိုင်ကလည်း

www.burmeseclassic.com

မောင်စိုးမြင့်ဆိုလျှင် အရေးတယူလုပ်၍ ကိုစိုးမြင့်ကလည်း မိတ်ဆွေကောင်းပီသစွာ ခဏခဏ အလည်လာခြင်းဖြစ်လေ၏။

သိန်းဟန်နှင့်တစ်ခါတစ်ရံဆုံမိစေကာမူ ဒေါ်မြလှိုင်က ကိုစိုးမြင့်ကိုဧည့်ခံနေတတ်လျက် သိန်းဟန်က စိတ်ပြေလက်ပျောက် စန္ဒယားကိုခေါက်နေသည့်အခါ

"ဟော့ သူငယ် တစ်ဆိတ်လောက်လည်း အိမ်ထဲကလူတွေကို အားနာပါဦး၊ နားညည်းလွန်းလို့ ခေါင်းတောင်ကိုက်လှပြီ" ဆိုသောအသုံးမျိုး

"ဟော့ မောင်သိန်းဟန် ဒီမှာဧည့်ကောင်း စောင်ကောင်းနဲ့ စကားပြောနေတယ်ကွဲ့၊ နည်းနည်းဖြစ်ဖြစ် အလိုက် ကလေးများသိဦးမှပေါ့၊ နေ့တဒေါင်ဒေါင် ညတဒေါင်ဒေါင်နဲ့" ဟူသော စကားများဖြင့် ဖိစီးနှိပ်စက်တတ်ပြန်သည်။

ယခင်က ကြားနာ၍မငြီးသောစန္ဒယားသံသည် ပဉ္စသိခ်နတ်သား၏စောင်းသံလို ထင်ခဲ့ကြသည်။ ယခုတော့ သံပုံးသံလို အမှတ်ပြုကြလေပြီ။ ထို့ကြောင့် သိန်းဟန်သည် နီးစပ်ရာဝါသနာအိုးများထံ နေကုန်နေခမ်းလည်၍ စန္ဒယားသာ တီးနေ တတ်သည်။ စင်စစ်မှာတော့ အထင်သေးခံရ၍ အိမ်ကိုမကပ် အရပ်ထဲလည်နေလေရာ ထိုအပြုအမူက သိန်းဟန်အား အထင်သေးသည်ထက် သေးစရာဖြစ်ပြန်လေသည်။

ဂီတကား သူရာနှင့်အတော်သဘောချင်းတူသည်။

စိတ်ညစ်၍အရက်ကိုသောက်ချင်သည်။ ပျော်လျှင်လည်း အရက်ကို သောက်တတ်ကြသည်။ ဂီတလည်းထို့အတူပင်၊ စိတ်ညစ်လျှင် ဂီတ တီးချင် ဆိုချင်သည်။ သို့မှ စိတ်ပြေသလို သက်သာသလို ရှိလာသည်။ ပျော်လျှင်လည်း ဂီတနှင့် တီးမှုတ်သီဆို၍ ပျော်လိုက်ချင်သည်။

တစ်ညနေတွင် သိန်းဟန်သည် စန္ဒယားသင်ပေးနေရသည့် အိမ်တစ်အိမ်မှ ပြန်လာခဲ့သည်။ မြင့်တို့တိုက်ဝ၌ ကားတစ်စီး ဆိုက်ထားသည်ကို လှမ်းမြင်လိုက်ရုံနှင့် ကိုစိုးမြင့်အိမ်လည်ရောက်နေကြောင်း ကောင်းကောင်းကြီး သိလိုက်ရသည်။ ပန်းခြံတွင်း တစ်နေရာ၌ ယောက္ခမဒေါ်မြလှိုင်သည် ပန်းရူးရင်း

www.burmeseclassic.com

www.burmeseclassic.com

အေးအေးဆေးဆေး လမ်းလျှောက်နေလေသည်။ ဒေါ်မြလှိုင်ကို သိန်းဟန်က လှမ်းမြင်သော်လည်း သိန်းဟန်ဝင်လာသည်ကို ဒေါ်မြလှိုင်မမြင်လိုက်မိ။

သိန်းဟန်သည် တိုက်တွင်းသို့ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်လုံးများပြာသွားအောင် ဒေါသခိုးတွေမွှန်လိုက်မိသည်။ ဧည့်ခန်းဆိုဖာတစ်ခုပေါ်တွင် ကိုစိုးမြင့်ကထိုင်၍ မြင့်ကိုအတင်းပွေ့ရန်ကြိုးစားနေလေသည်။ မြင့်က တအိုအို တအင်အင်နှင့် ရုန်းထွက်နေလေရာ

"မြင့်နေရတာ သနားလွန်းလို့ပါ မြင့်ရာ၊ မြင့်ကို ဟိုကောင်ထက်သာအောင်ထားပြချင်လွန်းလို့ပါ" ဟု ပါးစပ်က တတွတ်တွတ်ချော့မော့နေလေသည်။

တစ်ခဏလေးမှာတော့ သိန်းဟန်သည် မိုးကြိုးစက်ကို ကိုင်လိုက်ရသလိုကတုန်ကယင်တောင် ဖြစ်သွားမိသည်။ သို့သော် ယောက္ခမကြီး ပန်းခြံတွင်းဆင်းနေခြင်းက သူတို့၏သရုပ်ကို ထုတ်ပြနေကာ စေတနာတွေ သိလောက်ပါသည်။

သရဲတစ္ဆေလို တစ်ကိုယ်လုံးသေ၍ ရပ်ကြည့်နေသော သိန်းဟန်ကို အရင်မြင်လိုက်သူမှာ မြင့်သာလျှင်ဖြစ်သည်။

"ဟင် ကျုပ်ထက်သာအောင်ထားချင်တယ် ဟုတ်လား၊ ထား ထား" သိန်းဟန်က စိုးမြင့်လိပ်ပြာလွင့်သွားတော့ မတတ် အသံကုန်ဟစ်၍ အော်လိုက်မိသည်။

ထိုအတွင်းကလေးမှာပင် ဒေါ်မြလှိုင်ပြေးတက်လာသည်နှင့် တစ်ချိန်တည်းလက်လွန် ခြေလွန်ဖြစ်သွားမှာ စိုးသည့်မြင့်က

"အို ကိုသိန်းဟန်" ဟု ကမန်းကတန်းပြေး၍ဖက်ရန်ကြိုးစားလိုက်သေးသည်။ သို့သော် တစ်ကိုယ်လုံးနတ်ကျ နေသော သိန်းဟန်က မြင့်၏စကားကို လက်မခံဖြန်းခနဲနေအောင် ပါးကို လှမ်းပုတ်လိုက်သောကြောင့် မြင့်ထိုင်၍ကျသွားလေသည်။

"အမယ်လေး ကျုပ်သမီးသေပါပြီတော်" ဟု ဒေါ်မြလှိုင်က ရန်တွေ့သည်တွင်ကိုယ့်ဒေါသကိုယ်မနည်းနိုင်အောင် ချုပ်၍

www.burmeseclassic.com

"ဟုတ်တယ်၊ ဟုတ်တယ် ခင်ဗျားသမီး ခင်ဗျားသမီး၊ ခင်ဗျားကြီး လော်လည်ချင်သလို လော်လည်ပေတော့" ဟု မျက်နှာနှင့် အတန်သားပြောချလိုက်သည်။

"လော်လည်မယ်ဟဲ့ လော်လည်မယ်၊ အသက်တစ်ရာ လင်တစ်ရာပြည့်သွားပစေ၊ နင်လိုလင်နဲ့ကွဲမှ ငါ့သမီးလူဖြစ်မှာ" ဟု ရိပ်မိမှပြောင်ပြောင်ဆိုသလို ပြောချလိုက်လေ၏။

ဒေါ်မြလှိုင်၏စကားကို ဘာတစ်ခွန်းမှ မတုံ့ပြန်တော့ဘဲ သိန်းဟန်သည် အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် နောက်ခိုင်း၍ ထွက်ခဲ့ရာ

"ကိုသိန်းဟန် ကိုသိန်းဟန်" ဟု မယားသည်၏ တမ်းတသံကလေးနှင့် တစ်ဆက်တည်း

"ဘာလဲ ညည်းက ခွေးလိုလင်များ စုံစုံမက်မက် လာခဲ့" ဟု လှမ်းဆွဲသလို အော်ငေါက်လိုက်သည့် ယောက္ခမ အသံကား သိန်းဟန်၏နားတွင် နောက်ဆုံးစကားသာဖြစ်တော့သည်။

တစ်နေ့သောနေဝင်ရီတရောအချိန် ပဲခူးမြို့၌ ဘသက်နှင့်အမာကြူတို့မှာ စိတ်ပြေလက်ပြေ ဖြေတတ်သလို ဖြေနေကြလေသည်။

"အမာ နေလို့ကောင်းရဲ့မဟုတ်လား"

"ကောင်းပါတယ် ကိုဘသက်ရယ်"

"ကလေးရဲ့ မှက္ခရုတွေတော့ ပျောက်ကုန်ပြီဟေ့၊ ဒီနို့ဘူးက အရင်နို့ဘူးထက်ကောင်းတယ်၊ ဩော် ဒါထက် အမာ မှည့်ထားတဲ့နာမည်ကိုတောင် မောင်သိန်းဟန်တို့အမေက တယ်ပြီး သဘောမကျချင်ဘူးကွဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မောင်သိန်းကြူဆိုရင် သူ့သားနာမည်ပါနေလို့တဲ့"

အမာကြူကား ပန်းအိုးများတွင်သဇင်ပန်းများထိုးနေရင်း တစ်စုံတစ်ရာကို အတွေးနယ်ချဲ့နေလေသည်။ အတိတ် ကာလက ပတ်သက်ခဲ့သော သဇင်ပန်းများကို မြင်တိုင်းမြင်တိုင်း အတွေးနယ်တွင် အဆွေးကြွယ်မိလေသည်။ ထိုသို့ဖြစ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com

သိန်းဟန်၏နာမည်ကို ကြားလိုက်သောအခါ မည်သူမျှမရှိသည့် စန္ဒယားတီးသော ခုံကလေးဆီသို့ လှည့်ကြည့်လေ၏။ ပြီးမှ သတိရကာ

"ဩော် သူတို့မလည်း ကိုသိန်းဟန်ကို ပစ်ပယ်နိုင်လွန်းတယ်နော်၊ နာမည်မှည့် တာကစပြီး ဒေါသမပြေနိုင်ကြလေ ရော့သလား၊ အမာကတော့ ဒီနာမည်ကလွဲလို့ ဘယ်နာမည်မှ မမှည့်ချင်ဘူး၊ သူတို့မုန်းနိုင်ပေမယ့် အမာက မမုန်းနိုင်ဘူး ကိုဘသက်ရယ်" ဟု ပုခက်ထဲက နို့စို့ရွယ်ကလေးငယ်ကိုလှမ်းကြည့်ရင်း မကြည်မသာဖြစ်နေရလေ၏။

"ကန့်ကွက်တာရယ်လို့တော့ မဟုတ်ပါဘူးကွယ်၊ အမာ့သဘောအတိုင်းဖြစ်ရမှာပေါ့၊ တစ်နေ့က အမွေစား အမွေခံ စာချုပ်ချုပ်ကြရင်း ကလေးနာမည်ကို စကားစပ်မိလို့ ပြောနေကြတာကြားလို့ပါ။ ကိုဘသက်ကတော့ ဒီနာမည်ကလေးပဲ ကြိုက်တယ်"

ဘသက်၏နောက်ဆုံးစကားကို ကြားရသောအခါ အမာကြူတွင် ဘသက်အတွက် ယူကျုံးမရဖြစ်ပြန်လေသည်။ ဘသက်ကား ခဲအိုဖြစ်လင့်ကစား အစစအရာရာတွင် အစ်ကိုအရင်းသဖွယ် စောင့်ရှောက်အားပေးရှာခဲ့သည်။ တစ်ဖြည်းဖြည်းချင်း စိတ်ကြည်လင်ချမ်းမြေ့လာအောင် သွန်သင်ဆုံးမခဲ့ရှာလေ၏။ မိမိ၏သဘောကို လိုက်လျောလိုလားရှာသည်။ သိန်းဟန်၏ ခါးခုတ်ရာတွင် လက်ဝင်၍လျှိုခဲ့သည်မှာ တော်ရုံတန်ရုံမေတ္တာမဟုတ်ကြောင်း ပြရှာသည်။ အတွင်းစကားမျှသာ လင်မယား အရာနှင့်မပတ်သက်ရသော်လည်း တစ်ရပ်လုံး၊ တစ်ရွာလုံးက အသိအမှတ်ပြုနိုင် လောက်အောင်ပင် မင်္ဂလာဆောင်ထားသူ ဖြစ်ရာ ဘသက်သာလျှင် မကြင်နာက အတင်းဇွတ်တရွတ် နိုင်ထက်စီးနင်း မိမိ၏ချစ်သူကို လုယူဖျက်ဆီးနိုင်ကြောင်း တွေးမိလေ၏။ သို့သော် ယခုအချိန်ထိ ဘသက်ကား လက်ဖျားနှင့်မှ ဤစိတ်မျိုးနှင့် ယှဉ်၍မတို့ရှာသည်မှာ မွန်မြတ်သော ယောကျ်ား ကောင်းတို့၏ စိတ်ကို မွေးမြူထိန်းသိမ်းကြောင်း ထင်ရှားစေလေသည်။

လူကြီးမိဘများ၏သဘောကား တစ်နေ့နေ့တွင် တစ်ရွေ့ရွေ့နှင့် မိမိ၏မေတ္တာ ဘသက်လက်တွင်းသို့ပါလာလိမ့်မည်ဟု မှတ်ထင်ကြဟန်တူ၏။ ထို့ကြောင့်လည်း

www.burmeseclassic.com

ဤကဲ့သို့ အနုနည်းနှင့်စီစဉ်ထားကြောင်း မိမိသာမက ဘသက်ပါ ရိပ်မိနိုင်လောက်သည်။ သို့လင့်ကစား အမာကြူ၏ ဆွေးမြေ့နေသောစိတ်ကို ညစ်ညူး ညိုးနွမ်းအောင် ကိုယ်အမူအရာနှင့်သော်လည်းကောင်း၊ နှုတ်အမူ အရာနှင့်သော်လည်းကောင်း မပြရှာဘဲ ပကတိရိုးသားတည်ကြည်စွာ သစ္စာစောင့်သိလျက် ကာမပိုင်လင်ယောကျ်ားသဖွယ် စေတနာထားခြင်း၊ ကြင်နာခြင်း၊ ကရုဏာသက်ခြင်းဖြင့် ခြောက်သွေ့နေသော အမာကြူ၏စိတ်ကို ဖြေဖျော်နေရှာသူဖြစ်လေ၏။

ထိုသို့ဖြစ်ခြင်းကြောင့် တစ်ယောက်ကျေးဇူး တစ်ဦးမေတ္တာ ဆိုဘိသကဲ့သို့ အမာကြူကိုယ်တိုင်က ဘသက်၏ ဂုဏ်ကျေးဇူးတို့ကို အမှတ်မထင် မပြုနိုင်တော့ဘဲ တစ်နေ့ထက်တစ်နေ့ အားကိုးလေးစားခြင်းပြုခဲ့ရလေသည်။

ယောကျ်ားသာမန် တစ်ရံဆံတို့နှင့်မတူသော ဘသက်အား ကြည်ညိုချစ်ခင်သောစိတ်သည် အမာကြူအား အနေအထိုင် အပြောအဆိုမှစ၍ ရဲတင်းပွန်းတီးလာလေ၏။

ထိုအခိုက် ပုခက်အတွင်းမှ အဲ့ခနဲ ကလေးနိုးသံကြားလိုက်သောကြောင့်

"ဟော ငါ့သားကြီးနိုးပဟေ့၊ လူကလေး လူကလေး" ဟူသော အသံနှင့်အတူကလေးထံသို့ အူယားဖားယား ပြေးပွေ့သူမှာလည်း ဘသက်ပင်ဖြစ်လေရာ အမာကြူတွင် ဖအေတူကလေးအား ချစ်စနိုးစွာ ဘသက်ထံမှ ဆီးကြိုပွေ့ယူရပြန်လေ၏။

သိန်းဟန်မဟုတ်သည့် ဘသက်က ငါ့သားဟု ကလေးအားခေါ်ဝေါ်လိုက်သည့် ပထမအကြိမ်ကမူ အမာကြူမှာ နားနင့်၍ ထင့်ခနဲဖြစ်သွားမိဖူးသည်။ သို့သော် ကလေးဟူ၍ချစ်စရာ မြတ်နိုးစရာမရှိသော ဆွေမျိုးတစ်သိုက်တွင် မောင်သိန်းဟန်၏ မိခင်ကအစ ငါ့သား ငါ့သားဟူသော စကားက လျှာဖျားပေါ်မှမဆင်းကြဘဲ အမာကြူ၏မိခင်ဖခင်တို့ကလည်း ထိုနည်းအတိုင်းဖြစ်ကာ တစ်အိမ်သားလုံး "ငါ့သား" ဟူသော အခေါ်မှလွဲ၍ နာမည်ကလေးကိုပင် ခေါ်ဝေါ်ခြင်း

www.burmeseclassic.com

မပြုရက်ကြသောကြောင့် ကာလကြာမြင့်သော် အမာကြူ၏နားတွင် တစ်ဖြည်းဖြည်းရိုးကာ သည်းခံနိုင်စွမ်းလောက်အောင် ဖြစ်ရရှာလေ၏။

"အမာရေ ကလေးနို့တိုက်ပါဦးလားကွယ်၊ ငါ့သားဆာလှပါပြီ"

"အို ဟုတ်လား၊ သားလေး ချိုချိုဆာလှပလား"

ထိုအခိုက် လမ်းပေါ်မှ မထင်မရှား ထွက်ခွါ၍သွားရှာသော သိန်းဟန်ကို တစ်အိမ်သားလုံးမည်သူမှ သတိမထား လိုက်နိုင်ကြပေ။

စစ်ရှုံးသော စစ်သူကြီးကဲ့သို့ သိန်းဟန်သည် ခေါင်းငိုက်စိုက်ချကာ ခြေတစ်လှမ်းချင်းလျှောက်ခဲ့လေ၏။ လူတို့၏ စွဲလမ်းခြင်းကား မျှော့သတ္တဝါနှင့်တူလှ၏။ တစ်ဖက်ကိုလွတ်လွတ်ကင်းကင်း လွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် ကျန်သည့်တစ်ဖက်မှ ပိုမို၍မြဲမြဲစွာရှိတတ်သည်။ အဆိုးရှိလျှင် အကောင်းရှိမြဲ ဆိုသောစကားတွင် အဆိုးရှိမှ အကောင်းမှာ ပို၍သိသိ သာသာပေါ်လွင်လာနိုင်လေသည်။ အဆိုးကို ဆိုးမှန်းသိသည်နှင့် တစ်ချက်တည်း အကောင်းမှာ ကောင်းသည်ထက်ကောင်း ကြောင်း အရသာကို ပို၍ပြတတ်လေသည်။

အမာကြူ၏ သဘောထားကြီးခြင်း၊ ကိုယ့်အလိုကိုလိုက်လျောခြင်း၊ ဟိရီဩတ္တပ္ပမြဲမြံခြင်း၊ စိတ်သဘောထားနူးညံ့ ပျော့ပျောင်းခြင်းတို့မှာ မြင့်ကိုစိတ်နာလေ ပို၍သတိရလေရှိတော့သည်။

"မော်လမြိုင်ကိုလိုက်မသွားပါနဲ့ မောင်ရယ်"

"မကြာပါဘူး အမာရယ် ၅ ရက်တည်းပါ"

"တော်တော်ကြာ မော်လမြိုင်သူ ဖြူဖြူဖွေးဖွေးကြီးတွေနဲ့"

"အိုကွယ် အမာကလည်း အမာ့ကိုမေ့နိုင်ပါ့မလား"

"ညကတွေ့ရတာ အမာ့ကိုဒုက္ခပေးမှာ ထင်ပါရဲ့"

"ဟော ပြောရော့မယ် နိမိတ်မရှိ နမာမရှိ မကောင်းတတ်လွန်းလို့ လိုက်သွားရမှာပါလို့ ပြောပကော"

www.burmeseclassic.com

"အေးလေ မောင်တို့က ယောကျ်ားကလေးပဲ နာဘက်ကမရှိပါဘူး။ ဒီက မိန်းကလေးမို့ တွေးရင် ပူစရာမဆုံးနိုင် တာပါ"

"ပူစရာတွေတွေးရအောင် သူစိမ်းတစ်ရုံဆံလိုက်လို့ အမာရာ၊ မကြာခင် နေရာချကြတော့မယ့်ဥစ္စာ၊ ဒီတစ်ခါပြန်လာရင် အမာကြိုက်တတ်တဲ့ သဇင်ပန်းတွေ အများကြီးဝယ်လာခဲ့ပေးမယ်သိလား၊ အမာလည်း ကိုသိန်းဟန် ပြန်မရောက်ခင် သည်ဆောင်းဟေမန်ကိုနိုင်အောင်ကျင့်ထားနော်"

"၅ ရက်က ပိုမကြာနဲ့နော်၊ ဒါမှ ကျောင်းမဖွင့်ခင်ကလေးဒီမှာ အတူတူ နေရမှာနော်သိလား၊ အမာတော့ အမာ့ကိုယ်နဲ့ မောင့်စိတ်ဖြစ်ကုန်ပြီ"

ထိုစကားများကား မနှစ်လောက်က အမာကြူနှင့် ဤအချိန်တွင် ပြောခဲ့ဆိုခဲ့ရသော စကားများသာဖြစ်လေရာ အမာကြူတို့၏ပန်းခြံကြီးကိုကြည့်ရင်း တဖြည်းဖြည်း သတိရလာလေ၏။

ကံဆိုးမိုးမှောင်ကျ၍ အမာကြူနှင့်ကွဲခဲ့ရသည်မှာ ထိုညမှစ၍နောက်အဖို့တွင် အမာကြူနှင့် လုံးလုံးမတွေ့ရခြင်းကြောင့် ရင်ထုမနာဖြစ်ရလေသည်။

"ငါဆိုးတာ၊ ငါသက်သက်စော်ကားတာ၊ ၅ ရက်ကပိုပြီးကြာရုံမကဘူး၊ ကျိုက်ထီးရိုးတောင် တပျော်တပါးသွားခဲ့မိသေးတယ်။ နောက်ကျတော့ ကျောင်းကို ဆက်တက်ရတယ်။ ဒီကြားထဲမှာ လူကြီးတွေရဲ့ စေ့စပ်ကြောင်းလမ်းခြင်းသတင်း ပါလာတယ်။ မကြာခင် မြင့်တို့လာဆွဲလို့ ငရဲကိုပါသွားရတယ်။ ငါ့အပေါ်မှာ စိတ်နာသင့်တယ်။ အခုတော့ ကိုဘသက်နဲ့တောင် သားကလေးတစ်ယောက် ရနေပါပကောလား၊ အို ဒါတွေ ငါ့အပြစ်ပဲ၊ သူ့အပြစ်မဟုတ်ပေဘူး၊ အရက်တကွဲ အကျိုးနည်း ဖြစ်အောင် သတင်းစာတွေထဲမှာ ဟိုးလေးတစ်ကျော်ဖြစ်ပြီးမှ ပျက်ရ တယ်၊ ကျန်ရစ်ခဲ့ရတယ်ဆိုတော့ သူကနေနိုင်ပေမယ့် သူ့မိဘတွေကနေ နိုင်ပါတော့မလား၊ အရက်ပြေပဲဖြစ်ဖြစ် ဂုဏ်တုဂုဏ်ပြိုင်ပဲဖြစ်ဖြစ် ပေးစားကြရ မပေါ့၊ တော်ပြီ တော်ပြီ မလွတ်လပ်တဲ့ သူ့ပျော်ရွှင်မှုကို ငါမဖျက်ဆီးချင်တော့ဘူး၊ ငါဝင်ပြီးမျက်နှာပြလိုက်ရင် သူ့စိတ်မှာ အနှောင့်အယှက်ဖြစ်ရုံသာ ရှိတော့မယ်" ဟု

www.burmeseclassic.com

လက်ချော့ကာ ကိုယ့်မိခင်အိမ်ကိုမှ မဝင်လိုတော့ဘဲ ပဲခူးမြေပေါ်မှ ပျောက်ကွယ်သွားတော့လေသည်။

ဤသည်ပင်လျှင် သိန်းဟန်နှင့်အမာကြူ၏ဖူးစာမှာ တော့လွဲကလေး လွဲရအောင်ဖြစ်တော့သည်။ အကယ်၍ သိန်းဟန်သာ တစ်အိမ်အိမ်ဝင်လိုက်မိလျှင်ကား အမာကြူ၏ပြဿနာမှာ ပြေလည်သွားစရာရှိသေးသည်။ ယခုတော့ ကိုယ့် အပြစ်ကိုယ်ဝန်မခံရဲ၊ သတ္တိနည်းပါးလှသော သိန်းဟန်သည် လှည့်၍သာပြန်ခဲ့တော့သည်။

ရန်ကုန်မြို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အသံလွှင့်ဌာနမှ သုံးဆယ့်တစ် ဒဿမလေးလေး၊ လေးဆယ့်ကိုး ဒဿမ ခုနစ်၊ လှိုင်းလတ် သုံးရာ့တစ်ဆယ့်လေးမီတာများမှ အသံလွှင့်နေပါသည်” ဟု နေ့စဉ် ပြောနေကျအသံလွှင့်ရုံမှာ ဝန်ကြီးများရပ်ကွက်နှင့်နီးသည့် ဝင်ဒါမီယာတွင်ရှိသည်။

ထိုခရီးပတ်ဝန်းကျင်ရှိ လမ်းဘေးကာကာလက်ဖက်ရည်ဆိုင်တွင် ဂီတသမားများအမြဲစခန်းချ၍နေလေ့ရှိ၏။ သိန်းဟန်သည် ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် ထိုနေရာသို့ရောက်ခဲ့လေရာ

“ဟာ ကိုသိန်းဟန်” ဟု ဝမ်းသာအယ်လဲ လက်ဆွဲနှုတ်ဆက်လိုက်မှ ယခင်က တွေ့ဖူးမြင်ဖူးသော ဂီတာဆရာ ကိုထွန်းမြင့်ဆိုသူကို သတိပြုမိတော့လေသည်။

“လာဗျာ လက်ဖက်ရည်သောက်ပါဦး၊ ခင်ဗျား သူတို့ကိုသိမှာပေါ့၊ ဟောဒါ တယောကိုဘတိုး၊ သူက ပတ်တီး မောင်နု၊ သူကဆက်ကဇိုဖုံး မောင်သီး၊ ဒါကတော့ မင်ဒိုလင် လှဝင်း၊ ဟိုမှာ နဲ့ကိုမောင်မောင်၊ သူကတော့ စာရေးဆရာ သောတမောင်”

သိန်းဟန်သည် ဂီတလောကအတွင်းက မျက်နှာသိများကို ရင်းရင်းနှီးနှီးတွေ့လိုက်ရသည်။ ထိုသူ ထိုသူများကတော့ သိန်းဟန်ကို စန္ဒယားဝိဇ္ဇာအဖြစ် အမှတ်တရကို သိနေကြပါသည်။ ထို့ကြောင့်ပင် လေးစားခင်မင်စွာပြုံးသူကပြုံး၍ လက်ဆွဲနှုတ်ဆက်သူက နှုတ်ဆက်လိုက်ကြသည်။ ဂီတသမားအချင်းချင်း ပေါင်းသင်းမှုမှာ ဟန်ဆောင်မှုမရှိ၊ ကြွားဝါမှုမရှိ၊ ဝတ်ကျေ ဝတ်ကုံ စိတ်မျိုးမဟုတ်၊ ယခုမှတွေ့ရစေကာမူ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ငယ်ပေါင်းကြီးဖော်ပမာ

www.burmeseclassic.com

လွတ်လပ်စွာ ဆက်ဆံတတ်ကြမြဲဖြစ်သည်။ လောကပေါ်တွင် လူလူချင်း လူတန်းစားအမျိုးမျိုး ခွဲခြားနိုင်ကြသော်လည်း တူရိယာဂီတသမားများအဖို့တွင် အတန်းအစားခွဲခြား၍မရ၊ ဆင်းရဲသောဂီတသမားများက ချမ်းသာသော တူရိယာ သမားများကို အထင်မကြီး၊ ထို့အတူ စားနိုင်သောက်နိုင် အလုပ်အကိုင်နေရာကျ နေသော ဂီတသမားများက စားရမဲ့သောက်ရမဲ့ဖြစ်နေသည့် ဂီတသမားကို အထင်မသေး သူတို့အဖို့မှာ ပကာသန အပေါ်ယံကပစ္စည်းတွေကို ဂရုစိုက်တာထက် ဂီတပညာကျွမ်းကျင်မှု စေ့စုံမှု ဂီတဝါရင့်မှုကိုသာ အမွန်အမြတ်ပြုကြသည်။

ကောလိပ်စန္ဒယားဝိဇ္ဇာ ကိုသိန်းဟန်အား အရပ်သား သူဌေးကလေး တစ်ယောက်ထက် ခင်မင်ကြည်ညိုကြသည်။ အရာရှိတစ်ယောက်ကိုလေးစားသည်ထက် သူ့လက်သံကိုလေးစားကြသည်။

"ခင်ဗျား ကောလိပ်ကထွက်ပလား၊ ခင်ဗျားလက်သံမကြားရတာ တော်တော်ကြာသွားပြီ၊ အခုဘယ်သွားမလို့လဲ" ဟု ကိုထွန်းမြင့်က ဆက်၍မေးသည်။

"ကျုပ်တော့မမေးနဲ့တော့ ကိုထွန်းမြင့်၊ စိတ်လေလူလေဖြစ်ပြီး ထွက်လာခဲ့တာပဲ၊ ဘာမှ ရည်ရွယ်ချက်မရှိဘူး"ဟု သိန်းဟန်က သူတို့တိုက်သည့် လက်ဖက်ရည်ကို မော့ရင်း ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။ တကယ့်တကယ်ပြောရလျှင် သိန်းဟန်နောက်ကျခဲ့သမျှ စိတ်အညစ်အကြေးတို့မှာ သူတို့နှင့်တွေ့၍ အတော် အတန် လန်းဆန်းသွားရသည်။ ဂီတသမား များသည် ဂီတတူရိယာ ဆရာနှင့်တွေ့ရခြင်းက ပို၍စိတ်ဝင်စားသည်။ ပို၍စိတ်ပြေလက်ပျောက်ဖြစ်ရသည်။

"အတော်ပဲ ကိုသိန်းဟန်ရယ်၊ ဒါဖြင့် ကျွန်တော်တို့ဝိုင်းကို ကူစမ်းပါဦး၊ ခုတလော အသံလွှင့်ရုံမှာ တီးဝိုင်းတွေ အပြိုင်အဆိုင်ဖြစ်နေတဲ့ကြားထဲမှာ အပျော်တမ်းဝိုင်း တွေကလည်း သိပ်ကောင်းနေကြသဗျာ၊ ဒီတော့ ကျွန်တော်တို့လို ကြေးစား တကယ့်ပညာသည်တွေက ညံ့တယ် အပြောခံရမှာ သိပ်စိုးနေရတယ်"

ကိုထွန်းမြင့်က အားကိုးတစ်ခုနှင့် နှုတ်သွက်လျှာသွက်တောင်းပန်နေလေသည်။

www.burmeseclassic.com

"ဟုတ်ပါတယ် ကိုသိန်းဟန်ရယ်၊ ကျွန်တော်တို့အထဲ စန္ဒယားလည်းကောင်းမယ်၊ တီးကွက်စီမံခန့်ခွဲပုံလည်း ကောင်းမယ်ဆိုရင် ကျွန်တော်တို့ အဆန်းကွက်ကလေးတွေ လုပ်ချင်သလိုလုပ်နိုင်မှာပါပဲ၊ နောက်ပြီး စန္ဒယားဝိဇ္ဇာကိုသိန်းဟန်ဝိုင်းဆိုရင်"

"တော်စမ်းပါဗျာ၊ ဒီလိုနာမည်ကြီးမှုတွေကြောင့် ဒုက္ခရောက်ခဲ့ရပါပြီ။ နာမည်ကိုမထင်ပေါ်ချင်တော့ပါဘူး"

ကိုဘတိုး၏စကားကိုဖြတ်၍ သိန်းဟန်ကဟန့်လိုက်သည်။ အမှန်ပင် သိန်းဟန်မှာထင်ပေါ်ကျော်ဇောမှုကို စက်ဆုပ် ရွံ့ရှာခဲ့ပါပြီ။ လောကသဘာဝ တကယ့်အရသာကား နာမည်ကြီးမှုမဟုတ်၊ စိတ်အေးချမ်းသာဖို့သာဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပါပြီ။

"ဟုတ်ပါတယ်ကွာ၊ နာမည်အရေးမကြီးပါဘူး၊ လက်သံသာအရေးကြီးတာပါ"

မောင်နုဆိုသူက ကြားထဲက ဝင်၍ ထောက်ခံလိုက်သည်။

"အခု ခင်ဗျားနေတော့ကော"

"နေတော့လား ဟား ဟား ဟား အခုဆိုရင် ဟောဒီအတိုင်းပဲဗျို့၊ ခြေသလုံးအိမ်တိုင်အဝတ်တစ်ထည် ကိုယ်တစ်ခု ဒါပဲ"

သိန်းဟန်က ထိုင်ရာမှထ၍ သူ့ကိုယ်သူ လက်ဟန်ခြေဟန်နှင့်ပြလိုက်သည်။ သူ့ကိုဝိုင်းကြည့်နေသော ဂီတဆရာတွေက သဘောကျ၍ ခွက်ထိုးခွက်လန်ရယ်လိုက်ကြသည်။

"ဒါမှ ပိုကြိုက်တယ်၊ ပိုကောင်းတယ်၊ ကျွန်တော်တို့နဲ့အတူ လိုက်နေ၊ အတူတီး၊ တော်တော်ကြာ ဓါတ်ပြားကုမ္ပဏီတွေကြောင့် ခင်ဗျားလက်မှာ ငွေတောင်သီးနေစေပါ့မယ်ဗျာ"

သိန်းဟန်မှာ ငြင်းလည်းမငြင်းနိုင်၊ ငြင်းစရာလည်းမရှိ၊ သူ၏နေရေးစားရေးမှာ ရှေ့တစ်လျှောက်လုံး ဝါသနာပါရာ ထူးချွန်ရာဂီတနှင့် အသက်မွေးတော့ည်ဟု

www.burmeseclassic.com

ဆုံးဖြတ်လိုက်ရသည်။ ဂီတသည် အပျော်အပါးသဘောသာမဟုတ်၊ တကယ်ကြိုးစား၍စီးပွါးရှာနိုင်သော ယောကျ်ားတို့၏ အတတ်တစ်ခုမဟုတ်ပါလော။

ထိုနေ့ကစ၍ မောင်နုတို့အိမ်သို့ တက်ကစီစီးရောက်ခဲ့ရသည်။ သီချင်းတိုက်ခြင်း၊ ဂီတတူရိယာလေ့ကျင့်ခြင်း၊ အသံလွှင့်ဌာနသို့သွား၍ လွှင့်ခြင်းတို့မှာ သိန်းဟန်၏ အတိတ်ဘဝတွေကို မေ့လျော့စေသည်။ သို့ပေမယ့် တစ်ခါကတော့ အတော်ကလေး အဟောင်းကအသစ်ဖြစ်လိုက်ရပါသေးသည်။ ထိုအခါကား အမာကြူကို ပို၍သတိရလိုက်မိပါသည်။ အဖြစ်ကား ရေဒီယိုအတွက် သည်ဆောင်းဟေမန်သီချင်းကို အသံလွှင့်စဉ်ကဖြစ်သည်။ စန္ဒယားကို ကိုယ်တိုင်တီး၍ အခြားအခြားသော တူရိယာပစ္စည်းတို့ စုံလင်ညီညွတ်စွာဖြင့် အဆိုကျော်စိန်ပါတီ (အမည်ရင်း မစံ) က ပိုင်ပိုင်နိုင်နိုင်ဆိုပြလိုက်သောအခါတုန်းက ဖြစ်ပါသည်။ စိန်ပါတီ၏အသံမှာ ဗီဇအားဖြင့် ကရုဏာရသပြည့်ဝလှပါသည်။

ထိုမူလဗီဇသဘာဝအသံတွင် သူ၏ရင့်လှသော ဂီတပညာက အနှစ်နှစ်အလလ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ဌာန်ကရိုဏ်းကျနခြင်း၊ သဒ္ဒါပုဒ်စပ်မှန်ကန်ခြင်း၊ အနက်အဓိပ္ပါယ်ပေါ်လွင်ခြင်း၊ အညု၊ အလိမ့်၊ အနွဲ့၊ အခံ့၊ အဆွဲ၊ အငင်၊ အဖြတ်အတောက်ကောင်းခြင်းတို့ဖြင့် ကြားရသူတိုင်း ငေးနေကြရသည်ချည်းဖြစ်ရာ တီးနေရင်း သိန်းဟန်အဖို့ အမာကြူဆိုခဲ့ဖူးသည့် အရိပ်အရောင်တွေကို မြင်ယောင်ကြားယောင်ဖြစ်လာရလေသည်။ ထို့ကြောင့်ပင် စိန်ပါတီ၏ကရုဏာသံထဲတွင် သူ့မျက်ရည်တွေပါ ဝဲလာခဲ့ရသည်။

သိန်းဟန်က ယခုလိုခံစားရသည်မှာ သူတစ်ယောက်တည်းဟု ထင်မြင်လျှင် ထင်မိမည်ဖြစ်သော်လည်း သူ့ထက်ပြင်းပြစွာဝေဒနာခံရသူမှာ ပဲခူးမှ အမာကြူပင် ဖြစ်ပါသည်။ သူ့ခမျာ စိတ်ပြေလက်ပျောက် ရေဒီယိုကို အမြဲနားထောင်သူဖြစ်သည်။ ထိုနေ့ကတော့ အမာကြူသည် စိန်ပါတီက "သည်ဆောင်းဟေမန်" သီချင်းကို အသုံးတော်ခံပါလိမ့်မည်ဟု ဆိုကတည်းက ရင်ဖို၍သွားမိသည်။ ဆက်၍နားထောင်နေစဉ်ပင် သိန်းဟန်ဆိုနည်းဆိုပေါက်အတိုင်း သီချင်းသံကို

www.burmeseclassic.com

ကြားရသည်။ သီချင်းသာမက အတီးကလည်း သိန်းဟန်တီးပြသွားသော လက်ပေါက်လက်ကျအတိုင်း ဖြစ်နေသောကြောင့် နားထဲတွင် နင့်ကာ နင့်ကာ ရင်ထဲမှာဆို့၍ ဆို့၍လာရသည်။ အမာကြူသာမက အနားကကိုဘသက်ပင် ထိုသီချင်းကိုမှတ်မိ၍ ရေဒီယိုကိုတစ်လှည့် အမာကြူ၏ ငိုမဲ့မဲ့မျက်နှာကလေးကို တစ်လှည့် အကဲခတ်နေမိသည်။ ဘသက်ခမျာမှာ ထိုအခါက သိန်းဟန်၏ရင်သွေး အမာကြူ၏ကလေးကို ပခုံးပေါ်တင်၍ ချော့သိပ်နေရစဉ်ဖြစ်လေသည်။ သူသည် ကလေး၏တင်ပါးကလေးကို တဖျပ်ဖျပ်ပုတ်ရင်း အခန်းတွင်းဝယ် ခေါက်တုံ့ ခေါက်ပြန်လမ်းလျှောက်ကာ အချီတော် အချော့တော်သက်သက် ဖြစ်နေစဉ်ပင် ရှိသည်။

အမာကြူသည် အိမ်ရှေ့ပူ၍ အိမ်နောက်မချမ်းသာဖြစ်နေဟန်ရှိသော ဘသက်ကို လှမ်း၍ကြည့်လိုက်မိသည်။ ဘသက်ကတော့ အမူအရာလည်းမပြောင်း၊ ဘာစကား မှလည်းဝင်၍မပြော၊ သူ့တွေးလုံး ဆွေးလုံးနှင့် တွေး ဆွေး နေသည်ကို မနှောင့် မယှက်၊ ကလေးကိုဖက်ရင်းသာ ဝမ်းပန်းတနည်း ကြည့်နေရှာတော့သည်။ အမာ၏မျက်ရည်ပေါက်ခနဲကျ၍ ခေါင်းငုံ့လိုက်သည်ကိုမြင်မှ ကလေးကိုချီရင်း ဟင်းခနဲ သက်မချကာ မျက်နှာလွှဲသွားရတော့သည်။

အမာကြူအဖို့တော့ ဤသီချင်းသံမှာ နှလုံးသားထဲစွဲထားမိသော သူ့ဘဝ၏ ရှေ့ပြေးသဒ္ဒါရုံတစ်ခုဖြစ်ခဲ့သည်။ ထိုသီချင်းကို မိမိကဆို၍ သူက စန္ဒယား တီးပြသောညကပင်မဟုတ်လော။ သိန်းဟန်မရကုတ်ကတ် အတင်းခါးပြတိုက်၍ မိမိ၏ချစ်ဘဏ်တိုက်ကို ဖွင့်ခဲ့သည်။ ထိုမှတစ်ဆင့် ရင်သွေးကလေး တစ်မျက်နှာ တိုး၍ မိမိ၏ဒုက္ခအိုးကြီးကွဲခဲ့ရသည်။

"ရွှေနန်းတော်လုံး မင်းသုံးငယ်စိုးယူ သွယ်သွယ်ညွတ်ကိုင်း ရွှေသိုင်းညွန့်တလူလူ"

ရေဒီယိုက စိန်ပါတီအသံမှာ လေလှိုင်းစီး၍ တငြိမ့်ငြိမ့် တဆိမ့်ဆိမ့်ကြားနေရသည်။ စန္ဒယားလက်သံကလည်း ကွက်စိပ်ကွက်နကလေးတွေနှင့် လမ်းခင်းပေးနေသည်။ သိန်းဟန်၏လက်သံ သိန်းဟန်၏လက်သံမှ အစစ်။

www.burmeseclassic.com

"တော်စမ်းပါတော့ စန္ဒယားသံရယ်"

အမာကြူသည် စိတ်ထဲကသာ နားမခံသာလွန်း၍ တောင့်တမိသည်။ တကယ်ဆိုတော့ ဒီလက်သံကြားနေရသည့်ကြားက ရေဒီယိုကို ရက်ရက်စက်စက်သူမပိတ်လိုက်မိပါ။

အချိန်သည် တနေ့နေ့နှင့် တရွေ့ရွေ့ကုန်ခဲ့ပြီ။

"ဂီတသံချို ရေဒီယိုအဖွဲ့"

ကျွန်းသားဆေးရေး နာမည်ဆိုင်းဘုတ်ကလေး တစ်တောင့်ထွာလောက် ချိတ်ထားသော ပျဉ်ထောင်အိမ်ကလေး တစ်လုံးကား ဆင်းရဲသားရပ်ကွက်တစ်ခုတွင် မြင်ရသည့် ဂီတသမား မောင်နု၏ ဗိမာန်ဖြစ်ပါသည်။ မောင်နုမှာ သားမယား မရှိ မိခင်အိုကြီးနှင့်သာနေ၍ လုပ်ကျွေးသမှုပြုစုကာ ဂီတနှင့်ဝမ်းစာရှာနေသူဖြစ်သည်။ သူ့အိမ်မှာ သိန်းဟန်ကို ဆရာအရင်း အမှတ်ပြု၍ ကိုးကွယ်ထားသည်။

သိန်းဟန်ရောက်လာ၍ ဂီတပညာသူ့မှာတိုးရသည်။ ပွဲဆက်များများတီးရသည်။ သီချင်းကြီး သီချင်းခံ့တတ်ရသည်။ ဂီတသံချိုတူရိယာအဖွဲ့ကို သောတရှင်တိုင်းက တောင့်တကြသည်။ တီးမှုတ်သီဆိုသူတိုင်း မျက်နှာပန်းပွင့်နေကြသည်။ အခြားသောအဖွဲ့တွေက လေးစားကြသည်။ အတုယူကြရသည်။ ရေဒီယိုကပေါ်ထွက်လာတိုင်း လူတွေဝိုင်း၍ နားထောင်ကြရသည်။ မောင်နုအဖို့ သိန်းဟန်ကြောင့် စီးပွါးလည်းရ ပညာလည်းရ မျှမျှတတဖြစ်လာသည်။ သို့သော် သိန်းဟန်ကား ဒါတွေကို ဂရုမစိုက်။ အရိပ်ထပ်ကြပ် လိုက်နေသလိုဖြစ်သော သူ၏ဆွေးစိတ်မှာ အရိပ်အောက်ဝင်လျှင် ခေတ္တခဏပျောက်ကွယ်သွားသော်လည်း နေပူထဲရောက်လျှင် ထင်မြဲထင်သကဲ့သို့ စန္ဒယားတီးနေစဉ်သာ မေ့ပျောက်သလိုလိုဖြစ်သော်လည်း တစ်ကိုယ် တည်းနေသည့်အခါများဖြင့် စိတ်ရှုပ်စရာ ပေါ်၍ပေါ်၍လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ယောက္ခမကြီးငြူစူပုံ၊ မယားကပစ်ပယ်ပုံ၊ ကိုစိုးမြင့်ကလွှမ်းမိုးပုံတို့မှာ အမာကြူကို ပို၍ သတိရသည်။ အမာကြူတွင် ကိုဘသက်နှင့် သားကလေးရ၍ အေးအေး ချမ်းချမ်းနေသလောက် သူ့မှာ ကိုယ့်အပြစ်နှင့်ကိုယ် မီးတောက်နေရသည်။ ထို့ကြောင့် စိတ်လေတိုင်း လူလေချင်သည်။ သိန်းဟန်အဖို့ ဘယ်နေရာမှ အတည်အမြဲမနေချင်၊ ဒီနေရာက ဟိုသွား၊ ဟိုနေရာက ဒီလာ အေးချမ်းရာတွေ့ငြား ခရီးသွား၍သာ ကိုယ့်စိတ်ကိုယ်ဖျောက်ချင်သည်။

သူ့ကိုယ်ရေးဒုက္ခတွေကို သိကြသောကြောင့်တစ်ကြောင်း၊ သူ့ပညာကိုမှီခိုရ၍ တစ်နည်း၊ ရင်းနှီးခင်မင်မှုတို့ကလည်း အကြီးအကျယ် သံယောဇဉ်ဖြစ်နေသော ကြောင့် သိန်းဟန်ထွက်သွားမည်ကြံလျှင် မောင်နုတို့က ဝိုင်းဝန်းဖျောင်းဖျ တားဆီးရသည်။

"ဆရာ့မှာ ခုနေအခါ လက်ဖျားမှာ ငွေသီးနေတာပါဆရာ၊ ဓါတ်ပြားကုမ္ပဏီတွေက ဆရာရနေတာ နည်းသလား၊ သီချင်းရေးခဆိုရင်လည်း တစ်လ တစ်လမနည်းဘူး။ စိတ်လေတိုင်း လူလေနေရင် ဘယ်ကောင်းမလဲ၊ ဒီမှာပဲ ပျော်ပျော်ပါးပါး နေပါဆရာ၊ ဘယ်မှမသွားချင်ပါနဲ့" ဟု အိမ့်ရှင် မောင်နုက တပည့်ကောင်းပီပီ နားချရသည်။

မှန်ပါသည်။ သိန်းဟန်၏ဝင်ငွေမှာ တစ်လ လေးငါးခြောက်ရာ ဖြစ်နေပါပြီ။ ဒီလောက်ဝင်ငွေမျိုးသာ မော်လမြိုင်မှာရလျှင် ယောက္ခမကိုယ်တိုင်က အိမ်ဦးခန်း တင်၍ ကိုးကွယ်ချင်ကိုးကွယ်ပေလိမ့်မည်။ သို့သော် မော်လမြိုင်မှာ ထိုငွေမျိုးရ အောင် အလုပ်မရှိ။ ရန်ကုန်မှာသာ လုပ်၍ရနိုင်သော ပညာမျိုးဖြစ်သည်။ သူ့ပညာမှာ ဘူမိနက်သန်မှန်မှ ကျော်စောသည်။

တီးလုံးတိုက်ရန်လာကြသော ဂီတရဲဘော်တို့ကလည်း ဝိုင်း၍ ထောက်ခံကြသည်။

"လောကမှာ ဘာအရေးကြီးဆုံးလဲ ဆရာ၊ ငွေမဟုတ်လား၊ ငွေရှိရင် ပျော်သလို နေနိုင်တာပဲ၊ ခုနေအခါ ဆရာ့လက်မှာ ငွေသီးနေပြီ။ စိတ်ညစ်တယ် ဆိုတဲ့ဟာတွေကို ငွေနဲ့ဆေးပစ်လိုက်စမ်း၊ အချစ်ဆိုတာ ငွေပေးရင်ပြည့်တို့"

www.burmeseclassic.com

"ဟုတ်ပါတယ်ဆရာ၊ ဆရာပျော်သလိုနေစမ်းပါ"

"ပျော်ပျော်နေ သေခဲပေါ့ ဆရာ ဟဲ ဟဲ"

"ကဲ ဦးနှောက်ကလေးကြည်လင်အောင် ဟောဒါကလေးချလိုက်စမ်းဆရာ"

သူတော်ကောင်းမဟုတ်သော သိန်းဟန်ကို အရက်သောက်ဖို့တိုက်တွန်းခြင်းမှာ မခဲယဉ်းလှသော စေ့ဆော်ချက် တစ်ရပ်ပင်ဖြစ်ပါသည်။ လူတစ်ရာလျှင် ကိုးဆယ်လောက် စိတ်ညစ်၍အရက်ကိုသောက်ကြသည်။

အရက်မှန်မှန်သောက်သည့်နေ့မှစ၍ သိန်းဟန်ပို၍ရွှင်လာသည်။

စိတ်ရွှင်၍ဉာဏ်ရွှင်ကာ စန္ဒယားသံတွေပါ ရွှင်၍လာတော့သည်။ ဉာဏ်ရွှင်၊ လက်ရွှင်သဖြင့် ငွေအဝင်လည်းရွှင်လာပြန်ပြီ၊ ငွေဝင်များလာသောအခါ ပျော်စရာတွေများလာလေသည်။ ဘယ်နေရာသွားသွား ပျော်စရာချည်းသာတွေ့ရသည်။ သိန်းဟန်၏ကိုယ်တွင်းမှာ အချစ်ဆိုသော အသည်းနှလုံးကတော့ ရှာလို့မှမရ။

"အချစ်ဆိုတာ ငွေပေးရင်ပြည့်လို့"

ဂီတတီးဖော်တစ်ယောက်က ပစ္စလက္ခတ်ပြောလိုက်သောစကားမှာ သိန်းဟန်အဖို့ တကယ်မှန်သော ပုဗ္ဗနိမိတ်ဖြစ်ပါသည်။ ဘယ်ဟိုတယ်သွားသွား ဘယ်အရက်ခန်း ဝင်ဝင် အချစ်ဆိုသော ကာယကံရှင်ကလေးတွေ ဝိုင်းဝိုင်းလည်နေကြသည်။

အမှန်သာစိစစ်လျှင် သိန်းဟန်မှာ တကယ့်အနုပညာသမားဖြစ်သည်။ အနုပညာသည်တို့၏စိတ်သည် ချက်ချင်းလွမ်းအောင်လည်း စွမ်းဆောင်နိုင်ကြသည်။ ချက်ချင်းချစ်အောင်လည်း စွမ်းဆောင်နိုင်ကြသည်။ ချက်ချင်းဒေါသမာန် ပေါက်ဖို့လည်း စိတ်ဓါတ်သွင်းနိုင်ကြသည်။ ဇာတိမာန်တက်ကြွဖို့မှာလည်း သီချင်းကလေး တစ်ပိုဒ်၊ တီးကွက်ကလေးတစ်ချိုးနှင့် ရိုးတိုးရွတဖြစ်အောင် ဖန်ဆင်းနိုင်ကြသည်။ ဤလိုအရည်အချင်းတွေမှာ ကြားနာရသူတို့အား ချောက်ချားဝင်စားအောင် တတ်နိုင်သည်ဟု ထင်နေကြသည်။ သို့သော် သူတစ်ပါးကိုပြုစားရင်း ပြုစားရင်းက ကာယကံရှင်၏ကိုယ်တွင်းသို့ တစစတတိတိပြန်ဝင်လာကာ၊ ကိုယ့်ပယောဂကိုယ် ပြန်ခံကြရသည်သာများသည်။

www.burmeseclassic.com

ထို့ကြောင့်မဟုတ်လော၊ အနုပညာသည်တိုင်းလိုလိုပင် သဘောနူးညံ့သလောက် စိတ်ဓါတ်တွေပါ တစ်ဖြည်းဖြည်း နူးညံ့လာတတ်သည်။ ကိုယ်ဆွဲဆောင်ရာ သူတကာပါတတ်သလို သူတကာဆွဲဆောင်ရာသို့ ကိုယ်တိုင်ပါမှန်းမသိပါလျက် ကိုယ့်စိတ်က ဆွဲဆောင်ရာပင် ကိုယ့်ကိုယ်က ပါမှန်းမသိပါနေကြရသည်။

ခပ်ရိုင်းရိုင်းပြောရလျှင် အနုပညာသည်တို့သာမှန်လျှင် စိတ်ပျော့၊ လူပျော့သမားတွေသာ ဖြစ်တတ်သည်။ ကြမ်းတမ်းသော ပတ်မကြီး၊ စည်တိုကြီးကို ထုရိုက်နေသူပင်ဖြစ်စေ ကိုယ်ကာယသာကြီးထွားချင်လျှင် ကြီးထွားမည်၊ စိတ်သဘောကတော့ နုနုနယ်နယ်ကလေးသာဖြစ်သည်။ ပတ်မသံ စည်တိုသံသည် နားဝင်ကြမ်းသောတူရိယာဟု ပြောနိုင်ကြစေကာမူ ပတ်ဝန်းကျင်တွင် သူပါမှ ပို၍နုနိုင်သည်။ သူပါမှ ပို၍အရသာပြည့်သည်။ ထို့ကြောင့် ထိုသဘောတရားကို နားလည်ထားသဖြင့် ဒိုင်းကနဲ၊ တိကနဲ တီးနေရစေကာမူ သူ့ကိုယ်သူတော့ အနုပညာသမားဟု ယုံကြည်ထားသည်။

အနုပညာသမားသည် ဘယ်အရသာပဲဖြစ်စေ သူ့သညာဝယ် အထိအခိုက် လျှင်မြန်လှသည်။ သူ၏နုနယ်လှသော သညက္ခန္ဓာကား အရောင်ဟပ်ရုံနှင့် အာရုံအပြည့်အဝခံစားလိုက်ရသည်။ လောကစံကို အသိလွယ်ဆုံး ခံစားစံစားနိုင်သူကား အနုပညာသမားသာဖြစ်ကြသည်။ ထို့ကြောင့် လွမ်းစရာပိုလျှင် ပိုလွမ်း၍ ဆွေးစရာရှိလျှင် ပို၍ဆွေးနေကြသည်။

သိန်းဟန်လည်း အနုပညာသမားတစ်ယောက်၊

ပျော်လျှင် သိသိသာသာပျော်၍ ဆွေးလျှင် သိသိသာသာဆွေးနေခဲ့သည်။ ဆွေးလျှင်ပျော်အောင် အလွယ်လမ်းကို လိုက်ဖို့သာတတ်သည်။ အဆွေးဒဏ်ကို ကြာကြာခံနိုင်စွမ်းရည်မရှိ။

သွေးဆူစေသောအရက်ကို သောက်ထားသည့် ခဏကလေးမှာတော့ သိန်းဟန်၏ ညစ်ညူးမှုတွေမှာ သက်သာသလိုရှိသည်။ သို့ပေမယ့် အရက်ခိုးပျက်သွား သည်နှင့် တစ်ပြိုင်နက် ခေါင်းအုံခေါင်းကိုက် မအီမသာဖြစ်တာက ပို၍သိသာလာပြန်သည်။

www.burmeseclassic.com

ထိုဝေဒနာကို အရက်နှင့်ပြန်၍ကုမှ နေသာထိုင်သာရှိရပြန်သည်။ ဒီကြားထဲမှာ ငွေပေး၍ဝယ်လျှင်ရနိုင်သည့် တဒင်္ဂအချစ် သွေးသားသောင်းကျန်းမှုပြေပျောက်ရာ ကာမတို့ကလည်း သိန်းဟန်၏စိတ်ကို ခဝါပေးရာတွင်အသုံးဝင်သည့် ကော့စတစ်ဆော်ဒါ ဆပ်ပြာတစ်မျိုးဖြစ်ပြန်လေသည်။

လင်သားတစ်ယောက်အနေနှင့် ဆန့်ကျင်ဘက်လိင်တို့၏ ပြုစုယုယကြည်နူးခြင်းကို လက်ခံခဲ့ဖူးသည့် အိမ်ထောင်ပျက် ယောကျ်ားပျိုတစ်ယောက်သည် လူပျိုကာလသားကလေးများထက် ထိုကာမ ထိုအယုအယတို့ကို ခံမင်တမ်းတတတ်ပေသည်။ အိမ်ထောင့်အရသာကို မှတ်မိမွေ့လျော်ခဲ့ဖူးသောကြောင့် မကြာမကြာ ထိုအရသာကို တပ်မက်မိသည်။

သိန်းဟန်အရက်သောက်ရအောင် ဟိုတယ်တစ်ခုသို့ဝင်မိလျှင် စန္ဒယားတီးပြဖို့ သီချင်းကလေးညည်းပြဖို့ ကလေးမတွေက ပူဆာကြသည်။ ပွတ်သီးပွတ်သပ် ချော့ကြသည်။ တိုးတိုးဖွေ့ဖွေ့နေရာလုကြသည်။ ကယုကယင် ရွှင်ရွှင်ပျပျ ပီယဝါစာကလေးတွေနှော၍ လောကွတ်တော်ကျေကြသည်။ ဒါကလေးတွေမှာ သိန်းဟန်အဖို့ အရသာကလေးတွေ ဖြစ်ရပြန်သည်။ ကျေနပ်ခဲ့သည်။ ကာမစ္ဆန္ဒနီဝရဏတို့သည် လောကကို စိုပြည်ချိုမြိန်သကဲ့သို့ထင်လာရသည်။ အာယုဝဏ္ဏ ဆေးကောင်းတစ်ခွက်ဟု မှတ်သုံးလာခဲ့သည်။

မိုက်မလင်းနိုင်လို့ မြိုက်ခင်း ညာဆီကို၊ ခါတော်မီ သီမဝေနိုင်ဘု၊ ဒီကွေ့မှာနေကုန်မျောပြန်ရ၊ အတောဘယ်မသတ်နိုင်တဲ့ ရဟတ်ဖွေ။

သိန်းဟန်သည် ရေစီးရေစုန်နေကုန်မျောလာခဲ့ပါပြီ။ အတောမသတ်နိုင်သော ရဟတ်ပေါ်ကမှ မဆင်းတော့ပါ။

တစ်နေ့ – တစ်လ – တစ်နှစ်

မောင်နုနှင့်တကွ အပေါင်းအပါတို့ပင် ကိုယ်တင်သော စစ်ကဲ ကိုယ်ပြန်၍မချနိုင်မချဝံ့ကြ၊ ချ၍လည်းမရ။

www.burmeseclassic.com

ညစ်ထပ်သောအဝတ်ကို ခဝါကိုပေးလျှင် ဖြူဆွတ်လာသကဲ့သို့ စိတ်ကို အာရုံငါးပါးနှင့်ဖြေဖျော်လိုက်လျှင် လန်းဆန်းဖွေး၍ဖြူလာသကဲ့သို့ ထင်ရပါသည်။ သို့သော် ခဝါအပေးလွန်လျှင် ဆပ်ပြာမြုပ်ကြောင့် စုတ်ပြတ်ချို့ယွင်းလာသကဲ့သို့ စိတ်ခါတ်အင်အားမှာလည်း ပေါက်လွှတ်ပဲစား အပျော်လွန်၍ စုတ်ပြတ်ချို့ယွင်း လာရမည်ကား မုချ။

အရက်နှင့်တွဲစပ်၍ ကာမနာများ၏ဒဏ်ကြောင့် တစ်နေ့တစ်ခြား ကိုယ်လက် ထိုင်းမှိုင်းခြင်း၊ ဒေါသခက်ထန်လာခြင်း၊ မကြာခဏဖျားနာခြင်း၊ အဖုအပိန့် အကျိတ်တို့ထွက်ခြင်းက တဖြည်းဖြည်းနှင့် ဆစ်ဖလစ်ခေါ် ရောဂါတစ်မျိုး ကြီးပွါးလာတော့သည်။

စိတ်ညစ်၍အရက်ကိုသောက်သည်။ အရက်သောက်တော့ စိတ်ညစ်လာပြန်ပြီ၊ စိတ်ညစ်လာ၍ မိန်းမတွေနဲ့ မပျော်ပျော်အောင် ဖျော်ဖြေပြန်သည်။

အရင်နှင့်သိန်းဟန်၊ သိန်းဟန်နှင့်မိန်းမ၊ မိန်းမနှင့်အရက် ပစ္စည်းချင်း ဆက်နေကြလေပြီ။ အမှန်ကတော့ မိုက်တွင်းနက်နေခြင်းပင် မဟုတ်ပါလော။

× × × × × × × × × × ×

ပျော်ဖန်များတော့ ပျက်၊ လျှော်ဖန်များတော့ ကွက်။

တစ်နေ့သောနံနက် ဂီတသံချိုတူရိယာအဖွဲ့တည်ရာ ပျဉ်ထောင်အိမ် အတွင်းခန်း ကလေးထဲတွင် သိန်းဟန်သည် အိပ်ယာထက်၌လဲနေသည်။ လေးငါးဆယ်ရက် ဆက်၍ဖျားနေသလို ဖြစ်နေသောကြောင့် အလိုလိုစိတ်တိုနေပုံရသည်။

www.burmeseclassic.com

မောင်နုသည် တဟီးဟီးတဟဲဟဲနှင့်ညည်းကာ စုတ်တသပ်သပ်ဖြစ်နေသည့် သိန်းဟန်အနားသို့ ကော်ဖီပူပူလေး တစ်ပန်းကန်ကိုင်ကာ ကပ်လာခဲ့သည်။ သိန်းဟန်ကားမျက်စိကိုစုံမှိတ်၍ သူ၏ဝေဒနာကို သူ ကြိတ်ခံနေပုံရသည်။

"ဆရာ ဆရာ ကော်ဖီပူပူကလေး ဆရာ"

"ဟင် မောင်နုလား၊ သောက်ချင်ပါဘူးကွာ၊ ငါ့ကို အရက်နည်းနည်းပေးပါလား"

"ဟာ ဘယ်ကောင်းမလဲဆရာ၊ ဒီအတောအတွင်း ဆင်ခြင်တာကောင်းပါတယ်"

သိန်းဟန်သည် ကြင်နာစွာပြုစုလာသောမောင်နုကို မျက်စိအားယူ၍ဖွင့်ကြည့်သည်။ သို့သော် သူ့မျက်စိထဲမှာ ဝိုးတိုးဝါးတား ဖြစ်နေသောကြောင့် ပြန်၍မှိန်းနေလိုက်သည်။ သူ့အထင်ကတော့ မောင်နုသည် သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း ကြောက်သလိုလို ရွံ့သလိုလို ဖြစ်နေပုံမျိုးရှိသည်ဟု ထင်လိုက်သည်။

"ဆရာ"

"ဟင် ကွာ"

"ငွေပေါ်တိုင်း အပျော်လွန်တာဟာ တစ်နေ့ကျ ဒုက္ခရောက်တတ်တာပဲ ဆရာ၊ ကျွန်တော် မကြာမကြာသတိပေး နေလျက်နဲ့"

မောင်နုက စကားကိုမဆက်ဘဲ တစ်အောင့်လောက် ရပ်ပစ်လိုက်သည်။ သိန်းဟန်ကား ဘာမှမပြော၊ တဟီးဟီးနှင့် ညည်းညူနေခြင်းသာ တုံ့ပြန်လိုက်သည်။

"အာစရိမှာ အရက်ရော၊ မိန်းမရော သုံးပါးလေးထွေ စုကိုင်တော့ ခက်တာပေါ့၊ ဒီအထဲ ဂရုစိုက်ကုရအောင် ပြောတာလည်းမရဘဲကိုး"

မောင်နုက သူ့အနားတစ်ဝိုက်ရှိ အသုံးမပြုသော သောက်ဆေး၊ လိမ်းဆေးပုလင်းတွေကိုကြည့်ရင်း ပြောလိုက်မိသည်။ တကယ်ပဲ သိန်းဟန်သည် သူ့ကိုယ်သူ ဥပေက္ခာလုပ်နေသလိုရှိသည်။ မောင်နုတို့တတွေ ရှာဖွေဝယ်ယူပေးသော ဆေးပါး များကို လက်ဖျားနှင့်မှမတို့။

www.burmeseclassic.com

"မထူးပါဘူး မောင်နုရာ၊ မြန်မြန်သေ မြန်မြန်အေးမှာပါပဲ၊ ငါ့ကို ဘယ်သူမှ တွယ်တာမယ့်လူလည်း မရှိဘူး။ ငါက တွယ်တာရအောင်လည်း ဘယ်သူမှ မရှိတော့ပါဘူး" ဟု လေးလေးပင်ပင်ကြီး သိန်းဟန်က ပြန်ပြောလိုက်သည်။

"ဒီဘဝမျိုးဘာမက်စရာရှိသလဲကွာ၊ တစ်ကောင်ကြွက် တစ်မျက်နှာပဲ"

မောင်နုက သိန်းဟန်ဆက်ပြောသမျှ ရင်ထုမနာနှင့် သူ့မျက်နှာကြည့်ကာ နားထောင်နေမိသည်။ သိန်းဟန်၏ မျက်နှာမှာ အဖုအပိမ့်ကလေးများ ထွက်နေသည်။ သိန်းဟန်ကတော့ သူ့မျက်နှာသူမမြင်နိုင်၊ မောင်နုကသာ နီးနီးကပ်ကပ် မြင်နေရသည်။ ဒါကိုပဲ စိတ်မချမ်းမသာဖြစ်မိပါသည်။

"ဆရာ ဆရာပြောသလို မြန်မြန်သေသွားရင်တော့ အကောင်းသားပေါ့ဆရာ၊ လူမသေဘဲ လူညွန့်တုံးသလိုဖြစ်နေမှာ စိုးလွန်းလို့ အခုတောင် ဆရာ့မျက်နှာ"

မောင်နုက ပြောရင်းတန်းလန်းက သိန်းဟန်မျက်နှာကိုကြည့်ကာ စကားရပ်ပစ်လိုက်သည်။ လွှတ်ကနဲ ထွက်သွားမိသော်လည်း ဆက်ပြောရမှာတော့ ဝန်လေးနေမိသည်။

"ဘာ ဘာ ငါ့မျက်နှာဘာဖြစ်သလဲ၊ ငါ့မျက်နှာက ဘာဖြစ်နေလို့လဲ"

သိန်းဟန်၏အသံမှာ ပြောရာက မာဆတ်ဆတ်ဖြစ်လာသည်။ သူ့လက်မောင်းနှင့် တစ်ကိုယ်လုံးမှာ ယားနာလိုလို အစီအရီဖြစ်နေသည်ကိုတော့ သူသတိထားမိသည်။ မျက်နှာမှာပေါ်လာတာကိုတော့ သူသိကိုမသိ။ ယခုမောင်နုပြောမှ အကြီးအကျယ် ထိတ်လန့်သွားမိသည်။

သိန်းဟန်သည်မောင်နုကိုမေးမရသောကြောင့် ဒေါနှင့်မာန်နှင့်ထကာ တဒိုင်းဒိုင်း နေအောင် အခန်းကလေးအပြင် ဘက်ကို ပြေးထွက်ခဲ့သည်။ ဧည့်ခန်းတွင်းမှာ မှန်တင်စားပွဲရှိလေရာ ထိုစားပွဲကိုအရောက် အပြေးအလွှားသွားကြည့်လိုက်သည်။ မောင်နုသည် စိတ်မချသောကြောင့် သူ့နောက်က မလှမ်းမကမ်းလိုက်ခဲ့မိသည်။

မှန်ရှေ့ဝယ် သူ့မျက်နှာသူ လက်ဝါးနှင့်အုပ်၍ တရှုံ့ရှုံ့ငိုနေသော သိန်းဟန်အား ရင်ထုမနာမြင်လိုက်ရသည်။ သို့သော် သိန်းဟန်သည် ချက်ချင်းလိုပင် အငိုရပ်၍

www.burmeseclassic.com

သူ့မျက်နှာသူ စေ့စေ့စပ်စပ်ကြည့်လိုက်ပြန်သည်။ သူ့မျက်နှာထားမှာ တဖြည်းဖြည်း ခက်တရော်လာပြန်သည်။ အံကြိတ်လိုက်သည်။ ပြီးသည့်နောက် အမှတ်မထင် အားရပါးရ ရယ်ချလိုက်သည်။ တစ်ခဏကလေး အတွင်း စိတ်ဓါတ်ဖောက်ပြန်၍ ရူးသွပ်သွားလေသလားဟု ထင်ရလောက်အောင်ပင်ဖြစ်သည်။

"ဟား ဟား ဟား ဟား မောင်နု ဟေ့ မောင်နု၊ ငါမထူးတော့ပါဘူးကွ၊ ဟား ဟား ဟား ဟား"

မောင်နုရှိရာကိုလှမ်းပြောလိုက်ပြီးလျှင် စန္ဒယားရှိရာသို့ အပြေးကလေး ရောက်လာသည်။ စန္ဒရားပေါ်မှာ သူ၏ လက်ကျန် အရက်ပုလင်းရှိသည်။ သူသည် ထိုအရက်ကို ရေသောက်သလို အာသာငမ်းငမ်း သောက်ချလိုက်သည်။ မောင်နုမှာ အံ့အားအသင့်ကြီးသင့်နေမိသည်။

အရက်လည်ချောင်းထဲဆင်းသွားသည်နှင့် တစ်ပြိုင်နက် စန္ဒရားအဖုံးကိုဖြုန်းကနဲ ဖွင့်ကာ ဒိုးဒိုးဒေါင်ဒေါင် အားရပါးရ ဖိ၍ တီးလိုက်သည်။ တီးရင်းအသံနက်ကြီးနှင့်ရယ်၍ "ပခန်း ပခန်းဘက်ကယ်မှာ ဆယ်ပယ် ကိုးပယ် ကျူးပါလို့ ပြောင်းတဲ့ ပြောင်းတူးရွာ" ဟု နတ်ချင်းတွေကို ဆိုဆို တီးတီး တီးလိုက်သည်။ တီး၍အားရပြန်တော့ အပေါ်အင်္ကျီတစ်ထည်ကို ကမန်း ကတန်းဆွဲ၍ အိမ်ပေါ်မှ ဆင်းသွားတော့သည်။

သူဘယ်ကိုသွား၍ ဘာလုပ်မည်နည်းဟု အကြီးအကျယ်စဉ်းစားဖို့မလိုသောကြောင့် မောင်နုသည် တွေဝေငေးမော၍သာ ကျန်ရစ်ခဲ့ရသည်။

ညဏ်ရှိယောက်ျား မှားလတ်သောအခါ ဆေးလွန်နာကို ဆရာနောက်ဆက် အကုခက်သို့ ဟူသောစကားသည် သိန်းဟန်လို ဆရာတစ်ယောက်အတွက် သက်သက်ဖြစ်လေတော့သလား။

ထိုနေ့ကစ၍ သိန်းဟန်သည် နေ့မလင်း ညမလင်း ပို၍သောက်သည်။ အိမ်သို့မပြန်ဘဲ ဟိုတယ်၊ လောဂျင်းတို့၌သာ မိုးလင်းသောညများသည်ဆက် များလာသည်။ သူ၏ ပေါင်ခြံတွင်သာမက တစ်ကိုယ်လုံးတွင် အဖုအပိမ့်များ

www.burmeseclassic.com

ထူလပျစ် ဖြစ်လာသည်။ မျက်နှာနှင့်နားရွက်တို့မှာ ရောဂါရှိန်၊ အရက်ရှိန်တို့ကြောင့် နီရောင်ရင့်၍ ထူအမ်းအမ်းဖြစ်လာပြီး နှာရိုးကလည်း နိမ့်ကျသွားလေသည်။ သူ၏ရုပ်အဆင်းက နဂိုနှင့်မတူဘဲ ပျက်ယွင်းလာသည့်အတွက် ဟိုတယ်မယ်တွေကအစ အနားသို့ တယ်မကပ်ချင်ကြ၊ ဒီလိုရှောင်ဖယ်ဖယ်လုပ်လေ သိန်းဟန်ဒေါသဖြစ်လေ၊ ဟိုတယ်ပေါ်မှာ ပိုပြီးရမ်းကားလာလေဖြစ်တော့သည်။

"ဟဲ့ကောင်မတွေ နင်တို့လိုချင်တာငွေမဟုတ်လား၊ ရော့ ငွေ၊ ယူစမ်းငွေ၊ အခုမှ နင်တို့က ဘာကြီးကျယ်သလဲ၊ နင်တို့ဝမ်းထဲမှာ တကယ့်အချစ်ဆိုတာ ရှာမွေးလောက်ရှိလို့ ငါ့ကို ရွံ့ချင်ကြတာလား၊ နင်တို့နှလုံးသားထဲမှာလည်း အချစ်မရှိ ငါ့ဦးနှောက်ထဲမှာလည်း အချစ်မရှိ၊ အချစ်မရှိတဲ့လူချင်း ဘာငြင်းနေကြတာလဲ၊ နင်တို့ငွေလိုချင်တယ်၊ ငါငွေပေးမယ်၊ ပြီးရော မဟုတ်ဘူးလား၊ ဟား ဟား ဟား နှစ်ဆယ်တန်တာ လေးဆယ်ယူစမ်း"

သိန်းဟန်သည် အရက်ကိုသာ ရေလိုသောက်သည်မဟုတ်၊ ငွေကိုလည်း ရေလိုသုံးပြသည်။

× × × × × × × × × × × ×

အချိန်သည် အမာကြူ၏သားကလေး လေးဖက်တွားရာက မတ်တပ်စမ်း၍ လျှောက်ချိန်ရောက်လာခဲ့ရုံမက ဘဘ မမ မေမေ ဟု တွတ်တီး တွတ်တာ ပြောနိုင်လောက်အောင် လွန်ခဲ့လေပြီ။

ဘသက်သည် သူ့သွေး သူ့သားမဟုတ်ကြောင်း အမြဲသတိထားသည်။ သို့ပေမယ့် ပုလုကွေးလေးကတည်းက တွယ်တိ တွယ်ပိုး သယ်ပိုးလာရသောကြောင့် အမြင်နီး၍ အကြင်ကြီးကြင်ခဲ့ရလေပြီ။ တကယ်ဆိုတော့ သံယောဇဉ်ဆိုသည့်အား သွေးမှ

www.burmeseclassic.com

သားမှမဟုတ်၊ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို တစ်ဦးကိုတစ်ဦးက တုံ့ပြန်ပြလျှင် ရောမနှောင်ကြိုးကြီးသာဖြစ်သည်။

ငယ်ငယ်ကလေးတည်းက ကလေးသည် ဘသက်ကိုမြင်လျှင် ရွှင်ချိုပြုံးပြသည်။ လက်ကလေးနှစ်ဖက်ကို ဆန့်တန်း၍ ငမ်းငမ်းလိုက်ချင်သည်။ အပြစ်မဲ့သော ကလေး၊ လူ့ဘဝကိုမသိသေးသောကလေးအား ဘသက်သည် ဘယ်နည်းနှင့်မှ မစိမ်းကားနိုင်။ ဘသက်ကမစိမ်းနိုင်သလို ကလေးငယ်က တမ်းတမ်းစွဲ စွဲနေလေရာ ကြာတော့ ဝတ်ကျေဝတ်ကုန် ဟန်ဆောင်ခြင်းမျိုးမဟုတ်သည့် တကယ့်မေတ္တာ စေတနာတွေမှာ ဘသက်တစ်ကိုယ်လုံး သွေးကြောမှန်သမျှ တိုးလျှိုးပေါက် လျှောက်ကုန်ကြတော့သည်။

မကြာမကြာ အမာကြူကသာ ကိုယ့်အဆွေးကိုယ့်အတွေးနှင့် ငေးနေချင်နေပေမည်။ ကလေးငယ်ကတော့ အလုပ်ခွင်မှပြန်လာသော ဘသက်ကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် မိခင်၏ရင်ခွင်ထက်မှဆင်းကာ အူယားဖားယားပြေး၍ လာတော့သည်။ ဤလိုနူတ်ဆက်လိုက်ခြင်းက ဘသက်၏ပင်ပန်းနွမ်းနယ်လာခဲ့ သမျှ မေတ္တာရေစင်နှင့်ဆေးချလိုက်သလို ခံစားလိုက်မိသည်။

"ဘ"

"ဗျား"

"ဘ ဘ"

"ဗျား ဗျား"

စကားမပီ့တပီကတည်းက သူ့ကို ဘဟု ခေါ်တာကိုခံချင်သည်။ လက်ပွန်းတတီး နေခဲ့သည်။ တကယ်တမ်းပြောကြစို့ ဆိုလျှင် ဘသက်သည် ကလေးငယ်ကို တော့မခွဲနိုင်တော့ပြီ။ မနေရ၍ခွဲကြစို့ဆိုလျှင် အမာ့ကိုသာ ခွဲချင်ခွဲနိုင်မည်။ လောကကြီးတွင် ကလေးငယ်ကား အပြစ်ကင်းစင်သည်။ သန့်ရှင်းကြည်လင်သည်။ မိမိ၏စိတ်ကို ဖြေဖျော်ရာသည်။ ကြည်နူးနှစ်သိမ့်အောင် ဆောင်ရွက်ပေးဖော်

www.burmeseclassic.com

ရသည်။ နှစ်ကာလသည် မြင့်သထက်မြင့်သလို ချစ်တာကလည်း ရင့်သထက် ရင့်ခဲ့ပြီ။

ဂီတသံချိုရေဒီယိုအဖွဲ့တည်ရာ မောင်နုတို့အိမ်ကလေးမှာ ယခင်ကလို စိုစိုပြည်ပြည် ဆူဆူညံညံမရှိတော့၊ ခါတိုင်းဆိုလျှင် တီးလုံးတိုက်သည့်အခါတိုက်၍ အအားနေသည့်တိုင်အောင် ဂီတသမားအချင်းချင်း တစ်ယောက်တစ်ပေါက် နောက်ကြပြောင်ကြ ဟေးလားဝါးလား စားကြသောက်ကြ အိမ်နီးချင်းကိုမှအားမနာ အရပ်ကလေးကိုမှအားမနာဆိုသလို သောင်းကျန်းနေကြရာ ယခုတော့ တစ်နေ့ထက်တစ်နေ့ အသွားအလာ အဝင်အထွက်ကျဲသွားသည်။ သိန်းဟန်၏ဝေဒနာ အခြေအနေမှာ တစ်နေ့ထက် တစ်နေ့ ဆိုးဝါးလာသောကြောင့်ဖြစ်လေသည်။

သိန်းဟန်၏ရောဂါအခြေအနေ ဆိုးဝါးလာမှုကြောင့် မိတ်ဆွေအပေါင်းအသင်းများမှာ အသွားအလာရပ်စဲသူက ရပ်စဲ၊ ရှောင်ကွင်းသူက ရှောင်ကွင်းကြခြင်းဖြင့် ယခင်ကစည်ကားခဲ့သော ဂီတသံချိုအဖွဲ့အိမ်ကလေးမှာ သုသာန်ဇရပ်လို ဖြစ်နေတော့သည်။

မောင်နုအဖို့တော့ခက်နေသည်။ သိန်းဟန်ကို သူက အကြည်ညိုဆုံး၊ အလေးစားဆုံးဖြစ်ခဲ့သဖြင့် ထမင်းပွဲရှေ့ရောက် အိမ်ဦးခန်းတင်ထားခဲ့သည်။ ယခုတော့ ကျွေးရပေးရသည်မှာ မထောင်းထာလှသော်လည်း တစ်အိမ်တည်းအတူနေရန်တော့ စိတ်မရှင်းလှတော့ပေ။ "အိမ်မှာမနေပါနဲ့တော့" ဟု ရက်ရက်စက်စက် နှင်ချဖို့ရန်လည်း အတော်ဝန်လေးနေမိသည်။

နောက်ဆုံးတော့ မောင်နုသည် အရဲစွန့်ပြီး သိန်းဟန်ကို ဖျောင်းဖျရတော့သည်။

"ဆရာ – ဆရာရယ် ဆရာဝန်နဲ့ပြကြည့်ရအောင်လား"

"ငါမပြချင်ပါဘူး မောင်နုရယ်"

"ဘာဖြစ်လို့လဲ ဆရာရယ်"

www.burmeseclassic.com

"ငါ – ငါ မထူးတော့ပါဘူးကွာ၊ ကိုယ်ရည်ပျက်ပြီထင်ပါရဲ့"

"ဒီလိုပဲနေသွားတော့မှာလား ဆရာရယ်၊ ဆေးရုံတက်ကုလိုက်ရင် ကောင်းချင် ကောင်းသွားမှာပါ"

မောင်နု၏ တွန်းတွန်းထိုးထိုး ခေါ်ဆောင်မှုကြောင့် သိန်းဟန်မှာ မလိုက်ချင် လိုက်ချင်နှင့် ရန်ကုန်ဆေးရုံကြီးကို ရောက်ခဲ့ရသည်။

ဆရာဝန်က သိန်းဟန်၏အဖုအပိမ့်အကွက်များကိုရော၊ ခြေလက်များကိုပါ ပင်အပ် ကလေးတစ်ချောင်းနှင့် တို့ကာ တို့ကာမေးသည်။ သိန်းဟန်သည် နာတာကို လည်းသိသည်။ ထိတာကိုလည်းသိသည်။ သိန်းဟန်ကို ခေါင်းမှခြေအဆုံးတိုင် တတောင်ဆစ်ကွေး၊ ဒူးခေါက်ကွေး စသည့်နေရာများရှိ အာရုံကြောများပါမကျန် မရွံ့မရှာ တရင်းတနှီးစမ်းသပ်သည်ကို ခံယူရင်း မိမိထံမှအားမနာပါးမနာ စားသောက်ခဲ့ပြီးမှ ရှောင်ကွင်းသွားကြသူများကို နှိုင်းယှဉ်မိရာ သိန်းဟန်၏ရင်ထဲ တွင် ကျေနပ်ခြင်း၊ မကျေနပ်ခြင်း ဝိရောဓိခံစားရမှုများ ထိပ်တိုက်ဖြစ်ပေါ်နေသည်။ သိန်းဟန်လက်ဖျံမှ သွေးကိုဖောက်ယူပြီး ဓါတ်ခွဲခန်းသို့လည်းပို့သည်။

"ကိုသိန်းဟန် ခင်ဗျားရောဂါက"

"ကိုယ်ရည်ပျက်တာလား ဆရာ"

"ကိုယ်ရည်ပျက်တယ် ဟုတ်လား၊ ကိုယ်ရည်ပျက်တယ်ဆိုတာ ဘာကို ဆိုလိုချင်တာလဲ ကိုသိန်းဟန်"

ဆရာဝန်သည် သိန်းဟန်၏ ခန္ဓာကိုယ်နှင့် မျက်နှာပေါ်တွင်ရှိနေသော အဖု၊ အပိမ့်၊ အနီကွက်များနှင့် နိမ့်ကျသွားသော နှာရိုးတို့ကိုကြည့်ရင်းမေးလိုက်သည်။ သိန်းဟန်ကလည်း မိမိ၏ ပျက်စီးယိုယွင်းလာနေသော ရုပ်လက္ခဏာများကို ရည်ညွှန်းပြီး မိမိမှာ ကုဋ္ဌနူနာစွဲကပ်လေပြီ၊ ကိုယ်ရည်ပျက်ရောဂါဖြစ်နေပြီဟု ယူဆပြီး မေးခြင်းဖြစ်သည်။

"ကိုယ်ရည်ပျက်တယ်ဆိုတာ ဟို ဟို အနာကြီးရောဂါဖြစ်နေပြီလားလို့ ပြောတာပါဆရာ"

www.burmeseclassic.com

သိန်းဟန်၏ထိတ်လန့်ကြောက်ရွံ့နေသော အမူအရာနှင့် မဝံ့မရဲဖြေလိုက်သည်ကို ဆရာဝန်သည် နားလည်သွားဟန်ရှိသည်။ အားနာသွားဟန်လည်းရှိသည်။

"ဒီလိုရှိပါတယ် ကိုသိန်းဟန်" ဆရာဝန်သည် လည်ချောင်းကို အနည်းငယ် ရှင်းလိုက်ရင်းပြောသည်။

"ခန္ဓာကိုယ်မှာ အဖု၊ အပိမ့်၊ အကွက်ဆိုတာတွေ ပေါ်တတ်ပါတယ်။ အဖု၊ အပိမ့်ပေါ်တိုင်းလည်း အနာကြီးရောဂါ အဲ အဲ ခင်ဗျားပြောသလို ကိုယ်ရည်ပျက်တဲ့ရောဂါမဟုတ်ပါဘူး။ ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ညှင်း စသဖြင့်ပေါ့ဗျာ။ အရေပြား ရောဂါဆိုတာ အများကြီးရှိတာကလား။ အဲဒီ အဖု၊ အပိမ့်၊ အကွက်တွေမှာ ထုံနေမှ ထိတာ၊ နာတာကို မသိမှ အနာကြီးရောဂါလို့ ခေါ်တာပါ။ ယားတယ်၊ နာတယ်ဆိုရင် အဲဒါတွေဟာ အနာကြီးရောဂါ၊ ကိုယ်ရည်ပျက်တဲ့ရောဂါ မဟုတ်ပါဘူး။ ပြီးတော့လည်း နှာရိုးချိုင့်လာတိုင်းလည်း အနာကြီးရောဂါမဟုတ်ပါဘူး။ ခင်ဗျားရဲ့ ပုံပန်းသဏ္ဍာန်ကို အပေါ်ယံကြည့်မယ်၊ သာမန်လူအနေနဲ့ ကြည့်မယ်ဆိုရင်တော့ ခင်ဗျားလိုပဲ အနာကြီးရောဂါလို့ ထင်ကြမှာပေါ့ဗျာ"

သို့သော် သိန်းဟန်သည် မယုံကြည် လက်မခံသေးဟန်ဖြင့် ထပ်၍မေးပြန်သည်။ သူ၏သောက်စားပျော်ပါးခဲ့သော စရိုက်ကြောင့် ဒီရောဂါဆိုးကြီးဖြစ်ရပါသည် ဆိုသော သူ့ရင်ထဲက အစွဲ၊ သူ့ပတ်ဝန်းကျင်ကစွပ်စွဲခြင်းတို့မှ ပေါက်ဖွါးလာသော မေးခွန်းဖြစ်သည်။

"အနာကြီးရောဂါဆိုတာ ဘာလို့ဖြစ်တာလဲဆရာ"

"အနာကြီးရောဂါဆိုတာ ကူးစက်ရောဂါတစ်မျိုးပါပဲဗျာ၊ ရောဂါရှိတဲ့သူတွေရဲ့ တံတွေး၊ နှပ်၊ ချွဲတို့ကနေ ရောဂါပိုးတွေ ပျံ့လွင့်ကူးစက်တတ်ပါတယ်။ နောက်တစ်မျိုးက လူနာနဲ့ နီးနီးကပ်ကပ်နေရင်လည်း ကူးတတ်ပါတယ်"

"ဒါ ဒါဖြင့်ရင် ကျွန်တော့်ရောဂါက ဘာရောဂါလို့ ခေါ်ပါသလဲဆရာ"

www.burmeseclassic.com

"ခင်ဗျားရောဂါကိုတော့ ဆစ်ဖလစ်ခေါ် ကာလသားရောဂါလို့ ခေါ်ပါတယ် ကိုသိန်းဟန်"

"ဘာကြောင့်ဖြစ်ရတာလဲ ဆရာ"

သက်ပြင်းတစ်ချက်ကိုရှိုက်လိုက်ရင်း ဆရာဝန်က "ဒါကလည်း ကူးစက်ရောဂါပါပဲ၊ ဒါပေမယ့် အပျော်အပါးလိုက်စားလို့ဖြစ်တာပါ"

ကမ္ဘာကြီးသည် သွက်သွက်လည်အောင်တုန်ခါသလို သိန်းဟန်ခံစားလိုက်ရသည်။ သိန်းဟန်သည် ကျန်းမာရေး ဗဟုသုတ အသိအမြင်မနံ့စပ်သဖြင့် ဆစ်ဖလစ်ရောဂါနှင့် အနာကြီးရောဂါကို မသဲကွဲခဲ့ချေ။ အနာကြီးရောဂါ၊ ကိုယ်ရည်ပျက်သည့်ရောဂါဟူသည် အပျော်အပါးလိုက်စား၍ဖြစ်သည်ဟု တစ်ဆင့်စကားတစ်ဆင့်နားကြားခဲ့ဖူးသည်။ သိန်းဟန်အပါအဝင်အားလုံးက အနာကြီးရောဂါသည် အဆိုးဆုံးရောဂါအဖြစ်သတ်မှတ်ပြီး အနာကြီးရောဂါဖြစ်သူများကို မည်သူမှမပေါင်းသင်းချင်ကြ။ သူ၏အပေါင်းအသင်းများပင်လျှင် သူ့ကို အနာကြီးရောဂါသည်ဟုသတ်မှတ်ပြီး ရှောင်ပြေးခဲ့ကြပြီ မဟုတ်ပါလား။ သို့သော် သူ၏ရောဂါမှာ အနာကြီးရောဂါမဟုတ်၊ ဆစ်ဖလစ်ခေါ် ကာလသားရောဂါဖြစ်နေသည်။ သူ အပျော်အပါးလိုက်စား၍ ဖြစ်သည်တဲ့။

သိန်းဟန်၏ကာလသားရောဂါသည် တတိယအဆင့်သို့တိုင်ရောက်နေပြီဖြစ်သည်။ ဆေးကုလျှင် ရောဂါပျောက်နိုင်သည်ဖြစ်သော်လည်း နှာရိုးကအစ ခန္ဓာကိုယ်အနှံ့၊ အသည်း၊ နှလုံးစသည်တို့ပါ လှိုက်စားခဲ့သဖြင့် ပျက်စီးနေပြီဖြစ်သော အစိတ်အပိုင်းများကြောင့် မကျန်းမမာဖြစ်မည့်ဒဏ် ဆက်ရှိနေဦးမည်။ ပိုဆိုးသည်က သူ့အား "အနူ"ဟုပင် အားလုံးကထင်ပြီး စွန့်ခွါမြဲစွန့်ခွါမည်ဖြစ်သည်။ ကာလသားရောဂါပါဟု ဆိုပြန်ရင်လည်း သူ့အပေါ် ကရုဏာသက်ကြမည်မထင်။

သူ့အတွက်ကတော့ အနာကြီးရောဂါဖြစ်စေ၊ ကာလသားရောဂါဖြစ်စေ၊ သိပ်မထူးခြားလှတော့ပေ။ ရောဂါက လှိုက်စားကာ ကျန်းမာရေးသာမက ရုပ်အဆင်းပါ ပျက်ယွင်းနေပြီမို့ မိုက်၍မဆုံး၊ မိုက်စတုံးအောင် လုံးလုံးကြီးမိုက်ပစ်



www.burmeseclassic.com

လိုက်ရန်သာရှိတော့သည်ဟုတွေးရင်း မျက်ရည်သုတ်မိရှာသည်။ မောင်နုသည် "အပျော်အပါးလိုက်စားလျှင် အနာကြီးရောဂါ ဖြစ်သည်၊ အနုသမားဖြစ်သည့် သိန်းဟန်အဖို့ ဆွေးခဲ့ရသည့်ဘ၀ကို ပျော်အောင် အလွယ်လမ်းလိုက်ခဲ့သဖြင့် အနုသမားမှ အနူသမားဖြစ်ပြီ" ထင်ခဲ့သည်။ မလိုတမာနှိမ့်ချပြောဆိုလိုသူများက အနုပညာကို အနူပညာဟုဆိုသည်ကို မောင်နုအခါခါ ကြားခဲ့ခံခဲ့ရပြီ။ ယခုသိန်းဟန်ရောဂါက အနူရောဂါမဟုတ်ဆိုပြန်တော့ ရင်မှာနှစ်ပေါင်းများစွာ စွဲနေသော အနာကြီးရောဂါ ဖြစ်ရသည့်အစွဲကို ချေဖျက်ဖို့ တော်တော်ကြိုးစား ရဦးမည်။ သိန်းဟန်၏ရုပ်ရည်က အနာကြီးရောဂါမဟုတ်ဟုဆိုသော်လည်း တစ်အိမ်တည်းနေရမှာ စိတ်မသန့်သလိုဖြစ်နေသေးသည်။ သိန်းဟန်ကလည်း မောင်နု၏အရိပ်အကဲကို နားလည်သည်။ သို့နှင့် အိမ်ပြန်ရောက်တော့ ...

"ငါ ဒီအိမ်မှာမနေထိုက်တော့ပါဘူးကွာ" သိန်းဟန်၏ဝမ်းနည်းသံနှင့်အတူ မောင်နုမှာလည်း မျက်နှာကလေး အိုသွားရသည်။

"ကျွန်တော် ဆရာ့ကို မနှင်ရက်ပါဘူး ဆရာရယ်"

မောင်နုက ယူကြုံးမရသောလေသံနှင့် ဖြည်းဖြည်းချင်းပြောလာပြီး "ဒါပေမယ့်"ဟု စကားကလေးသုံးလေးခွန်း ဆက်လိုက်သည်။ ထို ဒါပေမယ့်ကလွန်၍ ဆက်ပြီးမပြောဝံ့မပြောရက်ပါ။ ဒါပေမယ့် သူ့ ဒါပေမယ့်ကို သိန်းဟန်က ကောင်းကောင်းကြီးသဘောပေါက်ပါသည်။

"အေးပါကွာ၊ အေးပါ အေးပါ၊ ငါကိုက အလိုက်သိဖို့ကောင်းပါတယ်နော်၊ အင်း ကူးစက်တတ်တယ်လို့ဆိုသကိုးကွ၊ ဟုတ်တယ် ဟုတ်တယ် သြော် ဒါကြောင့် ကိုထွန်းမြင့်တို့ ကိုဘတိုးတို့တောင် ဒီကိုမလာကြတာကိုး၊ ကောင်းပါပြီကွာ၊ ကောင်းပါပြီ၊ ငါဒီနေ့ပဲ သွားပါ့မယ်၊ ဒီလောက်အထိ ငါ့အပေါ်မှာ ပြုစုစောင့်ရှောက်တာပဲ ကျေးဇူးကြီးလှပါပြီ"

မောင်နုသည် ဒီလိုဆိုတော့လည်း အလွန်အမင်း စိတ်မကောင်းဖြစ်လိုက်ရသည်။ သူ့မိခင်အိုကြီးကလည်း တစ်အိမ်တည်းတွင် နေရခြင်းကြောင့် မိမိအတွက်

www.burmeseclassic.com

မထောင်းတာဟု ဆိုစေကာမူ မိခင်ကြီးကျန်းမာရေးကို ထိခိုက်ကူးစက်မှာတော့ စိုးမိသည်။

"ကျွန်တော် ကျွန်တော်"

"အေးပါကွာ မင်းတို့ဘက်က ဝတ္တရားကျေပါပြီ၊ ငါဘယ်လိုမှ မအောင့်မေ့ပါဘူး"

ပြောပြောဆိုဆို သိန်းဟန်သည် သူနေသော အခန်းကလေးထဲသို့ ပြန်ဝင်သွားသည်။ မောင်နု ငိုင်တိငိုင်တိုင် ဖြစ်နေစဉ်ပင် သိန်းဟန်ပြန်ထွက်လာပါပြီ။ သူ့မှာ ထူးထူးထွေထွေ ယူစရာငင်စရာပစ္စည်း များများမရှိတော့ပါ။ အဝတ်ထုပ်ကလေးတစ်ထုပ်နှင့် သူ့တယောအဟောင်းကလေးသာဖြစ်သည်။

ငွေတွေဝင်တုန်းက လူရှင်အောင် ရေလိုသုံးခဲ့သည်။ ငွေမဝင်၍ လူမှာရောဂါဝင်ပြန်တော့ ရှိစုမဲ့စုတွေကို ပေါင်လိုက် ရောင်းလိုက်နှင့် သုံးပါသေးသည်။ ယခုတော့ လက်သပ် ကိုယ်ကျွတ် ချွတ်ခြုံ၊ ဒါကလေးပဲရှိတော့သည်။

အိမ်ကလေးတစ်အိမ်လုံး တိတ်ငြိမ်၍နေတော့သည်။ သူတီးနေကျ စန္ဒယားကြီးမှာ မလှုပ်မယှက် ငုတ်တုတ်ကြီး ထိုင်မှိုင်နေသလို အောက်မေ့ရသည်။ စန္ဒယားပေါ်မှာရှိသော ဂီတဝိသောဒနီကျမ်းစာအုပ်ဟောင်းကလေးမှာ ရွှေမျက်နှာအိုနေသလိုလိုထင်ရသည်။ အခန်းအဝင်ဝ အပေါ်နားက ဂီတဖခင်ကျေးဇူးရှင်ကြီး ဒီးဒုတ်ဦးဘချိုပုံမှာ သူကွယ်လွန်ခါစ ဒီးဒုတ်ဂျာနယ်ထဲကဓါတ်ပုံကို မှန်ပေါင်ကလေးသွင်းထားတာပင်ဖြစ်လင့်ကစား ဂီတသမားတစ်ယောက်အတွက် မရှုရက်မမြင်ဝံ့ စိုက်ကြည့်နေသလိုလိုရှိတော့သည်။

မောင်နု၏မျက်လုံးအိမ်တွင် မျက်ရည်များကို ထိန်းသိမ်း၍မရ တစ်ပေါက်ချင်းတစ်ပေါက်ချင်း ကျလာတော့သည်။ သူ့အဖို့သာ ကိုယ်ကျင့်တရားပျက်၍ ပစ္စလက္ခတ်နေခဲ့သော်လည်း တပည့်ကိုပညာပေးရာ၌ စိတ်ရှည်လက်ရှည် ရက်ရက်ရောရောရှိလှသည်။ တကယ်ဆိုတော့ သိန်းဟန်၏ဂီတပညာ ခက်ဆစ်ကလေးတွေသည် မောင်နုအဖို့ နောင်တစ်သက်လုံး စားသုံးသွားနိုင်စရာ ပညာအမွေတွေပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါကိုမောင်နုသိထားသည်။ ဒီကျေးဇူးတွေကို မောင်နု မပစ်ပယ်နိုင်တာမှန်သည်။ ယခုတော့ နေသူကလည်း နေ၍မဖြစ်၊ တားသူကလည်း တား၍မဖြစ်၊ အချစ်ဓါတ်မတုံး လူကိုမမုန်းဘဲ တစ်သက်လုံးခွဲကြရတော့မည်။ မောင်နုသည် သူ့ဆရာကို သွားခါနီးဆဲဆဲ ခြေစုံဦးတိုက်၍ ဖူးလိုက် ကန်တော့လိုက်ချင်သည်။

"ဆရာ ကျွန်တော့်ကိုစိတ်မရှိပါနဲ့ဆရာ၊ ဆရာ့ပညာကျေးဇူးတွေကို ကျွန်တော ်လေးစားပါတယ်။ ကျွန်တော် ဆရာ့ကို ကန်တော့လိုက်ပါရစေ ဆရာ"

ပြောရင်း ပြောရင်း မောင်နု ငိုသံတွေပါလာတော့သည်။ ထို့ကြောင့် ခပ်မြန်မြန်ပင် သိန်းဟန်၏ခြေရင်းမှာ ပုဆစ်တုပ် ထိုင်ချ၍ ကန်တော့လိုက်ရသည်။

သိန်းဟန်တစ်သက်လုံးမှာ အမာကြူနှင့်ကွဲ၍ စိတ်ဆင်းရဲခဲ့သည်ကိုမှ မျက်ရည်မကျခဲ့ဖူးသော်လည်း ယခုလို မောင်နုက ကြင်ကြင်နာနာကြီးပြော၍ ကန်တော့လိုက်တော့မှ တကယ့်တကယ်ဝမ်းနည်းပမ်းနည်း မျက်ရည်တွေရွှဲလာခဲ့ရသည်။ မောင်နုမှာစေတနာအနန္တနှင့် တပည့်ကောင်းပီသကြောင်းသိရသည်။ ယခုလိုခွဲရသည်မှာ မောင်နုကို တစ်စုံတစ်ရာအပြစ်ဆိုစရာမရှိ။ ဘယ်သူမပြုမိမိမှုဆိုသလို ကိုယ်မိုက်၍ သူပါ ဝမ်းနည်းရရှာခြင်းသာဖြစ်သည်။

"အေးပါကွာ ကိစ္စမရှိပါဘူး မောင်နုရာ၊ ကိုဘတိုးတို့ ကိုထွန်းမြင့်တို့သာ ငါနှုတ်ဆက်သွားကြောင်း ပြောပြလိုက်ပါတော့"

သိန်းဟန်သည် သူပြုစုပျိုးထောင်ခဲ့သော ဂီတသံချိုရေဒီယိုအဖွဲ့ ဆိုသည့် ဆိုင်းဘုတ်ကလေးကို နောက်ဆုံးကြည့် ခြင်းဖြင့်ကြည့်ကာ ဖြည်းဖြည်းချင်း အိမ်ပေါ်မှဆင်းသွားရှာတော့သည်။ မောင်နုက သိန်းဟန်၏ဖိနပ်ကို ခင်းပေးလိုက်သေးသည်။ ထို့နောက် ဝင်းထရံဝအရောက် နောက်ပါးမှ ယို့ယို့လိုက်ပို့လိုက်သေးသည်။ ပြီးတော့မှ

"သွားပေဦးတော့ ဆရာ" တဲ့။

ထိုအချိန်တွင်မှ အလိုက်ကမ်းဆိုးမသိသော ရေဒီယိုက ပတ်ပျိုးသီချင်းတစ်ပုဒ် လာနေလေသည်။

www.burmeseclassic.com

'အိုကြော့ဆုံးမယ် ကေသွယ်လျော့လျား မောင်သနားလှတယ်၊ တစ်ယောက်ထဲ ဖော်မပါ သွားရှာရော ဝေးမြေတာ'

× × × × × × × × × × ×

သိန်းဟန်၏ခရီးစဉ်ကို ကြည့်စမ်းပါတော့။

မိုက်စမတုံး တစ်သက်လုံးပဲ မိုက်ချင်တော့သည်။ ယခုမှတော့ မမိုက်ဘဲနေ၍လည်းမရ။ စိတ်ညစ်တိုင်း အရက်သောက်တတ်သောစာဂသည် အရက်မသောက်ရလျှင် စိတ်ညစ်လာတော့သည်။ စိတ်သာမက လက်တွေခြေတွေကပါ ကတုန်ကယင်ဖြစ်လာတတ်သည်။ ဘဝင်မှာလေခို၍ တဟော့ဟော့ တဟဲဟဲ ကြို့ထိုးလာတတ်သည်။ အားအင်ကုန်ခမ်း၍ မလှုပ်ချင်အောင် ပင်ပန်းနေတတ်သည်။

တကယ်အရက်စွဲလာတော့ သူ့အဟာရသည် အတုံးအခဲစားဖွယ်မဟုတ်သည့် အရည်သက်သက်ဖြစ်သည့် အရက်သာ အဟာရဖြစ်သည်။ သတ္တဝါဟူသမျှ အဟာရနှင့်မကင်းနိုင်သလို အရက်ချိုးစွဲနေသူသည် အရက်နှင့်မကင်းနိုင်။ အရက်ကို ဦးဆံပိုင်သခင်အဖြစ် ဦးထိပ်ထားရ၍ မိမိကား အရက်၏ကျေးကျွန်၊ အရက်က စေစားသမျှ တစ်သဝေမတိမ်း လိုက်နာရတော့သည်။

သိန်းဟန်သည် အရက်ရှိရာ ပျော်ပွဲစားရုံသို့ဝင်မည်ပြုသည်။

ယခင့်ယခင် သိန်းဟန်လာပြီဆိုလျှင် အလုအယက် ဝိုင်းဝန်းကြိုဆို၍ တိုးတိုးခွေ့ခွေ့နေရမှ ကျေနပ်သည့် ဟိုတယ်မယ်ကလေးများက ယခုလာသည့် သိန်းဟန်ကိုတော့ စက်ဆုပ်ရွံရှာစွာ မောင်းထုတ်ကြသည်။ တစ်ချို့က အမယ်လေးဟဲ့ဒင်အသံကြောင်ကလေးနှင့် အော်ပြေးကြသည်။

www.burmeseclassic.com

သိန်းဟန်၏အင်္ဂါရပ်မှာ ဤအထိဖြစ်နေကြောင်း ယခုမှ သူ့ကိုယ်သူသိသည်။ တစ်ဆိုင်မှထွက်၍ တစ်ဆိုင် သူဝင်ပြန်သောအခါ တွေ့ရာအစေအပါးတွေက လက်ခါပြ၍နှင်လွှတ်ကြသည်။

"ဟော့ ငါ့မှာ ပိုက်ဆံရှိပါတယ်ကွာ၊ ကြာကြာမနေပါဘူး၊ အရက်ကလေးသာ နည်းနည်းသောက်ပါရစေ" ဟု သိန်းဟန်က တောင်းပန်ရှာသည့်တိုင်အောင်

"သွားလေ မလာနဲ့ ဒီမှာလူကောင်းတွေရှိတယ်" ဟု ခါးခါးသီးသီး ပြောလွှတ်ကြသည်။ တစ်လှမ်းမှ ဝင်ခွင့်မပေး။

"လောကမှာ ငွေအရေးကြီးဆုံးဆိုပေမယ့် နေရာတိုင်း အခါတိုင်း မဟုတ်ပါလားကွာ" ဟု ညည်းညူမိသည်။ သို့သော် တစ်ခဏသာ ညည်းညူလိုက်ခြင်းဖြစ်ပါသည်။ ဗီဇကပါလာသည့်ဒေါသက ထောင်းခနဲထွက်၍ ရက်ရက်နှင့် လှည့်ပြန်ခဲ့ရသည်။

ဘာပဲဖြစ်ဖြစ် အရက်မသောက်ရလျှင်တော့ မနေနိုင်ပါ။ လူရည်သန့်ဆိုင်တွေက လက်သင့်မခံလျှင် အောက်ဆုံးတန်းက ဂေါ်ရင်ဂျီတွေ ပျော်ပျော်နှင့်ရမ်းကြသည့် ထန်းရည်ဆိုင်ကိုဝင်ဖို့သာရှိသည်။ ထိုဆိုင်ကလေးမျိုးကတော့ အယုတ်အလတ် အမြတ်မရွေး တကယ့်ကို ဓမ္မဓိဋ္ဌာန်ကျသည့် ဘုံဝါဒဗိမာန်ကလေးတွေဖြစ်ပါသည်။ ကူလီကုလား၊ ဂျာဒူးကုလား၊ မြူနီစီပါယ် ကုလား၊ ဒိုဘီကုလား၊ ဆတ္တာသည် ကုလား၊ ဖိနပ်ချုပ်သောကုလား၊ အိုသောကုလား၊ ပျိုသောကုလား၊ ဝေဒနာသည် ကုလား၊ သန်စွမ်းသောကုလား၊ ထိုကြားထဲတွင် သိန်းဟန်ကို ဘယ်သူကမှမတား။ ထန်းရည်ဆိုင်ဝတွင် ကုလားမကြီးရောင်းသော မူတာလူးကြက်သားဟင်းစပ်စပ်က ဟိုတယ်မှ ချစ်ကင်းရို့(စ်)ထက် ခံတွင်းတွေ့ရပါသေးသည်။ ပဲကြီးကြော် တစ်ပဲဖိုးသည် ပျော်ပွဲစားရုံကအာလူးကြော်ထက် ကြွပ်ကြွပ်ရွရွရှိပါသေးသည်။

"ချဉ်ချဉ်တူးတူး မူးလျှင်ပြီးရော" ဟု ဆိုပေမယ့် ထန်းရည်အရောင် ငှက်ခါးတောင်သည် ပယင်းရောင် ဝါလဲ့လဲ့ထက် နှုတ်မြိန်ကာ ပါစကဆောဖော ကြွပါသေးသည်။

www.burmeseclassic.com

သိန်းဟန်သည် ဂေါ်ရင်ဂျီကုလားကြားက ထန်းရည်နှစ်ပုလင်းဝင်သွားသည်နှင့် တစ်ပြိုင်နက် ရှေ့ရေးကို ဘာကိုမှ မတွေးမပူတော့၊ ဖြစ်သလိုနေပြီး ဖြစ်သလို သေဖို့သာအဆင်သင့်ရှိသည်။ ပွဲထဲကပြောသလို စောစောသေလျှင် စောစော အိပ်ရမည်။ လောကဇာတ်ခုံမှ မြန်မြန်အနားယူရမည်။

တန်ဆောင်းအို ကျောင်းပျက်စသည်တို့မှာ အခြေအနေမဲ့သောသူတို့၏ မှီခိုရာဌာန ကောင်းများဖြစ်ကြသည်။ သိန်းဟန်၏ဗိမာန်မှာ ဘုရားပန်းခြံထဲက ကြေးသွန်း ကိုယ်တော်ကြီး ကိန်းအောင်းရာ တန်ဆောင်းတစ်ခုဖြစ်သည်။ တံခါးမရှိ ဓါးမရှိ သော ဤလိုနေရာမျိုးမှာမှ သိန်းဟန်အဖို့ အဖိုးတန်လှသည်။ သူ့ကိုနှင်မည့်သူမရှိ၊ မြင်မည့်သူလည်းမရှိ။

သောက်တော့ထန်းရည်ဆိုင်၊ စားတော့ထမင်းဆိုင်၊ သူတို့လိုလူတွေအတွက် ထမင်းဆိုင်တွေပေါလှပါသည်။ တစ်မူး တစ်ပဲပေးရုံနှင့် ဟင်းမျိုးစုံအောင် စားရသောနေရာကား တရုတ်ကုလား ထမင်းဆိုင်များက ဟင်းကျွင်းဟင်းကျန် ထမင်းပန်းကန်တွေဖြစ်သည်။

အကျင့်သည် သိက္ခာနှင့်တွဲလျက်ရှိမှ အကျင့်သိက္ခာကောင်းနိုင်ကြသည်။ သိက္ခာ ရှိသူသည် အကျင့်ကိုရွေး၍ ကျင့်တတ်ကြသည်။ သိက္ခာဟူသည်ကား ဂုဏ်နှင့် တွဲစပ်နေသော ဝိသေသတစ်ခုပင်ဖြစ်သည်။ ဂုဏ်သိက္ခာရှိသူသည် သိမ်ငယ် ညံ့ဖျင်းသောအကျင့်ကို ပြုမူရမှာ ရှက်စရာဖြစ်သည်။ ထို့ကြောင့်လည်း အတွင်း အစျှတ္တကယုတ်မာချင်ကြစေကာမူ အပေါ်ယံ ပကာသနက ဟန့်တားဆီးကာ နေကြသဖြင့် စိတ်လိုတိုင်းကိုယ်မပါနိုင်ကြ၊ ရှောင်နိုင်သမျှတော့ ရှောင်ကြပါ သေးသည်။

သို့သော် အကျင့်ကြောင့် သိက္ခာပျက်သည့်အခါ သိက္ခာပျက်သည်ကို လူသိသည့် နေ့ကစ၍ အကျင့်ကို ပေယျာလကံ ထားလိုက်ကြတော့သည်။

ရုပ်ပျက်ဆင်းပျက် အကျင့်ပါပျက်လာခဲ့သော သိန်းဟန်ကို ဘယ်သူကမှ ကောလိပ်ကျောင်းသား စန္ဒယားချန်ပီယံဟု အမှတ်မပြုကြ၊ မှတ်မိသူလည်း

www.burmeseclassic.com

မရှိနိုင်ကြ၊ ထိုအကြောင်းတရားက သိန်းဟန်ကို တစ်နေ့တစ်ခြား လွတ်လပ်ခွင့် ပေးထားတော့သည်။ ကလေကချေ ကလေကဝ ဘယ်ဘဝသို့ရောက်ရောက် ရက်ကြောက်စိုးရိမ်စရာမလိုပေ။ ဒီလိုနေ၍ ဒီလိုဖြစ်သွား ကြသော အမျိုးကောင်း သား၊ အမျိုးကောင်းသမီးတို့သည် လောကကြီးဝယ် ဂုဏ်နောက်ကွယ်တွင် အသက်ရှင်နေကြဆဲပင်။

တစ်ခါတစ်ရံတော့ ဘုရားပန်းခြံထဲကနေ၍ ရွှေတိဂုံစေတီကြီးကို ကြည်ညိုလိုက်မိသည်။ တက္ကသိုလ်ကျောင်းသား ဘဝက ပဲခူးကရောက်လျှင်ရောက်ချင်း ဝတ်ကောင်းစားလှ ဂုဏ်ပကာသနတွေနှင့် ဘုရားဖူးတက်ခဲ့ရသည်။ ထိုစဉ်က လောကဓံသည် ကောင်းတာတွေမှန်သမျှ ကွက်၍သာအကျိုးပေးခဲ့သည်။ ယခုအခြေအနေကတော့ ပဋိပက္ခ အောက်ဆုံးသို့ ကျခဲ့ရပြီ။

"အို မေမေရဲ့ မေမေသားတော့ ဘဝတုံးပေါ့" ဟု ငိုမိသေးသည်။ ငိုရင်းက စိတ်ညစ်လာသည်။ စိတ်ညစ်တော့ ထန်းရည်အကြွင်းအကျန်ကလေးကို မော့မိပြန်သည်။ အရက်ကစ၍ ဘဝဆုံးရသည်ကို သိတော့သိပါသည်။ အသိခေါက်ခက် အဝင်နက်၍ အဆက်ကိုတော့မဖြတ်နိုင်။ အဝိဇ္ဇာတဏှာ ဒွေမူလာနိ သိပင်သိသော်လည်း မယားမရှိက မနေနိုင်သော ဓမ္မကထိကလို ဖြစ်နေခဲ့သည်။ မကြာမကြာ ထန်းရည်ကလေးထွေထွေနှင့် တယောကိုအဖော်ပြု၍ တီးနိုင်သလောက်တီးကာ ဆိုနိုင်သလောက်ဆိုနေခြင်းက ရင်တွင်းမှအပူတွေ လျော့သလိုလိုရှိသည်။

သူ့ကို မှတ်မိမည့်သူမရှိ၍ ဖြစ်ရာဘဝတွင် ဖြစ်သလိုနေရင်းပျော်ခဲ့သည်။ အရက်နှင့်ထန်းရည်တို့၏ ကျေးကျွန်ဘဝသို့ သက်ဆင်းရင်း သူ့ဘဝကိုသူစိတ်ညစ်၊ စိတ်နာ၍ငိုချင်လာလျှင် ရောက်ရာအရပ်တွင်ထိုင်ပြီး တယောထိုးတတ်သည်။ ရပ်အဆင်းက ချို့ယွင်းပြီး ဒုက္ခိတဖြစ်နေသူတစ်ယောက်က တယောထိုးနေသောအခါ ကရုဏာသက်သော လမ်းသွားလမ်းလာ များက ပိုက်ဆံအကြွေတွေ

www.burmeseclassic.com

www.burmeseclassic.com

ချွင်ကနဲ ချွင်ကနဲ ချပေးသွားတတ်သည်။ ထိုပိုက်ဆံကလေးများသည်ပင် သူ့အတွက် ထမင်းနှင့် အရက်ဖြစ်လာသည် မဟုတ်ပါလော။

တစ်နေ့တွင်သိန်းဟန်သည် ချည့်ကျိုးချည့်နဲ့ မြို့ထဲသို့ရောက်သွားသည်။ ကန်တော်လေး ထန်းရည်ဆိုင်၊ ဘုန်းကြီးလမ်း ကစော်ဆိုင်၊ သုံးဆယ့်ငါးလမ်း ခနိရည်ဆိုင်တို့မှာ သူ့ခြေရာချင်းထပ်ခဲ့ပြီ။ တစ်နေ့တစ်ခါ မဂိုလမ်း ကုလားဒံပေါက်ဆိုင်နားသို့ရောက်ရသည်။ ထိုနေရာမှာ သူတို့တတွေအားကိုးရသောနေရာဖြစ်သည်။ ဒံပေါက်တစ်ပန်းကန် နှစ်ကျပ်ပေးစားနိုင်ကြသူတို့မှာ အနီးအနားမှ မရှိဆင်းရဲသူများအားတစ်မူး တစ်ပဲပေးရန်ဝန်မလေးကြပေ။ ကိုယ့်ဘဝကို ကိုယ်ပြန်မတွေးချင်တော့သောသိန်းဟန်သည် ထိုသို့သောနေရာမျိုးတွင်ထိုင်ပြီး တယောထိုးရန် ဝန်မလေးတော့ပေ။

သိန်းဟန်သည် မဂိုလမ်းထိပ်သို့ရောက်ရန်သာ စိတ်စော၍ ဆူးလေဘုရားဘက်မှ လူသွားလမ်းပလက်ဖောင်းပေါ်မှ လျှောက်လာခဲ့သည်။ မြန်မာသစ်နာရီဆိုင်ရှေ့သို့ရောက်သည်နှင့်တစ်ပြိုင်နက် ဆိုင်ထဲမှ ရယ်ရယ်မောမော ပြောပြောဆိုဆို ထွက်လာသော လူနှစ်ယောက်ကိုမြင်လိုက်ခြင်းအတွက် ရုတ်တရက်ခြေလှမ်းများ ဆွံ့သွားအောင် ကယောင်ချောက်ချား ဖြစ်လိုက်ရပါသည်။

ထိုသူနှစ်ယောက်အနက် တစ်ယောက်က ကိုဘသက်။

မမျှော်လင့်ဘဲ တွေ့လိုက်ရပါပြီ၊ ဤတစ်သက်မှာတော့ မိမိ၏ဘဝနီးစပ်သက်ဆိုင်ရာလူတွေကို မမြင်ရတော့ဟု အောက်မေ့ခဲ့ရာက ယခုလိုပက်ပင်းတွေ့လိုက်ရသောအခါ သရဲတစ္ဆေကိုမြင်လိုက်ရသလို ခေါင်းကြီးသွားမိသည်။

ကိုဘသက်သည် စကားပြောရာက သိန်းဟန်ကိုလှမ်းကြည့်လိုက်သည်။

“ဘုရား ဘုရား ငါ့ကိုများ”

www.burmeseclassic.com

သိန်းဟန်စိတ်ထဲကကျိတ်၍ ရေရွတ်မိသည့် စကားမဆုံးမီ ကိုဘသက်က သိန်းဟန်ကို အမှတ်မထင် သညာကင်းမဲ့စွာ ကြည့်ရာက ရှေ့သို့ဆက်လျှောက်သွား လေတော့သည်။

ဤတွင်မှ သက်မတစ်ချက်ချ၍ မိမိလည်းလွန်လောက်အောင် လျှောက်လာမိသည်။ သိန်းဟန်၏ရုပနိကာယ်မှာ မှတ်မိလောက်စရာမှမရှိ၊ အဝတ်အစားက စုတ်တိ စုတ်ဖတ်၊ အသားကလည်း ဖြူဖတ်ဖြူရော်၊ အဖုအပိမ့်အနာများနှင့်။ ထိုသည့်အပေါ် အရက်တန်ခိုးကြောင့် လေဖြတ်တော့မတတ် တုန်တချည့်ချည့်ဖြစ်နေ ပါသေးသည်။ ကိုဘသက်အဖို့ သိန်းဟန်ကို ဤလိုအခြေအနေ ဤလို ဒုက္ခိတဘဝနှင့် မြင်ရလိမ့်မည်ဟု တစ်သက်လုံးမှာ တစ်ခါမှ မျှော်လင့်ခဲ့မည်မဟုတ်။

သိန်းဟန်ကတော့ ဘသက်ကို လျှပ်တစ်ပြက်ပင်မြင်လိုက်ရစေကာမူ မမေ့နိုင်၊ အမာကြူအား သတိရသောစိတ်သည် တိမ်မြုပ်လုနီးပါးဖြစ်ရာက ကိုဘသက်ကို တွေ့လိုက်ရခြင်းကြောင့် ဆင်အိပ်ရာဆိတ်လာ၍နှိုးသလို တဟုန်ထိုးပေါ်ခဲ့ရပြန် ပါပြီ။

အမာကြူ အမာကြူ ငါချစ်ခဲ့ရတဲ့အမာကြူ။

အမာကြူကို တွေးမိရာက မိခင်ကြီး၏မျက်နှာပါ ကွက်ခနဲမြင်လာရပြန်သည်။ ကိုဘသက်ကိုမြင်ခြင်းကြောင့် အမာကြူကို သတိရသည်။ အမာကြူကိုသတိရတော့ မိခင်ကြီးကိုပါသတိရပြန်သည်။ သူတို့ သူတို့နှင့် မိခင်ကြီးမှာ အညမညပစ္စယော သဟဇာတပစ္စယောပင်မဟုတ်ပါလော။ တိုတောင်းသော လေးငါးနှစ်အချိန်ကလေး အတွင်းမှာပင် မိမိဘဝကား လူဖော်မဝင်တော့ပြီ။ ကိုဘသက်ကိုကြည့်ရလျှင် ဘာမှမထူးခြား၊ သိန်းဟန်မှာသာ တစ်ကိုယ်တည်းနှင့် ဘဝပြောင်းခဲ့ရသည်။

ငါးနှစ် ငါးနှစ်။

သို့သော် မိုက်မဲသူသည် ငါးရက် ငါးနာရီစသော အချိန်တိုကလေးအတွင်း ပျက်စီးခြင်းမလှ ပျက်စီးနိုင်ကြသည် မဟုတ်လော၊ ကိုယ့်အသက်ကိုပင် ရန်ရှာသူ

www.burmeseclassic.com

အဖို့ဖြစ်လျှင် ငါးမိနစ်မှမကြာလိုက်ပါပေ၊ သိန်းဟန်က သူ့ကိုယ်သူသတ်သော နည်းမှာ အနုနည်းကြာရှည်သောနည်း၊ နည်းချင်းသာကွာ၍ ကာလသာကြာနေ ပါသည်။ သတ်တာကမူ သူ့ကိုယ်သူ တစ်မူတည်းသာ ဖြစ်ပါသည်။

ကိုဘသက်ကိုလွန်၍ လျှောက်လာခဲ့ပြီးသည့်နောက်မှ အမာကြူ၏သာကြောင်း မာကြောင်း၊ မိခင်ကြီး၏သတင်းစကား စသည်တို့ကို ကြားချင်လာပြန်တော့သည်။ ဝိညာဉ်သာ တစ်ဘဝပြောင်းသော်လည်း အတိတ်ဟောင်းကဆွေမျိုးအပေါင်းကို သံယောဇဉ်မပြတ်နိုင်သေးသည့် ဝေမာနိက တစ္ဆေပြိတ္တာလို ဖြစ်လာပြန်သည်။ ဤလိုသတင်းစကားကို ကြားလိုက်ရခြင်းဖြင့် တစ်နည်းတစ်လမ်းစိတ်သက်သာရာ ရနိုင်နိုးနိုးထင်လာပြန်သည်။ ထို့ကြောင့် ဘသက်တို့ သွားရာကို မျက်ခြည် မပြတ်ခင်လှည့်၍ လိုက်မိပြန်သည်။ ကိုဘသက်တစ်လမ်းကူးလျှင် သိန်းဟန် တစ်လမ်းကူး၍ နောက်ယောင်ခံခဲ့မိသည်။ ဘယ်နေရာမှာမှနား၍ ဘယ်တော့မ ကြားရမည်ကိုတော့ မသိ၊ လိုက်မိလက်စနှင့် လိုက်၍သာနေတော့သည်။ ဤလိုလိုက်နေသမျှ ခြေလှမ်းတိုင်း အမာကြူကိုသာ တွေးနေမြင်နေလျက်ဖြစ်သည်။ ကိုဘသက်နှင့်သူ့အဖော်ကို မျှော်မှန်း၍ ကြည့်လိုက်သောအခါ တစ်ရံရောအခါက မိမိကိုယ်တိုင်ပျော်တော်ကြူးခဲ့သည့် ပျော်ပွဲစားရုံတစ်ရုံသို့ ဝင်သွားကြကြောင်း မြင်လိုက်ရသည်။

ကံအားလျော်စွာ ဘသက်တို့ဝင်ထိုင်သောနေရာမှာ အပြင်ဆိုင်ဝက ကြားနိုင် လောက်သော စားပွဲဖြစ်သောကြောင့် သိန်းဟန်သည် တံခါးပေါက်ဖိနပ်ချွတ်နားက ပိပိရိရိထိုင်စောင့်မိသည်။ သူ့ကို ဘယ်သူကမှ နှင်မထုတ်ကြ။ ဟိုတယ်ပျော်ပွဲစားရုံ နားတွင် သူလိုအခြေအနေမဲ့တွေ ရစ်ဝဲရစ်ဝဲလုပ်နေကြသည်မှာ ထုံးစံဓမ္မတာ ဖြစ်နေကြသည်။

မကြာမီ ဖွန်းသံ၊ ပန်းကန်သံတွေကြားက စကားစ၍ဆိုသံကြားရပါပြီ။

“ခင်ဗျားနယ် ရန်ကုန်ရောက်တာတောင် ကျွန်တော့်အိမ်မဝင်ဘူး၊ လမ်းတွေ့လို့ သာတွေ့ရတယ်” ဟု ဘသက်၏ အဖော်က စကားနာထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ ဟဲ မဝင်ဆိုဗျာ၊ ဒီတစ်ခါလာရတာက လွတ်လွတ်လပ်လပ် လာရတာ မဟုတ်ဘူးဗျို့၊ အမာကြူတို့သားအမိ ပါလာကြလို့"

ကိုဘသက်၏စကားဆုံးလျှင်ဆုံးချင်း သိန်းဟန်သည် သူ့ဘဝကိုသူမေ့သွားသည်။ စိတ်ဝေဒနာနှင့် ကိုယ်ရောဂါတွေ ပျောက်ကုန်ပြီး ယခင်က ကောလိပ်ကျောင်းသား ဘဝ ပြန်ရောက်သွားသလိုလို ဝမ်းမြောက်ဝမ်းသာထိတ်ခနဲဖြစ်သွားရရှာသည်။

"ဘယ်မှာတည်းကြသလဲ"

"သွန်မဆင် အင်ဗင်နူး တိုက်နံပါတ် ၁၇"

"ဩော် ဒေါ်ဒေါ်ဇင်တို့အိမ်ပေါ့"

"ဟုတ်တယ်လေ၊ ဒေါ်ဒေါ်ဇင်ဆိုတာက အမာကြူတို့နဲ့ ဆွေမျိုးနီးစပ်တော်တာ မဟုတ်လား၊ သူပါလာတော့ သူ့ဆွေမျိုး အိမ်မှပိုပြီးလွတ်လပ်မှာကိုး"

သိန်းဟန်က ထိုနေရပ် အိမ်နံပါတ်ကလေးကို တိုးတိုးညည်းနေမိသည်။ အမာကြူ အမာကြူ အခုနေအခါ သူ့လင် သူ့သားနဲ့ တင့်တင့်တယ်တယ်နေနေရလို့ အရင်ကလိုရုပ်ရည်မျိုးထက်ပိုပြီး ဝလာမလားဟုစဉ်းစားရာက ခဏကလေးဖြစ်ဖြစ် သွား၍ ချောင်းကြည့်လိုက်ချင်သည်။

"ဟယ် သွားကြည့်လို့ လွတ်တဲ့ငါးကြီးရုံအပြင် ဘယ်ရှိမလဲ၊ အဟောင်းကို အသစ်ဖြစ်ရရင် ငါ့စိတ်မချမ်းသာမှု တိုးသထက်တိုးနေမှာပါပဲ၊ အမေ့သတင်း လောက်ကြားရရင်တော်ပါပြီ။ စကားစပ်မိလိုစပ်မိငြား နားထောင်နေတာ ကောင်းပါတယ်"

သိန်းဟန်ဤလိုတွေးနေစဉ်

နားမလည်နိုင်သောစကားတစ်ရပ်ထပ်၍ကြားရပြန်သည်။

"ဩော် ဒါထက် ခင်ဗျားရဲ့အရေးတော်ပုံကကော မအောင်သေးဘူးလား"

"ဟဲ ဟဲ အမာကြူကိစ္စလား နေမြဲ သတိပေါ့ဗျာ၊ ဟား ဟား ဟား"

"ဟာ ညံ့ပါ့ဗျာ၊ အခုထက်ထိ နေမြဲပဲလား၊ ရှေ့တစ်လှမ်းတက်ပေါ့ဗျာ၊ တကယ်ဆိုတော့ ကိုယ်နဲ့မင်္ဂလာဆောင်ထားတဲ့ မိန်းမပဲ၊ သဘောမတူလို့

www.burmeseclassic.com

လက်ရောက်မှုနဲ့တရားစွဲနိုင်တာလိုက်လို့၊ အလကား ခင်ဗျားကိုယ်က ယောကျ်ား ဈေးဖျက်နေတာ၊ သိန်းဟန်ရဲ့ကလေးလည်း ကိုယ့်ကလေးလုပ်ပြီး အနစ်နာခံထားရသေးရဲ့၊ ဒီလောက်မှ အရသာမယူရင် ဘာလုပ်ဖို့တုံး”

အပြင်ဘက်ကသိန်းဟန်မှာ မျက်လုံးမျက်ဆန်ပြူးသွားအောင် အံ့အားသင့်နေမိပါသည်။ သူတို့ပြောတာ မြန်မာစကား ဖြစ်ပေမယ့် မြန်မာစကားကို မြန်မာနားမလည်လိုက်မိပါ။ သိန်းဟန်သည် ဟိုတယ်တွင်းသို့ ဝင်သွားတော့မလောက် တစ်ကိုယ်လုံးကိုင်းညွတ်အားယူ၍ နားထောင်မိသည်။ သူ့နားထဲမှာတော့ သိန်းဟန်ရဲ့ကလေးလည်း ကိုယ့်ကလေးလုပ် ရသေးတယ်ဆိုသောစကားသာ ထပ်ခါထပ်ခါကြားယောင်နေမိပါသည်။

ဘယ်ကကလေးကိုဆိုလိုသလဲ။

ငါ့ကလေးဆိုတာ ဘယ်သူလဲ။

ငါ့မှာ ကလေးရှိသလား။

“သိန်းဟန်”ဆိုတာ ငါလား။

သိန်းဟန်သည် ဤသို့သော အနုလုံပဋိလုံတွေးနေမိသည်။

တွေးရာက ရှုပ်သထက်ရှုပ်လာသည်။ သူကြားသောစကား သူ့နားကို သူ ယုံရမလို မယုံရမလို။

“ခင်ဗျားဉစ္စာကဘာနဲ့တူနေသလဲဆိုတော့ ပွဲထဲက လူပြက်တွေပြောသလို “ဟော ဟိုကောင်မလေး တော်တော် ချမ်းသာတယ်၊ မင်း သူ့သာရအောင်ယူနိုင်ရင် ဘာမှမလုပ်ရဘဲ ထိုင်စားရမယ်” ဆိုသလို ဘာမှမလုပ်ရရင် ဘာလုပ်ဖို့တုံး”

သူတို့ပြက်လုံးနှင့်သူတို့ ဝါးခနဲ ရယ်လိုက်ကြပြန်သည်။

သိန်းဟန်မှာတော့ နက်နက်နဲနဲမျက်မှောင်ကုတ်၍ ဉာဏ်ထုတ်ကာတွေးနေရသည်။

www.burmeseclassic.com

"ခက်တယ် ကိုမြသောင်း၊ သူတို့ကလည်း ကျွန်တော့်အပေါ် တစ်သက်လုံး ကောင်းလာကြတာ၊ ဒီတော့ ကျွန်တော့် မေတ္တာကလည်း မကင်းနိုင်သေးဘူး၊ ဒါကြောင့် အမာ့ကိုနေရာတကာ အလိုလိုက်နေရတာပေါ့၊ ခင်ဗျားပြောသလို အတင်းကြံရင်တော့ နောက်ဆုံးတကယ်ညားကြရုံအပြင် ဘာမှမရှိဘူးပေါ့။ လူကြီးတွေကကော ဘာပြောမလဲ၊ ပြောတော့ မပြောဘူးပေါ့၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်က အမာ့ကို သနားနေရတာမို့ သူ့မေတ္တာကို ဇွတ်အတင်း မလုချင်ပါဘူးဗျာ"

ဘသက်၏အသံမှာ ခဏကလေးရပ်သွားလေသည်။ သိန်းဟန်မှာ ထိုရပ်သွားသည့် တစ်ခဏကလေးအတွင်း အလင်းကလေးမြင်မိသလိုလို၊ ထိုအခိုက် ဘသက်က ဆက်လိုက်ပြန်သည်။

"အဲ အမာကိုယ်တိုင်က ကျွန်တော့ကိုပြန်ပြီး ငဲ့ညှာလာတဲ့တစ်နေ့ အလိုလို နေရာကျမှာပေါ့၊ သူလည်း ကျွန်တော့် အပေါ်မှာတော့ စေတနာကင်းနိုင်မှာ မဟုတ်ပါဘူး"

"ခင်ဗျားဥစ္စာက နေရိပ်လာမှာ နေပူကစောင့်ရသလို"

"ဒါတော့ ဒါပေါ့ဗျာ၊ သို့ပေမယ့် နောက်ဆုံး ကျွန်တော်ကလွဲပြီး ဘယ်သူ့ လက်ထဲရောက်နိုင်တော့မှာတုံး"

ဘသက်၏အသံမှာ ချိုချိုအေးအေးနှင့် ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။

"အင်း ခင်ဗျားက ကြိုးရှည်ရှည်နဲ့လှန်နေ၊ တော်တော်ကြာ သူ့အကောင်ပေါ်လာမှ ကိုယ့်လက်ထဲရောက်ပြီးသား ပစ္စည်း ပြည်သူပိုင်အလုပ်ခံနေရဦးမယ်"

"သိန်းဟန်လား ဒီအကောင်ပြန်လာတော့မယ် မထင်ပါဘူးဗျာ၊ မိုက်လည်း မိုက်တဲ့အကောင်ပါ။ အမာ့မှာ သူ့ကြောင့် ကလေးရတာတောင် သိသွားတာ မဟုတ်ဘူး။ တစ်ခါတည်း စုပ်စမြုပ်စမပေါ်အောင် နေနေနိုင်လွန်းတယ်၊ ကျုပ်လည်းစုံစမ်းကြည့်ပါသေးတယ်။ မော်လမြိုင်မှာလည်း မရှိတော့ဘူးတဲ့၊ သေများသေပလားမှမသိတာ"

www.burmeseclassic.com

အပြင်ဘက်မှသိန်းဟန်မှာ ဒီလောက်ကြားရတော့ ကွဲကွဲပြားပြားကြီးသိရပါပြီ။ သူ့ဇာတ်ကွက် သူလည်အောင် နားလည်ရပါပြီ။ ရှင်းသထက်ရှင်းအောင် နောက်ထက်ကြားလိုက်ရတာက ဘသက်၏ ညည်းသံဖြစ်ပါသည်။

"ကျွန်တော်ကတော့ အစကတည်းက ယောက္ခမလည်းဖြစ်၊ ကျေးဇူးရှင်တွေလည်း ဖြစ်နေတာမို့ အရှက်မကွဲရုံကလေး ဒုက္ခဝင်ခံလိုက်ရတာမဟုတ်လား" ဟူသော စကားနှင့်တကွ

"အင်း 'မစားရ အညှော်ခံ ဒရဝမ်ဖြစ်နေပြီ' ဆိုတဲ့ သီချင်းဟာ ခင်ဗျားပဲ" ဟု သူ့အဖော်ကလှောင်ရယ်ကလေး ရယ်လိုက်ခြင်းဖြစ်ရကား သိန်းဟန်အတွက် ကိုယ့်ဘဝကိုယ်မှန်ထဲပြန်ကြည့်ရသလို ကွင်းကွင်းကွက်ကွက်ရှိလှပါပြီ။

သိန်းဟန်သည် ပါးစပ်အဟောင်းသားဖြစ်အောင် အံ့အားသင့်နေရပါသည်။ အထင်တလွဲ အဖြစ်တလွဲကြောင့် ကိုယ်ကျိုးကြီးနည်းမှန်း ယခုမှသိရသည်။

"ဟုတ်တယ် ဟုတ်တယ် အမော့ကိုချစ်ခဲ့မိတာဟာ သူ့ကို ဒုက္ခပေးမိခဲ့တာပေါ့၊ ဒါကိုငါမသိ၊ ဒါကြောင့် သူတို့ခမျာမှာ ငါ့ကိုမှမတိုင်ပင် အကြောင်းမကြားနိုင်ဘဲ ကသောကမျောနဲ့သတင်းစာထဲကြော်ငြာလိုက်ရတာဟာ င့ါမိုက်မဲမှုရဲ့ အဆောက်အအုံက ဘူးပေါ် သလိုပေါ်လာတဲ့အတွက်ဖြစ်တာပေါ့။ ဒီကြားထဲ အကျိုးအကြောင်းပြောရဆိုရအောင် မေမေတို့လိုက်လာခဲ့မယ် ဆိုတဲ့စာရောက်တဲ့နေ့ပဲ မော်လမြိုင်က လိုက်တာတဲ့မြင့်ဆီကိုငါသွားတွေ့ရတယ်၊ ဒီကတည်းက ငါပဲချူးနဲ့ အဆက်ပြတ်ရတာ မဟုတ်လား"

အတိတ်၏ကမောက်ကမတို့မှာ ယခုအခါတော့ အစီလိုက်အစဉ်လိုက် ပေါ်ပေါက်လာကြကုန်၏။ ထိုအခါ မဖြစ်တန်ဘဲနှင့်ဖြစ်ရသော မိမိ၏ဘဝကိုစိတ်နာကာ မျက်ရည်လည်လာမိသည်။ ထိုစဉ်ကသာ သတ္တိရှိစွာနှင့် မိမိမျက်နှာပြခဲ့မိလျှင် ယခုကဲ့သို့သော ရပ်ပြစ်ရှစ်ပါးသို့ ရောက်နိုင်ဖို့လမ်းမရှိ။ သစ္စာစောင့်သော ချစ်ခင်သောအမာကြူနှင့် ပြန်ပေါင်းထုတ်ရမည်သာမက မိမိ၏ရင်သွေးဖြစ်သော သားကလေးနှင့်ပါ တပျော်တပါးကြီး ဇာတ်ပေါင်းမိနိုင်မည်ဖြစ်၏။

www.burmeseclassic.com

ယခုတော့ ရှုပ်ပွေနေသောလောကပေါ်တွင် တစ်စပ်တည်း၊ တစ်ပြေးတည်း နေရလင့်ကစား လူစင်စစ်ကပြိတ္တာဖြစ်ရသကဲ့သို့ နီးရက်နဲ့ဝေးရလေပြီ။

မိမိမျက်နှာကိုပြ၍ မိမိမှန်းသိရုံလောက်နှင့်လည်း သူတို့အဖို့ အဆွေးပိုစရာသာ ဖြစ်နိုင်တော့လျက် ကိုယ့်အတွက်ကား ဗလာနတ္ထိ အကျိုးရှိနိုင်တော့မည်မဟုတ်ချေ။ သို့သော် လေးငါးနှစ်ကြာအောင် မိမိကိုစွဲလမ်းသောစိတ်နှင့် ကိုယ့်ဣန္ဒြေကို ကိုယ်စောင့်ရှောက်နိုင်သော အမာကြို၏သိက္ခာကိုတော့ ဘသက်ကိုယ်တိုင်က နှုတ်မှဖွင့်ပြောနေသဖြင့် ယုံမှားစရာတစ်စုံတစ်ရာကလေးမရှိ။ ဒီလိုသိလေ မွန်မြတ်သောအမာကြို၏မျက်နှာကလေးကို တစေ့တစောင်းဖြစ်စေ ချောင်းကြည့်ချင်လေ ဖြစ်ရသည်။

ထိုထက်ဆိုးတာက ကိုယ့်ရင်သွေးကလေးကို ကြုံသည့်အခိုက် အားရပါးရကြီး ကြည့်လိုက်ချင်သည်။ ပဲခူးကိုလိုက်ကြည့်ဖို့ကတော့ သိန်းဟန်၏တစ်သက်မှာ မဖြစ်နိုင်၊ မမျှော်လင့်နိုင်၊ ကိုယ့်ဇီဝိတိန္ဒြေမှ ကြာရှည်စွာ ထမ်းရွက်၍မနေချင်၊ မသေခင်ကလေး ရင်သွေးကိုတော့ မြင်ဖူးချင်လှသည်။

သား သား ကိုယ့်သားဟု သိလိုက်ပြီးသည်ကစ၍ မိဘ၏မေတ္တာဆိုသည်တို့မှာ ကိုယ်ခန္ဓာတစ်ခုလုံး အကြောသေး အကြောမ မကျန် ပီတိတွေခိုက်ခိုက်တုန်အောင် လှုံ့လိုက်မိပါပြီ။

ယခုအနေဆိုလျှင် တွတ်တီးတွတ်တာပြောတတ်သည့် အရွယ်ကလေး၊ ချစ်လို့မဝ ကြည့်လို့မဝ လှနေမည့်ရုပ်ကလေးကို မျက်စိမှိတ်၍ တွေးကြည့်မိရှာသည်။

အမာကြို၏ဘဝကို စဉ်းစားလိုက်မိပြန်တော့ ယခု ယနေ့အထိ ဘသက်က မပိုင်သေး။ သို့ကလို မပိုင်သေးသဖြင့် မိမိချစ်ခဲ့သည်မှနောက်ကာလက ယခုတိုင်အောင် ခြောက်ပြစ်ကင်းစွာ သန့်ရှင်းလျက်ရှိနေပေသေးသည်။ ဒီကအပြန် တွင်မူ ဘသက်၏အသုံးအသပ် အပြုအမူကို ခံယူချင် ခံယူပေတော့မည်ဖြစ်၍ ဒီတစ်ခါ ကြည့်ရမြင်ရလျှင် ဒီဘဝမှာသေပျော်ပါပြီဟု ဆုံးဖြတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘသက်၏သဘောထားကိုလည်း ချီးမွမ်းထိုက်စွတကား။ မိမိနှင့်ကား ယခုဘဝတွင် နတ်သမီးနှင့်ပြိတ္တာကဲ့သို့ အလှမ်းဝေးကွာခဲ့တော့ပြီ။ ဤလိုဖြစ်၍ မိမိမှလွဲလျှင်မူ ယခု ကိုဘသက်သာပင်လျှင် မိမိကိုယ်တိုင်ချစ်အပ်မြတ်နိုးအပ်သောအမာကြူနှင့် မိမိ၏ရင်သွေး သားကလေးတို့၏ အန္တအတာတို့ကို ခံယူစောင့်ရှောက် ထိန်းသိမ်းနိုင်မည့် ယောကျ်ားကောင်းတစ်ယောက် ဖြစ်သောကြောင့် မနာလိုဝန်တိုသည့် စိတ်မျိုး ချိုးနှိမ်ကာ မုဒိတာဖြစ်ရန် ကြိုးစားရပေတော့မည်။

သိန်းဟန်ကိုယ်တိုင် မည်မျှလောက်ကြာအောင် လောက၏ပတ်ဝန်းကျင်ကို မေ့နေမိသည်မသိ၊ တယောတစ်လက်ကို ပိုက်ရင်း ငေးမှိုင်နေသောသူ့ရှေ့သို့ မူးစေ့တစ်စေ့ ချွင်ကနဲကျလာမှ ဒါနရှင်ကိုမော့ကြည့်လိုက်မိသည်။ ထိုပုဂ္ဂိုလ်မှာ တစ်ခြားသူဟုတ်ပါရိုးလား၊ ကိုဘသက်မှ ကိုဘသက်။

သူသည် သူ့အဖော်နှင့်အတူ ဟိုတယ်မှ ပျော်ပျော်ရွှင်ရွှင် မိမိကိုဖြတ်၍ ထွက်သွားပေပြီ။ မိမိအားစွန့်ကြဲ၍ပင်သွားပါသေးကလား။

သိန်းဟန်သည် ဘသက်ပြောသွားသော အမာကြူတို့တည်းခိုနေသည်ဆိုသည့် လမ်းနံပါတ်နှင့် အိမ်နံပါတ်ကို မေ့မှာစိုး၍ တိုးတိုးကလေး ရွတ်ဖတ်သရဇ္ဈာယ်နေရသည်။

အချိန်ကား ညနေခုနစ်နာရီထိုးပြီးစသာဖြစ်သော်လည်း ညတာရှည်သည့် ပြာသိုလဖြစ်သဖြင့် ညဦးဘက်သို့ရောက်ကာ သီတဂါတ်များ ရန်ကုန်တစ်မြို့လုံး ဖုံးလွှမ်းနေလေပြီ၊ ငွေနှင်းများလည်းတဝေဝေ၊ လေပြည်ကလေးက တညှံ့ညှံ့၊ မြေသင်းနံ့ကလေးကလည်း မွှေးတပျံ့ပျံ့။

ရေကျော်ရာမပွဲမှာ ဆိုင်းတငြိမ့်ငြိမ့်နှင့် စည်ကားစပြုလေပြီ။ ခေါင်းတော်တွေကို လာဆက်ထားကြသော နတ်စင်တွင်လည်းကောင်း၊ ပွဲသွားပွဲလာ မိန်းမကြီးငယ်တို့၏ဆံထုံးပေါ်တွင်လည်းကောင်း၊ ပန်းသဇင် ဘော်ငွေဖြူတို့ကား တကြူကြူ တဖွေးဖွေး အခိုင်ချင်းယှက်ထွေး နေကြလေသည်။

www.burmeseclassic.com

နှင်းငွေ့ဝေနေသော တိုက်ပုကလေးတစ်တိုက်၏ ဝင်းခြံဘေးဝယ် အားအင်ကုန်ခမ်းသောစိတ်ဖြင့် မလှုပ်တလှုပ်၊ သူ့လက်ဝယ်တယောကိုပိုက်လျက် မောဟိုက်စွာလျှောက်လာသူကား သိန်းဟန်ပင်ဖြစ်လေသည်။ သူတွေ့ချင်သော အမာကြူတို့လာရောက်တည်းခိုနေသည့် ဗိမာန်ကလေးပင်။

မရပ်မနား ပြေးသွားလည်ပတ်နေခဲ့သော ဘဝရဟတ်ခြားတွင် ဘယ်နေရာမှ နားကွက်မရှိ၊ မရပ်တည်နိုင်လောက်အောင် ခရီးနှင်နေရသူမို့ သူ့စေတသိက်မှာ ပင်ပန်းနွမ်းဟိုက်လျက်ရှိနေပါပြီ။ အမောပြေရေကလေးမှမတွေ့ရ။

သားနှင့်မယားသည် သံယောဇဉ်နှောင်ကြိုးအဖြစ် ချည်တုပ်ပြီးဖြစ်လျက် အပြင်းအထန် စွဲလမ်းတမ်းတစေသည့် ကာမမီးသာလျှင် ရေငတ်နေသောသိန်းဟန်အား ပို၍ပို၍ခြောက်သွေ့ပူလောင်အားပြတ်စေအောင် သွေးဆောင်နေပေတော့သည်။

ပန်းခြံထဲဝယ် အမာကြူနှင့်သားကလေး မောင်သိန်းကြူ။

သူတို့ကို သိန်းဟန်တွေ့လိုက်ရသည်။ ဒီနှစ်ဦးသည် သိန်းဟန်၏ ဥပါဒါန်ဖြစ်ဖို့ရာ အာရုံစုပင်မဟုတ်ပါလော။

"အမာ" ဟု လှမ်းခေါ်လိုက်ချင်သည့်စိတ်ကို ဝင်းထရံကိုင်၍ အားပါးတရ ချုပ်ထားလိုက်ရသည်။

"မောင်သိန်းကြူ၊ သား ကစားချင်ရင် ခြံထဲမှာသာကစားနော်၊ အပြင်မထွက်နဲ့သားရယ်"

ညင်ညင်သာသာပြောလိုက်သော အမာကြူ၏အသံကို သိန်းဟန်ကြားလိုက်ရပါပြီ။ သူ့သားကလေးနာမည်က မောင်သိန်းကြူဟု ပထမဆုံးကြားလိုက်ရ၊ သိလိုက်ရ မှတ်လိုက်ရခြင်းပင်လျှင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်အောင် သောမနဿတွေ ဖြစ်ပေါ်ခဲ့သည်။

သို့သော် ဖြူဖြူဖွေးဖွေး သားကလေး လူလှ၊ ချစ်စရာရုပ်အင်္ဂါကို တိတ်တဆိတ်ကြည့်မျှော်လိုက်ရသည်။ မောင်သိန်းကြူ မောင်သိန်းကြူ ဒါ ငါ့သားလေး မောင်သိန်းကြူ တဲ့။

www.burmeseclassic.com

အမာကြူက မိမိအားဘယ်လောက်သတိရကြောင်း သစ္စာရှိကြောင်းကို သားကလေး နာမည်တပ်ထားပုံနှင့်ပင် သိသာထင်ရှားလှပါပြီ။

"သား ငါ့သား၊ မင်းကတော့ ကိုဘသက်ကို ဖေဖေထင်နေမှာပါပဲနော်၊ ဖေဖေ့ကိုတွေ့လိုက်ရင် လန့်ပြေးမှာပဲ၊ သားနဲ့ဖေဖေနဲ့တော့ ဒီဘဝမှာမတွေ့ရ တော့ဘူးကွယ်၊ ဝေးပေါ့ ဝေးပေါ့၊ ဖေဖေ့အပြစ်ကြောင့် မင်းကလေး ပထွေးလက်မှာ မျက်နှာငယ်ရတော့မှာပဲနော်၊ ဘာမှမသိတတ်တဲ့အရွယ်ဆိုတော့ ပထွေးပြုသလို ခံရတော့မှာပဲ"

တိုးတိုးညည်း၍နေရာမှ ယခုတော့ တင်းခိုင်ထားသော မျက်ရည်တို့ပင်လျှင် မျက်လုံးမှလျှံကျကုန်ပါပြီ၊ ခြံဝတွင် ကားတစ်စီးထိုးဆိုက်လိုက်သည်။ ကားတွင်းမှ ဆင်းလာသူမှာ ကိုဘသက်ပင်ဖြစ်သည်။ သိန်းဟန်သည် ဝင်းထရံဘေးက ခပ်လျှိုလျှိုမယောင်မလည်လုပ်နေရသည်။

"ဟော ဖေဖေပြန်လာပြီ၊ ဖေဖေပြန်လာပြီ"

ဝမ်းသာအားရအော်လိုက်သော ကလေး၏အသံမှာ သိန်းဟန်၏အသည်းကို နင့်သွားပြန်စေသည်။ အမာကြူနှင့် ကလေးတို့က ဝင်းဝအထိထွက်၍ကြိုကြသည်။ ကိုဘသက်၏လက်ထဲတွင် ဖက်စိမ်းကလေးနှင့်ထုပ်လာသော သဇင်ပန်းတွေကား ဝေဝေဆာဆာရှိလှသည်။ အမာကြူနှင့်ကလေးကို ခုမှသိန်းဟန်က မျက်စိထွက် မတတ် အားရပါးရ နီးနီးနားနားကြည့်ခွင့်ရတော့သည်။

မိမိရှေ့က ကုံကုမ်ပင်တွေ ကာဆီးထားပြန်သဖြင့် ခြေဖျားထောက်ကာ ဝဝကြီးကြည့်လိုက်သည်။

သိန်းဟန်တွေ့ချင်သည့်ကလေး။

သိန်းဟန်မြင်ချင်သည့် အမာကြူ။

အမာကြူကတော့ ယခင်တုန်းကရုပ်ရည်ထက် တစ်သားမွေး၍ တစ်သွေးလှ နေပါသည်။

ကလေးကလေးကလည်း ပကတိချစ်စရာ။

www.burmeseclassic.com

မိမိမှာ ကံ စိတ် ဥတု အာဟာရကြောင့် ရုပ်တစ်ခုလုံးပျက်စီးချင်တိုင်း ပျက်စီးနေသည်။ သူတို့ကတော့ လှချင်တိုင်းလှနေသည်။ ဤဘဝမှာ စပ်ဟပ်လို့ဖြင့် ဘယ်နည်းနှင့်မှမရနိုင်တော့။ မိမိမိုက်ပြစ်ကိုသာပင် ကြိတ်ခံရတော့မည်။

ဤအချိန်တွင် ပန်းခြံထဲဝယ် ကိုဘသက်က အမာကြူအား သဇင်ပန်းထုပ်လှမ်းပေးလိုက်သည်။ ယခင်အခါက မိမိကိုယ်တိုင် သဇင်ပန်းကို အမာကြူအဖို့ ဝယ်ပေးခဲ့၏။ ယခုတော့ မိမိကိုယ်စား ကိုဘသက်က တော်ဝင်သည့် သဇင်ပန်းဖြင့် အမာကြူလက်ကို ကမ်းလိုက်သည်။

"အို အမာ မလိုချင်ဘူးကိုဘသက်၊ ဒီပန်းကို ဒီတစ်သက်မှာ မပန်တော့ဘူးလို့ပြောထားတဲ့ဥစ္စာ၊ ခဏခဏဝယ်လာတာ အမာစိတ်ဆိုးတယ်"

"ဒါဖြင့်လည်း ဘုရားတင်လိုက်တာပေါ့ အမာရယ်"

အမာကြူနှင့်ကိုဘသက်တို့၏ အချီအချပြောကြသောစကားကို ကြားလိုက်ရသောအခါ သိန်းဟန်တွင် အဆမတန် ဝမ်းမြောက်မိသည်။

အမာကြူကား မိမိဝယ်ပေးသောပန်းမှ ပန်ချင်ကြောင်း ထင်ရှားလှသည်။ နောက်ပြီးတော့ မိမိကိုယ်တိုင်ဝယ်ပေးခဲ့ဖူးသောပန်းကို ယနေ့တိုင်မမေ့နိုင်ကြောင်း ပေါ်လွင်စေပြန်ပါသည်။ နောက်တစ်ကြောင်းကလည်း ကိုဘသက်ကအမာကြူ၏ အလိုကို အောက်ကျခံ၍ လိုက်လျောညင်းပျောင်း ပေါင်းသင်းဆက်ဆံနေကြောင်း ထင်ရှားလှပြန်သည့်အတွက် သိန်းဟန်အဖို့ ပို၍ပို၍သာလျှင် ဝမ်းသာမိပါသည်။

အမာကြူကပန်းခြံကလေးထဲရှိ ခုံတန်းလျားကလေးပေါ်တွင် ထိုင်ချလိုက်သည်။ ညာဘက်လက်ကား အနားသို့ကပ်လာသော မောင်သိန်းကြူ၏ပခုံးကလေးကို ယုယုယယဖက်ထားပါသည်။ မျက်လုံး၊ မျက်ခုံးမှစ၍ ပါးကလေးနှစ်ဖက် သွယ်ကျလာပုံမှာ သိန်းဟန်နှင့်တစ်ပုံတည်းဖြစ်နေသောကြောင့် မိမိရင်သွေးအား ရှုမဝဖြစ်ရပြန်သည်။ ထိုအတွင်း ကိုဘသက်က အမာကြူ၏ဘယ်ဘက်၌ ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

အကယ်၍သာမိမိကိုယ်တိုင် ဘသက်နေရာဝင်ထိုင်လိုက်ရလျှင် သားနှင့်မယားနှင့် တွတ်တီးတွတ်တာ အချီအချ ယုယကြင်နာ၍ဆုံးမည်မဟုတ်။ လောက၏ကြည်နူးမှု အရသာတွင် နှိုင်းတုယှဉ်ပြိုင်၍ အနိုင်မတွေ့ကောင်းစရာ။

ယခုတော့ မိမိမှာလည်း ခြံဝကငေးမျှော်နေရရုံသာ၊ ကိုဘသက်ကလည်း ပျော်မွေ့စိတ်ချပြီးသော မျက်နှာထားမျိုးမဟုတ်၊ မပိုင်ဝက်မွေးနေရသေးသူပီပီ တည်တည်နှင့် အမှာ့မျက်နှာရိပ် မျက်နှာကဲကိုခတ်နေရရှာသေးသည်။ အမှာ့မှာ ကော ကြင်ဖော်ကြင်ဖက် သက်နှံခင်ပွန်းမဟုတ်သည့် သူစိမ်းပြင်ပြင်နှင့် ယှဉ်ထိုင်နေရခြင်းကြောင့် လိပ်ပြာမသန့်တသန့် ထိတ်လန့် စိုးရွံ့နေရသေးသလိုလို၊ ဤလိုသာ သိန်းဟန်ကတော့ အကဲခတ်လိုက်မိသည်။ ထို့ကြောင့် မသိနားမလည် သေးသော ကလေးကို ခွင်းချန်၍ ကျန်သုံးဦးစလုံးမှာ ကမောက်ကမ လောက ၏လှည့်စားခြင်းကို သနားစဖွယ် ခံယူနေကြရသည်။

သိန်းဟန်အဖို့ ထိုစိတ်နှင့်ထိုအာရုံ ပေါင်းဆုံခဲ့မိသဖြင့် မြေပေါ်မှာတင်ထား အပ်သော ငါးကဲ့သို့ တဖျပ်ဖျပ်တုန်လှုပ်လျက်ရှိသည်။ ဆတ်ဆတ်ခါ ဘယ်လူး ညာလိမ့် လိမ့်နေသယောင်ယောင်၊ ထိုစိတ်နှင့် ထိုအာရုံတို့ပေါင်းဆုံ၍ ပေါက်ဖွား ခဲ့သော အရာဝတ္ထုကား လောင်ကျွမ်းလျက်ရှိသော မီးပင်တည်း။

သာမန်မီးသည် ရေမြေတောတောင်အနန္တတို့ကို အဆုံးအဆမရှိ တောက်လောင် စေကာမူ ပြာအတိဖြစ်ရုံသာ၊ နောက်ဆုံးကား အေးငြိမ်းစေတတ်သေး၏။

သား၏ဒုက္ခ၊ မယား၏ဒုက္ခဖြင့် ခံစားနေရရှာသော သိန်းဟန်၏မီးမျိုးသည် အစဉ်မပြတ် အတောမသတ် တောက်လောင်နေ၍ ဘယ်တော့မှ အေးငြိမ်းပြီး ပြာကျလိမ့်မည်မဟုတ်။

အမြဲတစေ တဟုန်းဟုန်းဖြင့်သာ ဘဝမတုံးမချင်း ပူပြင်းစွာမချိမဆံ့ခံရတော့မည်။ အေးငြိမ်းခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော မီး။ ထွက်မြောက်ရာ၏ တားဆီးခြင်း ဖြစ်သော မီး။

www.burmeseclassic.com

ထိုမီးတို့၏အတိုင်းအရှည်ပမာဏ၊ အလုံးအရပ် အကောင်အထည်ဖြင့် အဘယ်သူသည် ဖော်စွမ်းခြင်းငှာ စွမ်းဆောင်နိုင်ပါအံ့နည်း။ ထိုမျှပူပြင်းတောက်လောင်သော မီးထဲဝယ် မီးလောင်ဖုများဖြင့် လူးလူးလိမ့်လိမ့် ခံစားရသော ဒုက္ခသည် သိန်းဟန်အား ထိုမီးက ဘဝကိုသော်လည်းကောင်း၊ သံသရာကိုသော်လည်းကောင်း ကျယ်ပြန့်အောင် လောင်နေပါဦးမည်။

"အမာ"

ကိုဘသက်၏အသံကိုကြားလိုက်ရမှ သိန်းဟန်၏လိပ်ပြာမှာ ပြန်ဝင်လာသလို။ ကိုဘသက်ခေါ်လိုက်ရတာက အမာကြူမှာ ထိုင်ရာမှထ၍ တိုက်တွင်းသို့ပြန်ဝင်သွားတော့မလို လုပ်သောကြောင့်ဖြစ်သည်။ အမာကြူသည် ကိုဘသက်က ခေါ်လိုက်သောကြောင့် ပြန်၍ငဲ့ကာ ရပ်ကြည့်နေလေသည်။

"ထိုင်ပါဦးလား အမာ"

အမာကြူကတော့ အတန်ကလေးငိုင်နေပြီးမှ အားနာထိုင် ထိုင်လိုက်သည်။ ကိုဘသက်က အမာ့မျက်နှာကို တစ်ချက် ကြည့်လိုက်ပြီး မျက်နှာလွှဲလိုက်ရင်းက "နေ့ခင်းက ဘုရားပေါ်မှာ ကိုဘသက်ပြောတာ စဉ်းစားပြီးပလား အမာ" တဲ့။

ထိုစကား၏အဓိပ္ပါယ်ကို ကြားက နားထောင်နေရသော သိန်းဟန်အဖို့ နားမလည်နိုင်စေကာမူ သူတို့အချင်းချင်းအတွက်တော့ အဓိပ္ပါယတ္ထ ပြည့်စုံပြီးဖြစ်ဟန်တူသည်။ အမာကြူက တော်တော်နှင့်အဖြေမပေးသေး။ သည်ဟာကို ကြည့်နေရခြင်းအားဖြင့် သိန်းဟန်မှာ ဟိုတယ်တွင်ကြားခဲ့ရသော စကားစပ်နှင့် ဆက်ဟပ်၍သဘောပေါက်လိုက်ပါပြီ။

အမာကြူက ငေး၍နေရုံသာရှိသည်။ ဘာစကားမှပြန်မပြော။

"ကိုဘသက်ငဲ့ညှာရင် ကရုဏာထားထိုက်ပါပြီအမာရယ်"

ဤစကားကိုပြောရင်း ကိုဘသက်က သက်မချလိုက်ပြီးမှ ဆက်လိုက်ပြန်သည်။

"ကိုဘသက်ဟာ ငါးနှစ်လုံးလုံး ကိုယ့်စကားကို ကိုယ်ရိုသေခဲ့တယ်။ ကိုယ့်ဟာကို ကိုယ်ထိန်းခဲ့တယ်၊ အများအမြင်မှာ လင်ရယ်လို့အထင်ခံရပေမယ့် ကိုဘသက်မှာ

www.burmeseclassic.com

ကလေးထိန်းနဲ့ အမာ့အစေခံကြီးလို သစ္စာရှိခဲ့တာ အမာကိုယ်တိုင်သိမှာပေါ့ အမာရယ်၊ အခုနေတော့ ကလေးကိုလည်း မခွဲနိုင်တော့ဘူး၊ အမာ့ကိုလည်း"

ကိုဘသက်က အမာကြူ၏မျက်နှာကို လှမ်းကြည့်လိုက်သည်ဟု ဆိုရပေမယ့် ကြာကြာစိုက်မကြည့်ဝံ့ပါ။ သူပြောချင်တာတွေကို မျက်နှာစေ့စေ့ကြည့်၍တော့ ထွက်ရက်ဟန်မတူ၊ အမာကြူမူလည်း ထိုနည်းလည်းကောင်း၊ မျက်စောင်းက တစ်ခြားနေရာမှာ။

"အမာ့ကိုလည်း သံယောဇဉ်ကြီးသထက်ကြီးလာခဲ့ပြီ၊ နေမြင့်လေအရှူးရင့်လေပေါ့ အမာရယ်၊ ကိုယ့်မျက်စိအောက် လက်ပွန်းတတီး အမြဲနေရတာမို့ စိတ်ကို ချုပ်တည်းနေရတာဟာ ကိုယ့်စိတ်ကိုညှင်းဆဲနေရတာနဲ့ ဘာမှမထူးပါဘူး"

ကိုဘသက်၏စကားကို စဉ်းစားလိုက်တော့ နားထောင်နေမိသည့် သိန်းဟန်ပင် ကိုယ်ချင်းစာ၍သနားမိပါသေးသည်။ သူ့စကားအပြတ်တွင် ဤသို့သာစိတ်ဝင်စား လိုက်မိတော့သည်။

"ဒီတော့ တစ်နေ့နေ့တစ်ခါခါ ပေါက်ကွဲသွားမှာစိုးမိတယ်၊ ဒါဖြင့်ရင် ဘေးကင်း အောင် မျက်စိကွယ်ရာ၊ နားကွယ်ရာ ထွက်သွားပါတော့လားလို့ ဆိုပြန်တော့လည်း အခုနပြောသလို ကလေးကိုလည်းမခွဲနိုင်၊ အမာ့ကိုလည်း မစွန့်နိုင်"

ထိုစကားအဆုံးကျတော့ အမာကြူက ကိုဘသက်ကိုစောင်းငဲ့၍ကြည့်လိုက်သည်။ ကိုဘသက်အကြည့်နှင့် အမာကြူ အကြည့် လမ်းတွင်ဆုံလိုက်မိကြရာ နှစ်ဦးစလုံး ရှက်ကိုးရှက်ကန်းနှင့်ပြန်လှည့်သွားကြသည်။ ပြီးသည့်နောက် အမာကြူက ကောင်းကင်ရှိလမင်းကြီးကို မျှော်ကြည့်လိုက်ပြီး စဉ်းစားနေဟန်ရှိသည်။ မြူနှင်းတွေပိတ်ဆို့၍ ဝိုးတဝါးမျက်နှာမှုန်နေသော လမင်းကိုသာတွေ့ရပေမည်။ ပကတိအားဖြင့် အကောင်အထည်မပေါ်တော့။ သည်လိုပဲ အမာကြူ၏စိတ်ဝယ် မြူနှင်းတွေ ပိတ်ဆို့နေသည်။ ဘဝတည်းဟူသော မြူနှင်းအကြားမှ အမာကြူရဲ့စိတ်က မှုန်တမွှားမွှား။

www.burmeseclassic.com

သို့သော် ကိုဘသက်၏အနစ်နာခံမှု၊ အလိုလိုက်မှု၊ သစ္စာရှိမှု၊ အောက်ကျို့မှု တို့သည် အမာကြူအဖို့ မှုန်တမွှားမွှားထဲက စဉ်းစားစရာတွေပင်မဟုတ်ပါလော၊ မှုန်မှုန်မွှားမွှားဘဝထဲက ငဲ့ကွက်စရာ၊ ကရုဏာသက်စရာ။

ခြံအပြင်က ကြားနေရ၊ မြင်နေရသောသိန်းဟန်အဖို့ စက်ရှင်ရုံးက သေစေရှင်စေ အမိန့်မျိုးကို လူသတ်မှုနှင့်စွဲချက် အတင်ခံရသည့် တရားခံအလား မရိုးမရွ ထိတ်ထိတ်ပျာပျာ ရင်တဖိုဖိုနှင့် စောင့်စားနာခံနေရသည်။

အမာကြူက ဘယ်လိုဖြေလိုက်ပါ့မလဲ။

အခုနေအမာကြူက 'ကိုဘသက်ကို အမာသနားပါတယ်' ဟု ပြောလိုက်ရင် ငါ့စိတ်ဘယ်လိုဖြစ်သွားမလဲ၊ ဘုရား သိကြားမလို့ ငြင်းလိုက်ပါစေ။

သိန်းဟန်က သူ့စိတ်ထဲက သူ့ဟာသူဆုတောင်းနေမိသည်။

"အို သူက ငြင်းလိုက်ပါပြီတဲ့၊ ငါ့မှာမျှော်လင့်ချက်ရှိသေးလို့လား၊ ငါဝင်ပြီး အတွေ့ခံနိုင်တဲ့ဘဝမို့ နှမြောနေရတာ သဝန်ကြောင်နေရတာလား၊ ငါ့ကြောင့် သူ့ခမျာနေ့ရှိသရွေ့စိတ်ဒုက္ခရောက်နေရရှာတယ်၊ အချစ်ကင်းပြီး ခြောက်သွေ့တဲ့ဘဝမှာ ပျင်းပျင်းရိရိနဲ့ စိတ္တဇဝေဒနာခံစားနေရရှာတယ်၊ သူ့ကိုချစ်တဲ့လူကချစ်ရင် ပျော်ပျော်ရွှင်ရွှင်နေသွားပါစေတော့၊ ငါမနာလိုလို့ မဖြစ်တော့ပါဘူး၊ ကိုဘသက် လိုအောက်ကျခံပြီး အလိုလိုက်မယ့်သူနဲ့ဆိုရင် သူစိတ်ပျော်လောက်ပါပြီ။ အမာရေ ကိုဘသက် စကားနားထောင်လိုက်ပါတော့၊ သိန်းဟန်ကို ဒီဘဝမှာဖြင့် မျှော်လင့် မနေပါနဲ့တော့၊ ကိုသိန်းဟန် ခွင့်ပြုပါတယ်၊ ကျေနပ်ပါတယ်"

သူ့စိတ်ကူးထဲမှာ တိုးတိုးရေရွတ်နေသလောက် မျက်ရည်မှာတော့ အတားအဆီးမရှိ ပါးပြင်ဝယ်လိမ့်လျက် စီးဆင်းနေသည်။ သူ၏တစ်ကိုယ်လုံးမှာ ရပ်တည်ရာမရနိုင် သကဲ့သို့ တုန်တုန်ယင်ယင်ဖြစ်နေရှာသည်။ ထိုအတွင်းအမာကြူက ဖြည်းဖြည်း လေးလေး အသံထွက်လာပါပြီ။

www.burmeseclassic.com

"ဟုတ်ပါတယ် ကိုဘသက် ကိုဘသက်ပြောလည်းပြောစရာပါပဲ၊ ဘာဖြစ်ဖြစ် ယောကျ်ားပီသစွာနဲ့ ငါးနှစ်လုံးလုံး ဓါးစာဝင်ခံနေတာတော့ အမာလေးစားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒါကြောင့်မို့ ကိုဘသက်ကို အမာ"

အမာကြူက စောင့်ရှာပါသေးသည်။

ကိုဘသက် ဒီလိုပြောတာကို ကြားရက်ပါပြီ အမာကြူရယ်၊

သည်ဟာက သိန်းဟန် သူ့စိတ်ကိုသူလှည့်စားခြင်းဖြစ်ပါသည်။ မလှည့်စားလို့ ကောဖြစ်ပါ့မလား သိန်းဟန်ရယ်၊ ဒင်းကိုယ်တိုင် အပြစ်ကင်းတဲ့အမာကြူကို တော့များ လှည့်စားသွားပြီမဟုတ်လား။ သည်လိုကြောင့် သိန်းဟန်က မိမိစိတ်ကို ကြိုးစားပြီးပြုပြင်သည်။ တကယ့်မေတ္တာစစ်နှင့်ငဲ့ညှာမိတော့၍ နောက်ဆုံးအမာကြူ့ အပေါ်တွင် ချစ်လောဘ ထိန်းသိမ်းရခဲ့ သလောက် မိမိအသားနှင့်တစ်ခါမျှပင် မတို့မထိ မပွေ့မချီ မနမ်းမရှုပ်ခဲ့ဖူးသည့် သားကလေးကို ယုယချင်သေးသည်။ မြှူချင်သေးသည်။

ဒါကတော့ ဟုတ်ရှာပေသည်။ ရင်သွေးပေကိုး။ မကြင်ရသေးတဲ့ လူကလေးကိုတော့ သိန်းဟန်မမြှူချင်ဘဲနေပါ့မလား။

အမာကြူ၏သက်ပြင်းချသံဖြစ်သည်။ သိန်းဟန်က ထိုအာရုံမှ သည်အာရုံသို့ ပြောင်းလွှဲပြီး အမာကြူရဲ့သက်ပြင်းချသံကို စိတ်ဝင်စားလိုက်ပါသည်။

"ကောင်းပြီ ကိုဘသက်၊ ကျွန်မ ကိုဘသက်ကိုငဲ့ညှာပါတော့မယ်၊ ပဲခူးကို ပြန်မရောက်မချင်းတော့ လွတ်လွတ်လပ်လပ် နေပါရစေ"

အမာကြူ၏အဖြေကို သိန်းဟန်ကြားလိုက်ရပါပြီ၊ ကိုဘသက်က အမာကြူ၏ အချစ်ကို အောက်ကြို့အသနားခံသံကို ကြားရက်ပါတယ် ဆိုပါစို့၊ အမာကြူရဲ့ ချစ်ပါတယ်ဆိုတဲ့အဖြေကိုကော၊ ဒါက သိန်းဟန်အဖို့ပြင်းထန်လှသောဝေဒနာပင် ဖြစ်ပါတော့သည်။ မခံမရပ်နိုင် အသည်းဆတ်ဆတ်ခါ နာပြီးရင်းနာရင်းပြင်း ပြင်းပြလှသော ဥပါဒါန်ဇောဝယ် မျောကာနေရမည့် အာရုံတစ်ခုမဟုတ်ပါလော။

www.burmeseclassic.com

“အို ကိုဘသက်ဝမ်းသာပါပြီ၊ ဝမ်းသာလှပါပြီ၊ အမာကြူတစ်သက်မှာ စိတ်ချမ်းသာသလို ကိုဘသက်ပေါင်းသွားပါ့မယ်။ ကျေးဇူးတင်တယ် အမာ”

ပြောပြောဆိုဆို ဘသက်ကထိုင်ရာမှထလိုက်သည်။ နောက်ပြီးတော့ အမာကြူရဲ့ ပါးကလေးကို ငုံ့ပြီးရှိုက်လိုက်သည်။ သည်လို ကိုဘသက်၏အနမ်းကို အမာကြူ အဖို့ဘာမျှ မတုန်လှုပ်ခဲ့သော်လည်း ခြံဘေးကသိန်းဟန်မှာတော့ ထိုနေရာမှာပင် ချာချာလည်သွားသည်ဟုထင်ရသည်။ သူ့မျက်လုံးမှာ ဝိုးခနဲ ဝင်းခနဲ လက်ခနဲဖြင့် မျက်စိကို သဲနှင့်ပက်လိုက်ဘိသကဲ့သို့ အခံရခက်နေရှာသည်။

“တော်ပြီ တော်ပြီ သူတို့စိတ်ကျေနပ်ရင် စိတ်ချမ်းသာရင် ငါ ဝမ်းသာရမယ် မဟုတ်လား”

သူ သည်လို စိတ်ကို အတင်းဆုံးဖြတ်လိုက်သည်။ မဆုံးဖြတ်၍လည်းမဖြစ်၊ မသန့် ပေရေ မသတီစရာဖြစ်နေသော ဘဝနှင့် အပြစ်ကင်းစင်သော အမာကြူ သားကလေး မောင်သိန်းကြူ ဘဝတို့မှာ ဆက်စပ်လို့မရပေ။

သို့အတွက် သိန်းဟန်က သူ့စိတ်ကို သူ့ဟာသူ ဆုံးဖြတ်လိုက်သည်။ သို့သော် အမာကြူနှင့်သားကလေးကို နှုတ်ဆက်ချင်ရှာသေးသည်။ သို့ပေမယ့် လူ့ဘဝ တစ်ခုတည်းမှာပင် မခေါ်နိုင်၊ မပြောနိုင်၊ မဖော်နိုင်သောအဖြစ်မို့ သူ့လက်တွင်းက တယောနဲ့ပဲ နှုတ်ဆက်ရပေတော့မည်။

“သည်ဆောင်းဟေမာန် မြောက်ပြန်လေညင်း ဆော်တယ်ကို နတ်တော် ပြာသို့ ခွါညိုတည့် နှင်းဖုံဖုံ”

လိုက်လှဲကြေကွဲသည့် သီချင်းသံကလေးသည် သာယာနွဲ့ပျောင်းစွာ ည၏ငွေနှင်း မှုန်ကြားမှထွက်ပေါ်ခဲ့ပါပြီ။ သိန်းဟန် တစ်သက်အဖို့ တစ်ကြိမ်တီး၍ အကောင်း ဆုံး ဆို၍အကောင်းဆုံးဖြစ်ပါသည်။ ဤအတီးနှင့်ဤအဆိုတို့ကား သိန်းဟန်၏

www.burmeseclassic.com

ဝေဒနာခံစားရချက်နှင့်ယှဉ်၍ထွက်ပေါ်လာခဲ့သဖြင့်
သဘာဝ၏အဆိုအတီးပင်ဖြစ်ပါသည်။
သီချင်းသံကလေးကို အမာကြူ ကြားလိုက်ရ၍ အံ့အားသင့်သွားပါသည်။
ဖအေ၏ဝါသနာဗီဇပေါလာသော မောင်သိန်းကြူကလေးကား
"ဟော မေမေ သီချင်းဆိုနေပြီ" ဟု ပြောပြောဆိုဆို သိန်းဟန်ရှိရာ ဝင်းအပြင်ဘက်သို့ ထွက်ပြေးလာသည်။
ခုမှ သားအရင်းကို အားရပါးရကြည့်ရပေတော့မည်။ အားရပါးရကြည့်ရုံတင် မဟုတ်ဘဲ မိမိရင်ခွင်ဝယ် ပွေ့ပိုက်ပြီး မွေးဟန်ပြုလုပ်မည့်ဆဲဆဲ သိန်းဟန် သတိရလာသည်။
မိမိ၏မသန့်စင်သော အသားအရေဖြင့် မွန်မြတ်နုနယ်သော ကလေးကို မထိရက် မကိုင်ရက်သဖြင့် အံကိုက်ရင်း လက်ကိုအသာရုပ်လိုက်ရသည်။
ကလေးငယ်ကား အနီးသို့ကပ်လာရင်း သိန်းဟန်ကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် "အမယ်လေး မေမေ ကြောက်စရာကြီး" ဟု အော်ကာ လန့်ပြီးပြေးသည်။ အမာကြူက နောက်ကလိုက်လာရင်း သားကို ဆီးကြိုဖက်ထားသည်။ သိန်းဟန် အဖို့ မောင်သိန်းကြူ၏လန့်အော်သံကြောင့် မိမိဘဝဆိုးကို ပို၍ အကောင်အထည် ပေါ်လာသဖြင့် မျိုသိပ်ရသောဒုက္ခမှာ ပေါက်ကွဲလုနီးလာပါပြီ။
"ဟဲ့ လူကလေးရဲ့ ဒီလိုမပြောနဲ့၊ ငရဲကြီးတတ်တယ်"
ပြောပြောဆိုဆို ကလေး၏လက်ကိုဆွဲ၍ သိန်းဟန်ရှေ့တည့်တည့်ဝယ် ရပ်လိုက် ပါသည်။ ဘဝဆိုး၏ဖိစီးနှိပ်စက်ခဲ့သော ဒဏ်ချက်များဖြင့် ပြည့်နှက်လျက်ရှိသော သိန်းဟန်၏မျက်နှာ။ ချစ်သောသူတို့၏ မျက်စိမှောက်မှာပင် မခေါ်ရမပြောရဘဲ ဘဝတစ်ခုတည်းမှာ ကွေကွင်းဆင်းရဲမှုနှင့် အမြဲတစေ နှိပ်စက်အပ်သော ဒုက္ခချက်များ ပြည့်နှက်လျက်ရှိသော သိန်းဟန်၏ မျက်နှာ။
သည်မျက်နှာကို အမာကြူအား ဘယ်လိုပြုရမည်မသိပါ။ မချိသောဝေဒနာဖြင့်သာ ခေါင်းကိုတွင်တွင်ကြီး ငုံ့နေရရှာသည်။

www.burmeseclassic.com

“ဒီမှာ ဘကြီး နေမကောင်းဘူးလားဟင်၊ ပိုက်ဆံလိုချင်လို့လား” အမာကြူက မေးလိုက်သည်။

“အမာ အမာ ကိုသိန်းဟန်ရယ်လေ၊ အမာသစ္စာရှိရှိနဲ့ ၅ နှစ်လုံးလုံး စောင့်မျှော်နေတဲ့၊ အမာအလိုရှိတဲ့ ငယ်ချစ်ဦးပါကွယ်” သည်လို အဖြေပေးချင်လှသည်။ မိမိမိုက်မှားမှုဖြင့် နှစ်မွန်းရသောဘဝကို အထုပ်ဖြေသလိုဖြေ၍သာပြလိုက်ချင်ပါ၏။ သို့သော် လွန်ခဲ့ပြီ ကျွံခဲ့ပြီဖြစ်သော မိမိမိုက်မဲမှုကိုသာလျှင် မိမိပြုခဲ့မိသဖြင့် တစ်ကိုယ်လုံးရောဂါဝေဒနာဖိစီးကာ ရုပ်အဆင်းက ဖောက်ပြန်နေပါပြီ။

“ဟုတ်ပါတယ်ခင်ဗျာ၊ ပိုက်ဆံလိုချင်လို့ပါ” ဟု ပါးစပ်က မဖြေသော်လည်း ကြိတ်မှိတ်ပြီး ခေါင်းညိတ်ကာ ဖွတ် အဖြေပေးလိုက်သည်။

“ဒါဖြင့်ရင်ရှင် တဆိတ်လောက် ဒီသီချင်းကိုမဆိုဘဲနဲ့ တော်ရာကိုထွက်သွားပါတော့နော်၊ ကျွန်မ ဒီသီချင်းသံကို မကြားပါရစေနဲ့”ဟု ပြောပြောဆိုဆို ချွေးခံအကျႌအိတ်ထဲသို့ လက်နှိုက်ရင်းထုတ်ပေးသည်။

သည်ဆောင်းဟေမာန်သီချင်းကို မကြားချင်ဘူးတဲ့၊ မှန်သည်။ မှန်လွန်းလို့ သိန်းဟန်က ပိုပြီးမချိမိသည်။ သည်ဆောင်းဟေမာန်သီချင်းကို မိမိကပင် အမာနဲ့ အချစ်ပျိုးစဉ်က ဒီသီချင်းကိုပဲတက်ပေးသည်။ ခုတော့သူ့ခမျာ ကြားချင်လိမ့်မည်မဟုတ်။

“အမာ အမာ ဒီလိုပြောနိုင်ပါတယ်ကွယ်၊ ပြောတော့ ပြောတော့ အမာ အားရပါးရ ပြောလိုက်ပါကွယ်”

သူ့စိတ်ထဲက ရေရွတ်နေသည်။ သို့သော် လက်ဝါးပေါ်မှာတော့ အမာ ပေးထားခဲ့သည့် ငါးမူးစေ့ တစ်စေ့။

သူ့အချစ်ဆုံးအမာနှင့် ကလေးပင်လျှင် သည်အနားမှာ မရှိကြတော့၊ ငွေနှင်းမှုန်ကြားမှ ဖော်မဲ့သူ ရောဂါသည်ကြီးနှင့် အမာပေးခဲ့သည့် ငါးမူးစေ့တစ်စေ့သာလျှင် မလှုပ်မယှက် သက်မဲ့သက်ရှိနှစ်ဦးစလုံးပင် ငြိမ်သက်နေကြသည်။ သို့သော် လောလောဆယ် အမာပေးခဲ့သော ငါးမူးစေ့သည် ပူပူနွေးနွေးရှိပါသေးသည်။

www.burmeseclassic.com

ချွေးခံအင်္ကျီထဲမှ ယခုပင်ထုတ်ပေးသော ပိုက်ဆံဖြစ်၍ အမာကြူ၏ အငွေ့ကလေး များမှာ ငါးမူးစေ့တွင် ကြိုင်ကြိုင်သင်းနေပါသည်။

သည်အငွေ့သာ သိန်းဟန်ချစ်ရပေမည်။ အတွေ့ကတော့ ဘယ်တော့မှ ချစ်ရလိမ့်မည်မဟုတ်၊ တစ်ဘဝတာကို မဆိုထားဘိ၊ သံသရာမဆုံးမချင်း ငါးမူးစေ့မှ အမာကြူ၏အငွေ့သာလျှင် ချစ်ရပါမည်။ ဘဝကံတရားက သိန်းဟန်လို သစ္စာမဲ့သူကို အငွေ့ဖြင့် ချစ်အောင်သာ ဖန်ဆင်းခဲ့သည်။ အတွေ့ကို မရတော့ မည့်အဆုံးစွန်၌ သည်အငွေ့သာလျှင် အမာကြူက ပေးခဲ့သော ဆုဟူ၍ သိန်းဟန်က ယူဆလိုက်သည်။

ငါးမူးစေ့က အမာကြူအငွေ့ကတော့ ယနေ့ပဲ ပြယ်ချင်ပြယ်မည်။ နက်ဖြန်သဘက် ပင်လျှင် ပြယ်ချင်ပြယ်မည်။ အစဉ် ထာဝရမတည်မြဲနိုင်။

သို့သော် သိန်းဟန်အဖို့ ဘဝမဆုံးမချင်း သံသရာမဆုံးမချင်း ဘယ်တော့မှပြယ်လိမ့် မည်မဟုတ်၊ သို့ကြောင့် သည်ငါးမူးစေ့ကို အိတ်ထဲတွင် မထည့်ရက်ဘဲ လက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ဆုတ်ထားသောလက်မှ ငါးမူးစေ့ကိုဖြေ၍ကြည့်လိုက်ပြန်ပါသေးသည်။ မသဲမကွဲ ဖြူဖြူဝိုင်းဝိုင်းကလေးသည် သိန်းဟန်၏ မျက်ရည်စအကြားမှ ဝိုးတဝါးသာလျှင် မှုန်သဲ့သဲ့ကလေးထင်နေသည်။ နှင်းငွေ့များမှာလည်း စောစောကထက်ပင် ပို၍ မှုန်ဝေလာသည်။ ပို၍ဆိုင်းလာသည်။ လင်းရောင်ခြည်ပင်လျှင် သဲသဲမဲမဲ မလင်းနိုင်ရှာ။ မှုန်မွှားမွှားနဲ့ သဲ့သဲ့ရောင်ခြည် ဝိုးတဝါးသာလျှင် လင်းနိုင် တော့သည်။ မျက်ရည်စတစ်ပေါက် နှစ်ပေါက်။

ဝိုင်းဝိုင်းဖြူနေသော ငါးမူးစေ့အပေါ်ဝယ် သိန်းဟန်၏ တစ်ပေါက် နှစ်ပေါက်သော မျက်ရည်စသည် အုံဖွဲ့လျက်ရှိ ပါသည်။ ဆိုင်းနေသော မြူ၊ ကျနေသော နှင်းများထက် ငါးမူးစေ့တွင် စွန်းထင်းအပ်သော မျက်ရည်စ တစ်ပေါက် နှစ်ပေါက်က ပို၍အင်အားထုထည်ကြီးမားလှသည်။ သမုဒယနှောင်ဖွဲ့၍ ဥပါဒါန်ကို

www.burmeseclassic.com

ရေ့ရှုလျက် တပ်ခြင်းရာဂကိုအခြေပြုကာ ပူဆွေးမှု၊ တမ်းတမှု ကြေကွဲမှုတို့ဖြင့် အဖန်တလဲလဲ နှိပ်စက်ပြုပြင်အပ်သော ဒုက္ခအကြားမှ ယိုစီးလာသောမျက်ရည်။ ဟေမန္တဥတုဆောင်းပေမို့ အေးမြသောရာသီ၏အုံ့ဖွဲ့မှုကြောင့် မြူမှုန်ကဆိုင်းပြီး ကောင်းကင်ကနှင်းတွေ အလှိုင်းကြီးစွာ တဖြောက်ဖြောက်ကျနေသော သဘာဝ ဥတုထဲက ငွေနှင်းပုလဲဥ။

သည်နှစ်ခု နှိုင်းယှဉ်ကြည့်ပြန်ပါက နှင်းရည်ထက် ထိုမျက်ရည်သည် ပို၍ အင်အားထုထည်ကြီးသည် မဟုတ်ပါလား။

တယောကိုရင်ဝယ်ပိုက်၍ ငါးမူးစေ့ကို လက်ဝယ်ကျစ်ကျစ်ပါအောင်ဆုတ်လျက် အမာကြူတို့တိုက်ကို ကျောပေး သွားနေသော ဒုက္ခသည်သိန်းဟန်ကား မြူမှုန်ကြား မီးတိုင်အောင်က လမ်းပေါ်ဝယ် တရွေ့ရွေ့သာ လှုပ်ရှားသွားနေတော့သည်။

"အမယ်လေး သေပါပြီတော်" ဟူသော စူးရှသည့် မိန်းမအသံနှင့်အတူ လူများဝိုင်းအုံလာကြပါသည်။ ပေတစ်ရာ လမ်းမပေါ်တွင် လော်ရီကားကြီးမှာ ငြိမ့်ကနဲထိုးရပ်လိုက်သည်။ တယောကလေးမှာ သိန်းဟန်အနီးတွင် မရှုမလှ ကြေမွ ပျက်စီးကာ သွေးစများပေကျံလျက်ရှိသည်။ သိန်းဟန်ကားသွေးအလိမ်းလိမ်းနှင့် သူ၏တယောကလေးနှင့်အတူ ကြေမွ ပျက်စီးပါတော့မည်။ သူသည် လူရော တယောပါ မော်တော်ကားစာဖြစ်၍ ဘဝသစ်ဆီသို့ ပြေးဝင်သွားခြင်းဖြစ်ပါသည်။ ဝိုင်းကြည့်နေကြသောလူတွေထဲက မိန်းကလေးတစ်ယောက်ကိုတော့ ဇီဝိတိန္ဒြေ ချုပ်ငြိမ်းခါနီးကလေး သူ့အတွေးနှင့် မျက်စိထဲဝယ် အမာကြူပဲဟု ထင်လိုက်မိသည်။

"အမာ"

တိုးတိုးကလေးညည်းညူလိုက်သည့်အဆုံး သူ့ခမျာ အသက်ထွက်သွားရှာပါပြီ။ သို့ပေမယ့် အမာ့ထံမှ ငါးမူးစေ့က သူ၏ညာလက်ဝယ် ကျစ်ကျစ်ပါအောင် ဆုပ်လျက်သာရှိပါသည်။ သူ၏နောက်ဆုံးနှုတ်ဆက်ခဲ့သည့် အမာဟူသော ညည်းညူ တမ်းတသံကလေးကိုတော့ မည်သူမျှ အဓိပ္ပါယ်နားမလည်ကြ။

www.burmeseclassic.com

www.burmeseclassic.com

ဘေးပန်းကဝိုင်းအုံကြည့်နေသောလူများ နားလည်သည်ဖြစ်စေ၊ နားမလည်သည် ဖြစ်စေ သိန်းဟန်အဖို့တော့ ဘဝဆုံးခါနီး အမာကိုနှုတ်ဆက်သွားရပါမည်။

အမာတော့ကြားမိလေသလား၊ ကြားမည်တော့မထင်ပါ။

အလှိုင်းကြီးသောအာရုံဈာန်၏ တွယ်မိရာဝိညာဉ်ကလည်း ဖြစ်ရာဘဝတစ်ပါးက နေပြီး အမာအားနှုတ်ဆက်ပါလိမ့်မည်။

ထိုအချိန်တွင် နှင်းငွေ့များ ဖွေ့ကာဖွေ့ကာသန်းနေသည်။ ဒရိုင်ဘာနှင့်တကွ ဘေးမှဝိုင်းအုံကြည့်နေသောလူများသည် သိန်းဟန်ဆုပ်ကိုင်ထားသော ညာလက်ကို အတင်းဆွဲဖြည်ကြည့်၏။

ဖြည်လို့မရ၊ အဘယ်အရာဝတ္ထုနည်း။

သူတို့သိဖို့မလိုပါ၊ သည်အရာဝတ္ထုက သိန်းဟန်သာသိသည်။ သိလို့သာ ကျစ်ကျစ်ပါအောင် ဆုပ်လျက် ဖြစ်ရာဘဝက သည်ငါးမူးစေ့မှ ကပ်ပါလာသော အမာကြူ၏အငွေ့ကလေးနှင့် ချစ်တင်းဆိုနေရပါမည်။ မကြာမီ သူနာပြုကားကြီး တစ်စီး သိန်းဟန်၏ရုပ်ကလာပ်ကိုတင်၍ လူကြားထဲမှထွက်သွားပါပြီ။ ခန္ဓာကိုယ် ကိုသာ သယ်သွားနိုင်ကြပေမည်။ စိတ်ဝတ္ထုကိုတော့ အမာကြူနှင့်သားကလေး အနားက ခွဲထုတ်နိုင်ကြမည်မထင်ပါ။

ရင်ခွဲရုံ၏ အပြင်ဘက်မှာ မြူနှင်းများ တဖွားဖွားကျလျက်ရှိသည်။ မတုန်မလှုပ် ပကတိအားဖြင့် အစန့်သားစင်းစင်းကြီး လဲလျောင်းနေသော သိန်းဟန်ဆိုပါတော့၊ သိန်းဟန်ဟု ပညတ်ခဲ့သည့် ဥတုဇရုပ်။ ဆုတ်ထားသောသူ၏ညာဘက်လက်ကို ညှပ်များဖြင့် ဆွဲယူဖြန့်လိုက်သည်။ ဖြူဖြူဝိုင်းဝိုင်း ငါးမူးစေ့ကလေးသည် သမံတလင်းပြင်ဝယ် ချွင်ခနဲကျသွားသည်။

ဤငါးမူးစေ့ကို သိန်းဟန်ဘဝတစ်ပါးသို့ သယ်ဆောင်မယူနိုင်တော့ပြီ။ သို့ပေမယ့် ဤငါးမူးစေ့ပြားဝယ် စွန်းထင်းနေလျက်ရှိသော အမာကြူ၏ အငွေ့ကိုတော့ သယ်ဆောင်သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

နှင်းငွေ့ကြားထဲဝယ် သူ၏ဝိညာဉ်က တရေးရေးတရိပ်ရိပ်ဖြင့် ကျယ်ပြန့်သော အာကာသကောင်းကင်ထဲ၌ အမာကြူအား သည်ဆောင်းဟေမာန်သီချင်းကို သီဆိုပြနေဦးမှာလား။

အမာကြူက မကြားချင်တော့ တဲ့။

သိန်းဟန်မသေမီကပင် သိသွားရှာပါသည်။ သိ၍လည်း ဖြစ်ရာဘဝ ရောက်ရာ ဘဝကတော့ ဒီသီချင်းကို သီဆိုလိမ့်မည် မထင်။

သို့သော် ဘာပဲဖြစ်ဖြစ် သမုဒယအမြစ်တွယ်၍ စွဲလမ်းမှုဥပါဒါန်ကြောင့် အဆုံးအစမရှိသော ဘဝကြီးသည် သိန်းဟန်ကို ဆီးကြိုလင့်လျက်ရှိပါပြီ။

အဘယ် သိန်းဟန်။ သင်ကား အမာကြူ၊ မောင်သိန်းကြူနှင့်တကွ သာယာ နာပျော်ဖွယ်ကောင်းသော သည်ဆောင်းဟေမာန်သီချင်း၊ ဤသုံးခု၏ အစွဲကြီးမှု ကြောင့်သာ တယောကိုပိုက်လျက် ငွေနှင်းတွေအကြားထဲမှာ သံသရာလည်နေဦး မှာပါလား၊ မရပ်မနားပြေးလွှားပြီး ကျင်လည်ကျက်စားနေရဦးမှာပါလားကွယ်။

"သည်ဆောင်းဟေမာန် မြောက်ပြန်လေညှင်း ဆော်တယ်ကို နတ်တော် ပြာသို ခွါညိုတည့် နှင်းဖုံဖုံ"

ဒီတစ်ခါတော့ သိန်းဟန်၏နှုတ်မှမဟုတ်၊ အနီးအပါးက ရေဒီယိုမှ ဂီတလှိုင်း ကလေးသည် ဩကာသလောကဝယ် တညင်းညင်း တအိအိ ကစားနေတော့ သည်သာတည်း။


သုခီအတ္တာနံ ပရိဟရန္တု

သုခ

၃၁.၃.၁၉၅၃

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com